www.burmeseclassic.com

# ရဇတကုလျှာ

## ဝင်ဝင့်

ပညာရေး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

အားမာန်သစ်စာပေ၊ ပထမအကြိမ်၊ ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊

**စီစဉ်သူ**
ခွန်ဂျာမှိုင်း

**အုပ်ရေ**
၂၀၀၀

**စာမူခွင့်ပြုချက်**
၃၆၂/၂၀၀၀(၅)

**မျက်နှာဖုံးခွင့်ပြုချက်**
၅၀၈/၂၀၀၀(၈)

**မျက်နှာဖုံးပန်းချီ**
မောင်မောင်သိုက်

**မျက်နှာဖုံးပုံနှိပ်**
ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်းအော့ဖ်ဆက်
အမှတ်- ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
ပပစိုးနှင့်အဖွဲ့

**[illegible]းဈေး**
[illegible]

တက္ကသိုလ်လဲစ်နိတင် (ယာယီ-၄၈၂)၊
ညောင်ရမ်းစာအုပ်တိုက်၊
တိုက် (၃၁)၊ အခန်း (၁၂) ကြို့ကုန်းရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။

ဒေါ်ရှုခင် (၀၅၄၄၉)၊
ဝင်းလိုက်မိတ်ပုံနှိပ်တိုက်
အမှတ်- ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊
သင်္ကန်းကျွန်းမြို့နယ်။

# ရငဘတုကလျာ

စိမ့် (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး၊ |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး၊ |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး၊ |

**နိုင်ငံတော်ပြည်ငြိမ်ဝပ်ပိပြားမှု (?)**

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်**
**ပြည်ထောင်စု သားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

ရပ်ရွာအေးချမ်းသာယာရေး
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။
တိကျမှန်ကန် စိတ်အားသန်
မြန်ဆန်ဆောင်ရွက် ပြည်သူ့တွက်။
သင့်ပကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မာတိကာ


၁။ လာခြင်းကောင်းသော သမီးတော်
၂။ တစ်ပင်တိုင်မြနန်းက ဓာတုကလျာ
၃။ နှလုံးသွေးနှင့်ရေးသောစာတစ်စောင်
၄။ တိုက်ပွဲခေါ်သံလွှမ်းသော စစ်မြေပြင်
၅။ ဖြနုရာဇ်၏ အကောက်ဉာဏ်
၆။ နတ်သျှင်နောင်နှင့် ချစ်ဦးသူ
၇။ ရှင်းပါဘိ မယ့်ကြမ္မာ
၈။ တင့်လှပေဟန် ဘက်မရန်တည့်
၉။ မြင့်ခြင်းနိမ့်ခြင်းပြသနာ
၁၀။ နတ်သျှင်သူကြောင့် တစ်ရေးမှောင့်ခဲ့
၁၁။ သက်လျာဓာတုရယ် မြင်လှည့်ပါ
၁၂။ တောင်ငူရောက်နန္ဒဘုရင်
၁၃။ တောင်ငူရွှေနန်းတည် မဟာဓမ္မရာဇာ
၁၄။ နတ်သျှင်နောင်နှင့် သက်လျာဓာတုတို့ရဲ့ ချစ်စံအိမ်
၁၅။ ခွဲခွာသွားပြီလား ချစ်အစ်မတော်ရယ်
၁၆။ မျိုးဖျက်ပြည်ဖျက် ဇေင်ကာ
၁၇။ ရွှေတောင်ကြီးပြိုခဲ့ပြီ
၁၈။ တောင်ငူမှန်ကင်း ထင်းဖြစ်ခဲ့ရပြီ
၁၉။ သန်လျင်ရောက် နတ်သျှင်နောင်
၂၀။ အင်းဝမှသည် သန်လျင်သို့ချီ
၂၁။ နတ်သျှင်နောင်၏ နောက်ဆုံးနေ့


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာစာ

( ၁ )

'ပင်တိုင်စီ ဓာတုကလျာနှင့် ရှယ်ကြောင့်
ကြင်ပိုင်ရန် စာအနုတရာ ဖွဲ့ပါရ
မဟာသမုဒယာရှယ်တဲ့ အကြောင်းကဲ...'

စာရေးသူ အထက်တန်းကျောင်းတွင် နေခဲ့စဉ်က ကျက်မှတ်ခဲ့ဖူးသော ကဗျာ တစ်ပိုင်းတစ်စ ဖြစ်ပါသည်။ ကဗျာကလေးကို ရွတ်ဆိုမိတိုင်း ရာဇဓာတုကလျာ၏ အနုအလှနှင့် သမုဒယ ဇာတ်လမ်းကလေးသည် စာရေးသူ၏ အာရုံတွင် ထင်မြင်လာမြဲ ဖြစ်၏။ သို့ဖြင့် ထိုအကြောင်းကို စာတစ်အုပ် ရေးသားရန် ဆန္ဒဖြစ်ပေါ်လာသည်။

သည်ဆန္ဒမှ 'ရာဇဓာတုကလျာ' ကို မွေးဖွားခဲ့ပါပြီ။ သည်အခါ သူနှင့် ပတ်သက် ယှက်နွှယ်ခဲ့သည့် ပုံရိပ်ကလေးများကိုလည်း ရနိုင်သမျှ တင်ပြလိုသဖြင့် ခရီးထွက်ရပြန်သည်။ ရာဇဓာတုကလျာ မွေးဖွား ကြီးပြင်းခဲ့ရာ ပဲခူး (ဟံသာဝတီ) မြို့။ သူ နောက်ဆုံး လဲလျောင်းရာ တောင်ငူ (ကေတုမတီ)။ ပြီးတော့ သူ ချစ်ရလွန်းသူ နတ်သျှင်နောင် ဘဝနိဂုံးချုပ်ရာ သန်လျင်မြို့များဆီသို့...။

( ၂ )

၁–၈–၂၀၀၀ နေ့က တောင်ငူသို့ ဦးစွာ ခရီးထွက်ဖြစ်သည်။ မြန်မာ့သီရိဟိုတယ်ကို စာရေးသူတို့အဖွဲ့ ရောက်တော့ မွန်းလွဲ နှစ်နာရီရှိပြီ။ တောင်ငူမှ စာပေမိတ်ဆွေများ ဖြစ်သော ဆရာ ဦးအောင်လင်း (တောင်ငူမြို့နယ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဥက္ကဋ္ဌ) နှင့် အတွင်းရေးမှူး ဦးမြင့်သိန်း (မောင်သိမ်မွေ့–ပျဉ်းမနား) တို့က ဘူတာရုံမှ ကြိုဆို ပို့ဆောင်ပေးကြသဖြင့် ကျေးဇူးတင်ပါသည်။ သည်ဆရာများနှင့် မိတ်ဆက်ပေးသော ဆရာ ကာတွန်းလှဖေကိုလည်း ကျေးဇူးတင်လျက်။

"ဓာတုကလျာရဲ့ အုတ်ဂူသင်္ချိုင်းက ဘယ်မှာပါလဲ"

"မင်းသမီးကုန်းမှာပါ။ ဆရာ ဦးချစ်ထွန်းက လိုက်ပြပေးပါလိမ့်မယ်"

စာရေးသူ၏ အမေးကို ဆရာဦးအောင်လင်းက ဖြေကြားသည်။ ဆရာ ဦးချစ်ထွန်း ဆိုသူမှာ အငြိမ်းစားကျောင်းဆရာကြီး ဖြစ်၏။ တောင်ငူသမိုင်းနှင့် ပတ်သက်ပြီး မပြတ် လေ့လာ စုဆောင်းနေသူ ဖြစ်ကြောင်း သိရသည်။ သို့ဖြင့် စာရေးသူတို့ အဖွဲ့သည် လျှပ်စစ်လမ်းတွင် နေထိုင်သော ဆရာဦးချစ်ထွန်းထံ သွားရောက် တွေ့ဆုံ ခေါ်ယူပြီး မင်းသမီးကုန်းသို့ ခရီးဆက်ခဲ့ကြသည်။

မင်းသမီးကုန်းသို့ ရောက်ပါပြီ။ သို့သော် အုတ်ဂူသင်္ချိုင်း ရှိရာ အတွင်းဘက်သို့ကား ဝင်၍မရပါ။ ထို့ကြောင့် ကားလမ်းမမှ ဖွဲ့ဆင်းပြီး တစ်ယောက်နောက် တစ်ယောက် တန်းစီကာ သွားကြရသည်။ အတန်ငယ် လျှောက်သွားပြီးနောက် ဆရာက လက်ယာဘက်သို့ ညွှန်ပြလျက်–

"အဲဒီ နေရာဟာ ရာဇဓာတုကလျာရဲ့ အုတ်ဂူသင်္ချိုင်းရာပဲ။ အရင်ကတော့ အုတ်ဂူပုံသဏ္ဌာန် မြေမို့မို့ကလေး ရှိတယ်။ ခုတော့ မရှိတော့ပါဘူး"

စာရေးသူ လှမ်းကြည့်လိုက်၏။ မြင့်မားလှသော သစ်ပင်ကြီးများ အုပ်မိုးလျက် နေပြောက်မျှပင် မထိုးနိုင်သော နေရာ။ အုတ်ဂူ မရှိတော့သော်လည်း အစဉ်အလာ မှတ်သားခဲ့ကြသော ဂူသင်္ချိုင်းရာမို့ ဓာတ်ပုံရိုက်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

''ဩော်... ဟံသာဝတီမှာမွေး၊ ဟံသာဝတီမှာ ကြီးပြင်းခဲ့သည့် ရာဇဓာတုကလျာ၊ နောက်ဆုံးတော့ ဇာတိမြေနှင့် ဝေးကွာလှသည့် ကေတုမတီမှာ လဲလျောင်း အိပ်စက်ခဲ့ရပြီကော'

( ၃ )

၁၀–၈–၂၀၀၀ ရက်နေ့...

မိုးတွေ သည်းသည်းမဲမဲ ရွာနေသည်။ သန်လျင်တံတားကြီးကို ကျော်ဖြတ်နေစဉ် 'သည်မိုး သည်လေတွေနဲ့ ဓာတ်ပုံ ရိုက်လို့မှ ရပါ့မလား' ဟု တွေးပြီး စိတ်ပူမိသေးသည်။ သန်လျင် ကျိုက်ခေါက် စေတီတော်ခြေရင်းသို့ ရောက်ချိန်တွင်မူ မိုးစဲစပြုပြီ။

လှိုင်းပုတ်ကုန်းပေါ်၌ တည်ထားသော ဆံတော်ရှင် ကျိုက်ခေါက် စေတီတော်ကို ဖူးမြော်ပြီးနောက် မြောက်ဘက်စောင်းတန်းမှ ဆင်းခဲ့သည်။ မကြာခင်မှာပင် စာရေးသူ၏ လက်ဝဲဘက်၊ စောင်းတန်း၏ အနောက်ဘက် အနီး အောက်ရင်ပြင်တော်တွင် နတ်သျှင်နောင်၏ အုတ်ဂူကို တွေ့လိုက်ရသည်။ နတ်သျှင်နောင်၏ ညီတော် မင်းရဲကျော်ထင်က နောင်တော်၏ အရိုးအိုးကို ဌာပနာပြီး စေတီ တည်ထားခဲ့ခြင်း ဖြစ်၏။ ကာလ ကြာမြင့်ပြီ ဖြစ်၍ စေတီ ထိပ်ပိုင်းမှာ ပြိုပျက်နေပေပြီ။ ကျန်နေသေးသည့် အစိတ်အပိုင်း အုတ်ဂူကို သံဆူးကြိုးဖြင့် ကာရံပြီး သော့ခတ်ထားသည်။ သန်လျင်မြို့နယ် စာပေနှင့် စာနယ်ဇင်း အမှုဆောင်အဖွဲ့မှ နတ်သျှင်နောင်၏ အုတ်ဂူ ဖြစ်ကြောင်း အမှတ်အသား ဆိုင်းဘုတ်လည်း ချိတ်ထား၏။ မိုးတွေ အုံ့ဆိုင်းနေသေးသော်လည်း မတတ်နိုင်ပြီ။ မိုးညိုဆဲမှာပင် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ရတော့သည်။

( ၄ )

၁၇–၈–၂၀၀၀ ရက်နေ့။ ယနေ့ နေသာသည်။

အမှတ် (၁၁) အဆန် ရထားကြီးသည် ပဲခူးဘူတာသို့ အချိန်မှန် ဆိုက်ရောက်သည်။

ဦးစွာ 'ကမ္ဘောဇသာဒီ နန်းတော်' သို့ သွားရောက် လေ့လာသည်။ 'ဘမရာသနပလ္လင်တော်ဆောင်' မှာ နံနက် နေခြည်အောက်တွင် ရွှေရောင် ဝင်းမှည့်နေသည်။ နန်းတော်ဆောင် အတွင်း အပြင် လှည့်ပတ် လေ့လာပြီးနောက် ပဲခူး ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ် ဆီသို့ ခရီးဆက်ကြသည်။ စေတီတော်မြတ်ကို ဖူးမြော် ကန်တော့ပြီး လက်ယာရစ် လှည့်ကာ ကြည်ညိုရင်း မင်းတရားရွှေထီးကို အမှတ်ရမိသည်။ တောင်ငူ မင်းတရားရွှေထီးသည် မင်းပျိုမင်းလွင် ဖြစ်သည့်အလျောက် စိတ်မြန်သည်။ ထက်မြက်သည်။ မြန်မာသက္ကရာဇ် ၈၉၂ နန်းတက်သည့် နှစ်မှာပင် မြင်းရန် ငါးရာနှင့် တောင်ငူမှသည် ဟံသာဝတီ နေပြည်တော်သို့ ချီလာပြီးသည် ရွှေမော်ဓောဘုရားတွင် နားထွင်းတော်မူခဲ့သည်။ သူရသတ္တိကား အံ့မခန်းပင်။

'ရာဇဓာတုကလျာ' အတွက် အဓိကအကျဆုံး သမိုင်းဝင် အဆောက်အအုံမှာ 'မဟာစေတီ' ဖြစ်၏။ ရာဇဓာတုကလျာ ဆိုသော ဘွဲ့အမည်သည် ထိုစေတီတော်တွင် ဓာတ်တော်များ ဌာပနာသည့် နေ့နှင့် ပတ်သက် ယှက်နွယ်ခဲ့သည် မဟုတ်ပါလား။ မဟာစေတီတော်မှာ ရေးယခင်ကနှင့် မတူတော့ပေ။ ဘက်စုံ ပြုပြင်ထားပြီးချေပြီ။ ကြည်ညိုဖွယ် သပ္ပာယ်လှသော စေတီတော်မြတ်ကို ဦးခိုက်ပူဇော်ပြီး စေတီတော်ဝန်းကျင်ကို လှမ်းမျှော် ကြည့်လိုက်သည်။ ရာဇဓာတုကလျာ မင်းသမီးလေး ပဋ္ဌာန်းဒေသနာတော်ကို လာရောက် သင်ယူရာ၊ ဥပုသ်သီတင်း လာရောက် ဆောက်တည်ရာ ဒက္ခိဏာရုံ ကျောင်းတိုက်ကြီး သည်ဆီလောက်တွင် ရှိခဲ့တန်ရာ၏ဟု မှန်းဆ ကြည့်မိသည်။ ရာဇဓာတုကလျာ အတွက် လေ့လာရေးခရီးကား ပြီးဆုံးသွားပြီ။

ဤအမှာစာကို နိဂုံးမချုပ်မီ ပြောစရာကလေးများ ရှိပါသည်။ အချို့သော စာပေပညာရှင်ကြီးများက ရာဇဓာတုကလျာ မင်းသမီးကို တောင်ငူ နတ်သျှင်နောင်၏ ချစ်ဦးသူ အဖြစ် ဖွဲ့နွဲ့ ရေးသားခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် လန်ဒန်တက္ကသိုလ်မှ ဆရာကြီး ဦးတက်ထွတ်က လန်ဒန်ပြတိုက်ရှိ ပုရပိုက်များမှ ကူးယူခဲ့သည့် အဏ်ချင်း (၈၅) ပုဒ်တို့ကို တွေ့ရသည်မှ နတ်သျှင်နောင်၏ ချစ်ဦးသူမှာ ရာဇဓာတုကလျာ မဟုတ်၊ စာဆို ရဝေရှင်ထွေး ဖြစ်ကြောင်း သိရသည်ဟူသော အချက်ကို ဖတ်ရှုရပါသည်။

ထို့အတူပင် တောင်ငူသား ဆရာကြီး မြကေတုကလည်း 'နတ်သျှင်နောင်ဘဝနှင့် ပတ်ဝန်းကျင်' ဟူသော စာအုပ်တွင် ရဝေရှင်ထွေး သာလျှင် နတ်သျှင်နောင်၏ ချစ်ဦးသူ ဖြစ်ကြောင်း အထောက်အထား များဖြင့် ရေးသားထားသည်ကို ဖတ်ရှုရပြန်ပါသည်။

နှစ်ပေါင်း သုံးရာကျော်က ဖြစ်ပျက်ခဲ့သော သမိုင်းကြောင်းတို့မှာ မည်သည်က အမှား၊ မည်သည်ကို အမှန်ဟု ဆုံးဖြတ်နိုင်ရန် ခက်ခဲလှပါသည်။

မည်သို့ပင်ဖြစ်စေ စာရေးသူ အနေဖြင့် မြန်မာ့သမိုင်းတွင် အထင်အရှား ရှိခဲ့သော ရာဇဓာတုကလျာ၏ အကြောင်းကို ပြီးပြည့်စုံခြင်း မရှိစေကာမူ တတ်စွမ်းသမျှ အားထုတ် ကြိုးပမ်း ရေးသား ဖွဲ့ဆိုရသည်ကို ကြည်နူး ဝမ်းမြောက်မိသည်မှာ အမှန်ပင်။

**စိမ့်(ပညာရေး)**

ကြို့ကုန်းရိပ်သာ
အင်းစိန်မြို့။


# သမိုင်းဝင် ဓာတ်ပုံများ




ပုံ(၁)။ ပဲခူးမြို့ (ဟံသာဝတီ နေပြည်) သမိုင်းဝင်
ရွှေမော်ဓောစေတီတော်

www.burmeseclassic.com

www.burmeseclassic.com




ပုံ(၂)။ ပဲခူးမြို့(ဟံသာဝတီ နေပြည်) သမိုင်းဝင်မဟာစေတီတော်
(ထိုစေတီတော်ကြီးတွင် ဗုဒ္ဓမြတ်စွာ ဘုရား၏ ဓာတ်တော်များ
ဌာပနာသည့်နေ့ မွေးဖွားခဲ့သူ သမီးတော်ကလေးကို
"ရာဇဓာတုကလျာ" အမည်ပေးခဲ့သည်။)



ပုံ(၃)။ သံလျင်မြို့သမိုင်းဝင် ကျိုက်ခေါက်စေတီတော်

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၄)။ တောင်ငူမြို့(ကေတုမတီပြည်)
မြတ်စောညီနောင်(နောင်တော်) စေတီ



ပုံ(၅)။ တောင်ငူမြို့(ကေတုမတီပြည်) မဋ္ဌူသာရဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၆)။ ပဲခူးမြို့(ဟံသာဝတီနေပြည်) ပြန်လည်တူးဖော်
တည်ဆောက်လျက်ရှိသော ကမ္ဘောဇသာဒီ နန်းတော်
(ဘမရာသန ပလ္လင်တော်ဆောင်)



ပုံ(၇)။ တောင်ငူမြို့(ကေတုမတီပြည်)
အရှေ့ဘက် အောင်နန်း တံခါး

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၇)။ တောင်ငူမြို့(ကေတုမတီပြည်)
အောင်နန်း တံခါးအနီးမှ ကျုံးတော်။




ပုံ(၉)။ တောင်ငူမြို့(ကေတုမတီပြည်)
နန်းတော်နေရာ

www.burmeseclassic.com

www.burmeseclassic.com




ပုံ(၁၀)။ တောင်ငူမြို့(ကေတုမတီပြည်)
မင်းသမီးကုန်းမှ ရာဇဓာတုကလျာ၏ အုတ်ဂူနေရာ
(ယခု အုတ်ဂူ မရှိတော့ပြီ)




ပုံ(၁၁)။ တောင်ငူမြို့(ကေတုမတီပြည်)
လေးကျွန်းကန်တော် (ယခု ကန်တော်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၁၂)။ တောင်ငူမြို့(ကေတုမတီနေပြည်တော်ဟောင်း)
မြို့အဝင် မော်ကွန်းဆိုင်းဘုတ်၊
တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)




ပုံ(၁၃)။ သံလျှင်မြို့ ကျိုက်ခေါက်စေတီ
မြောက်ဘက်စောင်းတန်း အနီးမှ နတ်သျှင်နောင်အုတ်ဂူ

www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၄)။ နတ်သျှင်နောင် အုတ်ဂူ တည်ရှိသော သံလျင်မြို့အဝင် မော်ကွန်းဆိုင်းဘုတ်၊




www.burmeseclassic.com

www.burmeseclassic.com






# လာခြင်းကောင်းသော သမီးတော်

ဟံသာဝတီနေပြည်တော်တစ်ရပ်လုံး လှုပ်လှုပ်ရှားရှား စည်စည်ကားကား ဖြစ်နေသည်။ အရုဏ်ဦးမှစ၍ နေပြည်တော်သူ နေပြည်တော်သားများသည် မဟာစေတီတော်ဘက်ဆီသို့ ဦးတည်ကာသွားနေကြ၏။ သူတို့သည် ဆောင်းချမ်းကာလ အအေးဓာတ်ကိုပင် မမှုကြ။ တက်တက်ကြွကြွရှိကြသည်။ လှည်းယာဉ်ကြော့ကို စီးသူစီးကြ၍ ခြေလျင်လျှောက်သူတို့ကလည်း လျှောက်ကြသည်။ ထို့ကြောင့်ပင် မဟာစေတီတော်သို့ သွားရာလမ်းတစ်လျှောက် လူသံသူသံ လှည်းသံများဖြင့် ဆူညံနေတော့သည်။

ကောင်းမှုတော် မဟာစေတီတည်ရာ မြေအပြင်ကား ကုန်း၊ ကျင်း၊ ချိုင့်ဝှမ်းမရှိ၊ ညီညာပျံ့ပျူး၏။ သည်လိုဖြစ်အောင်လည်း တောအုပ်တို့ကို ခုတ်ထွင်ရှင်းလင်းရသည်။ မြေမို့မညီမညွတ်သည်များကို ဖို့ရသည်။ သည်တာဝန်ကို စီရင်ကြီးကြပ်သူများကား ဗညားလော၊ ဗညားဒလ၊ ဗညားပန်းသားကျန်းတော၊ သိရိဇေယနော်ရထာ၊ သိရိဇေယကျော်ထင်၊ နေမျိုးကျော်ထင်နှင့် နန္ဒကျော်ထင်။ သည်အမတ်ကြီးရှစ်ယောက်တို့ဖြစ်သည်။ မြေအပြင် ညီညွတ်၍ပြီးလျှင် ကောင်းမှုတော်အနောက်တွင် ယာယီပြာသာဒ်နန်းတော်

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ပြီး ဆင်ဖြူရှင်မင်းတရားကြီး စံမြန်းကာ အနီးကပ် ကွက်က တော်မူသည်။

ကောင်းမှုတော်ဝန်းကျင်တွင် ပေါက်ရောက်နေသော စိမ်းညို့အုပ်ဆိုင်း နေသည့် သစ်ပင်ရိပ်များအောက်၌ ယာဉ်ရထားများ၊ လှည်းများဆိုက်ထား သည်။

အရပ်သားအချို့မှာ သူတို့လှည်းများဆိုက်ထားရာ သစ်ရိပ်ညိုအောက် တွင် ဝိုင်းဖွဲ့ထိုင်နေကြ၏။ သူတို့သည် မဟာစေတီတော် ဒါယကာဆင်ဖြူ များရှင်အွဲ့ခံ ဘုရင့်နောင်မင်းတရားကြီး ဘုန်းမီးနေလ တောက်ပပုံ၊ နိုင်ငံ တော်ကို တိုးတက်စေခဲ့ပုံ၊ မင်းကြီး၏ ကုသိုလ်တော်များ၊ သာသနာပြုလုပ် ငန်းများအကြောင်းကို သူ့ထက်ငါအလုအယက်ပြောနေကြသည်။ အချို့လည်း မဟာစေတီတော်ကြီးကို ကြည်ညိုရင်း လှည့်ပတ်သွားလာနေကြသည်မှာ ပျားအုံကို တုတ်နှင့်ထိုးသည့်နှယ် ပရဝုဏ်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်နေသည်။ သူတို့အားလုံး မကြာခဏဆိုသလိုပင် စေတီတော်ရှေ့ရှိ မင်္ဂလာမဏ္ဍပ်တော် ဆီသို့ လှမ်း၍လှမ်း၍ကြည့်ကြသည်။

ထိုနေ့ကား သက္ကရာဇ် ၉၂၁–ခု၊ နတ်တော်လဆန်း တစ်ဆယ့်လေး ရက်၊ တနင်္ဂနွေနေ့။ မဟာစေတီတော်တွင် ဌာပနာရန် ဓာတ်တော်များကို မင်းညီမင်းသား မင်းဆွေစိုးမျိုး၊ မှူးတော်၊ မတ်တော်အပေါင်း ကြပ်မတ်၍ ရွှေနန်းတော်မှသည် ကောင်းမှုတော်သို့ ပို့ဆောင်သောနေ့ကြီးပင်တည်း။

စေတီတော်တည်ဆောက်ရေး တာဝန်ခံ မြန်မာမှူးမတ်ကြီးလေးပါးနှင့် မွန်မှူးမတ်ကြီးလေးပါးတို့သည် အထူးတလည် အလုပ်များနေကြသည်။ ဌာနပနာ တိုက်အတွက် စီမံသူတို့က စီမံနေကြသည်။ ဓာတ်တော်အပူဇော်ခံရာ မင်္ဂလာ မဏ္ဍပ်တော်အတွင်းဝယ် ကြီးကြပ်သူတို့က ကြီးကြပ်နေကြ၏။ တည်ဆောက် ရေးအဖွဲ့ဝင်များမှာ ဖျတ်လတ်သွက်လက်လှသည်။ တက်ကြွဟန်၊ အားရကျေ နပ်ဟန်များကို သူတို့၏ မျက်နှာပြင်ပေါ်ဝယ် တွေ့နေရသည်။ သည်လို အားကြိုးမာန်တက် စိတ်စေတနာထက်ရသည့် အကြောင်းကလည်း ရှိပေ သည်။

မင်းတရားကြီးသည် စေတီတော်တည်ဆောက်ရာ၌ မင်းအာဏာကို စိုးစဉ်းမျှမသုံး။ အဓမ္မစေခိုင်းခြင်းအလျဉ်းမရှိ။ တည်ဆောက်ရေးအဖွဲ့ဝင်များ အား ထိုက်သင့်သော ငွေကြေးနှင့် စားနပ်ရိက္ခာများကို အလုံအလောက်ပေး၏။ မင်းကြီးသည် ကိုယ်တိုင်လုပ်အားကိုပင် ကုသိုလ်အဖြစ် ထည့်ဝင်ခဲ့သေးသည်



မဟုတ်ပါလား။

မကြာမီပင် အစောင့်စစ်သည်တို့၏ အသိပေးနှိုးဆော်သံများကို ကြားရသည်။ ပရိသတ်များသည် မင်္ဂလာမဏ္ဍပ်သို့ ဦးတည်နေသည့် လမ်း ဘေးဝဲယာရှိ ရာဇမတ်များနောက်တွင် အသီးသီးနေရာယူလိုက်ကြသည်။ ဆာစောက လူသံသူသံတို့ဖြင့် ဆူညံလှုပ်ရှားနေသော ပရဝုဏ်သည် ခဏချင်း ပင် တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

မင်းညီမင်းသားများသည် မြတ်ဘုရား၏ ဓာတ်တော်မွေတော်များကို အခမ်းအနားဖြင့် ပင့်ဆောင်လာကြပြီဖြစ်သည်။ မင်္ဂလာမဏ္ဍပ်တော်အတွင်း မှ စည်ပြော၊ ခရာ၊ ဒုံမင်း စသော မင်္ဂလာတူရိယာများ၏ တီးမှုတ်သံမှာ ငြိမ့် ညောင်းသာယာစွာ ထွက်ပေါ်လာ၏။

မင်းတရားကြီးနှင့်တကွ မင်းမိဖုရား၊ ကိုယ်လုပ်တော်များ၊ မင်းဆွေ စိုးမျိုးများ၊ မှူးမတ်များ စုံစုံညီညီ ရောက်ရှိလာကြပြီဖြစ်၍ ပူဇော်ပွဲကို ခမ်းနား စွာ စတင်ကျင်းပသည်။ ဓာတ်တော်မွေတော်တို့ကို အာရုံပြုရှိခိုး ဦးတင်သံများမှာ ဘဝဂ်သို့ပင် တိုင်လေသည်။

သည်အချိန်မှာပင် ဒုန်းစိုင်းလာသော မြင်းခွာသံကိုကြားလိုက်ရ၏။ ပရဝုဏ်အတွင်းရှိအသံများ ရုတ်တရက် တိတ်ဆိတ်သွားပြီး အားလုံးသော ပရိသတ်များသည် အသံလာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်ကြသည်။

မင်းလုလင်တစ်ဦး – –

ခန္ဓာကိုယ်တောင့်တင်း ပျိုမြစ်သော မင်းလုလင်။

သူသည် ဓာတ်တော်မွေတော်များ အပူဇော်ခံရာ မင်္ဂလာမဏ္ဍပ်တော် ဆီသို့ ဦးတည်လျက် သူ့မြင်းကိုနှင်လာသည်။ အနီးသို့ရောက်သောအခါ မြင်းဇက်ကို သတ်ပြီး လွှားခနဲဆင်းလိုက်သည်။ တာဝန်ကျ စစ်သည်တစ်ဦးက သူ့အတွက် ရှေ့မှလမ်းရှင်းပေးသည်။ မင်းလုလင်သည် မင်္ဂလာမဏ္ဍပ်ဆီသို့ ခပ်သွက်သွက်လှမ်းလာသည်။ သူ့မျက်နှာမှာ ကြည်နူးဝမ်းမြောက်မှုတို့ဖြင့် ရွှင်ပြုံးနေ၏။

မင်းလုလင်သည် မင်းတရားကြီး၏ ရှေ့မှောက်တွင် ဝပ်စင်းကာ အားရဝမ်းသာ တင်လျှောက်လိုက်သည်။

'ဘုန်းတော်ကြီးမြတ်သော အရှင်ဘုရား၊ ရာဇဒေဝီရှင်မိဖုရားတွင် သမီးတော်လေးတစ်ပါး ဖွားမြင်ကြောင်း သံတော်ဦးတင်အပ်ပါသည် ဘုရား'

မင်းတရားကြီး၏ရင်ထဲတွင် ကျေနပ်မှု၊ နှစ်သက်မှု၊ ဝမ်းမြောက်ကြည်

www.burmeseclassic.com

www.burmeseclassic.com



နံ့မှုတို့ကို တစ်ပြိုက်နက်တည်း ခံစားလိုက်ရသည်။ သည်ခံစားမှုတို့သည် တမုဟုတ်ချင်းပင် ခန္ဓာကိုယ်တစ်ခုလုံးဆီသို့ ပျံ့နှံ့သွားတော့သည်။ မင်းတရားကြီး၏ တစ်ကိုယ်လုံး ဝမ်းမြောက်ကြည်နူးမှုတို့ဖြင့် လှုပ်ရှားနေ၏။ မင်းကြီး၏ အသံပင် ဝမ်းသာလွန်းသဖြင့် တုန်ခါနေသည်။

'သမီးတော်လေး၊ ရာဇဓာတုကလျာ'

'ဟုတ်တယ်၊ ရာဇဓာတုကလျာပဲပေါ့'

မြတ်ဘုရား၏ ဓာတ်တော်ပူဇော်ပွဲနေ့တွင် ဖွားမြင်လာသော သမီးတော်လေး၏ အမည်နာမပင်တည်း။

ထိုအမည်သည် မင်းတရားကြီး၏နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာလေသည်။

ထို့နောက် ပျံ့နှံ့သွားလေသည်။

ထို့နောက် ကျော်ကြားသွားလေသည်။

'ရာဇဓာတုကလျာ - ရာဇဓာတုကလျာ'

သမီးတော်လေး ရာဇဓာတုကလျာဟူသော အမည်သည် မင်းမှုထမ်းများ၏ နှုတ်ဖျားမှတစ်ဆင့် ပရိသတ်များဆီသို့ ပျံ့နှံ့သွားတော့သည်။

မဟာစေတီတော်တွင် ဓာတ်တော်မွေတော်များသာ ဌာပနာသည် မဟုတ်။ အဘိဓမ္မာကျမ်းဦး၊ သုတ်ကျမ်းဦး၊ ဝိနည်းကျမ်းဦးတို့ကိုလည်း ရွှေပေ၊ ငွေပေတွင်ရေး၍ ရွှေစာတောက်၊ ငွေစာတောက်နှင့်တကွ ထည့်၍ ဌာပနာတော်မူသည်။

ပြီးတော့ ဘဝရှင် ဘုရင့်နောင်မင်းတရားကြီး၏ ရုပ်တုတော်၊ ခမည်းတော်ဘုရား ရုပ်တုတော်၊ မယ်တော်ဘုရားရုပ်တုတော်၊ အတုလသီရိ မဟာဒေဝီရှင်မိဖုရားကြီး (သခင်ကြီး) ရုပ်တုတော်၊ သမီးတော် အင်းဝမိဖုရား ရုပ်တုတော်၊ မြေးတော်နတ်ရှင်မယ်တော် ရုပ်တုတော်၊ သားတော်မဟာဥပရာဇာ (ငါးဆုဒါယကာ နန္ဒဘုရင်) ရုပ်တုတော်၊ မြေးတော်မင်းကြီးစွာရုပ်တုတော်၊ ရာဇဒေဝီရှင်မိဖုရားရုပ်တုတော်၊ စန္ဒာဒေဝီရှင်မိဖုရားရုပ်တုတော်၊ သမီးတော်မင်းခင်စောရုပ်တုတော်များကို ရွှေစင်ဖြင့် သွန်းပြီးဘုရားကို တန်ဆောင်တိုင်ကိုင်ကာပူဇော်နေဟန် ထည့်သွင်းဌာပနာပြန်သည်။

ထိုမှတစ်ပါးလည်း အိမ်နိမ့်တွင်မြင်သော သားတော်၊ သမီးတော်ရုပ်တုတော်များ၊ ညီတော်သတိုးဓမ္မရာဇာရုပ်တုတော်နှင့် မိဖုရားရုပ်တုတော်၊ သမီးတော်နှစ်ပါးရုပ်တုတော်၊ ညီတော်မင်းခေါင်နှင့် သားတော်နှစ်ပါး၊ သမီးတော်သုံးပါးတို့၏ ရုပ်တုတော်များ၊ ညီတော်သတိုးမင်းစော ရုပ်တုတော်၊ သနားတော်မူသော မှူးကြီးမတ်ကြီးတို့၏ ရုပ်တုတော်များကိုလည်း တန်ဆောင်တိုင်ကိုင်၍ ရှိခိုးဟန်ငွေဖြင့် သွန်းလုပ်ကာ ထည့်သွင်းတော်မူသည်။



ကောင်းမှုတော် မဟာစေတီ၏ အရှေ့တွင် သာယာစွာသော ဥယျာဉ် လုပ်တော်မူသည်။ ထိုဥယျာဉ်၏ အမည်ကား 'တာဝတိံသာ'။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

(၂)

# တစ်ပင်တိုင်မြနန်းက ဓာတုကလျာ

သက္ကရာဇ် ၉၂၆ – ခု၊ သီတင်းကျွတ်လဆန်းရက်ဖြစ်သည်။

ရာသီဥတုမှာ ခါတိုင်းနှင့်မတူ။ သည်နေ့နံနက်မိုးသောက်အရုဏ်ကျင်း ချိန်မှစ၍ ဟံသာဝတီနေပြည်တော်၏ အထက်ကောင်းကင်ယံတွင် မိုးသားမိုး ရိပ်များ တလိပ်လိပ်တက်လာသည်။ မဲမှောင်နေသော တိမ်တိုက်များကြောင့် နေပြည်တော်တစ်ရပ်လုံး အုံ့မှိုင်းနေသည်။ ပတ်ဝန်းကျင်တစ်ခွင်ကို ကြည့် လိုက်တိုင်း မှုန်ရီညိုမဲ့ ပြိုမကဲ့သို့ ညိုလဲ့ငယ်မှောင်နေသဖြင့် လွမ်းဆွတ်ကြေကွဲ ဖွယ်ရာသာ ဖြစ်နေတော့သည်။

သည်လိုအခြေအနေမျိုးတွင် မြေအပြင်သည် သိမ့်ခနဲလှုပ်ခါသွား၏။ ထို့နောက် ဆက်၍ဆက်၍ လှုပ်ခါသည်။ တော်လည်းသံများလည်း ထွက်ပေါ် လာသည်။ အကြိမ်ကြိမ်အခါခါလှုပ်သည့် ငလျင်ဒဏ်ကြောင့် အဆောက် အအုံကြီးများ ပြိုကျသံတို့သည် ဟံသာဝတီတစ်မြို့လုံးကို လွှမ်းသွားတော့ သည်။ ဘုရားပုထိုး၊ စေတီတန်ဆောင်းများ ပြိုပျက်ကုန်သည်။ ထိုအထဲတွင် ဘုရင့်နောင်မင်းတရားကြီး၏ ကုသိုလ်တော်မဟာစေတီလည်း ပါဝင်ခဲ့သည်။ မော်ဓောရှင်စေတီသည် ခေါင်းလောင်းပုံနှစ်ခြမ်းကွဲ၍ ပြိုကျပျက်စီးခဲ့ရသည်။



အပြင်လောကတွင် ငရဲပွက်သည်သို့ ဆူညံနေသော်လည်း ရာဇဒေဝီ ...ရှင်မိဖုရား၏ အဆောင်တော်ထဲတွင်ကား အပ်ကျလျှင်ပင် ကြားမတတ်တိတ် ...ငြိမ်သက်နေ၏။ အပျိုတော်၊ အထိန်းတော်၊ ရံရွေတော်များ၏ အသံ ...ကိုပင် မကြားရ။ သူတို့၏ လှုပ်ရှားမှုကိုလည်း မမြင်ရပေ။

ဘာကြောင့်ပါလိမ့်။ ရာဇဒေဝီ ရှင်မိဖုရားသည် စက်ရာထက်တွင် ...သျှောင်းတော်မူရင်း ဝေဒနာကို ခံစားနေရရှာသည်။ ထို့ကြောင့် ခြွေရံသင်း ...များသည် စကားကိုကျယ်ကျယ်မပြောကြ။ တိုးသက်ငြင်သာစွာ ပြောကြ ...သည်။ အသံမြည်အောင် လှုပ်ရှားခြင်းမပြုကြ။ ရာဇဒေဝီရှင်မိဖုရား၏ ...ါဝေဒနာ အခြေအနေကို တိုးတိုးတိတ်တိတ်ကျိတ်၍ မေးမြန်းနေကြ ...သည်၊ ထင်မြင်ချက်ပေးနေကြသည်။ သို့သော် မည်သူမျှ အသေအချာမပြော ...ကြပေ။ ခေါင်းခါခါ လည်ခါခါနှင့် မျက်နှာများလည်း ညှိုးငယ်လျက်ရှိ ...ကြသည်။

သူတို့သည် အသက်ကိုပင် ပြင်းပြင်းမရှူဝံ့ကြ။ သူတို့၏ အကြည့် ...မှာ ဝေဒနာရှင် မိဖုရားကြီးနှင့် သမားတော်ကြီးတွင်သာ တစ်လှည့်စီ ...စားလျက်ရှိနေသည်။

နန်းတွင်းသမားတော်ကြီးသည် ဦးခေါင်းကို ငိုက်စိုက်ချထား၏။ ...မျက်နှာပြင်ပေါ်ဝယ် စိတ်ပျက်ခြင်း၊ ယူကျုံးမရခြင်း၊ ဝမ်းနည်းခြင်းတို့ကို ...ရသည်။ စိတ်မချမ်းသာသောကြောင့် သမားတော်ကြီး၏ ဇရာအရေး ...ကြောင်းများမှာ ပိုပြီးထင်ရှားနေသည်။ သမားတော်ကြီးသည် နောက်ဆုံး ...ချက်ဖြစ်သော နန်းတွင်းအသက်ကယ်ဆေးတစ်ခွက်ကို မိဖုရားကြီးအား ...ကျွေးထားပြီးဖြစ်၏။ သို့သော် ယခုထိ ဆေးတန်ခိုးမပြသေး။ သမားတော် ...သည် မိဖုရားကြီး၏ မျက်နှာတော်ကို စူးစမ်းကြည့်လိုက်ပြန်သည်။ ထို ...မှာပင် မိဖုရားကြီး၏ မှိတ်ထားသော မျက်လုံးအစုံသည် တဖြည်းဖြည်း ...ပွင့်လာသည်။ သမားတော်ကြီး၏ မျက်နှာပြင်ပေါ်ဝယ် မျှော်လင့်ချက် ...ခြည်သည် ဖြတ်ပြေးသွား၏။

မိဖုရားကြီး၏ နှုတ်ခမ်းလွှာများ လှုပ်လာသည်။ တစ်စုံတစ်ရာ ပြော ...ဟန်တူရဲ့။ အနီးကပ်ဆုံးရှိနေသော အထိန်းတော်ကြီးသည် ဦးခေါင်းကို ...နားစိုက်ထောင်လိုက်သည်။ မိဖုရားကြီး၏ အသံမှာ သဲ့သဲ့မျှသာဖြစ်၏။ ...ထိန်းတော်ကြီးက ခေါင်းညိတ်လျက် 'မှန်လှပါဘုရား' ဟု ...တင်လျှောက် ...သည်။ ပြီးတော့ လက်အုပ်ချီကာ နောက်ဆုတ်လျက် စက်မှန်းဆောင်အပြင်

www.burmeseclassic.com

www.burmeseclassic.com



သို့ ခပ်သုတ်သုတ်ထွက်သွားသည်။ ချက်ချင်းဆိုသလိုပင် ပြန်ဝင်လာ၏။ သူနှင့်အတူငါးနှစ်အရွယ် သမီးတော်ကလေး ရာဇဓာတုကလျာပါလာသည်။ အထိန်းတော်ကြီးက သမီးတော်ကလေး ရောက်လာပြီဖြစ်ကြောင်း မိဖုရားကြီးအား လျှောက်ထားလိုက်၏။ သမီးတော်လေးကို တွေ့ရသောအခါ မိဖုရားကြီး၏ မျက်လုံးအစုံမှာ အရောင်တောက်ပလာ၏။ သူ့လက်ဖြင့် သမီးတော်လေး၏ လက်ကိုကိုင်ကာ သူ့ရင်မှာ ကပ်ထားလိုက်သည်။

မကြာပါချေ။ သမီးတော်ကလေး၏ လက်ကို ဆုပ်ကိုင်ထားသော မိဖုရားကြီး၏ လက်များပြေလျှော့ကျသွားသည်။ ဦးခေါင်းသည်လည်း တစ်ဖက်သို့ မသိမသာ တိမ်းသွား၏။ ရာဇဒေဝီရှင်မိဖုရားကြီး ကံတော်ကုန်ရှာပြီ။ သူမြတ်နိုးသော မင်းတရားကြီး၊ သူ့အချစ်ဆုံးသမီးတော်လေး ရာဇဓာတုကလျာ၊ သားတော်ကြီး နော်ရထာမင်းစောနှင့် သားတော်ငယ် သဃ်ဒတ္တ (သီရိသုဓမ္မရာဇာ) တို့ကို ခွဲခွာကာ တမလွန်သို့ ခရီးဆက်သွားချေပြီ။

မင်းတရားကြီးသည် အသက်ဝိညာဉ် ချုပ်ငြိမ်းသွားပြီဖြစ်သော ရာဇဒေဝီရှင်မိဖုရား၏ မျက်နှာတော်ကို တွေတွေကြီး စိုက်ကြည့်နေသည်။ သူချစ်မြတ်နိုးသောမိဖုရား၊ အချစ်ဆုံး သမီးတော်လေး ရာဇဓာတုကလျာ၏ မယ်တော်၊ သည်မျှချစ်ရ၊ ကြင်နာရ၊ တွယ်တာရသော မိဖုရားကား ယခုသူ့အပါးတွင် မရှိတော့ပြီ။ မင်းတရား၏ သွင်ပြင်မှာ တည်ငြိမ်ဟန်ရှိသော်လည်း ရင်တွင်း၌ကား သောကလှိုင်းထန်နေသည်။ ကြေကွဲဝမ်းနည်းမှုကြောင့် သူ့ရင်ထဲ၌ တိုးတိမ်စွာ ငိုကြွေးနေ၏။ သူ့အတွက်လည်းငိုရ၏။ နုနုငယ်ငယ်လေးနှင့် မိတဆိုးလေးဖြစ်ရရှာသော သမီးတော်ဓာတုကလျာအတွက်လည်း ငိုနေရသည်။

သို့သော် – –

မင်းတရားကြီးအနေဖြင့် ကိုယ်ရေးကိုယ်တာကိစ္စများကို ကြာရှည်ရှေ့တန်းမတင်နိုင်။ သက္ကရာဇ် ၉၂၆ (ခရစ် ၁၅၆၄) ခုနှစ်မှာပင် အယုဒ္ဓယသို့ ချီတက်ရပြန်သည်။ အောင်ပွဲခံရပြီးနောက် အယုဒ္ဓယမင်းညီမင်းသားများ၊ မှူးမတ်အချို့နှင့် လက်မှုပညာသည်များကို ဟံသာဝတီသို့ ခေါ်ဆောင်ခဲ့သည်။ အယုဒ္ဓယမင်း၏ သားမက်တော် ပိဿလောက်စားသည် ထိုအချိန်က ဘုရင့်နောင် မင်းတရားကြီးနှင့် နှလုံးဝင်သူဖြစ်၏။ သို့သော် မင်းတရားကြီးသည် ပိဿလောက်စားအား ပို၍စိတ်ချလိုသည်။ ထို့ကြောင့် ပိဿလောက်စား၏ သားတော်ကြီး ဗြနရာဇ်ကို ခြေတော်ရင်း၌ ခေါ်ထားကာ မွေးစားသားအဖြစ်



နေစေခဲ့သည်။ ထိုစဉ်က ဗြနရာဇ်သည် ၉–နှစ်အရွယ်မျှသာ ရှိသေး၏။ ဟံသာဝတီရွှေနန်းတွင် နေစဉ်အတွင်း မြန်မာစစ်သေနင်္ဗျူဟာများကိုလည်း သင်ယူခွင့်ပေးခဲ့သည်။ မင်းတရားကြီး၏ ခြေတော်ရင်းတွင် ၆– နှစ်တာမျှ ခစားနေထိုင်ခဲ့စဉ် မြန်မာဘာသာ၊ မွန်ဘာသာစကားများကို နားလည်ပြောကြားနိုင်ရုံမက မြန်မာနှင့် မွန်တို့၏ စိတ်နေစိတ်ထား အရည်အသွေးတို့ကိုလည်း သိရှိခဲ့သည်။ ပြီးတော့ ဟံသာဝတီနန်းတွင်းရေးရာများကိုလည်း ကြားမြင်တွေ့ရှိခဲ့လေသည်။

တစ်နေ့တွင် မင်းတရားကြီး၏ သားတော်မဟာဥပရာဇာက သည်လိုနားတော်လျှောက်သည်။

'ခမည်းတော်ဘုရား၊ ခမည်းတော်ရဲ့ ဘုန်းလက်ရုံးအာဏာတော်ဟာ ဇမ္ဗူထိပ်တစ်ကျွန်းလုံး ကျော်စောထင်ရှားပြီးဖြစ်ပါတယ်။ ထိုထိုသော ပြည်တို့က သံကြီး၊ တမန်ကြီးများ ရောက်လာတဲ့အခါ အင်္ဂါခုနှစ်ပါးနှင့် ပြည့်စုံသော မြို့ပြ၊ ကျုံးမြောင်းမရှိလျှင် မသင့်တော်ပါ။ သို့ပါ၍ အင်္ဂါခုနှစ်ပါးနှင့် ပြည့်စုံသော မြို့ကိုတည်တော်မူမှ သင့်ပါမည်ဘုရား'

သားတော်က သည်လိုတင်လျှောက်သဖြင့် မှူးတော်မတ်တော်များ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိတို့နှင့် တိုင်ပင်တော်မူသည်။ အားလုံးက သင့်မြတ်ကြောင်း လျှောက်ထားကြသဖြင့် သက္ကရာဇ် ၉၂၈–ခုနှစ်၊ ဘန်ဆောင်မုန်းလဆန်း ၁၀–ရက်နေ့မှစ၍ နန်းမြို့တော်ကို တည်ဆောက်သည်။ စတုရန်း တာသုံးထောင်လေးရာရှိပြီး မြို့တစ်မြို့ခန့် ကျယ်ဝန်းသည်။ မြို့တော်တွင် တံခါးနှစ်ဆယ်ရှိသည်။ ဆောက်လုပ်ရန် တာဝန်ယူရသူ၏ အမည်ကိုယူ၍ တံခါးအမည်များကို ပေးထား၏။ ဥပမာ– တနင်္သာရီမင်း တာဝန်ယူ ဆောက်လုပ်သောတံခါးကို တနင်္သာရီတံခါးဟု အမည်ပေးသည်။

ဤသို့ဖြင့် မြောက်မျက်နှာတွင် တနင်္သာရီတံခါး၊ ယိုးဒယားတံခါး၊ မုတ္တမတံခါး၊ ပုခန်းတံခါး၊ ပုသိမ်တံခါးဟူ၍ တံခါးငါးပေါက်၊

အရှေ့မျက်နှာတွင် ပြည်တံခါး၊ အင်းဝတံခါး၊ တောင်ငူတံခါး၊ လင်းဇင်းတံခါး၊ ဒလတံခါးဟူ၍ တံခါးငါးပေါက်။

တောင်မျက်နှာတွင် ဇင်းမယ်တံခါး၊ မိုးနဲတံခါး၊ ညောင်ရွှေတံခါး၊ သာယာဝတီတံခါး၊ သိန္နီတံခါးဟူ၍ တံခါးငါးပေါက်။

အနောက်မျက်နှာတွင် ကလေးတံခါး၊ အုန်းပေါင်တံခါး၊ မိုညှင်းတံခါး၊ မိုးကောင်းတံခါး၊ ထားဝယ်တံခါးဟူ၍ တံခါးငါးပေါက်၊ စုစုပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးနှစ်ဆယ်ရှိသည်။ တံခါးများကိုပြာသာဒ်ချည်း ဆောက်စေ၍ ရွှေအပြည့် ထည့်တော်မူသည်။ ရင်တားနှစ်ထပ်၊ တံခါးရွက်များကိုလည်း ရွှေအပြည့်ထည့် သည်။

နန်းတော်ကြီး၏ အညွှံဆုံးသောနေရာမှာပင် ပန်းချီဆေးရေးပြီး ရွှေ ပိန်းချထားသည်။ အချို့သော အဆောင်များ၏ အမိုးကို ရွှေပြားဖြင့် မိုးထား သည်။ အချို့အဆောင်များတွင် လူပမာဏခန့်ရှိ ရုပ်တုများကို ရွှေသားပကတိ ဖြင့် ထုလုပ်ပြီး ကျောက်မျက်ရတနာများ စီခြယ်ထားသည်။

ထိုမျှကြီးကျယ်ခမ်းနားသော နန်းတော်ကို မူလပထမ (သက္ကရာဇ် ၉၁၅ – ခုနှစ်) အမည်အတိုင်း 'ကမ္ဘောဇသာဒီ' ဟူ၍ပင် သမုတ်တော်မူသည်။

ဤတွင် စာဆိုတော် ထောင်သင်းမှူးက ဟံသာဝတီမြို့တော်ကြီးမှာ တာဝတိံသာနတ်ဘုံနတ်နန်းမှ ကြွေကျလာသကဲ့သို့ မင်းနေပြည်တော်ကြီး ပီသကြောင်း၊ လမ်းကြီးတစ်း ·ယ်၊ လမ်းငယ်အသွယ်သွယ်တို့ဖြင့် တန်ဆာဆင် လျက်ရှိကြောင်း၊ ဇင်းမယ်အုန်းပေါင်စသော အဝင်အထွက်တံခါး ၂၀ ရှိ ကြောင်း၊ တန်ဆောင်းပြအိုးများ ၁၀၉– ခု၊ တာမ ၂၀ ရှိသော ကျုံးဖြင့် တန်ဆာဆင်ထားသောကြောင့်၊ သာမျိုးစုံလှသည်ကို – –

'ရာဇဌာနီ၊ ပြည်ကြီးမိ၍၊ တုသိတာမှ၊ ဘုံလျှင်ကျသို့၊ လမ်းမဆယ် သွယ်၊ လမ်းငယ်ရံဝိုက်၊ မြှောင်သွယ်ပိုက်လျက်၊ တလိုက်အုန်းထန်း၊ ပန်းမာလ် စုံလင်၊ ထွက်ဝင်ပျော်ဖွယ်၊ တံခါးဝယ်ကား၊ ဇင်းမယ် – အုန်းပေါင်၊ ပြည် ထောင်ရာစင်း၊ မိုးညှင်း – မိုးကောင်း၊ တောင်စောင်းမားဝယ်၊ နောက်ဆွယ် ကလေး၊ မဝေးကြဘဲ၊ မိုးနဲ- ညောင်ရွှေ၊ လှည့်လေလကျာ၊ သာပဘာဝတီ၊ သိန္နီမကြွင်း၊ တနင်္သာရီ၊ လျှံညီကျော်ကြား၊ ယိုးဒယားက၊ မုတ္တမနှင့်၊ မြောက်မှခပ်ယွန်း၊ ပုခန်း–ပုသိမ်၊ စက်ရှိန်လျှံဝေ၊ သရေခေတ္တတရ၊ အဝတောင်ငူ၊ တုရုရှေ့ခင်း၊ လင်းဇင်းဒလ၊ ဒွါရနှစ်ဆယ်၊ သွယ်သွယ်ရောင်မောင်း၊ တန်ဆောင်း ပြအိုး၊ တစ်ရာ့ကိုးတိ၊ ကျုံးရိုးနက်ကျယ်၊ နှစ်ဆယ်တာမ၊ များလှပြောဟုံ၊ သာမျိုးစုံသည်၊ ရွှေဘုံဟင်္သာနန်းဌာန' ဟု ဖွဲ့ဆိုခဲ့သည်။

ပြီးတော့ ဟံသာဝတီ၏ အရပ်ရှစ်မျက်နှာတွင် အချိန်အခါနှင့် သီးပွင့်သော သစ်ပင်များရှိကြောင်း၊ ဆင်ကျုံးနှင့်တကွ သိကြားနေရာ တာဝတိံ သာနတ်ပြည်က နန္ဒဝန်ဥယျာဉ်တို့လို ဥယျာဉ်များလည်းရှိကြောင်း၊ ကျိုက်ပေါ၊ ကျိုက်ပွန်၊ ရွှေမော်ဓော၊ မဟာစေတီ စသော စေတီပုထိုးများ၊ ရွှေကျောင်း တော် အဆောက်အအုံများ ရှိသဖြင့် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး



...ဘုန်းတန်ခိုးကြီးမားပြီး သိကြားနတ်မင်းနှင့် တူကြောင်းကို ယခုလို ဖွဲ့သီ ...သည်။

'ဌာနခန်းဝါ၊ ရှစ်မျက်နှာလည်း၊ ချိန်ခါသီးမှည့်၊ ပင်တိုင်းပြည့်မျှ၊ ...ပြည့်မဆုံး၊ ဆင်ကျုံးသာလွန်၊ နန္ဒဝန်က၊ သက္ကမနှင့်၊ တမျှနှိုင်းချိန်၊ ...တိံမှာ၊ နန္ဒဝါသို့၊ ကြိုင်စွာပျံ့လှောင်း၊ နံ့ကောင်းပန်းမာလ်၊ ကျိုက်ပွန် ...ကိုက်ပေါ၊ မော်ဓောကေသာ၊ မဟာစေတီ၊ လျှံညီရောင်မောင်း၊ ရွှေကျောင်း ...န်း၊ ဇေတဝန်တိ၊ ရဲရဲညီမျှ၊ မုနိထွက်ထား၊ တို့ဘုရားလျှင်၊ သိကြားနတ်နှင့် ...နိုင်းသင့်၍၊ စံတင့်စံကျွန်း၊ အာဏာထွန်းလျက်၊ ပျံ့မွှန်းသိရိန်၊ တထိန်ထိန် ...သည်၊ ဘုန်းရှိန်ထွန်းပပြင်တော့ဇ'

ရတုစာဆိုထောင်သင်းမှူးသည် ထိုမျှဖြင့် အားမရသေးပေ။ ဟံသာ ...နေပြည်တော်တွင် ဆယ့်နှစ်ရာသီ သဘင်များ ဆင်ယင်ကျင်းပပုံ။ သည် ...ဘင်များ ထူးခြားဆန်းကြယ်အံ့ဖွယ်ရှိ၍ တန်ခူးလမှသည် တန်ဆောင်မုန်းလ ...တွင် လွှတ်တော်၌ ဆင်ယင်ကျင်းပပုံ၊ နတ်တော်လတွင် မဟာပိန္နဲနတ်ပွဲ၊ ...သိုလ၌ ဆင်ခင်းမြင်းခင်းပွဲများ၊ တပို့တွဲလ၌ လှည်းပွဲများ၊ တပေါင်းလ၌ ...ဆံတော်ရှင်သို့ ကြည်းကြောင်း၊ ရေကြောင်းတို့ဖြင့် သွားရောက်ကျင်းပကြပုံ ...သည်တို့ကို –

'ကာလသဘင်၊ လတိုင်းပင်တည့်၊ မမြင်စဖူး၊ အံ့ကာမူးမျှ၊ တန်ခူး ...ဆုန်၊ နယုန်နွယ်တာ၊ နံကာပန်းလု၊ ရတုသစ်ဆင်း၊ တော်သလင်းဟု၊ ...ဘင်းကျွတ်ခါ၊ လွှတ်တော်မှာ၌၊ ပွဲတော်ကြိုက်လျက်၊ ရောင်မြိုက်ပြကာ၊ ...တ္တိကာနှင့်၊ မဟာပိန္နဲ၊ ပြုမြဲကော်ရော်၊ နတ်တော်ကျတ်ကို၊ ပြာသိုလကျော်၊ ...ပန်းပေါ်က၊ မော်ကစနု၊ ရတုသဘင်၊ ရထားလျင်နှင့်၊ မြင်းဆင်ခင်းမြဲ၊ ...ပို့တွဲဝယ်၊ လှည်းပွဲမကော်၊ တပေါင်းသော်ကား၊ ဆံတော်ဒဂုံ၊ တက်ကြ ...။ ပည်းပုံများဖြင်၊ သဘင်နှစ်ကြောင်း၊ လှေပေါင်းလှည်းက၊ တုပဆင်ယင်၊ ...င်စဖူး၊ တင့်လွန်ကျူးမျှ၊ စုံပူးမကွာ၊ သို့သောခါသည်၊ အာသာဟူက၊ ...တမျှ'

ဟူ၍ သားနားစုံလင် ပေါ်လွင်အောင် ဖွဲ့ဆိုခဲ့သည်။ ထို့ကြောင့်လည်း ...သာဝတီ ဆင်ဖြူများရှင် မင်းတရားကြီးက စာဆိုထောင်သင်းမှူးအား ...ဒေးဟူသောဘွဲ့ကို ချီးမြှင့်တော်မူလိုက်သည်။ ထိုစာဆိုကား 'စစ်ကိုင်းထောင် ...င်း၊ စလင်းလက်ျာ၊ ပြည်မှာနဝဒေး' ဟူသော ရတုနဝဒေးပင်ဖြစ်သည်။

မင်းတရားကြီးသည် ချစ်မြတ်နိုးလှသော သမီးတော်လေး ဓာတု

www.burmeseclassic.com

www.burmeseclassic.com



ကလျာကို ကမ္ဘောဇသာဒီ ရွှေနန်း၏ တစ်ပင်တိုင်ဆောင်တွင် စံမြန်းစေခဲ့သည်။

ပင်တိုင်စံဓာတုသည် အရွယ်ရောက်လာသည်နှင့်အမျှ အလှသွေးကြွယ်လာ၏။ နက်မှောင်သော ကေသာကြော့၊ ပြေသောနဖူးပြင်၊ သွယ်ပြောင်းသော နှာတံ၊ မျက်ခုံးထူထူအောက်မှ ကြည်လင်တောက်ပသော မျက်လုံးအစုံ၊ နုညက်သောပါးပြင်၊ နီလွင်လွင်နှုတ်ခမ်းလွှာတို့ဖြင့် ဖွဲ့စည်းထားသော အလှပိုင်ရှင်ဖြစ်၏။ မို့သောရင်၊ ကျဉ်သောခါး၊ ပြည့်ဖြိုးသောတင်တို့ကြောင့် ကြော့ရှင်းတင့်တယ်လှ၏။ သူ့အလှဂုဏ်သတင်းမှာ ဟံသာဝတီနေပြည်တော်တွင်းသာမက ဝေးနီးချုပ်စပ်ရှိ လက်အောက်ခံ နိုင်ငံငယ်များ၌ပင် ကျော်ကြားလျက်ရှိသည်။ သူ့တစ်ကိုယ်လုံးကို သိမ်းကြုံး၍ ဆိုရပါမူ ကျွမ်းကျင်သော ကျောက်ဆစ်သမား၏ အသက်ပါပါထုလုပ်ထားသော ကျောက်ဆစ်ရုပ်ကလေးနှယ်ပင်ဖြစ်တော့သည်။

သူ့လမ်းလျှောက်လျှင် လေထဲမှာ လွင့်မြောနေသော ဝိညာဉ်လေးကဲ့သို့ပင် သိမ်မွေ့လှ၏။ သူ့အလှကို မြင်လိုက်ရလျှင် ဒေါသမာန်တက်နေသူတို့ပင် မှင်တက်မိကာ စိတ်ထားပျော့ပျောင်းသွားကြရ၏။ သူ၏ အချိုးအဆစ်ကျပြီး တင့်တယ်မဆုံးအောင် လှသည့် ရုပ်ရုံမှာ မြင်သူတိုင်း တဒင်္ဂမျှ နှစ်မျောသွားရသော အလှပင်တည်း။

သို့သော် ရာဇဓာတုကလျာသည် အလှဂုဏ်ကြောင့် မာနမတက်။ ဘဝင်မမြင့်။ စိတ်သဘောထား နူးညံ့သိမ်မွေ့၏။ ပျော့ပျောင်း၏။ ယဉ်ကျေးလိမ္မာ၏။ နှိမ့်ချသောစိတ်ရှိ၏။ ထို့ကြောင့်ပင် ရာဇဓာတုကလျာ၏ ကောင်းသတင်းသည်လည်း အလှဂုဏ်သတင်းနှင့်အတူ ထင်ပေါ်ကျော်ကြားလျက်ရှိလေသည်။

ပင်တိုင်စံမင်းသမီးဆိုသည်မှာလည်း အခြားတစ်ပါးသော မင်းညီမင်းသားတို့နှင့် ဆက်ဆံခြင်းမရှိစေရ။ ခမည်းတော် မယ်တော်တို့ကလည်း မည်သည့်မင်းဧကရာဇ်၊ ညီ၊ သားတော်များနှင့် ထိမ်းမြားလက်ထပ်ခြင်းကို မပြုမလုပ်။ ထိုမင်း နတ်ရွာစံသောအခါ နောက်နန်းစံသော မင်းဧကရာဇ်သည် တစ်ပင်တိုင်မင်းသမီးကို မဟေသီ ဘိသေကခံယူစေ၍ ရေသွန်းလက်ထပ်လျက် မိဖုရားခေါင်ကြီးအရာထားရန် ရည်ရွယ်ရင်းဖြစ်သည်။ [၁]

၁။ ရတနာပုံဘိုးမှတ်စု၊ မန္တလေး၊ စာ -၆၆



ထို့ကြောင့်ပင်လားမသိ။ ရာဇဓာတုကလျာသည် အသက် ၂၂ နှစ်တွင်းသို့ ချဉ်းနင်းဝင်ရောက်လာသည့်တိုင် ချစ်ခင်တွယ်တာရမည့်သူ မရှိသေး။ အပျိုစင်ဘဝဖြင့်သာ အေးချမ်းစွာ စံစားလျက်ရှိသည်။

ဓာတုကလျာ၏ စိတ်သည် ယနေ့ထူးထူးခြားခြား လေးလံလျက်ရှိ၏။ တန်ဆောင်မုန်းလပြည့်နေ့မို့ ဥပုသ်သီလဆောက်တည်နေပါလျက် ခါတိုင်းကဲ့သို့ စိတ်ကြည်လင်အေးချမ်းခြင်း မရှိပေ။

တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်ဟူသော စကားနှင့်အညီ နှင်းတစ်လှည့်ကျလိုက်၊ မိုးတစ်လှည့်ရွာလိုက်ဖြစ်နေသည်။ မိုးရွာနှုန်းကား မသေး။ သဲသဲမဲမဲရွာသွန်း၏။ လျှပ်စီးများလက်ကာ မိုးထစ်ချုန်းသံတို့ ဘဝဂ်လျှံနေသည်။ ရေကျိုးသဖြင့် ဟံသာဝတီနေပြည်တော် တစ်ရပ်လုံး ရေလွှမ်းသွား၏။ မြို့တွင်း၌ တစ်နေရာမှတစ်နေရာသို့ လှေကလေးများဖြင့်ပင် ကူးသန်းသွားလာနေရသည်။

သည်လတွင် ပွင့်မြဲဖြစ်သော ခဝဲပန်းဝါများလည်း လန်းလန်းမပွင့်နိုင်ရှာကြ။ ပြင်းထန်သော မိုးရေစက်မိုးရေပေါက်တို့ကြောင့် ပင်ထက်မနေကြကျကုန်၏။ စိုက်ခင်းများထဲသို့ နံ့ကောင်ပိုးများ အစုလိုက်အပြုံလိုက် ကျလာသည်။ စိုက်ခင်းများ ပျက်စီးသွားလေပြီ။

မိုးက အစွမ်းပြသလို နှင်းကလည်း သူ့ပိုင်နက်ရောက်လာပြီမို့ အစွမ်းပြပြန်သည်။ နှင်းတွေသိပ်သိပ်သည်းသည်း ကျလာသည်။ တောင်တွေက အခိုးတွေထွက်သည်။ မဖြစ်စဖူး ထူးကဲသော ဖြစ်ရပ်ကား ဒေးပသွယ်အရပ်၌ ပတ္တမြားမိုး ရွာသွန်းခြင်းပင်ဖြစ်၏။ ပြီးတော့ မင်းတရားကြီး၏ ကုသိုလ်တော် မဟာစေတီနှင့် ကျိုက်ကိုဘုရားများ ရောင်တော်ပြကြသည်။

သည်အချိန်သည်အခါတွင် ဘုရင့်နောင်မင်းတရားကြီးသည် ချက်တဖြုတ် နာမကျန်းဖြစ်တော်မူသည်။ နန်းတွင်းသမားတော်ကြီးများ အစွမ်းကုန်ကုသကြသော်လည်း မရတော့ပြီ။ မင်းစည်းစိမ် သုံးဆယ့်နှစ်နှစ်ပတ်လုံး သာသနာတော်မြတ်စီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ သားတော်အစဉ်မြေးတော်အဆက် မြစ်တော်အညွန့်တို့ စီးပွား၊ ပြည်သူလူတကာတို့၏ စီးပွားကို ဆောင်တော်မူခဲ့သော မင်းတရားကြီးသည် သူချစ်သော သမီးတော်ဓာတုကလျာနှင့် လောကကြီးကို ရုတ်တရက် ခွဲခွာသွားလေတော့သည်။

ရာဇဓာတုကလျာသည် အသက်ဝိညာဉ် ချုပ်ငြိမ်းနေပြီဖြစ်သော ခမည်းတော်ကို ရှိသေစွာကန်တော့လိုက်၏။ မယ်တော်မရှိသည့်နောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်သည်သာအမိ၊ ခမည်းတော်သည်သာအဖအဖြစ် အားကိုးချစ်ခင်ခဲ့ရသည်။ ယခုတော့ ချစ်သောခမည်းတော်လည်း မရှိတော့ပြီ။ သူ့ရင်ထဲ၌ ဝမ်းနည်းကြေကွဲခြင်း၊ ယူကြုံးမရခြင်း၊ အားငယ်ခြင်းတို့ လှိုက်ခနဲခံစားလိုက်ရသည်။ အားအင်ကုန်ခမ်း ညှိုးနွမ်းကာ နှလုံးအိမ်မှာ တလှပ်လှပ်ဖြစ်လာသည်။ မျက်ရည်များသည် မျက်ဝန်းထဲ၌ ပြည့်လျှံလာကာ ပါးပြင်တစ်လျှောက် လျှောကျသွားတော့၏။

အထိန်းတော်ကြီးသည် ပင်တိုင်စံဓာတုကလျာ၏ ပခုံးကိုပိုက်ပွေ့ကာ တိုးတိုးလေး အားပေးနှစ်သိမ့်နေသည်။ ဓာတုသည် တစ်ချက်နှစ်ချက်မျှ ရှိုက်ပြီးစိတ်ကိုထိန်းလိုက်သည်။ သူသည်အသက်ဝိညာဉ်ချုပ်ငြိမ်းသွားပြီဖြစ်သောခမည်းတော်၏ မျက်နှာတော်ကို တွေတွေကြီး စိုက်ကြည့်နေ၏။ မယုံနိုင်စရာပါလား။ ဘာကြသေးလို့လဲ။ နောင်တော်ဇင်းမယ်ဘုရင်နော်ရထာမင်းစောနှင့် ညီတော်သဃ်ဒတ္တတို့ကို တစ်နေရာတည်းမှာနေစေပြီး ပေးဖွယ်ကမ်းဖွယ်အများပေးတော်မူခဲ့သေးသည်ပဲ။ သည်စဉ်က ခမည်းတော်၏ မျက်နှာတော်မှာ ပီတိတွေနှင့်ပြုံးလို့။

သည်နှစ်အတွင်းမှာ တိဂုံဆံတော်ရှင်ဘုရားသို့ပင် အဖူးအမြော်ထွက်ခဲ့သေးသည်။ သည်တုန်းက ဟင်္သာရုပ် ရွှေဖောင်တော်ပေါ်မှာ ခမည်းတော်စီးနင်းလိုက်ပါလာသည်။ မိမိကိုလည်း သည်ရွှေဖောင်တော်ပေါ်မှာပင် စီးခွင့်ပြုခဲ့သည်။ ပြီးတော့ ရဲလှေလွှန်းကြင် အစင်းသုံးရာကျော်မှာမင်းညီမင်းသားဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်တို့ကို စီးစေသည်။ ဗုံမောင်းခရာ၊ ပတ်သာ၊ စည်၊ စောင်းငြင်း တီးမှုတ်စေသည့် အသံမှာလည်း မြစ်လုံးပွဲတင်ထပ်မျှပါပဲ။

တိဂုံဆံတော်ရှင်ဘုရားကို လှူဒါန်းဖွယ်ရာများလှူ၊ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းလုပ်ကျွေးတော်မူပြီး ရေစက်သွန်းချ အမျှပေးဝေစဉ်က ခမည်းတော်ရဲ့ မျက်ဝန်းအစုံမှာ ကြည်နူးဝမ်းမြောက်ခြင်းတို့ကြောင့် တောက်ပလို့နေခဲ့သည်။ ယခုတော့ သည်မျက်ဝန်းတွေ မှိတ်ခဲ့ပြီ။ သေခြင်းတရားကား မြန်လေစွ။

သူသည် ခမည်းတော်အား ရိုသေစွာ ဦးခိုက်ကန်တော့ရင်း တိုးတိုးလေးဆုတောင်းလိုက်၏။

'ခမည်းတော် ကောင်းရာသုဂတိလားပါစေ'

* * * * *



ရာဇဓာတုကလျာအဖို့ ဟံသာဝတီရွှေနန်းတွင် အထိန်းတော်အယတော်များနှင့် စံမြန်းနေရသော်လည်း အရင်းအချာဟူ၍မရှိ။ အမိတူ အဖတူနောင်တော် နော်ရထာမင်းစောမှာ ဇင်းမယ်ဘုရင်အဖြစ် ဇင်းမယ်သို့ရောက်ရှိနေသည်။ မောင်တော်ငယ် သဃ်ဒတ္တ (သီရိသုဓမ္မရာဇာ) မှာ မုတ္တမစားအဖြစ် မုတ္တမသို့ ရောက်နေ၏။ ဤသို့အရင်းအချာများနှင့် ဝေးကွာနေသဖြင့်လည်းများစွာ အားငယ်နေရှာသည်။

မင်းတရားကြီး မရှိတော့ပြီဖြစ်၍ အရိုက်အရာကို သားတော်ငါးဆူဒါယကာ နန္ဒဘုရင်က ဆက်ခံသည်။ ဖခမည်းတော် ရှင်ဘုရင်ဖြစ်လာပြီမို့ သားတော်မင်းကြီးစွာလည်း မဟာဥပရာဇာအမည်ဖြင့် နန်းမွေခံအိမ်ရှေ့မင်းဖြစ်လာ၏။ အိမ်ရှေ့မိဖုရားမှာ အင်းဝမင်းသမီး 'နတ်ရှင်မယ်တော်' ဖြစ်သည်။

နတ်ရှင်မယ်တော်ကား အခြားသူမဟုတ်။ အင်းဝဘုရင် သတိုးမင်းစော၏ သမီးတော်ဖြစ်သည်။ သူ့မယ်တော်မှာ ဘုရင့်နောင်မင်းတရားကြီးနှင့် ခင်ကြီးခေါ် အတုလသီရိမဟာရာဇာဒေဝီ (မင်းတရားရွှေထီး၏ နှမတော်) တို့ သင့်မြတ်ရာတွင် ဖွားမြင်သူဖြစ်၏။ နန္ဒဘုရင်မှာ သူ၏ဦးရီးတော်အရင်းဖြစ်သည်။

နတ်ရှင်မယ်တော်၏ အလှမှာလည်း အင်းဝရွှေနန်းနှင့် ဟံသာဝတီရွှေနန်းတစ်ခွင်တွင် ရှာမှရှားသော အလှဖြစ်၏။ တိုင်းသိနိုင်ငံသိ ချောမောလှပသူပင်။ အသားအရေဖြူဝင်းစိုပြေသည်။ ကြည်လင်တောက်ပသော မျက်လုံး၊ နက်မှောင်သောမျက်ခုံး၊ ပေါ်လွင်သောနှာတံ၊ နီထွေးပါးလျသောနှုတ်ခမ်းတို့က သူ့အလှကို ပေါ်လွင်စေခဲ့သည်။ ကိုယ်နေဟန်မှာ မဟာဆန်၏။ မြင်ရသူတို့၏ စိတ်ကိုတလှပ်လှပ်ဖြစ်အောင်လည်း ဆွဲဆောင်နိုင်စွမ်းရှိသူဖြစ်သည်။

သည်လိုအလှမျိုးနှင့် ပြီးပြည့်စုံသူ နတ်ရှင်မယ်တော်နှင့် မဟာဥပရာဇာတို့၏ စုံဖက်ထိမ်မြားပွဲမှာ ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံခဲ့ပါ၏။ နှမ်းဖက်သော ခမည်းတော်မယ်တော်၊ ဆွေတော်မျိုးတော်တို့ကလည်း နှစ်ထောင်းအားရရှိကြသည်။ သကျသာကီဝင် မင်းတို့သည် အမျိုးမပြားစေခြင်းငှာ မောင်နှမ မျိုးချင်းယှက်သကဲ့သို့ မောင်နှမဝမ်းကွဲချင်း စုလျားရစ်ပတ်ခဲ့ရှု ဆွေချင်းထပ်၍ မြတ်ခဲ့သည်။ အင်းဝနှင့် ဟံသာဝတီ ရွှေနှစ်ပြားမှာလည်း တစ်သားတည်းဖြစ်ခဲ့ပြီ။

ဟံသာဝတီ ငါးဆူဒါယကာ နန္ဒဘုရင်သည် နှမတော်ဓာတုကလျာကို အထူး အရေးပေးသည်။ ခမည်းတော် ဘုရင့်နောင်မင်းတရားကြီး လက်ထက်က

www.burmeseclassic.com

www.burmeseclassic.com



နှင့်မခြား အဆောင်သီးသန့်ဖြင့် စံခွင့်ကိုပေးထားသည်။ အရာရာတွင် မတောင့်မတ၊ မကြောင့်မကြ နေရသဖြင့် ဓာတုကလျာရဲ့ ဘဝမှာ အေးချမ်းမြဲပင်ဖြစ်သည်။

သို့သော် တစ်နေ့တွင် – –

ထိုတစ်နေ့သည် ဓာတုကလျာ၏ အေးချမ်းသောဘဝကို ပြောင်းလဲစေမည့် နေ့ပင်တည်း။

မဟာဥပရာဇာမင်းကြီးစွာသည် ထိုနေ့က မယ်တော်ကို ဖူးမြော်ရန် တစ်ပါးတည်း ထွက်လာခဲ့သည်။ မယ်တော်ရှေ့တွင် ကြုံ့ကြုံ့ကလေးခစားနေသူ ဓာတုကလျာကို ရုတ်တရက် မြင်လိုက်ရသောအခါ မင်းကြီးစွာ၏ ရင်ထဲတွင် သိမ့်ခနဲလှုပ်ခတ်သွား၏။ သူသည် ဓာတုကလျာကို အပျိုဘော်ဝင်စကတည်းကပင် ချစ်ခင်စုံမက် နှစ်သက်ခဲ့သည်။ သို့သော် သူ့ရင်ထဲမှ မေတ္တာကို မဖွင့်သာခဲ့ပေ။ အကြောင်းကား ဓာတုကလျာသည် သူ့ခွေးလေးတော်သည့်ပြင် ဘိုးတော်ဘုရင့်နောင်မင်းတရားကြီး အထူးအရေးပေး ချစ်မြတ်နိုးခဲ့သော ဝင်တိုင်စံမင်းသမီး ဖြစ်နေသောကြောင့်ပင်တည်း။

သို့သော် -- ယခုလို ရုတ်တရက် အနီးကပ်တွေ့လိုက်သည့်အခိုက်အတန့်တွင် မင်းကြီးစွာသည် ထိန်းချုပ်ရမည့် အသိတရား လက်လွှတ်သွား၏။ ဓာတုကလျာနှင့် ပတ်သက်၍ အနယ်ထိုင်နေပြီဖြစ်သော သူ့မေတ္တာသည် ရင်ထဲတွင် လှုပ်ခတ်လာချေပြီ။

နက်မှောင်သောကေသာကြော့ထက်ဝယ် ဖြူလွလတ်ဆတ်သော သန့်စင်ပန်းကို ပန်ဆင်လျက် ပန်းနုသွေးပါးပြင်၊ ဖြူဝင်းသွယ်မွတ်သည့် လည်တိုင်ကြော့၊ ခပ်မော့မော့ကလေး လှမ်းအကြည့်တွင် တဒင်္ဂအားဖြင့် မင်တက်မိသွား၏။ ဓာတုကလျာသည် သူ့ကို ညို့ယူဖမ်းစားလိုက်ချေပြီ။ သူသည် ဓာတုကို ငေးစိုက်၍ကြည့်နေမိတော့သည်။ မရိုးသားသော သည်အကြည့်ကို ဓာတုက သိလိုက်၏။ ထို့ကြောင့် ချက်ချင်းပင် မျက်လွှာကို အသာချလိုက်သည်။ ပြီးတော့ မိဖုရားခေါင်ကြီးအား ကန်တော့ခွင့်ပန်ကာ အဆောင်တော်သို့ ပြန်သွားသည်။

မင်းကြီးစွာသည် မယ်တော်နှင့် အာလာပသလ္လာပ ပြောနေရသော်လည်း တည်ငြိမ်ခြင်းမရှိ။ စိတ်လှုပ်ရှားလျက်ရှိသည်။

မယ်တော်ထံမှ ပြန်လာပြီးကတည်းက မင်းကြီးစွာ၏ စိတ်အာရုံသည် ဓာတုကလျာထံပါးမှာသာ တဝဲလည်လည် ကျက်စားနေတော့သည်။ မေတ္တာ



ရားဆိုသည်ကလည်း ထူးဆန်းလှသည်။ ခက်ခဲသည်ကိုမှ ပို၍တန်ဖိုးထားတတ်ကြ၏။ မျိုသိပ်ထားရသော အချစ်စိတ်သည် ပို၍ရှင်သန်တတ်စမြဲဖြစ် နှလုံးသာက ပြင်းပြင်းထန်ထန် တောင်းဆိုလာသောဒဏ်ကို မခံနိုင်တော့သည့် အဆုံးဝယ် မင်းကြီးစွာသည် ဓာတုကလျာ၏ မေတ္တာကို ရယူရန် ကြိုးမ်းလေတော့သည်။

ဟံသာဝတီလှခေါင်ချုပ်၏ မေတ္တာကို ကြိုးပမ်းရမည့်အရေးမှာ ယ်မယောင်နှင့် ခက်လှ၏။ ဟံသာဝတီနိုင်ငံတော်တွင် ငါးဆူဒါယကာ ဘုရင်မှ လွဲလျှင် မဟာဥပရာဇာမင်းကြီးစွာသည် တန်ခိုးအာဏာအထက်ဆုံးဖြစ်၏။ သူ့မေတ္တာတိမ်းညွှတ်ပါက မည်သူ့ကိုမဆို သိမ်းပိုက်နိုင်စွမ်း၏

ဓာတုကလျာမှာ အသက်အရွယ်အားဖြင့် မိမိထက်ငယ်စေကာမူ ဆော်အားဖြင့်ကား ခွေးလေးတော်စပ်နေသဖြင့် ကြီးမားလှ၏။ ဘိုးတော်ရင့်နောင်မင်းတရားကြီးသာ သက်တော်ထင်ရှားရှိနေပါမူ မင်းကြီးစွာသည် တုကလျာအား မော်၍ပင် ဖူးဝံ့မည်မဟုတ်ပေ။

သည်ဂုဏ်တွေကို ငဲ့ကွက်ရသေးသောကြောင့် မင်းကြီးစွာသည် ကြမ်းနည်းကို အသုံးမပြုပေ။ သန့်စင်သော မေတ္တာဖြင့် ချစ်ရသောကြောင့် ည်း ဓာတုအား အဓမ္မသိမ်းပိုက်လိုခြင်းမရှိခဲ့။ အနုနည်းဖြင့် မိမိအလိုသို့ အောင်သာ သွေးဆောင်ဖြားယောင်းရန် ဆုံးဖြတ်လိုက်သည်။

အခွင့်အရေးအပြည့်အဝ ရရှိထားသည့် အိမ်ရှေ့မင်းဆိုစေကာမူသည် ရေးတွင် မင်းကြီးစွာသည် ဓာတုကလျာကို ကိုယ်တိုင်ဖွင့်ဟခြင်း မပြုဝံ့ပေ။ ဖြင့် နှုတ်ရေးကြွယ်လှသော နှမငယ် ခင်မနှောင်းကိုသာ အားကိုးခဲ့ရသည်။ ည်မှုနှင့် ကျေနပ်ခြင်းမရှိသေး၍ ဓာတုကလျာ၏ အထိန်းတော် အယတော် ကို ချဉ်းကပ်သည်။ သူတို့မှတစ်ဆင့် လက်ဆောင်ပဏ္ဏာများ ပေးပို့စေကာ ဆက်သွယ်ခဲ့ပြန်သည်။

ဓာတုကလျာကို ချစ်ကြင်လိုသူ၊ မေတ္တာသွယ်လိုသူ၊ ရွှေလက်ဆွဲကာ ခွဲဝင်လိုသူတွေကား များပြားလှ၏။ သို့သော် ခမည်းတော်ဘုရင့်နောင် တရားကြီး၏ ဂုဏ်ရှိန်ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ မကြံရဲသည်၊ ည်းစားဝံ့ကြပေ။ ထို့ကြောင့်လည်း အသက်နှစ်ဆယ့်နှစ်နှစ် ရောက်လာသည့် အောင် ကြင်ဖော်ဝေးကာ တစ်ကိုယ်တော်တည်း စံမြန်းခဲ့ရသည်။ ခမည်း နတ်ရွာစံပြီးသည့်နောက်တွင်ကား ယခုလို တစ်ကိုယ်တော်တည်း

www.burmeseclassic.com

www.burmeseclassic.com



စံမြန်းရသော ဘဝကိုပင် သောကကင်းဝေးသည်ဟုထင်ကာ စိတ်ချမ်းမြေ့ကြည်သာနေခဲ့သည်။ သည်လိုစိတ်ကြည်လင်အေးချမ်းလျက်ရှိသော ဓာတုကလျာ၏ဘဝသည် ယခုအခါတွင်မူ မချမ်းမြေ့နိုင်တော့ပြီ။

ဓာတုကလျာသည် ကြည်လင်သော ကောင်းကင်ပြင်ကို ငေးမော ကြည့်နေ၏။ ကြယ်စင်ကလေးများသည် တလက်လက်တောက်ပနေကြသည်။ ညသည် အေးချမ်းလှ၏။ သို့သော် ဓာတု၏ရင်ထဲတွင်ကား အေးချမ်းခြင်းမရှိ ပူလောင်လျက်ရှိ၏။

'အိမ်ရှေ့မင်းသားဆိုတာ တစ်နေ့မှာရွှေနန်းရှင်ဖြစ်လာမယ့်သူပေပဲ။ ရွှေနန်းရှင်ဖြစ်လာသည်နှင့် တစ်ပြိုင်နက်ဗွေသဖန်းမှာ ရေဖျန်းခံရဖို့ အဂ္ဂမဟေသီဒေဝီ မိဖုရားကြီးတစ်ပါးကို ရွေးချယ်ရပေတော့မယ်။ ဒီအခါ နတ်ရှင့်မယ်တော်ကို ရွေးမလား၊ ငါ့ကိုရွေးမလား။ အစဉ်အလာအရဆိုရင် အိမ်ရှေ့ကိုယ်တော်ရဲ့ လက်ရှိမိဖုရားနတ်ရှင်မယ်တော်သာ အဂ္ဂမဟေသီဒေဝီဖုရားအရာကို ခံယူထိုက်တာပေါ့။ ဘာကြောင့်လဲဆိုတော့ မဟာဉပရာဇာရဲ့ ခမည်းတော်နန်းဘုရင်နဲ့ အရီးတော်အင်းဝဘုရင် မိဖုရားနှစ်ပါးတို့ရဲ့ အလိုတော်ကျသာကီယထုံးစံ စုလျားရစ်ပတ်ခဲ့တာပဲ။ ဒီအစဉ်အလာကို ဖျက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အကယ်၍ ငါက အိမ်ရှေ့ကိုယ်တော်နဲ့ စုလျားရစ်ပတ်လက်ထပ်လိုက်ရင် မိဖုရားခေါင်ကြီး တင်မြှောက်ရမယ့်အရေးမှာ အပုံကြီးရှုပ်ထွေးသွားပေတော့မယ်။ နတ်ရှင်မယ်တော်ဆိုတာက အသက်အရွယ်အားဖြင့် ငါ့ထက်ကြီးမယ့် ဆွေမျိုးဝါအရကြည့်မယ်ဆိုရင် ငါ့ရဲ့တူမတော်နေတယ်။ နတ်ရှင်မယ်တော်ရဲ့ မယ်တော်နဲ့မှ ငါနဲ့က ခမည်းတော်တူ၊ မယ်တော်ကွဲ ညီအစ်မတော်ကြတာလား။ တူမတော်သူက အဂ္ဂမဟေသီမိဖုရားခေါင်ကြီးဖြစ်ပြီး ဒွေးလေးတော်တဲ့ ငါက သာမန်မိဖုရားအဖြစ် နေရမယ်ဆိုရင် မသင့်တော်ပေဘူးလေ'

သည်လို တွေးမိစဉ်းစားမိသဖြင့် ဓာတုကလျာသည် အိမ်ရှေ့မင်းကြီးစွာ၏ မေတ္တာကို အတန်တန်ငြင်းဆန်ခဲ့သည်။ သို့သော် အိမ်ရှေ့မင်းသားက ဖွဲ့မလျှော့။ နောက်မဆုတ်။ မေတ္တာတော်စာလွှာများကို တိုးလို့သာ ပို့လွှတ်ခဲ့သည်။ လွန်ခဲ့သော သုံးရက်ခန့်ကမူ ကိုယ်တော်တိုင် ဓာတုကလျာ၏ အဆောင်တော်သို့ ကြွလာခဲ့သည်။ သူသည် လှပသော စကားလုံးများကို ရွေးချယ်လျက် ဓာတုကလျာအပေါ်ထားရှိသော သူ့မေတ္တာကို လှစ်ပြခဲ့သည်။ ဓာတုကမူ ခေါင်းခါမြဲ၊ ငြင်းဆန်မြဲပင်၊ ပြီးတော့ 'လောကမှာ သစ္စာတရားဟာ နေရာများလှကြောင်း၊ ရည်ငံသူချင်း ထားအပ်သောသစ္စာ၊ မိဘနှင့် သားသမီးတို့ရဲ့ သစ္စာ၊ မင်းနှင့် အမှုကျွန်တို့ရဲ့သစ္စာ၊ အိမ်ရှေ့မင်းသားနှင့် အိမ်ရှေ့မိဖုရားတို့ရဲ့သစ္စာ' စသည် စသည်ဖြင့် သစ္စာတရားစောင့်ထိန်းအပ်ပုံကို တင်ပြလျှောက်ထားခဲ့သည်။

ဤတွင် မဟာဉပရာဇ၏ မျက်လုံးများသည် ဓာတုကလျာ၏ မျက်နှာပြင်ပေါ်ဝယ် တစ်စုံတစ်ခုကို မွှေနှောက်ရှာဖွေသည့်အလား စူးစိုက်ကာကြည့်နေ၏။ ရုတ်တရက်သော် ဓာတုကလျာသည် အိမ်ရှေ့မင်းသား၏ မျက်နှာကိုငေးမောကာ မှင်တက်မိနေသေး၏။ နောက်မှသတိတရားဝင်လာကာ ရှက်ရွံ့စွာ ခေါင်းငုံ့နေခဲ့သည်။ နောက်ထပ်၍ကား စကားမဆိုတော့ပြီ။

ညသည် တဖြည်းဖြည်း နက်ရှိုင်းလာ၏။ လွန်ခဲ့သောရက်များကအကြောင်း ပြန်လည်စဉ်းစားရင်း ဓာတုကလျာ၏ ရင်မှာခုန်လာသည်။ စိတ်များလည်း လှုပ်ရှားလာ၏။ နတ်ရှင်မယ်တော်ဖက်မှ လှည့်၍ တွေးကြည့်ပြန်သောအခါ ကိုယ်ချင်းစာမိပြန်သည်။

'အို မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ အိမ်ရှေ့ကိုယ်တော်ရဲ့မေတ္တာကို ဘယ်နည်းနဲ့မှ တုန့်ပြန်လို့ မဖြစ်ပေဘူး'

ဓာတုကလျာသည် နှုတ်မှပင် တီးတိုးယောင်ယမ်းလိုက်မိသည်။ သူ၏ စိတ်နှလုံးထဲ၌ မဟာဉပရာဇာအပေါ်တွင် ညွတ်လိုသောဆန္ဒကို စိုးစဉ်းမျှပင် လက်မခံလိုပေ။ သူ့စိတ်ကို သန့်ရှင်းစေလိုသည်။ ဖြူစင်စေလိုသည်။ ချစ်ရမှုက်ဖြင့် စွန်းထင်းသွားမည်ကို စိုးရိမ်မိသည်၊

သူသည် အရာရာကို ချင့်ချိန်နိုင်စွမ်းရှိ၏။ တော်၏၊ မတော်၏ စဉ်းစားတွေးခေါ်တတ်၏။ သူလျှောက်ရမည့်လမ်းကိုလည်း ကောင်းစွာသိ၏။ သို့သော် မဟာဉပရာဇာ၏ ချစ်မေတ္တာဖွဲ့များသည် သူ့ရင်ထဲတွင် ပွဲတင်ထင်ပြီး ကျန်ရစ်ခဲ့၏။ သည်မေတ္တာဖွဲ့များသည် သူ့နှလုံးသားပြင်ကို ပြင်းထန်စွာ လှုပ်ရှားစေခဲ့၏။ သည့်အတွက် ဓာတု၏ စိတ်တွေထွေနေရပြီ။

'သမီးတော် ဘယ်လိုဆုံးဖြတ်ရမလဲ ခမည်းတော်ဘုရား'

သူ့နှုတ်မှ တိုးတိုးလေး ညည်းမိသည်။ အခက်အခဲအကျပ်အတည်းနှင့် တွေ့ကြုံနေရသဖြင့် နတ်ပြည်စံ ခမည်းတော်ကို တမ်းတနေမိတော့သည်။

ရှေးရင်သိမ်းသစ်ကာလကတည်းက ယနေ့ထက်တိုင် မည်သူ့မေတ္တာကိုမျှ တုံ့ပြန်ခြင်းမပြုခဲ့။ ဓာတု၏ မေတ္တာပန်းကို ဆင်မြန်းနိုင်မည့်သူ 'ဓာတုသခင်' သည် မည်သူဖြစ်လိမ့်မည်ကို ဟံသာဝတီရွှေနန်းတော်သူများ နားတစွင့်စွင့်ရှိခဲ့ကြသည်၊ ဓာတုက မေတ္တာတုံ့ပြန်မည့်သူကို စိတ်ဝင်တစားရှိကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ်က မည်သည့်သတင်းအစအနကိုမျှ မကြားကြရ။

ယခု ကြားမည့်ကြားရတော့ 'ပင်တိုင်စံဓာတု၏ မေတ္တာပန်းကို မဟာဥပရာဇာက တောင်းခံနေပြီ' ဆိုသော သတင်းပင်။ သည်သတင်းကြားရ သဖြင့် နန်းတွင်းအသိုင်းအဝိုင်းက များစွာအံ့သြနေကြသည်။ ပင်တိုင်စံကို နှမြောသူတွေက နှမြောကြသည်။ ပင်တိုင်စံ၏ အနာဂတ်တွင် ဘာတွေဖြစ်လာ လဲ၊ စိုးရိမ်သူတွေက စိုးရိမ်ကြသည်။

နှစ်ဦးစလုံး နိုင်ငံတော်၏ အထွတ်အထိပ်များဖြစ်ကြ၏။ ကြီးမြတ် သော ဂုဏ်တို့နှင့်လည်း ပြည့်စုံကြ၏။ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်က ကဲ့ရဲ့ပြစ်တင် စကားတင်းမဆိုဝံ့ဘဲ လျှစ်လျူရှု၍သာ နေရတော့သည်။

❐ ❐ ❐

(၃)

# နှလုံးသွေးနှင့်ရေးသော စာတစ်စောင်

မဟာဥပရာဇာမင်းကြီးဖွားနှင့် ပင်တိုင်စံဓာတုတို့၏ ချစ်ပုံပြင်ကို လျှစ် မရှုနိုင်သူတစ်ဦးရှိ၏။ သူကား မဟာဥပရာဇာ၏ မိဖုရား အင်းဝမင်းသမီး ရှင်မယ်တော်ပင်တည်း။ သူသည် မိန်းမသားသာဖြစ်၏။ မိန်းမသားတို့ ဘာဝ ကိုယ့်ချစ်သူက တစ်ပါးသူအား ကြည်ဖြူသဒ္ဒါမေတ္တာထားနေသည်ကို မကျေနပ်နိုင်ပေ။ မဟာဥပရာဇာအနေဖြင့် ကိုယ်လုပ်တော်များ၊ မောင်းမ များ ကောက်ယူထားသည်ဆိုက ခွင့်လွှတ်နိုင်သေးသည်။ မင်း ကျိုးပေကိုး။ ယခုအရေးမှာကား ကိုယ်လုပ်မောင်းမထားခြင်းမဟုတ်။ လေးတော် ပင်တိုင်စံကိုမှ မေတ္တာကူးလူးယှက်နွယ်နေခြင်း ဖြစ်သည်။

အကယ်၍သာ မဟာဥပရာဇာသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သာဝတီရွှေနန်းကို ဆက်ခံခွင့်ကြုံလာလျှင် ဒွေးလေးတော် ဓာတုကလည်းနှင့် မှာ ပြိုင်ဘက်များ ဖြစ်လာကြပေတော့မည်။ သည်ကိစ္စတွင် မိမိသည် သည့်နည်းနှင့်မျှ သဘောထားမပြည့်ဝနိုင်ပေ။ ချစ်တတ်သူပီပီ သူသည် င်တော် မဟာဥပရာဇာကို တစ်ဦးတည်းမူပိုင် ချစ်လိုသည်။ ယခုမှ သူ့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒမပြည့်ဝခဲ့ပေ။

မဟာဉပရာဇာသည် ပင်တိုင်စံဓာတုကို မေတ္တာကမ်းလှမ်းပြီးသည်၏ နောက်ပိုင်း မိမိနတ်ရှင်မယ်တော်၏ အဆောင်သို့ လာခဲလှသည်။ လာပြန်ပါသော်လည်း ယခင့်ယခင် အခါများကဲ့သို့ ရင်းနှီးကျွမ်းဝင် ချစ်တင်းစကားမဆို။ တွယ်တာမြတ်နိုးရိပ်များ မတွေ့ရ။ သူစိမ်းပြင်ပြင် ခပ်တည်တည်ကြီးဆက်ဆံပြောဆိုသည်။ နှစ်ဖက်သော ခမည်းတော်တို့ အလိုကျ စုလျားရစ်ပတ်ခဲ့ကြသူများဖြစ်ပါလျက် မြတ်နိုးတွယ်တာ မရှိနိုင်တော့သည်မှာ ဝမ်းနည်းဖွယ် ကောင်းလှသည်။ သူ့မေတ္တာကို စော်ကားရက်လေခြင်း၊ မသိကျိုးကျွန်ပြုရက်လေခြင်းဟု မောင်တော် အိမ်ရှေ့မင်းသားအပေါ်တွင် မကျေမနပ်ဖြစ်ရသည်။ တုန်လှုပ်သောစိတ်၊ ချောက်ချားသောစိတ်တို့သည် အိမ်ရှေ့မိဖုရားနတ်ရှင်မယ်တော်၏ ကိုယ်တွင် ပူးဝင်နှိပ်စက်ကြကုန်၏။ တဆတ်ဆတ်တုန်နေသောရင်ကို သူ၏ သွယ်ပြောင်းသောလက်ချောင်းကလေးများဖြင့် မကြာခဏ ဖိထားရသည်။ အားအင်တွေ ကုန်ခမ်းကာ မောလျလျဖြစ်လာသည်။ လောကဓံကို ကြံ့ကြံ့ခံနိုင်မည့် စိတ်အင်အားများ သူ့ကို စွန့်ခွာထွက်ပြေးသွားကြပြီလား။ နောက်ဆုံးတွင် မောင်တော် မဟာဉပရာဇာနှင့် ရင်ဆိုင်ဖြေရှင်းရန်ဝိုင် ပိုင်ဆုံးဖြတ်လိုက်လေတော့သည်။

ညတစ်ညတွင် ဖြစ်လေသည်။

အိမ်ရှေ့မင်းကြီးစွာသည် နတ်ရှင်မယ်တော်၏ အဆောင်တော်သို့ကူးလာသည်။ ဤတွင် မကျေနပ်ချက်များဖြင့် သောကလှိုက်ဆူနေသော နတ်ရှင်မယ် တော်သည် အိမ်ရှေ့မင်းကို ရဲရဲကြီး ရင်ဆိုင်လိုက်တော့သည်။

"နှမတော်ကို အမှတ်မှရသေးရဲ့လား မောင်တော်"

အိမ်ရှေ့မင်းသားသည် နှမတော် အိမ်ရှေ့မိဖုရား၏မျက်နှာကို အကဲခတ်ကာ ပြန်မေးလိုက်၏။

"ဘာဖြစ်လို့ပါလိမ့် နှမတော်"

အိမ်ရှေ့မိဖုရား၏ မျက်နှာပေါ်ဝယ် သရော်သည့်အပြုံးရိပ်များ ဖြတ်သန်းသွား၏။ သူ့နှုတ်ခမ်းထောင့်များ မသိမသာ တွန့်သွား၏။ ကိုယ်ကိုအိမ်ရှေ့မင်းဘက်သို့စောင်းငဲ့ကာ တုန်လှိုက်ဆို့နင့်စွာ ပြောလိုက်သည်။

"ဘာဖြစ်ရမှာလဲ မောင်တော်၊ မောင်တော်က ဒွေးလေးတော် ဓာတုကလျာကိုပဲ စွဲလမ်းနေတာ မဟုတ်လား။ မောင်တော်တို့ နှစ်ပါးကြည်နေကြတဲ့သတင်းတွေ ရွှေနန်းတော်တစ်ခုလုံး ပြန့်နေပါပကော။ အခု မောင်တော့်စိတ်ထဲမှာ



ဘာတွေဖြစ်နေသလဲ။ နှမတော်အနားမှာ ရှိနေပေမယ့် မောင်တော့်စိတ်တွေကတော့ ပင်တိုင်စံထိပ်ထားဆီ ရောက်နေမယ်၊ စံနန်းတော်ထဲမှာ ဓာတုကလျာကို ချစ်ခွန်းသီကျူးခဲ့တာတွေပဲ တသသ ဖြစ်နေတယ်မဟုတ်လားမောင်တော်"

သူ့စကားဝယ် မနာလိုဝန်တိုသော ခံပြင်းသော လေသံများ ထင်ထင်ရှားရှား စီးမျောပါဝင်လာ၏။ သူ့အသားများသည် ဒေါသကြောင့် တဆတ်ဆတ်တုန်နေသည်။ မျက်လုံးများသည်လည်း အရာရာကို လောင်ကျွမ်းစေနိုင်လောက်အောင်ပင် ဝင်းဝင်းတောက်လျက်ရှိ၏။

အိမ်ရှေ့မင်းသားသည် မဆွကပင် သည်အခြေဆိုက်လာလိမ့်မည်ကို ကြိုတင်မှန်းဆထားပြီးဖြစ်သည်။ သူသည် အပြုံးဖြင့် တုံ့ပြန်ရင်း ခပ်အေးအေးပင် ဖြေကြားလိုက်သည်။

"ဒီသတင်းအမှန်ပဲ နှမတော်၊ မောင်တော် ထိန်ချန်မထားချင်ပါဘူး"

အိမ်ရှေ့မိဖုရား နတ်ရှင်မယ်တော်၏ မျက်စိများပြာသွားသည်။ သူ့ခန္ဓာကိုယ်သည် တမုဟုတ်ချင်းပင် ကျောက်ရုပ်ဖြစ်သွားသည်။ စကားကိုပင်ဆက်နိုင်တော့ဘဲ ခေတ္တငြိမ်ကျသွား၏။ သည်မျှ ရက်စက်သော စကားကိုကြားရလိမ့်မည်ဟူ၍ နတ်ရှင်မယ်တော်သည် လုံးလုံးမမျှော်လင့်ခဲ့။ လုံးလုံးမတွေးတောခဲ့။ ယခုမူ သူ တွေးထင်ထားသည်တို့ပါစင်အောင်လွဲနေပါပြီကော။ မယုံနိုင်စရာပါလား။ သူသည် စိတ်ကို တည်ငြိမ်အောင် ကြိုးစားကာဆပ်၍ မေးလိုက်၏။

"မောင်တော်....နှမတော်ကို ကြည်စယ်နေတာလား"

"မကြည်စယ်ပါ နှမတော်၊ အတည်စကား ပြောခြင်းပါ။ ဓာတုရဲ့မေတ္တာကို မောင်ဘုရား တောင်းဆိုပြီးပါပြီ။ ခမည်းတော်ဘုရား စိတ်တော်ကြည်သာတဲ့တစ်နေ့မှာ လျှောက်တင်ပြီး မင်္ဂလာအခါတော်နဲ့အညီ မိဖုရားအဖြစ် တင်မြှောက်ရန်သာ ကျန်ပါတော့တယ် နှမတော်"

နတ်ရှင်မယ်တော်သည် အိမ်ရှေ့မင်း၏ မျက်ဝန်းများကို စိုက်ကြည့်လိုက်သည်။ မောင်တော် ကြည်စယ်နေခြင်းမဟုတ်။ သည်လို ထုတ်ဖော်ပြောလိုက်ရသည့်အတွက် ဂုဏ်ယူဝင့်ကြွားနေသည့် အရိပ်အယောင်များပင် မျက်ဝန်းထဲမှာ သူရှာလို့ တွေ့နေရပြီ။

"ရက်စက်လှချည်လား မောင်တော်ရယ်"

သည်စကားသည် နတ်ရှင်မယ်တော်၏ နှုတ်ဖျားမှ ထွက်ကျလာ

www.burmeseclassic.com



ခြင်းမရှိ။ ရင်ထဲ၌သာ ပွဲတင်ထပ်မျှ ရိုက်ခတ်နေသည်။ မောင်တော်၏ ဝန်ခံစကားသည် သူ့အဖို့ သေဒဏ်ထက် အဆမတန် ဆိုးရွားသော ပြစ်ဒဏ်ပင်ဖြစ်သည်။ ရင်ထဲမှာ တင်းကျပ်ဆို့နင့်လာသည့် ဝေဒနာသည် အခံရခက်လှပါဘိ။ မိမိ အရည်အသွေးညံ့၍ ဂုဏ်သိမ်အချခံရသလို ဖြစ်နေသောကြောင့်လည်း ခံပြင်းလှသည်။ ဓာတုကလျာသည် မိမိနတ်ရှင်မယ်တော်ထက်သာသည်ဟု မောင်တော် အိမ်ရှေ့မင်းက ထင်မှတ်နေသည်လား။ မိမိထက် ဘယ်နေရာမှာသာနေပါလိမ့်။ ဓာတုကလျာသည် အသက်အားဖြင့်လည်း မိမိထက်ငယ်သည်။ အတွေ့အကြုံပိုင်းတွင်လည်း ဘာမှုမရှိ။ စသည်စသည် တွေးကာ ဒေါသတရားသည် သူ့ရင်ထဲ၌ ပေါက်ကွဲလာသည်။ သူသည် မျက်နှာကို ခပ်မော့မော့ထားကာ ထိမထင်သော သွင်ဟန်ဖြင့် ပြောလိုက်သည်။

"အင်းပေါ့လေ၊ နတ်နှုန်းတူနှီး လှမျိုးထိပ်ခေါင်ရဲ့ မေတ္တာကို ပိုင်ဆိုင်ရမည့်သူဆိုတော့ မောက်မောက်ကြွားကြွား ပြောပေမှာပေါ့။ ခွေးလေးတော် မဖုရားကလည်း အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအရာကို မျှော်မှန်းနေတယ် ထင်ပါရဲ့"

သည်လို ထေ့လုံးငေါ့လုံးများဖြင့် ပုတ်ခတ်ပြောဆိုလိုက်သည်ဆိုလျှင်ပင် မဟာဥပရာဇာမင်းကြီးစွာ၏ မျက်လုံးများ မီးဝင်းဝင်းတောက်လာသည်။ ရာဇဣန္ဒြေကိုပင် မဆောင်နိုင်ဘဲ အိမ်ရှေ့မိဖုရား၏ ပခုံးစွန်းကို လက်ဖြင့် တွန်းဖယ်ပစ်လိုက်မိလေတော့သည်။

စိတ်မှတ်မဲ့ဖြစ်သဖြင့် နတ်ရှင်မယ်တော်သည် သလွန်တော်ပေါ်မှာ ခွေယိုင်လဲကျသွားရှာသည်။ သလွန်တော်အစွန်းနှင့် သူ၏ နုနယ်လှသော နဖူးပြင်တို့ ဆောင့်မိကာ သွေးများ ဖြာဆင်းလာသည်။

မဟာဥပရာဇာသည် စိတ်လိုက်မာန်ပါ ကိုယ်ထိလက်ရောက်ပြုပြီးနောက် နတ်ရှင်မယ်တော်ကို လှည့်၍မျှပင် မကြည့်တော့ဘဲ အဆောင်တော်တွင်းမှ ထွက်ကြွသွားတော့၏။ အကယ်၍သာ ပြန်လှည့်ကြည့်မိမည်ဆိုပါက နတ်ရှင်မယ်တော်၏ လှပဝိုင်းစက်သော မျက်လုံးအိမ်အတွင်းဝယ် မိန်းမသားတို့၏ နာကျည်းမှု၊ ယူကျုံးမရကြေကွဲမှု အရိပ်များ တဖျတ်ဖျတ် လှုပ်ရှားနေသည်ကို တွေ့မြင်ရပေလိမ့်မည်။

မဟာဥပရာဇာ ထွက်သွားလျှင်သွားချင်း အထိန်းတော် အယတော်အပျိုတော်များ ပြူးပြူးပျာပျာနှင့် ဝင်ရောက်လာကြ၏။ သူတို့သခင်မ အိမ်ရှေ့မိဖုရားကို တွဲထူကာပွေ့သူကပွေ့ထား၏။ နဖူးပြင်မှ စီးကျလာသော သွေး



များကို ဝတ်လဲတော်ဖြင့်သုတ်သူက သုတ်ပေး၏။ ဒဏ်ရာကို နန်းတွင်းဆေးဖြင့် သိပ်သူကသိပ်ပေး၏။ သူတို့သည် အိမ်ရှေ့မိဖုရားကို ချစ်မြတ်နိုးသည်နှင့်အမျှ သနားကရုဏာပွားကာ အိမ်ရှေ့မင်းသားအပေါ်တွင် များစွာ ကျေမနပ်ဖြစ်သွားကြသည်။

နဖူးမှဒဏ်ရာကား များစွာပြင်းထန်လှသည် မဟုတ်စေကာမူ ဓာတုကလျာနှင့် ယှဉ်ပြိုင်ပွဲတွင် ရခဲ့သည့်ဒဏ်ရာဖြစ်၍ ပိုပြီး နာကျင်လှ၏။ ထို့ထက် အိမ်ရှေ့မိဖုရား၏ နှလုံးသားတွင်ရရှိလိုက်သော ဒဏ်ရာကား ပြင်းထန်နက်ရှိုင်းလှသဖြင့် သည်တစ်သက် ပျောက်နိုင်တော့မည်မဟုတ်သည့် ဒဏ်ရာပင်တည်း။

"မောင်တော်က သစ္စာဖောက်သွားမင့်ဟာ ငါက ညာတာထောက်ထားနေရဦးမှာလား။ သည်အခြေရောက်မှဖြင့် မထူးတော့ပြီ။ ငါ့အပေါ်မှာ မောင်တော် သစ္စာပျက်ယွင်းတာ ဓာတုကလျာကြောင့် သည်သွေးဟာ သူ့ကြောင့် ကျရတဲ့သွေး၊ အင်းဝသွေးတစ်ပေါက်အတွက် ဟံသာဝတီ အခြေပျက်ဆရမယ်"

နတ်ရှင်မယ်တော်သည် အချစ်ကြီးသူဖြစ်၍ အမျက်ကြီးခဲ့ပြီ။ အိမ်ရှေ့မင်းသားအပေါ်တွင် စိတ်နာနာနှင့် သည်လိုပင် ဆုံးဖြတ်လိုက်လေတော့သည်။ သူသည် သွေးစွန်းသော ဝက်လဲတော်ကို ဘူးတွင်းသွင်းကာ တံဆိပ်ခတ်နှိပ်လိုက်၏။ သည်သက်သေခံ အထောက်အထားနှင့်အတူ သဝဏ်လွှာ တစ်စောင်ကိုပါရေးပြီး ဖခမည်းတော်အင်းဝဘုရင် သတိုးမင်းစောထံ ဆက်သရန် မြင်းသည်တော်တစ်ဦးကို စေလွှတ်လိုက်လေသည်။

အင်းဝဘုရင် သတိုးမင်းစောနှင့် မိဖုရားတို့လည်း ဟံသာဝတီနေပြည်တော်ရှိ သမီးတော်ထံမှ သဝဏ်လွှာကို ရောက်မဆိုက်ပင် ဖတ်ကြားစေသည်။

"ခမည်းတော်နှင့် မယ်တော်ဘုရား၊ မဟာဥပရာဇာသည် ဇင်းမယ်ဘုရင့်နှမဓာတုကလျာသို့သာ တိမ်းညွှတ်ပြီး မပြတ်အစေအပါး ပြုနေပါသည်။ သမီးတော်ကိုမူ မချစ်မနှစ်လိုပါ။ လူတို့၏ ချမ်းသာဆိုသည်မှာလည်း မေတ္တာနှင့်အချစ်အပေါ်မှာသာ တည်ပါသည်။ အိမ်ရှေ့မိဖုရားအဖြစ် စံစားနေရပါသော်လည်း မောင်တော်၏ အချစ်စိတ် မူမမှန်တာကြောင့် ချမ်းသာမှန်၊ ငြိမ်းချမ်းမှုကို မရရှိပါ။ သမီးတော်မှာ စိတ်ဆင်းရဲလှပါသည် ခမည်းတော်နှင့် မယ်မယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



အင်းဝဘုရင်နှင့် မိဖုရားတို့သည် သဝဏ်လွှာဖတ်ကြားသံကို နားဆင်ရင်း ဝမ်းနည်းကြေကွဲလာကြသည်။ သမီးတော်၏ အဖြစ်ဆိုးအတွက် များစွာ ယူကျုံးမရဖြစ်နေသည်။ သဝဏ်လွှာဖတ်ကြား၍ ပြီးဆုံးသွားချိန်တွင် ခန်းမဆောင်တစ်ခုလုံး အပ်ကျလျှင်ပင် ကြားရမတတ် ငြိမ်သက်တိတ်ဆိတ်သွား၏။

ယခုအရေးတွင် အိမ်ရှေ့မင်းသားသည် ခင်ပွန်းသည်တို့၏ ကျင့်ဝတ်နှင့် မညီညွတ်သည့်ပြင် အင်းဝဘုရင်၏ ရင်သွေးတော်ကို မထောက်မညှာ သွေးထွက်သံယိုဖြစ်အောင် စော်ကားမော်ကားပြုခြင်းမှာ အင်းဝဘုရင်အား မခန့်လေးစားပြုမှုခြင်းပင်ဖြစ်သည်။ သို့ပါ၍ ဟံသာဝတီသို့ မဆိုင်းအမြန် စစ်ချီတက်တိုက်ခိုက်သင့်ကြောင်း မှူးမတ်များက တင်လျှောက်ကြသည်။ ပြီးတော့ အင်းဝကသာ ဟံသာဝတီကို တိုက်ခိုက်ပါက အောင်နိုင်ဖွယ်ရှိကြောင်း မောရှမ်းတို့သည် အင်းဝဘက်မှ ကူညီလာခဲ့သည်မှာ သမိုင်းအစဉ်အလာ ဖြစ်ကြောင်း၊ အယုဒ္ဓယဘုရင်ထံသို့လည်း တမန်တော်များစေလွှတ်ကာ စစ်ကူတောင်းသင့်ကြောင်း ဆက်လက်လျှောက်တင်ကြသည်။

အင်းဝဘုရင် သတိုးမင်းစောသည် သမီးတော်အတွက် ယူကျုံးမရ ဝမ်းနည်းလှသည်ကား မှန်၏။ သို့သော် ယခုအရေးမှာ လူငယ်တွေမိုက်သဖြင့် စစ်တိုက်ကြသည်ဆိုသော် သင့်တော်ပါ့မလား။ အင်းဝဘုရင်၏ ဦးခေါင်းထဲတွင် အတွေးများ ချာချာလည်နေ၏။

လက်ရှိအခြေအနေအရ ဟံသာဝတီကို စတင်တိုက်ခိုက်နိုင်စွမ်းလည်း မရှိသေးချေ။ သည်တော့ ဟံသာဝတီကို စစ်ကြေညာ၍မဖြစ်။ သည်စစ်ကို ဟန့်တားနိုင်မှဖြစ်မည်။ အင်းဝဘုရင်၏ နဖူးပြင်တွင် ချွေးကင်းဥများစီလာသည်။ စိတ်နှလုံးနောက်ကျိရှုတ်ထွေးလျက်ရှိ၏။ သူသည် အတန်ကြာစဉ်းစားပြီးနောက် သက်ပြင်းတစ်ချက်ချကာ ဦးခေါင်းကို ဖြည်းဖြည်းခါရမ်းလျက် သူ့ဆန္ဒကို တစ်လုံးချင်း မိန့်ကြားသည်။

“နှစ်နိုင်ငံ စစ်ဖြစ်တယ်ဆိုရင် ဥသျှစ်သီးနှလုံးထုသလို နှစ်ဖက်စလုံး ကြေမွပျက်စီးဖွယ်ရာသာရှိတယ်။ သမီးတော်ရဲ့ သွေးတစ်စက်ကြောင့် နှစ်နိုင်ငံက လူတွေရဲ့ အသက်သွေးကို စတေးဖို့ရာ မသင့်တော်ပေဘူး။ သည်းခံခြင်းသည်သာ အကောင်းဆုံး လက်စားချေခြင်းပဲ”

အင်းဝဘုရင်၏ နှုတ်ထွက်စကားများသည် မိဖုရား၏ဆန္ဒနှင့် ဆန့်ကျင်နေပေပြီ။ မိဖုရားသည် မျက်ရည်ပြည့်သော မျက်လုံးအစုံဖြင့် မင်းကြီးကို စိုက်ကြည့်ပြီးနောက် ကြေကွဲစွာ လျှောက်တင်လိုက်သည်။



“သည်ကိစ္စကို အလေးအနက်ထားစေလိုပါတယ် မောင်တော်။ သည်းခံတယ်ဆိုတာ နေရာတိုင်းမှာ မသင့်တော်ပါဘူး။ အိမ်ရှေ့မင်းရက်စက်စော်ကားသမျှ သမီးတော်လေး လည်စင်းခံပေတော့ရယ်လို့ လျစ်လျူရှုရက်ပါသလား ဘုရား”

အင်းဝဘုရင်သည် မိဖုရား၏ ပခုံးကို ခပ်သာသာကိုင်ပြီး ပြောလိုက်သည်။

“အို–နှမတော်၊ အင်းဝနဲ့ ဟံသာဝတီ ရွှေနှစ်ပြားကို တစ်ပြားတည်းဖြစ်အောင် ထုထောင်ထားတယ် မဟုတ်လား။ ဘာမဟုတ်တဲ့ ကိစ္စကလေးနဲ့ နှစ်ဖက်ပြည်သူတွေရဲ့ အသက်သွေးကို စတေးပြီး ပျက်စီးသွားအောင် တစ်ဖန်ပြုလုပ်လိုစိတ် ရှိပါသလား နှမတော်”

အင်းဝမိဖုရားသည် လက်ငင်းအခြေအနေတွင် နိုင်ငံ့အရေးကိုမတွေး၊ သမီးတို့အရေးကိုသာ တွေးသည်။ မိန်းမချင်းဖြစ်သော သမီးတော်အတွက် ကိုယ်ချင်းစာသည်။

“မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား၊ ရည်းစားလုလု” ဆိုရိုးရှိသည် မဟုတ်ပါလား။ မုန့်သာဝေစားနိုင်သည်။ အချစ်ကိုဖြင့် ဘယ်သူနဲ့မှ မဝေမျှနိုင်။ သမီးတော်၏ အဖြစ်သည် မိန်းမသားများအဖို့ အခါးသီးဆုံး၊ ရွံ့မုန်းဖွယ်အကောင်းဆုံးဖြစ်၏။

မိဖုရား၏ နှုတ်ခမ်းထောင့်စွန်းများသည် အပေါ်သို့ကော့၍ တက်သွား၏၊ မျက်လုံးများသည် အေးစက်တင်းမာသွားသယောင် တင်မှတ်ရသည်။ သူသည် မဲ့ပြုံးပြုံးလိုက်သည်။ ပြီးတော့ မောင်တော် အင်းဝဘုရင်၏ အသည်း...ကို ခပ်နာနာကလေး ကိုင်လှုပ်လိုက်သည်။

“နှမတော်ဟာ မောင်ကောင်းနှမ၊ အဖကောင်းသမီးတော့ မှန်ပါတယ်၊ လင်ကောင်းမယားတော့ မဟုတ်ပေဘူး”

သည်စကားသည် အင်းဝဘုရင်၏ အရိုက်ကို ကောင်းကောင်းကြီး ထိသွား၏။ ဘုရင်၏ မျက်နှာတော်သည် ညိုမှိုင်းသွားသည်။ မခံချင်စိတ်တို့သည် တဖွားဖွားပေါ်လာကြသည်။ သူသည် သမိုင်းတွင် စာတင်ခံရလောက်အောင် သတ္တိဗျတ္တိရှိသူဖြစ်၏။ သေနင်္ဂဗျူဟာ စစ်ပညာတွင် ကျွမ်းကျင်၏။ ...ခင်းပြည် မိုင်းစံမြို့ကို ချီတက်တိုက်ခိုက်စဉ်က ဆင်တော် “သန်မြန်စွာ” ဖြင့် မြို့သစ်တပ်ကို တိုက်တော်မူသည်။ မြို့ထိပ်က လှံနှင့်ပစ်သည်။ လှံသည်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်ယာပေါင်တော်ကိုစူး၍ ဆင်တော်သို့ လက်သုံးသစ်ဝင်သွား၏။ သည်လို လှံစူးနေသော်လည်း လှံကိုနှုတ်တော်မမူ။ လှံရိုးကို လက်သုံးတော်မားနှင့်ဖြတ်ပြီး မြို့ကို တိုက်တော်မူသည်။ ပေါင်တွင် ထိသောလှံကို စစ်အောင်မြင်တော်မူပြီးမှ နှုတ်၍ ဆေးဝါးကုသတော်မူသည်။

သည်မျှ သတ္တိခွဲကြီးမားသည်ကို လူနံ့လူအ,အဖြစ် မည်သူ့အနှိမ်ကို ခံနိုင်ပါမည်နည်း။ မဟာသေ့ အရင်းခံသော ရာဇမာန်တို့သည် ဟုန်းဟုန်းထလာ၏။ တိုက်ပွဲဝင်လိုစိတ်များ ပြင်းထန်လာ၏။ သူသည် ခေါင်းကိုမော့၍ ခါးကိုဆန့်လိုက်သည်။ လက်ထဲမှ သံလျက်ကို တင်းကျပ်သွားအောင် ဆုပ်ကိုင်လိုက်ပြီး ယတိပြတ် မိန့်ကြားလိုက်၏။

"စိတ်ချပါ နှမတော်၊ လင်ကောင်းမယားဖြစ်ရပါစေ့မယ်။ ဟံသာဝတီကို ခြားနားအံ့"

□ □ □

(၄)

# တိုက်ပွဲခေါ်သံလွှမ်းသော စစ်မြေပြင်

အင်းဝဘုရင် သတိုးမင်းစောသည် မောကိုးပြည်စော်ဘွားများထံ သံတမန်များ စေလွှတ်၍ သူနှင့် စိတ်ဝမ်းတူရန် စည်းရုံးသည်။ စော်ဘွားများကလည်း အင်းဝဘုရင်ဘက်မှ ကူညီတိုက်ခိုက်ပါမည်ဟု ကတိပြုကြသည်။

နောင်တော် တောင်ငူဘုရင် မင်းခေါင်ထံသို့ မင်းတရားကျွန်းသီးမှူး၊ ...င်တော်ပြည်ဘုရင် သတိုးဓမ္မရာဇာထံသို့ မြင်းငူစား၊ ခင်းမယ်ဘုရင် ...ရထာစောထံသို့ တောင်သမန်စားတို့ကို စေလွှတ်၍ ဆန္ဒကို တောင်းခံသည်။ သို့ရာတွင် တောင်ငူ၊ ပြည်၊ ခင်းမယ်ဘုရင်တို့သည် အင်းဝဘုရင်ကို ထောက်ခံကြ။ တောင်ငူဘုရင်က ပြည်ဘုရင်၏ သဘောထားကို စုံစမ်းလိုသဖြင့် အကြောင်းမပြန်သေးချေ။ ပြည်ဘုရင်သည် အင်းဝဘုရင်နှင့် ဖအေတူ အမေကွဲဖြစ်၍ ရင်းနှီးချစ်ခင်ခြင်းမရှိလှ။ ထို့ကြောင့်ပင် အင်းဝဘုရင်အား ကူညီလိုသော ဆန္ဒမရှိပေ။

ခင်းမယ်ဘုရင်မှ အဖက်ဖက်မှလှည့်၍ စဉ်းစားသည်။ ဟံသာဝတီ ...ရှေ့မင်းသည် မိမိနှမတော် ဓာတုကလျာကို မေတ္တာသက်ဝင်ရာမှ သည်

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ စတင်လာခြင်းဖြစ်သည်။ အင်းဝကို စစ်ကူရန်မှာ ခရီးတာအားဖြင့် ဝေးကွာလွန်းလှသည်။ ပြီး––ဖခမည်းတော် ဘုရင့်နောင်မင်းတရားကလည်း "အချင်းချင်း မကွဲမပြားနေ"လို့ မိန့်တော်မူခဲ့သည်။ သို့ဖြစ်၍ ဘထွေးတော် တောင်ငူဘုရင်၏ အရိပ်အကဲကိုကြည့်ပြီးမှ ဆုံးဖြတ်တော့မည်ဟု ကြံကာ ဆိုင်းငံ့ထားလေသည်။

အင်းဝဘုရင် သတိုးမင်းစောက ဟံသာဝတီကို စစ်မကြေညာမိသည်လို အတွင်းကြိတ် စည်းလုံးနေကြောင်း ဟံသာဝတီဘက်မှ သိသွားကြ၏။ သည်ကိစ္စမှာ ပေါ့ပေါ့တန်တန်မဟုတ်သဖြင့် ဟံသာဝတီ ငါးဆူဒါယကာ နန္ဒဘုရင်သည် အလေးအနက်ထားကာ စဉ်းစားရ၏။ တွေးတောရ၏။ ကြံဆရတော့၏။

တောင်ငူဘုရင်သည် ဖခမည်းတော်လက်ထက်ကပင် ခြံခုန်ဖူးသော လက်စရှိခဲ့သည်။ မြေးတော် နတ်သျှင်နောင်မှာလည်း သေနင်္ဂဗျူဟာ၌ လွန်စွာတော်ကြောင်း ကြားရသည်။ ဗိုလ်ပါများကို မပြတ်စုရုံးသည့် သတင်းများလည်း ရောက်လာသည်။ ထို့ကြောင့် တောင်ငူဘုရင်ကို ပေါ့ပေါ့တန်တန် တွက်ဆ၍ မဖြစ်ပြီ။ အရေးကြပ်ကြပ်စိုက်မှ သင့်ပေမည်။

ပြည်ဘုရင်အတွက်မူ စိုးရိမ်စရာမရှိ။ ဇင်းမယ်နှင့် အယုဒ္ဓယဘုရင်တို့ကိုလည်း မှုဖွယ်မလိုပြီ။

ဟံသာဝတီဘုရင်သည် မှူးတော်မတ်တော်အပေါင်းတို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်။ ဤတွင် နန္ဒကျော်ထင်က ယခုလို တင်လျှောက်သည်။

"မှန်လှပါ၊ ယခုအရေးတွင် ယောက်ဖတော် အင်းဝဘုရင်သာ ခြားနားသည် မထင်ပါ။ ကိုးစော်ဘွားများ အင်းဝဘက်မှ ကူညီမည့်လက္ခဏာ ရှိချေသည်။ မြောက်ဘက်တစ်လွှား မြို့စားများလည်း အင်းဝကို ကူညီဖွယ် ရှိသည်။ သို့ပါ၍ ပြည်မင်း၊ တောင်ငူမင်းတို့သာမက အယုဒ္ဓယ၊ လင်းဇင်း၊ ဇင်းမယ် အင်အားများဖြည့်တင်းပြီး ကိုယ်တော်တိုင် ချီတက်သင့်ကြောင်းပါ ဘုရား"

ဟံသာဝတီဘုရင်သည် နန္ဒကျော်ထင် တင်လျှောက်သည်ကို ကြိုက်နှစ်သက်တော်မူသဖြင့် လက်အောက်ခံပြည်နယ်များဖြစ်သော ပြည်၊ တောင်ငူ၊ လင်းဇင်း၊ ဇင်းမယ်၊ အယုဒ္ဓယ စသည့် ဘုရင်အသီးသီးထံမှ စစ်ကူများကို ဆင့်ဆိုလိုက်သည်။

"ငါကိုယ်တော်တိုင် ရတနာပူရသို့ ချီတော်မူ၍ ယောက်ဖတော်ကို



လုပ်ကြံမည်။ အလုံးအရင်းနှင့်တကွ အလျင်ရောက်ကြစေ"

* * * *

သက္ကရာဇ် ၉၄၅–ခု၊ တန်ခူးလပြည့်နေ့။

မိုးသားမိုးတိမ်များ၊ ကင်းစင်သော ကောင်းကင်ထက်၌ ကြယ်ကလေးများ လင်းလက်နေကြသည်။

ညဦးပိုင်းတွင်မူ အိုက်လွန်းသဖြင့် ဟံသာဝတီပြည်သူပြည်သားများ ကောင်းစွာ မအိပ်စက်နိုင်ကြ။ သန်းခေါင်းယံကျော်သည်နှင့် အအေးဓာတ်ကလေးများ ဝင်လာသောအခါတွင် ငိုက်မြည်းစပြုလာကြသည်။ မကြာမီပင် ဟံသာဝတီ နေပြည်တော်တစ်ရပ်လုံးနီးပါးမျှ အိပ်မောကျသွားတော့သည်။

သို့သော် မအိပ်နိုင်သူတို့ကား ရှိသေး၏။ သူတို့ကား ဟံသာဝတီဘုရင်နှင့် သူ၏စစ်သူကြီးများ၊ တစ်ဆယ့်ခုနစ်တပ်တွင် ပါဝင်သည့် စစ်သည်သူရဲ တစ်သိန်းငါးသောင်းတို့ပင်တည်း။

သူတို့သည် စစ်ထွက်ရန် အသီးသီးပြင်ဆင်နေကြသဖြင့် ထိုညအဖို့ မအိပ်နိုင်အားပေ။ အရဏ်မတတ်မီမှာပင် တိုက်ဆင်တစ်ထောင့်ငါးရာသည် ဦးစီးစုံလင်စွာဖြင့် အဆင်သင့်ရှိနေကြပြီ။ မြင်းတပ်မှ မြင်းတစ်သောင်းငါးထောင်ပေါ်တွင်လည်း မြင်းသည်တော်များသည် ထွက်ခွာရမည့်အချိန်ကို ငံ့လင့်လျက် ရှိနေကြသည်။ အားလုံး အဆင်သင့်ဖြစ်ပြီ။

မကြာခင်မှာပင် ဟံသာဝတီဘုရင်ကိုယ်တိုင် တပ်မကို ဦးစီးကာ စတင်ချီတက်ကြသည်။ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များ စစ်အကြောင်းကြောင်းခွဲ၍ ချီတက်သွားကြသည်မှာ ပုရွက်အုံကို တုတ်ထိုးသည့်နှယ်ပင်။

ပြည်မင်း၊ တောင်ငူမင်းတို့ကလည်း ပြည်အား တောင်ငူအားနှင့် ချီတက်ကြသည်။ ဇင်းမယ်နှင့် လင်းဇင်းမင်းတို့က မိုးနဲကြောင်းမှ သူ့အင်အားနှင့်သူ ချီတက်ကြသည်။

ဟံသာဝတီနေပြည်တော်တွင်ကား၊ သားတော် မဟာဥပရာဇာသည် မြို့စောင့်အဖြစ် ကျန်ရစ်ခဲ့သည်။

ဟံသာဝတီ ဘုရင့်တပ်ကြီးသည် အင်းဝဘက်ဆီသို့ အရှိန်အဟုန်ပြင်းစွာ ချီတက်နေသည်။ စစ်ညာသံများသည် လေနှင့်အတူ အဝေးသို့ပင် ပျံ့နှံ့ရောက်ရှိသွား၏။ ခရီးပြင်းနှင်လာသောတပ်ကြီးသည် အင်းဝအနီးသို့ ရောက်သောအခါ ရှေ့သို့ ဆက်လက်မချီတက်ဘဲ ပင်းယတွင် တပ်စခန်းချကာ နားနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီတပ်သားများ ပင်းယတွင် စခန်းချနေပြီဖြစ်ကြော ကြားရသောအခါ အင်းဝသားတို့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြတော့သည်

အင်းဝဘုရင်သည် အသားများ တဆတ်ဆတ်တုန်ယင်လျက် နှုတ်ခ ကို ပြုတ်လုမတတ် ကိုက်ထား၏။ သတင်းတစ်စုံတစ်ရာ မရရှိဘဲ ဟံသာဝ တပ်မကြီးသည် အဘယ်ကြောင့် ဤမျှ တိုတောင်းသောအချိန်တွင် ချီတက်လာ သနည်း။ ဟံသာဝတီဘက်မှ လက်ဦးမှု ရသွားချေပြီတကား။ တက အရေးတွင် မိမိ အင်းဝဘက်မှ ကူညီမည့်သူများ ရှားပါးနေ၏။ ကတိကဝ ပြုထားသော ရှမ်းကိုးစော်ဘွားများထံမှလည်း ယခုထက်တိုင် စစ်ကူမရော သေးပါလား။

မိမိမျှော်လင့်အားထားမိသော ပြည်၊ တောင်ငူ၊ ဇင်းမယ်တို့ကလည် ဟံသာဝတီ၏ သစ္စာကိုပင် ခံယူကာ ယခုချီတက်ရာ၌ ပါလာခဲ့ကြပေပြီ။ မိ သည် စစ်အင်အားနည်းပါးပါလျက် ဟံသာဝတီကို အန်တုမည် ဆိုပါ ခိုက်မိရောကျပေတော့မည်။ မိမိတို့ဘက်မှ ရှုံးနိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲ ထို့ကြောင့် အင်းဝဘုရင် သတိုးမင်းစောသည် ဟံသာဝတီဘုရင်ထံသို့ သဝဏ်လွှ တစ်စောင်ကို ဆက်သစေသည်။

"ကျွန်ုပ်တို့ သမီးယောက်ဖနှစ်ဦး သားသမီးများအရေးကြောင့် တိုက် ခိုက်ကြမည့် စစ်ပွဲတွင် နှစ်ဖက်သော စစ်သည်တို့ မနာစေသင့်ပြီ။ 'တော လဲရာ မြက်ပြတ်'ဆိုသကဲ့သို့ သင်းတို့ သေကြေပျက်စီးကြပေတော့မည် ပြည်သူပြည်သားတို့ ဆင်းရဲပင်ပန်းသည်ကို မလိုလား။ ကျွန်ုပ်တို့ မင်းနှ ပါး စီးချင်းတိုက်မည်။ မှူးမတ်ဗိုလ်ပါတို့က ကြည့်နေကြစေ"

သည်လို လမ်းလှမ်းချက်ကို ဟံသာဝတီဘုရင်ကလည်း သဘောတူ လက်ခံတော်မူသည်။ သူသည်လည်း အင်းဝဘုရင်ကဲ့သို့ပင် ဆင်စီး၊ မြင်းစီး သေနင်္ဂဗျူဟာ အတတ်တွင် တစ်ဖက်ကမ်းခတ် တတ်မြောက်သည်မဟုတ်ပေ လား။ ထို့ကြောင့် ဟံသာဝတီဘုရင်ကလည်း "သင့်လှပြီ၊ ငါ စီးချင်းတိုက် မည်"ဟု ပြန်ကြားလိုက်သည်။

သို့သော် ယခု စီးချင်းတိုက်ပွဲတွင် ဘုရင်ချင်း လက်ရည်ပြိုင်နိုင် သည်ထားဘိဦး။ ဆင်ချင်းလည်း ရည်တူရန် လိုအပ်လှပေသည်။ အင်းဝဘုရ ဘက်မှ ဆင်တော် "သန်မြင်စွာ"သည် အောင်ပွဲရ ဆင်အကျော်အမော်ဖြစ်သည် အဇွေ့အစွမ်းသန်သည်။ အင်အားပြည့်သည်။ သူ့ကို အစွယ်ချင်းဆိုင်မိပါက အနိုင်ရအောင် ဖဲ့ရမ်းထိုးနက်တတ်သည်သာ။ အင်းဝပြည်သူပြည်သားများက



ဆင်တော် သန်မြင်စွာ၏ အစွယ်များတွင် ဥတိန္နနတ်သား အမြဲစောင့်ကြပ် သည်ဟုပင် ယုံကြည်လျက်ရှိကြသည်။

စီးချင်းထိုးရေးနှင့် ပတ်သက်၍ နန္ဒကျော်ထင်ကမူ ယခုလို လျှောက် ထားသည်။

"အင်းဝဘုရင်၏ ဆင်တော် သန်မြင်စွာကို အခြားသော ဆင်များ အားတုသော်လည်း အဇွေ့အစွမ်း မတူသဖြင့် မယှဉ်နိုင်ပါ။ ဟံသာဝတီဘက်မှ ဆင်တော် စောရန်နှင်းမှသာ အားလည်းတန်သည်။ အဇွေ့အစွမ်းလည်း တန်ချိမ့် မည်"

သို့ဖြင့် ဟံသာဝတီဘုရင်သည် ဆင်တော်စောရန်နှင်းကို ရွေးချယ် လိုက်၏။

ကောင်းကင်ယံမှ မိုးနတ်သားသည် နေမင်းကို ကြိမ်းလားမောင်း လား ခြိမ်းလားခြောက်လား လုပ်နေသည်။ တဂျိုးဂျိုးတဂျိမ်းဂျိမ်းနှင့် ကြိမ်း သည်။ ဟိန်းလားဟောက်လားလုပ်သည်။ မိုးနံ့လွှတ်၍လွှတ်၍လည်း သတိ ပေးနေသည်။

မြေအပြင်တွင်ကား နှစ်ဖက်သော တပ်အသီးသီးတို့သည် စစ်ကြွေး ကြော်သံများကို ပေးလျက် အပြင်းချီတက်လာနေကြ၏။ ဖုန်လုံးကြီးများသည် တိမ်တိုက်ကြီးများပမာ ကောင်းကင်သို့ တက်လာကြသည်။ ကြည့်နေရင်း ကြည့်နေရင်း ဖုန်လုံးကြီးများ တစ်ခုနှစ်တစ်ခု နီးကပ်လာပြီး အင်းဝတောင် ဘက် ပင်းယနှင့် တံတားဦးအရပ်တွင် ရပ်တန့်သွားတော့၏။

ဆွေစဉ်မျိုးဆက် ချစ်ခင်ရင်းနှီးခဲ့ကြသော အင်းဝနှင့် ဟံသာဝတီဘုရင် တို့ကား နတ်ရှင်မယ်တော်၏ သွေးတစ်စက်ကြောင့် အမျက်ကို မထိန်းနိုင်၊ အပြိုင်အဆိုင် စီးချင်းထိုးကြပေတော့မည်။

ဟံသာဝတီဘုရင်သည် ဆင်တော် စောရန်နှင်းကို ရွှေကွန်ရွှက်ဖြင့် လွှမ်းကာ စီးနင်း၏။ ဓေယျဇလကို နောက်ကထိုင်စေ၍ ရာဇတမန်ကို ကုန်း လယ်တွင်တင်သည်။ လက်ဝဲဘက်က ဆင်ကူသုံးဆယ်၊ လကျာ်ဘက်က ဆင်ကူသုံးဆယ်နှင့် စစ်မျက်နှာဖြန့်ကာ ပင်းယမြို့မြောက်ဘက် သစ်ဆိမ့်ကင် အရပ်တွင် စစ်အင်ကျင်းကာ နေသည်။

အင်းဝဘုရင် သတိုးမင်းစောလည်း ဆင်တော်သန်မြင်စွာကို ရွှေကွန် ရွှက် လွှမ်းကာစီးသည်။ ကျောက်ရစ်စားကို နောက်တော်က ထိုင်စေ၍ ဘယရာဇသူကို ကုန်းလယ်တွင်တင်၍ လက်ဝဲတော်က ဆင်ကူသုံးဆယ်၊

www.burmeseclassic.com

www.burmeseclassic.com



လကျာ်တော်က ဆင်ကူသုံးဆယ်ထားကာ အင်းဝမြို့မှထွက်၍ တံတားဦး အရပ်တွင် စစ်အင်ကျင်းနေလေပြီ။

နှစ်ဖက်သော ဘုရင်များ စစ်ရေးပြင်နေစဉ်မှာပင် မယုံနိုင်ဖွယ် ဖြစ်ရပ်တစ်ခု ရုတ်တရက် ပေါ်ပေါက်လာသည်။ ဟံသာဝတီဘုရင်၏ ကျွန်တော် တရုတ်မော်စားသည် 'ရဲမြတ်စွာ'ဟူသော ဆင်ကို ချွန်းဖွင့်ကာ အင်းဝဘုရင် သတိုးမင်းစောရှိရာသို့ တဟုန်ထိုးဝင်လာလေသည်။

သည်လုပ်ရပ်ကို ချက်ချင်းသိလိုက်သူကား အင်းဝဘုရင်၏ ကျွန်တော် ပြင်စည်စားပင်ဖြစ်၏။ သူကလည်း လျှင်သည်။ "ကျွန်တော်မျိုးများ ဝင်တမ်း ဆိုလျှင် ငါလဲ မဝင်နိုင်ရာလော"သည်လိုတွေးမိပြီး 'နာဂဝရ' ဆင်ကိုစီး၍ တရုတ်မော်စားကို ခုခံတိုက်ခိုက်သည်။

အခြေအနေမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။ ဘုရင်ချင်း စီးချင်းထိုး ရမည့်အစား ကျွန်တော်မျိုးများက တိုက်နေကြပေပြီ။ သူတို့ဆင်များမှာလည်း အားချင်းမျှနေကြသဖြင့် မည်သူမျှ မနိုင်ကြသေးချေ။ အတန်ကြာအောင်ပင် ဆင်များ အစွယ်ချင်းယှက်ကာ ဖေ့နေကြသည်။

ထိုစဉ် အင်းဝဘုရင် သတိုးမင်းစောသည် တရုတ်မော်စား စီးသော ဆင်ကို လိုက်၍တိုက်တော်မူသည်။ တရုတ်မော်စား၏ဆင် ရဲမြတ်စွာသည် အားမတန်၍ မာန်လျော့ကာ ဦးလှည့်၍ပြေးလေ၏။ ဤတွင် အင်းဝဘုရင် ၏ ကုန်းလယ်စီး ဘယရာဇသူက လှံကိုလွှတ်၍ ထိုးလိုက်သည်။ သူ၏ လှံ သွားသည် တရုတ်မော်စား၏နံကို စူးဝင်သွားသဖြင့် ဆင်ထက်မှကျပြီး သေ ဆုံးသွားသည်။ သူစီးသောဆင် ရဲမြတ်စွာကိုလည်း အင်းဝဘက်မှ ရလိုက် သည်။

စစချင်းတွင် အင်းဝဘက်မှ အရေးသာသွား၏။ ဟံသာဝတီဘုရင် သည် သူ့ကျွန်တော် တရုတ်မော်စား မရှုမလှ ကျဆုံးသွားသဖြင့် မချင့်မရဲ ဖြစ်လာသည်။ ဒေါသမာန်တက်လာသည်။ သူသည် အံကိုတင်းတင်းကျိတ် ကာ ဆင်တော် 'စောရန်နင်း'ကို ချွန်းဖွင့်ပြီး အင်ဝဘက်မှ ပြင်စည်းစားကို အတင်းဝင်၍ တိုက်တော့၏။

ပြင်စည်စားစီးသော 'နာဂဝရ'ဆင်မှာ ဟံသာဝတီဘုရင်၏ ဆင် တော် 'စောရန်နင်း'ကို မယှဉ်သာ။ အားမတန် မာန်ချင်းမမျှသောကြောင့် မျက်နှာလှည့်၍ ပြေးလေတော့သည်။ ဤတွင် ပြင်စည်စားလည်း ကိုယ်ကို မထိန်းနိုင်ဘဲ ဆင်ပေါ်မှကျသွား၏။ မည်သူမျှ အကူအညီမပေးနိုင်မီမှာပင်



သူ့ကို ဟံသာဝတီဘက်မှ အရှင်ဖမ်းမိသွားသည်။

ယခုမှပင် ဘုရင်နှစ်ပါး စီးချင်းထိုးပွဲ စတင်လေတော့သည်။ နှစ်ပါး စလုံး ဘုန်းကြီးသောမင်းများဖြစ်ကြ၏။ ဆင်စီး မြင်းစီး၌လည်း တစ်ဖက် ကမ်းခတ် တတ်မြောက်ကြသူများချည်းဖြစ်သည်။ ထို့ကြောင့် တစ်ဦးကိုတစ်ဦး မဖျက်ဆီးနိုင်။ အလဲမထိုးနိုင်။ နှစ်ဖက်မှ ဆင်ကူခန့်သူတို့ကလည်း ကူညီ၍ မတိုက်ဝံ့ကြပြီ။ အသဲတထိတ်ထိတ်ဖြင့် ငြိမ်သက်စွာ ကြည့်နေကြ၏။ သည်အခြေအနေမျိုးတွင် တုန်လှုပ်ခြောက်ခြားစိတ်ဝင်လာသူကား တိုက်ပွဲ၌ ရှုံးနိမ့်ရမည် ကေန်ပင်။

သည်လို သဲသဲမဲမဲ စီးချင်းထိုးနေရာမှာ အင်းဝဘုရင်သည် သူ့ ဆင် တော်ကို နောက်သို့ အနည်းငယ်ဆုတ်စေ၍ အားယူကာ ချွန်းဖွင့်ပြီး ယောက်ဖ တော် ဟံသာဝတီဘုရင်ကို အတင်းလိုက်တိုက်၏။ သူ့ ဆင်တော်သည် တစ် ဖက်မှ အရှိန်ဖြင့်ဝင်လာသော ဟံသာဝတီဘုရင်၏ ဆင်တော် စောရန်နင်းကို စွယ်လုံးကျွံအောင် ထိုးလိုက်နိုင်ပြီ။ ဆင်တော် စောရန်နင်းလည်း ပြင်းထန် လှသော ဒဏ်ကြောင့် တဆတ်ဆတ်တုန်ကာ လဲကျလုမတတ်ဖြစ်သွားသည်။ ဤတွင် ဟံသာဝတီဘုရင်လည်း ဥပေါသထာဟူသော ဆင်တော်သို့ ပြောင်း စီးရသည်။ စွယ်လုံးကျွံအောင် အထိုးခံရသော ဆင်တော် စောရန်နင်းကိုမူ ဆင်ကူနှစ်စီးဖြင့် တွဲယူသွားရသည်။ သို့သော် ခရီးဆယ်တာခန့် ရောက်လျှင် ပင် သေလေ၏။

မိမိတို့ဘက်မှ အခြေမလှသည်ကို တွေ့လိုက်ရသော ဟံသာဝတီဘုရင် ၏ လက်ဝဲလကျာ်ဆင်ကူအမတ်များသည် သူတို့ဆင်များကို ချွန်းဖွင့်ကာ အင်းဝဘက်သို့ အတင်းဝိုင်းလာကြ၏။

အင်းဝဘုရင်၏ ဆင်တော် သန်မြင်စွာမှာ အလွန်ပင်ပန်းနေပြီဖြစ်၏။ ချွန်းချိတ်၍ပင် မရတော့ပြီ။ ထို့ကြောင့် ဧရာဝတီမြစ်တွင်း၌ ရေစိမ်စေလိုက် သည်။ နှစ်ကြိမ်တိုင်တိုင် မိမိတို့ဘက်မှ အသာရနေသဖြင့် အင်းဝဘုရင်သည် များစွာ အားတက်လျက်ရှိ၏။ ဆင်တော် သန်မြင်စွာနှင့်ပင် ထပ်မံတိုက်ခိုက် ရန် ဆန္ဒပြင်းပြနေ၏။ သို့ဖြင့် အမတ်များအား သင့်မသင့်မေးသည်။ ဆင် စီးအမတ်များက ယခုလို ပြန်လည်လျှောက်တင်ကြသည်။

ဆင်တော် သန်မြင်စွာမှာ မောပန်းလှပြီ၊ အားမာန်လည်းမရှိတော့။ မြစ်တွင်း၌ ကိုယ်ကို ရေစိမ်နေရသည်။ သည် ဆင်တော်နှင့်သာ ထပ်မံတိုက် ပါက အရေးမလှရှိချေမည်။ သို့ပါ၍ သန်မြင်စွာကဲ့သို့ အားကောင်းမောင်းသန်

www.burmeseclassic.com

www.burmeseclassic.com



ဆင်တော် ပေါက်လှပြောင်မွန်ကို ပြောင်းစီး၍ တိုက်သင့်ကြောင်းပါဘုရား"

ဆင်စီးအမတ်များ လျှောက်တင်သည့်အတိုင်း ပေါက်လှပြောင်မွန်ကို စီးရန် စီစဉ်ရတော့သည်။ သို့သော် အင်းဝဘုရင်အတွက် အချိန်နှောင်းသွားပေပြီ။ လျှပ်တစ်ပြက်အတွင်းမှာပင် ဟံသာဝတီဘုရင်သည် ဥပေါသထာဆင်ကိုစီးပြီး လက်ဝဲလက်ျာဆင်ကူများနှင့် မိမိရှိရာသို့ အတင်းချွန်းဖွင့်ကာ ဝင်လာကြသည်ကို တွေ့လိုက်ရ၏။ ရုတ်တရက်မို့ အံ့အားသင့်သွားသည်။ မျက်လုံးများပင် ပြာဝေသွားသည်။ သို့သော် ချက်ချင်းပင် သတိကို ထိန်းချုပ်လိုက်ပြီး စုရုံးမိသမျှ ရဲမက်တို့နှင့် ဆုတ်ခွာရတော့သည်။

အင်းဝဘုရင်၏ လှုပ်ရှားမှုကို အာရုံမပြတ် ကြည့်နေသော ဟံသာဝတီတပ်များသည် အခြေအနေအရပ်ရပ်ကို ချက်ချင်းရိပ်စားမိသွား၏။ ထို့ကြောင့် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များ ပါမကျန် ကြီးမားသော စစ်ကြွေးကြော်သံများကိုပြုလျက် အင်းဝဘုရင်နောက်သို့ တစ်ဟုန်ထိုး လိုက်ကြလေသည်။ ပူပြင်းလှသော နေရောင်အောက်တွင် ဖုန်လုံးကြီးများသည် ကောင်းကင်သို့ အလိပ်လိုက် တက်လာကြသည်။

သည်တွင် အင်းဝတပ်သား အများအပြားပင် ဖရိုဖရဲ ထွက်ပြေးကြတော့သည်။ မိမိတို့ အရှင်သခင်ကိုချစ်သော၊ သခင့်သစ္စာတော်ကို စောင့်သိသော၊ သခင့်အတွက် အသက်ကို စတေးဝံ့သော အချို့အချို့သော သစ္စာရှိတပ်သားများသာလျှင် အင်းဝဘုရင်နောက်သို့ အမီလိုက်ခဲ့ကြသည်။ အင်းဝဘုရင်လည်း စုရုံး၍ရသမျှသော နောက်လိုက်တပ်သားများနှင့်အတူ တံတားဦးမှသည် အင်းဝမြစ်ကို ဖြတ်ကူးသည်။ ပြီး မန္တလေးအရှေ့ ဘုတ်ကန်ကြီးတောင်ခြေတွင် စခန်းချကာ ရပ်နားနေလေသည်။

ဟံသာဝတီဘုရင်သည် အင်းဝဘုရင်နောက်သို့ ဆက်၍ မလိုက်တော့ပေ။ သူ့အဖို့ အင်းဝရွှေနန်းကို အချိန်မီ သိမ်းပိုက်နိုင်ရန် အရေးကြီးသည် မဟုတ်ပါလား။ တစ်ကြောင်းကလည်း သူသည် အင်းဝဘုရင်အပေါ်တွင် အာဃာတမပြင်းထန်။ အင်းဝဘုရင်သည် သူနှင့် အလွန်နီးသော ဆွေတော်မျိုးတော်ဖြစ်သည်။ သူ့ဖခမည်းတော် ဘုရင့်နောင်ဘက်က ဆက်စပ်ကြည့်မလား။ သူ့နမတော် အင်းဝမိဖုရားနှင့် တော်စပ်ကြည့်မလား။ ဘယ်ဘက်ကပင် လှည့်၍တွက်တွက် မတော်၍မရသော ဆွေမျိုးအရင်းကြီးဖြစ်သည်။ သည်မျှရင်းချာသော ဆွေတော်မျိုးတော်တစ်ယောက် အပေါ်တွင် အာဃာတမပြင်းထန်လိုပေ။



ထို့ကြောင့် ဟံသာဝတီဘုရင်သည် သူ့တပ်များကို အင်းဝမြို့တွင်းသို့သာ ဝင်ရောက်စေကာ နန်းတော်ကို ဝိုင်းထားလိုက်ကြသည်။ အင်းဝမြို့တွင်းရှိ ပြည်သူပြည်သားများသည် ထိတ်လန့်တကြား လှုပ်ရှားပြေးလွှားနေကြ၏။

"ဟံသာဝတီတပ်တွေ ဝိုင်းထားပြီး၊ ငါတို့ အင်းဝဘုရင်တော့ အရေးနိမ့်ပြီ"

မြို့တွင်းနေရာအနှံ့ သည်သတင်းစကားကိုသာ ပြောနေကြသည်။ အင်းဝမြို့စောင့်တပ်လည်း ကစင့်ကလျား ဖြစ်ကုန်၏။ စွဲကိုင်ထားသော လက်နက်များကို ချသူချလိုက်၏။ ကိုယ်လွတ်ရုန်းကာ ပြေးသူပြေး၊ ပုန်းသူပုန်းနှင့် ရုန်းရင်းဆန်ခတ် ဖြစ်သွားသည်။

နန်းတွင်းသူများကား ကြောက်သွေးမွှန်ကာ လွန်စွာ ကမ္ဘာပျက်နေကြ၏။ ဟိုအဆောင်ဝင်၊ သည်အဆောင်ထွက်၊ မျက်နှာတွင် သွေးတစ်စက်မျှ မရှိတော့သည့်နှယ် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

အင်းဝမိဖုရားကား ဣန္ဒြေရလှသည်။ သူသည် တစ်ပါးတည်း နန်းပြင်ပေါ်သို့ တက်ခဲ့သည်။ ထိုမှစီး၍ မြေအပြင်ကို ရှုးစိုက်ကြည့်နေသည်။

"စစ်သည်တွေ-- ဟံသာဝတီစစ်သည်တွေ--မနည်းပါလား"

အင်းဝမိဖုရားသည် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်ကြီးများကို သဲကွဲကွဲ မြင်တွေ့နေရသည်။ ရှေ့ဆုံးမှ သူ့မောင်တော်ရင်း ဟံသာဝတီဘုရင် ငါးဆူဒါယကာသည် ဥပေါသထာဆင်ကိုစီးပြီး နန်းတွင်းသို့ ဝင်လာပြီ၊ သူ လာပုံမှာ စစ်အောင်နိုင်သည့် မင်းတစ်ပါးလာခြင်းနှင့်မတူ။ နှမတော်ထံ အလည်အပတ် လာရောက်သည့် မောင်တော်တစ်ယောက်ပမာ အေးအေးတည်ငြိမ်စွာဖြင့် လာနေသည်။

ဆုံးပြီ--ဆုံးပါပြီ။ သမီးတော်အတွက် ဒေါသဖက်၍ ဖြစ်ခဲ့ရသည့် စစ်မက်တွင် မယ့်သခင် အင်းဝဘုရင်သည် သူ့ ပိုင်နက်ကိုပင် စွန့်လွှတ်ရှောင်တိမ်းသွားရပါပကော။ အင်းဝမိဖုရားသည် တွေးရင်းတွေးရင်း ယူကျုံးမရ စိတ်ထိခိုက်လွန်းသဖြင့် ဒူးတုတ်လဲကျသွားကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်၏။ သူ၏ ကျောပြင်မှာ တဆတ်ဆတ်တုန်ယင်လျက်ရှိသည်။

ဟံသာဝတီဘုရင်သည် မြေနန်းပြာသာဒ်တွင် ခေတ္တအပန်းဖြေပြီးနောက် အင်းဝမိဖုရားအား သူ့ရှေ့မှောက်သို့ ခေါ်ဆောင်ခဲ့ရန် စေလိုက်သည်။ နှမတော်အား စိတ်ထိခိုက်နာကျင်အောင်မဆို။ နှစ်သိမ့်စကားကိုသာ ကြင်နာစွာဆိုခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခမည်းတော် တည်ထောင်ခဲ့သော ဟံသာဝတီ ရွှေနန်းတွင် အေးချမ်း
သာယာ၍ နှစ်သက်ပျော်မွေ့ဖွယ်ကောင်းကြောင်း ပြောပြသည်။ ဟံသာဝတီ
သို့ ပြောင်းရွှေ့စံရန်လည်း နားချသည်။ နှမတော်ရဲ့ရင်သွေး အိမ်ရှေ့မိဖုရား
နတ်ရှင်မယ်တော် အနားတွင် ပျော်ပျော်ပါးပါး စံရပါစေမည်ဟုလည်း ကတိ
ပေးသည်။ ခမည်းတော်၊ တည်ထားကိုးကွယ်ခဲ့သော မဟာစေတီတော်ကြီး
ရွှေမော်ဓောစေတီတော်ကြီးများကို ဖူးမြော်ရအောင် လာရောက်ခေါ်ငင်ခြင်းဖြစ်
ကြောင်း ပြော၍လည်း နှမတော်ကို နှစ်သိမ့်ချော့မော့လေသည်။

သို့သော် နှမတော်အင်းဝမိဖုရားကား သူ့စကားများကိုကြား
ကြားပါလေစ။ မျက်တောင်မခတ်၊ မျက်လုံးမရွေ့၊ မျက်ခုံးမပင့်၊ အသက်
ရှုပုံမရ။ နှုတ်ခမ်းတင်းတင်းစေ့ကာ ဝိညာဉ်မဲ့ရုပ်ထုလို ငြိမ်သက်နေသည်
ဤသည်ကပင် သူ မည်မျှ စိတ်ထိခိုက်နေသည်ကို ဖော်ပြလျက်ရှိသည်။

"နှမတော်သည် မောင်ကောင်းနှမ၊ အဖကောင်းသမီးကား ဖြစ်ပါ
၏။ လင်ကောင်းမယား မဖြစ်ပါ"ဟု သူ့နှုတ်ဖျားမှ ထွက်ခဲ့ပြီးသော ခနဲ့သံ
တို့သည် သူ့နားထဲဝယ် မိုးခြိမ်းသံပမာ မြည်ဟီးလျက်ရှိ၏။ မိဖုရားသည်
သူ့ပြောစကားများအတွက် နောင်တရနေပြီလား။ မောင်တော်ရှင်း ဟံသာဝတီ
ဘုရင်ကိုပင် နာကြည်းနေသလားဆိုသည်ကို သူကိုယ်တိုင်ပင် သိပေတော့
မည်။

မိဖုရားကဲ့သို့ပင် အင်းဝဘုရင် သတိုးမင်းစောသည် စိတ်နှလုံးညှိုး
ချုံးလျက်ရှိ၏။ ယခုလို နေပြည်တော်နှင့် အလှမ်းဝေးရာသို့ ရောက်နေချိန်
တွင် နှမတော် အင်းဝမိဖုရားနှင့် သမီးတော်တို့အတွက် စိုးရိမ်ပူပန်နေသည်
သို့သော် အခြေအနေအရ အင်းဝအင်အားနည်းခိုက်မို့သာ ဘုတ်ကန်ကြီး တော
ခြေတွင် ခိုနေရသည်။

သူ့စိတ်အကြံကိုကား မမေ့လျော့ပေ။ ဟံသာဝတီကို ပြန်လည်တိုက်ခိုက်
နိုင်ရန် အင်အားစုလျက်ရှိသည်။ လက်ရှိအခြေအနေတွင်မူ သူ့တွင် ဆင်ကောင်း
မြင်းကောင်းလည်း မရှိချေ။ ရဲမက်ဗိုလ်ပါလည်း နည်းလှသည်။ သည်နေရာ
ခံ၍မသင့်ပြီ။ ဥတည်ဘွားထံသွား၍ စစ်ကူတောင်းပြီး ဟံသာဝတီတိုင်အောင်
ချီတက်လုပ်ကြံမှသင့်မည်။ သည်လို အကြံတော်ရှိသဖြင့် မြင်းခုနစ်တင်
လူနှစ်ထောင်နှင့် ဥတည်ဘွားထံသို့ သွားတော်မူသည်။

သို့ရာတွင် အင်းဝဘုရင်အဖို့ မြေနိမ့်ရာ လှံစိုက်ပြန်ချေပြီ။ ခရီးလမ်း
မှာအနီးကလေး မဟုတ်။ လမ်းပန်းအဆက်အသွယ်ကလည်း မကောင်း၊ တော



တောင် အထပ်ထပ် လျှိုမြောင်အသွယ်သွယ်ကို ဖြတ်ကျော်ကာသွားရသဖြင့်
ခရီးက ကြမ်းလှသည်။ သည်လိုခရီးနှင်ရင်း ခန္တီးသို့အရောက်တွင် အင်းဝဘုရင်
သည် နာမကျန်းဖြစ်ပြီး နတ်ရွာစံလေတော့သည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

(၇)

# ဖြနရာဇ်၏ အကောက်ဉာဏ်

ဟံသာဝတီ မဟာဥပရာဇမင်းကြီးစွာသည် ခမည်းတော် အင်းဝသို့ ချီတက်သွားစဉ် ဟံသာဝတီနန်းကို စောင့်ကြပ်နေရစ်ခဲ့ရ၏။ လက်ငင်းအခြေအနေတွင် သူ ချယ်လှယ်ချင်သလို ချယ်လှယ်နိုင်ပြီ။ ခမည်းတော် ရှိနေစဉ်ကမူ ဓာတုကလျာ အဆောင်တော်သို့ တိတ်တဆိတ်သွားခဲ့ရ၏။ တိတ်တခိုးချစ်ခဲ့ရ၏။ ခမည်းတော်အား မိမိတို့ကိစ္စ တင်လျှောက်ရန် ကြံရွယ်နေစဉ်မှာပင် အရေးတော်က ပေါ်လာသည်။ ယခု ပစ္စက္ခအခြေအနေတွင်မူ ဟံသာဝတီ ရွှေနန်း၌ သူသာလျှင် အကြီးအကဲအုပ်ချုပ်သူဖြစ်နေသည်။ သူ့လက်သူ့ခြေ ဖြစ်နေပြီ။ သူ ကြောက်ရွံ့ရမည်သူ အဝေးသို့ရောက်နေပြီ။ ထို့ကြောင့် သူ ချစ်ရသော၊ ကြင်နာ ရသော၊ မြတ်နိုးရသော ဓာတုကလျာကို လွတ်လွတ်လပ်လပ် ချစ်လိုက်မည်။ အပျော်ကြီးပျော်လိုက်မည်။ သည်လို အားခဲကာ ပီတိတွေဖြာခဲ့သည်။ ကျေနပ်ဝမ်းမြောက်နေမိသည်။

သို့သော်--

သူ့အတွေး သူ့အကြံအစည်တို့ကား အကောင်အထည်မပေါ်မီမှာပင် ပျက်ပြယ်သွားရပြန်သည်။ မာရ်နတ်သည် ငစ်သံပေးကာ ကြွေးကြော်လာ၏။



သည်မာရ်နတ်ကား အခြားသူမဟုတ်၊ အယုဒ္ဓယမင်းသား ဖြနရာဇ်ပင်ဖြစ်၏။

မူလက ဟံသာဝတီဘုရင် ဆင့်ဆိုချက်အရ ဖြနရာဇ်သည် အင်းဝ ဟံသာဝတီစစ်ကိုကူရန် လာခဲ့ခြင်းပင်။ သူ့တွင် စစ်အင်အားများစွာ ပါလာသည်။ တပ်ပေါင်း တစ်ဆယ့်နှစ်တပ်၊ တိုက်ဆင်သုံးရာ၊ မြင်းသုံးထောင်၊ စစ်သည်သူရဲ ခြောက်သောင်းခန့်ဖြင့် ချီတက်လာသည်။ စစ်ကူရန်လာသည် ဆိုသော်လည်း စိတ်ရောကိုယ်ပါ အားနှင့်မာန်နှင့် ချီတက်လာသည်မဟုတ်။ မလွန်ဆံဝံ့၍သာ လာခဲ့ရသည်။ ဝတ်ကြေတန်းကြေသဘောသာ ချီလာသဖြင့် ဟံသာဝတီဘုရင့် တပ်များကို မီအောင်မလိုက်ဘဲ လေးပင်ဖင့်နွှဲ့စွာ ချီတက်လာသည်။

ဖြနရာဇ်အနေဖြင့် မြန်မာတို့ လက်အောက်တွင် မနေလိုတော့ပြီ။ ဟံသာဝတီဘုရင် အင်းဝသို့ ချီတက်နေသည့်အခိုက် အယုဒ္ဓယက ခြားနားလိုက်လျှင် မလွတ်လပ်ပြီလောဟု ကြံဆမိသည်။ ထို့ကြောင့် ဟံသာဝတီဘုရင် နောက်တော်သို့ မလိုက်တော့ဘဲ စစ်တောင်းလမ်းကျော်မှ ဟံသာဝတီနေပြည်တော်ဆီသို့ စစ်ကြောင်းပြောင်းလိုက်သည်။

သည်အကောက်ဉာဏ်ကို အိမ်ရှေ့မင်းကြီးစွာက မသိပေ။ ဖခမည်းတော်ကို စစ်ကူရန် ဦးတိုက်လာသည်ဟုသာ ရိုးရိုးထင်သည်။ ထို့ကြောင့် ခမည်းတော်ဘုရား အင်းဝသို့ချီနှင့်ပြီဖြစ်၍ အင်းဝသို့သာ လိုက်သွားရန် ကြို၍ ပြောစေသည်။ သို့သော် ဖြနရာဇ်၏တပ်များကား အင်းဝသို့မချီ။ ဟံသာဝတီသို့သာ ဦးတည်ကာ ချီတက်မြဲချီတက်လာနေကြသည်။

အိမ်ရှေ့မင်းသည် မျှော်ကြည့်စင်ထက်မှ မြို့၏ တောင်တံခါးဆီသို့ စူးစိုက်ကြည့်နေ၏။ ဟံသာဝတီမြို့တော်ကြီးကား အိပ်မောကျနေဘိသို့ ပြားပြားဝပ်ကာ ငြိမ်သက်နေသည်။ မြို့အပြင်တောင်ဘက် ခပ်ဝေးဝေး၌မူ မြို့တွင်းနှင့်ဆန့်ကျင်လျက်ရှိ၏။ ဖုန်လုံးကြီးများသည် ပျောက်ကွယ်လုလု နေရောင်ထဲတွင် အလိပ်လိုက်တက်လာနေကြသည်။ ဖုန်လုံးကြီးများသည် တဖြည်းဖြည်း ဟံသာ ဝတီဘက်သို့ နီးကပ်လာ၏။ ဖြနရာဇ်၏ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များကို ပီပီသသ မြင်လာရပြီ။ မကြာခင် ရှေ့ဆုံးမှ တပ်သည် စခန်းချရပ်နားလိုက်၏။

သည်မြင်ကွင်းကို မြင်လိုက်ရလျှင်ပင် အိမ်ရှေ့မင်းသည် များစွာ ဝုံညသွား၏။ နားမလည်နိုင်အောင် ဖြစ်ရသည်။ သူသည် မျက်မှောင်ကြုတ်ပြီး အပြေးအလွှား စဉ်းစားလိုက်၏။

"အင်းဝကို မချီတက်ဘဲ ဘာကြောင့် ဟံသာဝတီကို လှည့်လာခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ဘယ်လိုအကြောင်းကြောင့်ပါလိမ့်။ ဟံသာဝတီမှာ ခမည်းတော်မရှိမှန်း လည်း ဖြန့်ရာဇ် သိသည်ပဲ။ သူ့လုပ်ရပ်ဟာ ရိုးမှရိုးပါလေစ”

အိမ်ရှေ့မင်းသားသည် ဖြန့်ရာဇ်၏လုပ်ရပ် မှုမမှန်သည်ကို တွေး သဖြင့်များစွာ တုန်လှုပ်သွားသည်။ ယခုအခါတွင် ဟံသာဝတီ၌ စစ်အင်အား လွန်စွာနည်းနေသည်။ သေနင်္ဂဗျူဟာ၌ ကျွမ်းကျင်သူအများအပြားပင် အင်း သို့ ချီတက်ရာဝယ် ပါသွားခဲ့ကြပြီ။ အကယ်၍ ဖြန့်ရာဇ်သစ္စာဖောက်ပြီး ဟံသာဝတီကို တိုက်ခိုက်လာပါက မခက်ပါလား။ ဟံသာဝတီ၏ အနာဂ မှာ မိမိလက်ထဲတွင် ရှိနေသည်ကို အိမ်ရှေ့မင်းသား ကောင်းစွာသဘောပေါက် သည်။ လူမျိုးအတွက် တိုင်းသူပြည်သားများအတွက် အသေခံ၍တိုက်မှဖြစ်မည်။ မြို့တော်ကို အစွမ်းကုန် ကာကွယ်ပေးရတော့မည်။

သည်လို သန္နိဋ္ဌာန်ချလိုက်ပြီးနောက် စောစောက စိတ်ကူးယာဉ်အချ ဓာတ်လမ်းကို အသာထားကာ မြို့တော်ကာကွယ်ရေးအတွက် အလျင်အမြန် ဆောင်ရွက်ရတော့သည်။ ကျုံးမြောင်းများကို စစ်ဆေးကာ ပြင်ဆင်သည်။ အမြောက်သေနတ်များကို တပ်ဆင်သည်။ လက်နက်ခဲယမ်းများကို စိစစ်သည်။ ဟံသာဝတီမြို့စောင့်တပ်သားများအား အပြင်းအထန် စစ်ရေးလေ့ကျင့်စေသည်။ ဤသို့ဖြင့် အိပ်မောကျနေသော မြို့တော်သည် ယခုအခါ လှုပ်လှုပ်ရှရှ နိုး ကြားလာလေပြီ။

မကြာမီပင် ဟံသာဝတီဘုရင်၏ အောင်ပွဲရသတင်း ရောက်လာသည်။

“ဟံသာဝတီဘုရင်သည် အင်းဝဘုရင်ကို အနိုင်ရလိုက်ပြီ။ စီးချင်းထိုး ပွဲတွင် အင်းဝဘုရင် အရေးနိမ့်သဖြင့် တိမ်ရှောင်သွားပြီ”

အောင်ပွဲရသတင်းသည် ဟံသာဝတီတစ်မြို့လုံးသို့ ပျံ့နှံ့သွားပြီ ဝမ်းသာအားရဖြစ်နေကြသည်။ ဝမ်းမသာနိုင်ဘဲ မကျေမနပ်ဖြစ်သွားခဲ့ရသူ ကား ဖြန့်ရာဇ်သာလျှင်ဖြစ်၏။ သူ၏ အကြံအစည်သည် ပျက်ပြယ်သွားခဲ့ သည်။ ယခုအနေတွင် ဟံသာဝတီကို တိုက်၍ကား မဖြစ်တော့ပြီ။ အင်းဝ ပြန်လာသော အောင်ပွဲရ တပ်မတော်ကြီးနှင့် အိမ်ရှေ့မင်း၏ မြို့စောင့်တ တို့အကြား ညှပ်ပူးညှပ်ပိတ်မိကာ အသက်ဆုံးရှုံးရန်သာ ရှိချေမည်။ သည်အတိုင်း နေပြန်ပါကလည်း ဟံသာဝတီဘုရင်ကို ကြိုဆိုကာ အခစားဝင်နေရပေဦးမည်။

ထို့ကြောင့် ဖြန့်ရာဇ်သည် ဟံသာဝတီဘုရင် ရောက်လာသည်အထိ ဆိုင်းငံ့မနေတော့ဘဲ အယုဒ္ဓယသို့ ပြန်လေသည်။ လမ်းခရီးတွင် မုတ္တမမြို့ အရှေ့ဘက်တစ်လွှားရှိ လူများကို သိမ်းယူသွားလေသည်။



သည်သတင်းကို ငါးဆူဒါယကာ နန္ဒဘုရင်သည် ဟံသာဝတီသို့ ရောက်မှ ကြားရသည်။ ဖြန့်ရာဇ်သည် သူ့ကို မကျိုးနွံသည်သာမက သူ့ပိုင် တ်များကိုပင် ထိပါးလာချေပြီ။ သည်အပြုအမူသည် ဟံသာဝတီဘုရင်အား သောင်ထားခြားနားသည့်သဘောပင်ဖြစ်၏။ သည်လုပ်ရပ်ကို လက်ပိုက်ပြီး ကြည့်နေလျှင် တစ်နေ့တခြား အတင့်ရဲလာပေတော့မည်။ ယခုကတည်းက အောင် နှိမ်ထားမှဖြစ်မည်။ ဤသို့ သဘောပိုက်မိသဖြင့် တိုက်ဆင်လေးရာ၊ င်းလေးထောင်၊ ရဲမက်ငါးသောင်းပါသော တပ်လေးတပ်ကို အယုဒ္ဓယသို့ လျင်ချီတက်စေသည်။ ဟံသာဝတီသို့ ရောက်သောအခါ သားတော် အိမ်ရှေ့ င်းသား အပါအဝင် တပ်ခုနစ်တပ်ကို ထပ်ပြီးစေလွှတ်ပြန်သည်။

ခမည်းတော်၏ အမိန့်ဖြစ်၍ အိမ်ရှေ့မင်းမှာ မနေသာပြီ။ ရဲမက် စ်သောင်းနှင့်အတူ ဗိုလ်ချုပ်အဖြစ် ဦးစီးကာ အယုဒ္ဓယသို့ ချီတက်ခဲ့ရသည်။ ဆုံးမှ ဆင်တပ်ကို အိမ်ရှေ့မင်းကိုယ်တိုင် ကွပ်ကဲ၏။ သူ၏ ဆင်တော်သည် အားသွန်ခွန်စိုက် ချီတက်လျက်ရှိသည်။ တစ်ဖက်တစ်ချက်တွင်လည်း ငယ်ကျွန် ၏ ဆင်များက ခြံရံလျက်လိုက်ပါလာသည်။

အင်းဝမှ အလျင်ချီတက်လာသော တပ်လေးတပ်နှင့် အိမ်ရှေ့မင်း င်းဆောင်သော တပ်များပေါင်းမိကြပြီ။ အားမာန်အပြည့်ဖြင့် ချီတက်လာ သာ မြန်မာတပ်များသည် အယုဒ္ဓယမြို့တော်၏ မြောက်ဘက် စက္ကလိအရပ် ရောက်လာသည်။ ထိုနေရာတွင် ဖြန့်ရာဇ်၏ တပ်များနှင့် ထိပ်တိုက်တွေ့ တော့၏။

အိမ်ရှေ့မင်းသည် ရှေ့ဆုံးမှ ဦးဆောင်ကာ အားသွန်၍တိုက်သည်။ က်စစ်သည်တော်များသည် သဲသဲမဲမဲ တိုက်ခိုက်နေကြ၏။ အယုဒ္ဓယတို့ က်မှ တလက်လက်သော ဓားချက် လှံချက်များသည် မိုးသီးမိုးပေါက်ပမာ ရောက်လာ၏။ ဟံသာဝတီတပ်များ အထိနာလျက်ရှိသည်။ ဆင်များ များလည်း သွေးကြောင်သွားပြီး နောက်ကြောင်းကိုသာ ပြန်လှည့်နေကြ သည်။ စစ်သည်များလည်း ကစင့်ကလျားဖြစ်ကုန်သည်။ တိုက်ပွဲတွင် မြန်မာ ဘက်မှ အရေးနိမ့်နေသဖြင့် ဆုတ်ခွာခဲ့ရသည်။ နောက်ရက်များ၌လည်း ရေးမလှ ဖြစ်နေပြန်သည်။ သေကြေပျက်စီးသူများ၊ အနာတရဖြစ်သူများ မနည်းတော့ပေ။ ရိက္ခာနှင့် ဆေးဝါးအခက်အခဲများကိုလည်း ကြုံလာ သည်။

သည်သတင်းကို ဟံသာဝတီမင်းတရား ကြားသိတော်မူလျှင် ဆင်မြင်း

www.burmeseclassic.com

www.burmeseclassic.com



အလုံးအရင်းလည်း နည်းလှသည်။ ယခုလို အခြေအနေမျိုးတွင် လုပ်ကြံရန် ခက်ခဲလှသည်။ မကြာခင်လည်း မိုးကျတော့မည်။ ရာသီဒဏ်ကိုပါ ထပ်ပြီး ခံရဦးမည်ဆိုပါက ဟံသာဝတီတပ်များအားလုံး ပြုန်းသွားပေတော့မည်။ မင်းတရားကြီးသည် ယခုလို တွက်ဆချင့်ချိန်ပြီးနောက် တပ်တော်များ ပြန်ခဲ့ရန် အမိန့်ချမှတ်တော်မူသည်။ သို့ဖြင့် အိမ်ရှေ့မင်းသား ဦးဆောင်သော မြန်မာတပ်များအားလုံး နေပြည်တော်သို့ ပြန်ခဲ့ကြတော့သည်။

ဗြဲနရာဇ်သည် အိမ်ရှေ့မင်းတို့ ပြန်လေပြီဟုကြားလျှင် ငါ့အကြံအတိုင်း ပြီးမြောက်လေပြီဟု ကြုံးဝါးလိုက်၏။

ဤသည်ကို မြန်မာတို့ဘက်မှာ မခံမရပ်နိုင်ဖြစ်ရသည်။ ဟံသာဝတီတွင်နေ၊ ဟံသာဝတီထမင်းကို စားခဲ့ပြီး မြန်မာတို့ သေနင်္ဂဗျူဟာ စစ်ပညာကို သင်ယူတတ်မြောက်သွားသူ ဗြဲနရာဇ်က ယခုလို ကြုံးဝါးသည်ကို အခံရခက်လှသည်။

သို့ဖြင့် ဟံသာဝတီဘုရင်သည် အယုဒ္ဓယသို့ ထပ်မံချီတက်နိုင်ရန် ခိုင်းပြင်းသည်။ စစ်ချီရန် ပြီးပြည့်စုံသည်နှင့် သားတော် အိမ်ရှေ့မင်းသားကိုပင် ဦးဆောင်စေကာ အယုဒ္ဓယသို့ ချီတက်စေပြန်သည်။ တိုက်ဆင်တစ်ထောင်၊ မြင်းတစ်သောင်းနှစ်ထောင်၊ စစ်သည်ရဲမက် တစ်သိန်းနှစ်သောင်းပါသော မြန်မာတပ်ကြီး ချီတက်သည့်အချိန်ကား ၉၄၇–ခုနှစ်၊ ပိတောက်တွေ ရွှေရည် လူးသည့် လတန်ခူးတွင်ဖြစ်သည်။

လကွန်းဟူသော အရပ်သို့ရောက်လျှင် ဗြဲနရာဇ်တို့ဘက်မှ ဆီးကြိုကာ စောင့်လင့်သည်။ မြန်မာတို့ဘက်မှ လေးတပ်ခွဲ၍တိုက်ရာ ဗြဲနရာဇ်၏ တပ်ဦး ငါးတပ်ပျက်ပြီး စုက္ကလိသို့တိုင်အောင် ဆုတ်သွားသည်။ ဗြဲနရာဇ်သည် မဆွကပင် သည်အရပ်တွင် ခံတပ်အခိုင်အလုံ တည်ဆောက်ထားပြီဖြစ်၏။ ယခု တပ်ဦး အရေးနိမ့်၍ ဆုတ်ခွာလာစဉ် စုက္ကလိခံတပ်၌ အခိုင်အမာ တပ်စွဲပြီး ခုခံသည်။ မြန်မာတို့ နှစ်ကြိမ်တိုင်တိုင် တိုက်သော်လည်း စိန်ပြောင်းအမြောက် ထူထပ် လှသောကြောင့် မပျက်ချေ။

ထို့ကြောင့် မြန်မာတပ်များ အပြင်ဘက်မှ တပ်အခိုင်အမာတည်ပြီး နေရသည်။ သည်လိုနှင့် တစ်လခန့်ကြာသွားသည်။ အခြေအနေ ဘာမျှမထူးခြား။ ဗြဲနရာဇ်ကလည်း မြန်မာတို့ကို မတိုက်ဘဲနေသည်။ ကြာလျှင် ရိက္ခာပြတ်မည်။ ရဲမက်တွေ အငတ်ဘေးကြုံရမည်။ သည်အခါမှ တပ်နှုတ်လျှင် အဆုတ်ခက်ချိမ့်မည်။ သည်တော့ ယခုပင်တိုက်မှ အရေးတော်ပြီးလွယ်မည်ဟု အိမ်



...ရှေ့မင်းသားက မိန့်သည်။ ဤတွင် ဗညားသေဥ်လုံက ယခုလို တင်လျှောက်သည်။

"အိမ်ရှေ့ကိုယ်တော်ကြီး၊ သူ့တပ်ကို တိုက်ရမည်လည်း သူကခံသည်။ ...ပ်ခိုင်လုံလှသည်။ ကျုံးမြောင်းလည်း ကျယ်လှသည်။ လက်နက်ကိရိယာ...သည်း ထူထပ်လှသည်။ သူ့ကျွန် အမတ်အပေါင်းတို့လည်း အသက်ကိုသေမည် ...ကြောက်။ သူတို့အရှင် ဗြဲနရာဇ်ကိုသာ ကြောက်သည်။ ယခု တိုက်မည်ဆိုပါ... သူ့အရပ်ဖြစ်၍ တောင်တက်ဝါးတိုးကြံရမည်။ သူထွက်၍ တိုက်ပါမည် ...သား။ မတိုက်၍ ရှည်လတ်သော် မျိုးရိက္ခာကုန်၍ ရဲမက်တို့ ငတ်မည်အမှန် ...ဖြစ်တော့သည်။ ဒါကြောင့် ဆုတ်ယောင်ပြ၍ သူ့ကို အလိုက်ခံပြီး တိုက်ရ...သော် မသင့်ပါလော"

အိမ်ရှေ့မင်းသားလည်း သည်အကြံကို သဘောတူသဖြင့် တပ်ကို ...တ်၍သွားမည့်အဟန်ပြုသည်။ ဤတွင်မှ ဗြဲနရာဇ်သည် ဆင်မြင်း အလုံးအရင်း ...နှင့် နောက်ကလိုက်လာသည်။

မြန်မာတို့ စစ်သုံးကြောင်းဖြန့်၍ခံသည်။ ဗြဲနရာဇ်၏ တပ်များသည် ...သကျာစစ်ကြောင်းကို တွေ့သော်လည်း မတိုက်ဘဲ လက်ဝဲကြောင်းကိုတိုက်သည်။ ဟံသာဝတီတပ်များ ကစင့်ကလျားဖြစ်သွား၏။ လက်ဝဲကြောင်းပျက်...လျှင် အလယ်စစ်ကြောင်းကိုတိုက်သည်။ ဟံသာဝတီတပ်များ ပျက်၍ဆုတ်ရ...ပြန်သည်။ လကျာကြောင်းကို တိုက်သည့်အခါတွင်ကား ဟံသာဝတီရဲမက်...များ အပြင်းအထန် ခုခံသဖြင့် ဗြဲနရာဇ်မတိုက်ဝံ့၍ ဆုတ်လေသည်။ ပျက်သည့် ...တပ်မှ လူသူဆင်မြင်းတို့ကို ဖမ်းဆီးခေါ်ဆောင်ကာ စုက္ကလိခံတပ်သို့ ပြန်...လေသည်။

အိမ်ရှေ့မင်းသားသည် ခမည်းတော်ထံမှ ပြန်ခဲ့ရန် အမိန့်မရသော်...သည်း ဆင်မြင်းလူသူတို့ကို ရုံးစုကာ ဟံသာဝတီသို့ ပြန်ခဲ့လေတော့သည်။

* * * *

အချိန်များစွာ ကုန်လွယ်သွား၏။ ထိုအတောအတွင်း စစ်အင်အားများ...ကို ဖြည့်တင်း၏။ စစ်သည်တို့အားလည်း မပြတ်စစ်ရေးလေ့ကျင့်စေသည်။ ...ယခုမှ စစ်အင်အားလည်းပြည့်ပြီး အယုဒ္ဓယစစ်ရေးတွင် ဘဝင်မကျဖြစ်နေ...သော ဟံသာဝတီဘုရင်သည် မှူးမတ်အပေါင်းကိုခေါ်၍ တိုင်ပင်တော်မူသည်။ ...သည်တစ်ကြိမ်တွင် ဗညားကျန်းတောက ယခုလို တင်လျှောက်သည်။

"အယုဒ္ဓယတို့ ပုန်ကန်သည်ကို နိုင်အောင် မနှိမ်နင်းချေက လင်း...

www.burmeseclassic.com

www.burmeseclassic.com



မိုင်းစံ၊ အဲကျော်၊ လဝိုက် အစရှိသော လက်အောက်ခံပြည်နယ်အပေါင်းက မရှိမသေရှိမည်။ အယုဒ္ဓယကို အလိုတော်ပြည့်မှ သားစဉ်မြေးဆက်တိုင်အောင် ပျော်ကျိုးနွံမည်။ သို့ပါ၍ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အလုံးအရင်းနှင့် ချီတက်ပါမှ အရေးတော်အောင်မည်ဖြစ်ကြောင်းပါဘုရား”

ဟံသာဝတီဘုရင်လည်း ဗညားကျန်းတော တင်လျှောက်သည်ကို ကျေနပ်နှစ်သက်တော်မူ၏။ သို့ဖြင့် ၉၄၈–ခုနှစ်၊ တန်ဆောင်မုန်းလတွင် အယုဒ္ဓယသို့ ကိုယ်တော်တိုင် ပါဝင်ချီတက်တော်မူသည်။ ချီတက်သည့် တပ်ပေါင်း နှစ်ဆယ့်လေးတပ်တွင် တောင်ငူဘုရင် မင်းရဲသီဟသူတပ်နှင့် တောင်ငူဘုရင့်သားတော် နတ်သျှင်နောင်တပ်လည်း ပါဝင်ခဲ့လေသည်။

❒ ❒ ❒

(၆)

# နတ်သျှင်နောင်နှင့် ချစ်ဦးသူ

နတ်သျှင်နောင် ...

သူမည်သူနည်း။

သူ့အကြောင်း ရှင်းလင်းသိသာနိုင်ရန် သူ၏ဘေးလောင်းတော်၊ ဘိုးလောင်းတော်များဖြစ်ကြသည့် တောင်ငူမင်း အစဉ်အဆက်ကို သိအပ်ပေသည်။

သက္ကရာဇ် ၈၄၇ ခုနှစ်တွင် ‘မဟာသီရိဇေယျသူရ’ ဘွဲ့ခံမင်းကြီးညိုသည် တောင်ငူ၌မင်းပြုသည်။ မင်းကြီးညိုလွန်သော်သားတော် ‘တပင်ရွှေထီး’ နန်းတက်သည်။ တပင်ရွှေထီး၏ လက်ျာလက်ရုံးကဲ့သို့ အားကိုးရသော သူရဲကောင်းစစ်သူကြီးမှာ ဘုရင့်နောင်ကျော်ထင်နော်ရထာ (မင်းကြီးဆွေ၏သား၊ ဿမည်ရှင်ရဲထွတ်) ဖြစ်သည်။ တပင်ရွှေထီးအား စစ်တောင်းစား သမိန်စောထွတ် လုပ်ကြံ၍ နတ်ရွာစံသည်။

---

* နတ်သျှင်နောင်တူသော အမည်ကို သကိုယပင့်ဟထိုး၍ ရေးသင့်ကြောင်း မြန်မာစာညွှန်ပေါင်းကျမ်း၊ ဒုတိယတွဲ၊ စာမျက်နှာ ၂၃ အောက်ခြေမှတ်စုတွင် ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တပင်ရွှေထီး မရှိပြီဟုကြားလျှင် ဘုရင့်နောင်၏ ညီတော်သီဟသူသည် ဟံသာဝတီမှ အလုံးအရင်းနှင့်တကွ တောင်ငူသို့သွားကာ သိမ်းပိုက်စိုးစံသည်။ ထိုအချိန်တွင် ဘုရင့်နောင်သည် ဒလတွင် ရောက်နေခိုက်ဖြစ်၏။ သီဟသူ တောင်ငူတွင် စိုးစံ၍ ခြောက်လမျှအကြာတွင် ဘုရင့်နောင်သည် တောင်ငူကို တိုက်ခိုက်သိမ်းယူသည်။ တောင်ငူကိုရလျှင် ညီတော်သီဟသူကို မည်သို့မျှ အပြစ်မပြု။ မလိမ္မာ၍ ဖြစ်ရသည်ဟု သဘောပိုက်ကာ 'မင်းခေါင်' ဟူသောအမည်ကိုပင်ပေးပြီး မင်းမြောက်တန်ဆာငါးပါးနှင့်တကွ ကေတုမတီ တောင်ငူတွင် ဘုရင်ခံအဖြစ် မင်းပြုစေသည်။

ဘုရင်မင်းခေါင်လွန်လျှင် သားတော်မင်းရဲကျော်ထင်ကို 'မင်းရဲသီဟသူ' အမည်နှင့် တောင်ငူမြို့ကိုပေး၍ မင်းပြုရသည်။ ထိုမင်းရဲသီဟသူကား 'နတ်သျှင်နောင်'၏ ခမည်းတော်ပင်ဖြစ်သည်။

နတ်သျှင်နောင်၏ မယ်တော်ဘက်တွင်ကား ဟံသာဝတီဘုရင့်နောင်မင်းတရားကြီးသည် အင်းဝရွှေနန်းကြော့ရှင်၏ သမီးတော်သိရိဘုန်းထွတ်ကို 'စန္ဒာဒေဝီ' ဘွဲ့နှင့် မိဖုရားမြှောက်သည်။ သမီးတော်မင်းခင်စောကိုမြင်သည်။ ထိုသမီးတော် မင်းခင်စောကို တောင်ငူမင်းရဲသီဟသူနှင့် လက်ဆက်စေရာ သားတော်ကြီးနတ်သျှင်နောင်နှင့် ညီတော်များဖြစ်သော မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ကို မြင်သည်။ ထို့ကြောင့် နတ်သျှင်နောင်သည် ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော်ပင်တည်း။

နတ်သျှင်နောင်သည် ငယ်စဉ်ကပင် အတီး၊ အမှုတ်၊ အဆိုတို့တွင် ဝါသနာထုံသည်။ စောင်း၊ ငြင်း၊ ပတ်သာ တူရိယာများ တီးခတ်ရာ၌လည်း ကျွမ်းကျင်သည်။ ထို့ကြောင့်လည်း ရတုကဗျာများကို ဖွဲ့နွဲ့စပ်ဆိုရာ၌ ဂီတပညာ၏ အထောက်အပံ့များကို များစွာရခဲ့သည်။

သူသည် ဆင်စီး၊ မြင်းစီးရာ၌လည်း ကျွမ်းကျင်သည်။ ဓားခုတ်လှံထိုးတွင်လည်း ပွန်းတီးသည်။ လုပ်ရည်ကိုင်ရည်နှင့်လည်း ပြည့်စုံသည်။ ထို့ကြောင့် ငယ်ရွယ်စဉ်ကပင် ခမည်းတော်တောင်ငူဘုရင် မင်းရဲသီဟသူ၏လက်ရုံးသဖွယ် ဖြစ်ခဲ့သည်။

နတ်သျှင်နောင်၏ မယ်တော်ဘက်မှ ဆွေမျိုးတော်စပ်သူတစ်ဦးသည် မိတ္ထီလာမြို့တောင်ဘက် ၇–မိုင်ခန့်အကွာ ရေဝေရွာသူကြီးဖြစ်၏။ နောင်တွင် ရေဝေရွာသူကြီးသည် သင်းပင်း (နောင်အခေါ် အာသာဝတီ) မြို့စားကြီးဖြစ်လာသည်။ ယင်းသင်းပင်းမြို့စားကြီးနှင့် ဇနီးတို့တွင် နှောင်းမွေးသမီးငယ် 'ရှင်ထွေး'



ဟုသုရှိသည်။ ရှင်ထွေးသည် အသက် ၁၀ နှစ်ကပင် အန်ချင်းစာဆိုမှုတွင် ကျွမ်းကျင်သည်။ သူ့အန်ချင်းများ စပ်ဆိုကြောင်းကို––

'စောလေ။ ။ လေသာဖြည်းညှင်း၊ ခန်းသာတွင်းဝယ်၊ အန်ချင်းဆိုစ၊ ငယ်နှစ်ကလျှင်၊ မြမြတင့်နေ၊ စုလည်းခွေဝယ်၊ စရွှေရောလျှံ၊ နီဖလံကို၊ တတ်ကြံမွှေ့သိမ်၊ ပန်းတိမ်လုပ်သည်၊ ပရိတ်ချည်နှင့်၊ လိမ်လည်ထွေးမျှ၊ ဦးမှုံလေးပြင်ကောင်း၊ သခင်နှောင်းသည်၊ သွယ်ပျောင်းနွဲ့စရာ၏လေ။ ။ ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့' ဟူ၍ဖွဲ့နွဲ့သည်။

ငယ်ငယ်ရွယ်ရွယ်နှင့် စာပေအထုံဝါသနာကြီးသူ ရှင်ထွေးလေးကို တောင်ငူဘုရင်၏ မိဖုရားကြီး မင်းခင်စောက မင်းစီးဝေါစေလွှတ်ပြီး နန်းတော်သို့ ခေါ်ဆောင်စေသည်။ ရှင်ထွေး ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သို့ဖြင့်––

'ရှင်ထွေးလှကို၊ ပေါက်ပြကျော်စော၊ မင်းစီးဝေါနှင့်၊ လျင်ဆောမကြာ၊ ဆောင်ယူလာသည်၊ ခြင်းရာသူ့ထက်၊ ထူးပေစွလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့' ဟု ဖွဲ့ဆိုခဲ့သည်။

မိဖုရားကြီးသည် ရှင်ထွေးကို သမီးနှင့်မခြား အမှတ်ထားကာ မိဖုရားအဆောင်နှင့်ကပ်လျက်ရှိသော မြင်းမိုရ်ထိပ်ပိတ် နေတံဆိပ်တပ်ဆင်ထားသည့် ရဝေဆောင်[၁]တွင် နေစေသည်။ ထိုစဉ်က ရှင်ထွေး၏အသက်မှာ ဆယ်ကျော်သက်အရွယ် အပျိုဖော်ဝင်စအချိန်ဖြစ်၏။ ဝင်းနှင့်အိပ်ဖန်နှင့် အစောင့်အရှောက်များထားကာ နေထိုင်စေသည်။ သူ့ကို နန်းတွင်းစာဆိုတော် အဖြစ် မိဖုရားကြီးက မြှောက်စားထားသည်ကိုလည်း – –

'စောလေ။ ။ မယ့်ကိုလည်းယူ၊ အိမ်ဖြူသာမြင့်၊ ဝင်းနှင့်အိပ်ဖန်၊ အားစဟန်ကား၊ ကြူးလွန်မအား၊ လူကိုထားဘိ၊ သိကြားသော်မျှ၊ ကြားကအပ်လျှောက်၊ ကြောက်ပင်ကြောက်လိမ့်၊ မီးပေါက်လေးမြား၊ တံခါးတိုင်းပင်၊ မြင်းဆင်ပိတ်မှု၊ အိပ်ဖန်ချ၍၊ ထိန်းယရွှေအုပ်၊ ရံကိုယ်လုပ်နှင့် ကျွန်ပ်စံစားရှာ၏လေ။ ။ ဖော်ချင်းတို့လေ ဖော်ချင်းတို့' ဟု ဝင့်ကြွားခဲ့သည်။

ရဝေရှင်ထွေးသည် တောင်ငူရွှေနန်းသို့ ရောက်ပြီးနောက် မိဖုရားကြီး အပါး၌ စာဆိုအဖြစ် ခစားစဉ် ဖြိုတိုက်ဝယ် အန်ဆိုပွဲကြီး ကျင်းပခဲ့သည်။ ၎င်းတွင် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြပြီး အထုံ

[၁] ရဝေဆောင်တွင်နေရသဖြင့် ရဝေရှင်ထွေးဟု ခေါ်တွင်လာကြောင်း ဆိုသည်။
ဆင်းအမည်နှင့်ပတ်သက်၍ ဖွင့်ဆိုချက်မူကွဲများ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာချင်းတူညီသော နတ်သျှင်နောင်နှင့် ရှင်ထွေးတို့ ခင်မင်လာကြသည်။ သည်မှတစ်ဆင့်တက်ကာ ရင်းရင်းနှီးနှီးရှိလာသည်။ ကြီးချင်းထားတော့ ကြီးချင်းငြိကြသည်။ နတ်သျှင်နောင်နှင့် ရဝေရှင်ထွေးတို့သည် တွေ့ဆုံဖန်များလာသောအခါ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုးသွယ်နှောင်မိကြတော့သည်။ မိမိတို့ချင်းရည်ငံလျက်ရှိကြသည်ကို တောင်ငူဘုရင် မင်းတရားနှင့် မိဖုရားကြီးတို့ ရိပ်မိသိရှိသွားကြမည်ကို ရဝေရှင်ထွေ ကြောက်ရွံ့စိုးရိမ်မိသည်တွင် – –

'စောလေ။ ။ ရေမြွှေသခင်၊ နတ်ရှင်နှစ်ပါး၊ လူထွတ်ဖျားလျှင်၊ ငါ့သားနှင့်ကျွန်၊ မထိုက်တန်ဟု၊ ရုံဖန်မေးမြူ၊ ရိပ်တော်မူမည်၊ မယ်ကြောက်သည်လေ။ ။ ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့' ဟု သောကကို အန်ချင်းဖြင့်ဖော်ပြခဲ့၏။ ပြီး –– နတ်သျှင်နောင်မင်းသား၏ အချစ်ကိုရသည်မှာ ဘေဘုလတောင်မှ ပျံကျလာသည့် ပတ္တမြားကို ကောက်ယူရရှိသကဲ့သို့ ဖြစ်နေသည်။ မတန်ပါဘဲနှင့် ကောက်ယူပန်ဆင်သူအား ဘုရင်မင်းတရားက ဖမ်းဆီးမည်ကိုလည်း သူကြောက်လှပါသည်။ သူသည် နတ်သျှင်နောင်အား ချစ်ရသည်မှာ မဝံ့မရဲဖြစ်နေသည်။ သို့သော် သူသည် ရင်ထဲက လှိုက်လှိုက်လှဲလှဲချစ်မိသည်၊

နတ်သျှင်နောင်ကလည်း ရဝေရှင်ထွေးကိုချစ်လှသည်။ ရဝေရှင်ထွေး၏ အလှတွင်လည်း ယစ်မူးနေသည်။ ထို့ကြောင့် ရဝေဆောင်တွင် အစောင့်အကြပ်တွေ ချထားသည့်ကြားမှပင် ရှင်ထွေးထံသို့ ကူးလာသည်။

ဆယ်ကျော်သက်ရွယ် ရှင်ထွေးကား ထိတ်လန့်လှပါဘိ။ သို့သော် ချစ်သူဆိုတော့ မနှင်ရက်ပြန်။ ပြီး–– နတ်သျှင်နောင်၏ စိတ်ကိုလည်း သူသိသည်လေ။ ဘာမဆို လုပ်မိလျှင် နောက်မဆုတ်တတ်သူ၊ ဇွဲနဘဲကြီးသူမဟုတ်လား။ ဇွတ်တရွတ်ကလည်း လုပ်တတ်ပါဘိ။ ချစ်ဦးသူ နတ်သျှင်နောင်အဆောင်မှပြန်ကြွသွားသည့်တိုင် ရှင်ထွေး၏ စိတ်အာရုံဝယ် မောင်တော်နတ်သျှင်ကိုသာ မြင်ယောင်နေသည်။ သူဆီလာစဉ်က လက်ထဲမှာသံလျက်တော်ကို ကိုင်လို့။ တိမ်မီးခိုးရောင်ကြာခြည်ပုဆိုး၊ အင်္ကျီက ကတ္တီပါအဝါနုရောင်။ အင်္ကျီခါးက တိုလွန်းလှသည်။ သည်တော့ ခါးကိုပတ်ပြီးထိုးထားသည့် မြရောင်စိမ်းနေသော ထိုးကွင်းကပေါ်နေသည်။ များများမပေါ်၊ ခါးတစ်ပိုင်းသာပေါ်နေသည်။ ခေါင်းပေါင်းကမူ စိန်ပန်းရောင်၊ မဉ္ဇူပန်းကိုလည်း ပန်ထားလိုက်သေးသည်။ သည်တော့ မောင်တော်ရဲ့အလှကို ယခုလိုစာဖွဲ့မိပြန်သည်။
'အစောလေ။ ။ ယနေ့တဆက်၊ ယမန်ရက်က၊ သန်လျက်ကိုင်ကာ၊ မယ်သို့



ာသည်၊ မင်းလျာမြရည်၊ ဆီးခဲ့သည်ကား၊ ကြာခြည်ပုဆိုး၊ တိမ်မီးခိုးသို့၊ ာင့်နိုးအကျော်၊ အင်္ကျီတော်လည်း၊ ရွှေလှော်ဆင်းဝါ၊ ကတ္တီပါတည့်၊ နှိုင်းရာ ပြား၊ မြဘက်ခါးကို၊ များများမဖော်၊ တစ်ခြမ်းပေါ်နှင့် ဗောင်းတော်စိန်ပန်း၊ ို့လွန်ထွန်းမှူ၊ ကြိုင်မွှန်းပျံ့လှောင်း၊ မွှေးပေါင်းနံ့ချည်း၊ ပန်းလည်းမဉ္ဇူ ်တော်မူ၍၊ ဇမ္ဗူကျွန်းရှင်၊ မယ်သက်တင်ကြောင့်၊ ထိပ်ပြင်ရှိလက်၊ လွမ်း ည့်ရက်ကို၊ လျှောက်မြွက်ရေစရှာ၏လေ ။ ။ ဖော်ချင်းတို့လေ ဖော် ျင်းတို့'

နတ်သျှင်နောင်မင်းသားသည် လွန်စွာလှပပြေပြစ်သည်။ ကျက်သရေရှိ ည်၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တောင်ငူထီးနန်းအမှန်ရမည်ကိုလည်း ိထားကြသည်။ သည်တော့ နန်းတွင်းမှ မင်းသမီးများ၊ ပျိုရွယ်သူမိန်းမချော လေးများကလည်း နတ်သျှင်နောင်အပေါ် စိတ်ညွှတ်ကြသည်။ တိတ်တခိုး ်နေကြသည်ကိုလည်း ရဝေရှင်ထွေးက ကြားသိပြီးဖြစ်သည်။

ရှင်ထွေး၏ မျက်စိထဲတွင်လည်း ထိုးကွင်းထိုးထားသည် သူ့မောင် ာင်နတ်သျှင်နောင်သည် ယောကျ်ားပီသလှသည်။ ယမန်ညလာစဉ်က ျှာင်ကေသာပေါ်မှာ မြဆံကျင်ထိုးလို့၊ ပုဆိုးကလည်း ကာသိခေါ်မဂေါ်တုမွ ည်ဖြစ်ပုဆိုးနှင့် ခံ့ညားထည်ဝါနေသည်ကို ယခုလို အန်ချင်းဖွဲ့ပြန်သည်။

'အစောလေ ။ ။ ယနေ့အပ၊ ယမန်ညလည်း၊ ဇောတမဏိ၊ ာတိဆင်ရင်၊ ရိပ်ရိပ်မြင်က၊ မရွှင်ညွတ်ပျောင်း၊ ကြည့်မိညောင်းဖွ၊ နန်းလောင်း ာား၊ သိကြားနှိုင်းရှဲ့၊ ပြိုင်တုမဲ့သည်၊ အိုဘဲ့မင်းသား၊ မြဘက်ခါးနှင့်၊ ျှာင်ကြားတော်တွင်၊ ဆံကျင်ပြည်ထိ၊ ဘက်မရှိတည့်၊ ကာသိခေါမ၊ တုမွမှာ၊ ကျသည်ပုဆိုး၊ မင်းဝတ်ရိုးလည်း၊ ကဲမိုးတုလွတ်၊ ဖိုးသိန်းခတ် ဘယ်နတ်ပေဟု၊ ညက်ခြေပျို့နှ၊ ရွယ်တစ်စုလျှင်၊ ချောမှူသိလို၊ မေးမြန်းဆို သံချိုပြောစရှာ၏လေ။ ။ ဖော်ချင်းတို့လေ ဖော်ချင်းတို့'

ပြီးတော့ နတ်သျှင်နောင်နှင့် လက်ဆက်ကာ စံမြန်းလိုသူတွေကိုလည်း ်မတန် သူကြည့်ဦးမည်။ သူ့ကို လာပြလှည့်ကြဟု စိန်ခေါ်လိုက်ပြန်သည်။

'စောလေ။ ။ သပြေမြရိပ်၊ ဇမ္ဗူဒိပ်ဝယ်၊ တကျိပ်ရင့်စင်၊ ဆတ္တရှင် မင်းတွင်မင်းမြတ်၊ ကျွန်းလုံးပတ်သည်၊ မန္တာတ်သည်းချာ၊ ဥပရာ့နှင့် ည်းလျာစိတ်တူ၊ စံလိုမူကား၊ ထိန့်ဆူကျောညာ၊ ရက်မျက်နှာဝယ်၊ စကြာမင်းဘာ၊ ထိပ်တင်၊ တောင်ငူရှင် ကျွန်တွင်တစ်ယောက်၊ စံတင်လောက်သည်၊ ပြိုင် ာက်မငြီး၊ အမတ်ကြီး၏ သမီးနှောင်းမြော်၊ ကြင်စပျော်လှ၊ ရှင်ထွေးမြကိုပြပါ

www.burmeseclassic.com

www.burmeseclassic.com



လော့လေ။ ။ ဖော်ချင်းတို့လေ ဖော်ချင်းတို့'

တစ်ခါက မြတ်စောညီနောင်ဘုရားသို့ ဘုရားဖူးသွားကြသည်။ ရဝေရှင်ထွေးက ပန်းခိုင်များယူလာသည်။ ပန်းခိုင်ကို နတ်သျှင်နောင်က တောင်းသဖြင့် ရဝေရှင်ထွေးက မှုဝေပြီး ဘုရားအတူဖူးကြ၏။ ရှင်ထွေး၏ရင်တွင်း၌ ဝမ်းသာကြည်နူးမဆုံး ဖြစ်ရသည်။ ရဝေဆောင် ပြန်ရောက်သည့်အခါ--

'စောလေ။ ။ အရှေ့ဘက်မှာ၊ ထွန်းတက်ရောင်ခြည်၊ သရထည်ဟု၊ နှစ်မည်ထွတ်ခေါင်၊ မြတ်ညီနောင်သို့၊ ရည်ဆောင်ပျော်ပါး၊ ရှိခိုးသွားသော်၊ ဘုရားမွေးထုံ၊ နဝဂုဏ်ထိ၊ မျက်စုံရတနာ၊ မယ်ဝယ်ပါသည်၊ ရောင်ဝါလှတင့်၊ ပန်းကိုးဆင့်ကို၊ ဘုန်းရင့်မြတ်လောင်း၊ လိုက်လှာတောင်း၍၊ ရှင်နှောင်းမြမြ၊ ရှင်ထွေးလှသည်၊ ဝေငှပေးစရာ၏လေ။ ။ ဖော်ချင်းတို့လေ ဖော်ချင်းတို့' ဟု ပေထက်အက္ခရာတင်ခဲ့သည်။

နတ်သျှင်နောင်နှင့် သူ့ညီတော်များ နန်းရှေ့ရင်ပြင် ဂူလိကွင်း၌ ဂူလိကစားလေ့ရှိ၏။ နန်းတွင်းမှ မင်းသမီးကလေးများသည် စိတ်ဝင်စားကြသည်။ ရဝေရှင်ထွေးကား ချစ်သူနတ်သျှင်နောင် ခေါင်းဆောင်ကစားနေသည်မို့ ပိုပြီးစိတ်ဝင်စားသည်။ သို့သော် ဂူလိကွင်းသို့ ကိုယ်တိုင်သွားရောက်ကြည့်ရှုခွင့်မရှိပေ။ သည်တော့ နတ်သျှင်နောင်ကိုယ်တော်ကို ပြိုင်ထိုက်သူရှိမည် မထင်ကြောင်း--

'စောလေ ။ ။ ခရိုင်သခင်၊ ရင်ထင်သာလှ၊ မြို့ပြဆင်မြင်း၊ လုံးရင်းလောက်တင့်၊ နန်းနှင့်ရိပ်ဖြူ၊ ဓမ္မူကွန်းစည်၊ အပြည်ပြည်ကို၊ စိုးမည်မင်းဖျား၊ ကျွန်တော်များနှင့်၊ ပျံလွှားနင်းဆွန့်၊ မြူးကွန့်လျင်စွာ၊ သရာဇာထက်၊ ဆည်းဆာမှိုင်းပြီ၊ ညချမ်းရီတွင်၊ ဂူလိသဘင်၊ နန်းရှေ့တွင်၌၊ ကစားကြိုက်တည့်၊ ပြိုင်ထိုက်မထင်၊ ရိပ်ကာမြင်က၊ သခင်ကြီးအောက်၊ စံမြောက်ရှပ်သွင်၊ သခင်လတ်နှောင်း၊ ရောင်ကောင်းဆင်ဝါ၊ မျိုးတော်ဖြာကို၊ မြော်သာစွလေ။ ။ ဖော်ချင်းတို့လေ ဖော်ချင်းတို့' ဟု ရေးဖွဲ့နေတော့သည်။

ချစ်ဦးသူနှင့် ချစ်ရည်လူးရသည့်အဖြစ်ကို ထပ်ပြန်တလဲလဲ စဉ်းစားကာ အခါခါ ကြည်နူးတတ်သည်မှာ ပျိုရွယ်သူတို့၏ သဘာဝပင်ဖြစ်၏။

နတ်သျှင်နောင်သည် ဆင်မြင်းအစောင့်အရှောက်တွေ အထပ်ထပ်ဝန်းရံထားသည့် ရဝေဆောင်သို့ ကျူးကျော်ဝင်ရောက်ကာ ရှင်ထွေး၏ အချစ်ကိုအရယူခဲ့၏။ သည်အဖြစ်ကို ပြန်လည်စဉ်းစားတိုင်း ချစ်သူရဝေရှင်ထွေး၏ ရှုပ်လွှာကလေးသည် သူ့မျက်စိအာရုံတွင် ပေါ်၍ပေါ်၍လာသည်။ ချစ်သူ၏



အလှသည် ဤလူ့ဘုံဝယ် ပြိုင်သူကင်းသည့်အလှဖြစ်သည်။ တင့်တယ်ကျစ်လျစ်သည့် သူ့ငယ်ကျွမ်းချစ် ရဝေရှင်ထွေးကို မြင်ရသူတို့ သည်းအူညွတ်ပျောင်းသွားရပေမည်။ ချစ်သူကလေး၏ အလှကို တွေးနေရင်းမှပင် သူ၏နှလုံးသားတွင်းမှ ကဗျာဉာဏ်သည် ယခုလို ယိုစိမ့်ထွက်လာလေတော့သည်။

'ညွတ်ညွတ်ညိုသွယ်၊ လူ့ဘုံဝယ်၌၊
နှုန်းနွယ်မဆဲ၊ ကင်းဝေလဲသား၊
ထက်ယဲမြင့်သွန်း၊ ခြောက်ဆောင်နန်းဝယ်၊
ရွှေဝန်းရံပတ်၊ စံသင့်မှတ်သား၊
ကြာဝတ်မဋ္ဌူ၊ ရေနန်းသူလည်း၊
ပြိုင်တူနှုန်းဆွယ်၊ မမျှဘွယ်တည့်၊
တင့်တယ်ကျစ်လျစ်၊ ငယ်ကျွမ်းချစ်ကို၊
တလှစ်ဓမ္မူ၊ မြင်တိုင်းသူတို့၊
သည်းအူညွတ်ပျောင်း၊ မျက်ခြည်ညောင်းမျှ၊
ပျို့လှောင်းကြိုင်ဆုံး၊ ကြက်ရုံးသဇင်၊
ပန်ဆင်စမှတ်၊ ကုံးတုလွတ်လည်း၊
ဝါကျွတ်လွန်ပြီ၊ ကျွန်းဆွယ်ရှိလိမ့်၊
လျှံညီပွင့်ဆိုင်း၊ ရှုမနိုင်းသည်၊
ဆက်တိုင်ပျော်ဘက်ရန်လှည့်လော။'

နတ်သျှင်နောင်သည် သူရောက်လေရာအရပ်တွင် ချစ်သူရဝေရှင်ထွေးကို သတိရသည်။ လွမ်းဆွတ်သည်။ ယခုလည်း သူသည် တောင်ငူမြို့၏ အရှေ့ဘက် လေးမိုင်ကွာတွင်ရှိသော မြင်ထင်ဘုရားသို့ ရောက်နေသည်။ ဘုရားရင်ပြင် မြင်ထင်ခြေတော်ရင်းဝယ်ထိုင်ကာ အဆွေးနယ်ချဲ့နေ၏။ ရှင်ဆော်မြတ်ဘုရားရှေ့ဝယ် တူယှဉ်တွဲကာ ဖူးချင်လှသည်။ ယခုတော့ မိမိတစ်ဦးတည်း။ အဖော်မပါသဖြင့် မပျော်နိုင်။ 'သံသရာမှ ကျွတ်ရပါလို၏' ဟု ဆုတောင်းလိုပါသော်လည်း ချစ်သူ (ရဝေရှင်ထွေး) မပါသဖြင့် ကျွတ်ဆုကိုပင် တောင်းမိတော့။ သည်အဖြစ်ကို စဉ်းစားရင်း ယခုလို နှုတ်မှရွရွ ရွတ်ဆိုမိပြန်သည်။

"ဖူးပါစေချင်၊ မြတ်ချစ်ရှင်ဝယ်၊ သက်ဝင်ကြည်ဖြူ၊ ... တော့သံမြ၊ တောင်းတို့ရ၏။ ကဲဆထပ်ကာ၊ နှောင်သာနှောင်... ဆော်နည်းတွင်၊ မြတ်မြင်ထင်ဝယ်၊ အိမ့်ရှင်ကလျာ၊ မယ်မပါမူ၊ မျှော်ကာခတည်း၊

www.burmeseclassic.com

www.burmeseclassic.com



မှုးမော်လည်ရှင့်၊ ကျွတ်မည်ဆုမျှ၊ မြွတ်ဟာမိန့်မြွတ်၊ မတောင်းတတ်ခဲ့၊ ရှိဝ
ပူဇော်၊ ကြည့်ရှု့မျှော်လည်း၊ ရှင်တော်ကြွင့်ငှန်း၊ ထွတ်ဦးစွန်းသည်။ ။ပြောင်းရွှ
ပြောင်ဝေဝှန်တော့သည်။ ”

နတ်သျှင်နောင်၏ အတွေးကား သည်တွင်မရပ်သေး။ ဆယ်ကြိ
ဆယ်ထပ်ဦးထားသော ရွှေစင်ကဲ့သို့ ကျက်သရေရှိလှသော ချစ်သူ ရှင်ထွေးကို
ကလေးဘဝ ဆံကေသာစည်းခါစမှ ချစ်ခဲ့ရပုံကိုလည်း ပြန်လည်တွေးမိ ပြ
သည်။ ယခုလို ဘုရားဖူးလာစဉ်ခိုက်ဝယ် ချစ်သူပါလာမည်ဆိုက သစ်ပင်ရိ
နန်းပေါ်က ရွှေကျေးမောင်နှံကဲ့သို့ လည်ချင်းနွှဲလျက် ချစ်ပါရဲ့လားဟု မေ
မိပေလိမ့်မည်။

သည်လိုတွေးရင်း နတ်သျှင်နောင်၏ နှလုံးအိမ်တွင်းမှ အနုအ
ကာရန်လှလှကလေးများ ယိုစိမ့်ထွက်ကျလာပြန်သည်။

“ဦးကာရွှေစင်၊ ဆယ်မီးတင်သို့၊ ကေရှင်သွယ်မြ၊ စည်းစကပင
သက်မျှမိပေ၊ မျိုးမြူတေကို၊ သက်ဝေမှူးမော်၊ မြင်တိုင်းမျှော်သို့၊ တိမ်ပေါ်လျှံထွန်း
သစ်ရိပ်နန်းက၊ ကြော့လန်းဆင်းဝါ၊ တောင်လှန်းကာလျှင်၊ သန္တာခြေဆွဲ
လည်ချင်းနွှဲ၍၊ ရောင့်ရဲပျော်ရေး၊ ပါစမ့်မေးလိမ့်၊ ကျူးအေးသာယာ၊ အခါသရ
သည်အဖြစ်ကို၊ ငယ်ချစ်မမြင်၊ ပျော်ဖွယ်ဖြင်မျှ၊ မြိုင်ခွင်ပတ်ဝန်း၊ ရှုဖွယ
ဆန်းသည်။ ။ ခေါင်နန်းခေါင်နေမှန်တော့သည်။”

နတ်သျှင်နောင်သည် ဘုရားရင်ပြင်တော်မှနေ၍ ပတ်ဝန်းကျင်က
လှမ်း မျှော်ငေးကြည့်မိပြန်သည်။ဖူးပွင့်ဝေဆာနေသော တောတစ်ခွင်မှာ ပျော်ရွှ
ကြည်နူးစရာကောင်းလှ၏။ သစ်ရိပ်များကလည်း အုပ်အုပ်ဆိုင်းဆိုင်း ရှုတိုင်းသာ
မောဖွယ်ကောင်းလှသည့် သည်တောတစ်ခွင်ကို ဖြတ်သန်းတိုက်ခတ်လာသော
လေပြည်ထဲတွင် မွှေးရနံ့တွေက ကြိုင်လှိုင်လို့နေသည်။ သည်လို အေးချမ်း
သာယာလှသည့် နေရာဒေသမျိုး လူ့ရွာတွင် ရှာပါက ရခဲလှပါဘိ။ နတ်သျှင်
နောင်သည် သူတွေ့မြင်နေရသည့် သဘာဝအလှတရားများကို လျစ်လျူမရှု
ရက်နိုင်။ စာဆိုပီပီ စာဆို့ဉာဏ်ဖြင့် တင်ပြနေမိပြန်သည်။

“ဖူးပြာဝေဆင်၊ တောတစ်ပြင်လည်း၊ ပျော်ချင်ဖွယ်သာ၊ မြိုင်ရိပ်
တာလျက်၊ နံ့သာကြိုင်မွှန်း၊ လှကြဥ္စာန်း၏၊ ပြိုင်မှန်းစံတည်၊ နှုန်းသင့်မည်
ကား၊ ဖွေနည်လူ့ရွာ၊ ရခဲစွာရှင့်၊ ဘယ်ညာရုံးသန်း၊ ရွှေပေါင်းဝန်းသည်။ ။
တောင်နန်းတောင်နေမှန်တော့သည်။”

နတ်သျှင်နောင်အဖို့ သည်လိုချည်း လွမ်းလိုက်၊ဆွေးလိုက်၊ ကြည်နူး



ကြိုက်ဖြင့် နေ၍မရပေ။ သူသည် ဆင်စီး၊ မြင်းစီး၊ စစ်ဝင်၊ စစ်ထိုး ကျွမ်း
ကျင်သည်။ သူ့သတင်းသည် ဟံသာဝတီ ရွှေနန်းအထိ မွှေးပျံ့လျက်ရှိသည်။

သည်တော့ ဟံသာဝတီနန္ဒဘုရင် အယုဒ္ဓယသို့ စစ်ချီသည့်အခါ သူ့
ညီတော် တောင်ငူဘုရင် တစ်တပ်၊နတ်သျှင်နောင် တစ်တပ်ဖြင့် အယုဒ္ဓယ
သို့ စစ်ချီလိုက်ပါရန် မင်းတရားထံမှ အမိန့်တော်ရောက်လာသည်။ ဤတွင်
သူ့ကဆိုခဲ့သည့်အတိုင်း သက္ကရာဇ် ၉၄၈–ခုနှစ်တွင် အယုဒ္ဓယစစ်သို့ လိုက်
ပါခဲ့ရသည်။

ခရီးတာ ကွာဝေးလှသဖြင့် စစ်ချီရက်များကြာညောင်းလာ၏။ စစ်မြေ
သို့ ရောက်သည်နှင့် ရန်သူကို အကြိမ်ကြိမ် လုပ်ကြံနေရ၏။ထို့ကြောင့် ဇာတိ
ဟောင်ချာ တောင်ငူ နေပြည်သာ၌ ကျန်ရစ်ခဲ့သူ ငယ်ချစ်ရဝေရှင်ထွေးကို လွမ်း
ဆွတ်သတိရသော်လည်း လွမ်းလို့ချည်းမနေအားပြန်။ အချစ်ရေးထက် စစ်ရေး
က ခက်နေချိန်မို့ ချစ်သူထံ ချက်ချင်းစာခွေ မပါးနိုင်ခဲ့ပေ။

တောင်ငူရွှေနန်းတွင် ကျန်ရစ်ခဲ့သည့် ရဝေရှင်ထွေးခမျှာ ချစ်ဦးသူ
နတ်သျှင်နောင်ကို လွမ်းတရုံမျှမက စစ်ထွက်သွားသူမို့ ပူပန်သောကရောက်
ပြန်သည်။ သည်တော့ မိန်းမသားပီပီ မွေ့ရာထက်မှာခွေပြီး လွမ်းဆွေး နေ
ရသည်။ လွမ်းတာရှည်လှသဖြင့် သူသည်းမခံနိုင်တော့ပါ။ ခွေနေရာမှထပြီး
သူ့အလွမ်းတွေကို ယခုလို ရင်ဖွင့်နေမိတော့သည်။

“ဝမ်းနည်းမပြေ။ ။ မွေ့ရာရွှေထက်၊ ကြာခွေသောတူ၊ မယ့်လွမ်းမှု
ကို၊ ကြင်သူသက်ဝေ၊ မသိလေတည့်၊ ဖျော်ဖြေလျက်ပင်၊ မရွှင်လှဆုံး၊ အုံး
ထက်လျှမ်းပြည့်၊ နေရှာလှည့်လျက်၊ မည်သည်မသိ၊ ကြည့်တိတိကို၊ မသိ
နိုင်ခါ၊ သူကတာ၍။ ။ ရွာတော့သည်လည်းမိုးသကြား။

လျှမ်းပြီးတစ်ထွေ။ ။ တောင်ကလေနှင့်၊ မြောက်လေရုက်ပြေး၊
ရာကြွေထွေးလျှင်၊ မြေးမြေးပျုပျု၊ နွေလမမည်၊ ချမ်းသည်မစဲ၊ ရာသီစွဲဝယ်၊
ခမ်းကွဲတမ်းဆွတ်၊ ဖြစ်စေတတ်သား၊ လှနတ်များရှင်၊ ဖန်စီရင်၍၊ မရွှင်တမ်း
တော်၊ အုံ့ပြုက်မနည်း၊ အလွမ်းသည်းအောင်၊ ဆည်းဘီသည်လော၊ မရောလင်းဝါ၊
ရှုပ်စစ်ပါ၍။ ။ဖြာတော့သည် လည်းတိမ်ညွန့်ဖျား။

ကမ်းလည်းအနေ။ မြစ်ရေမကြွ၊ စမ်းကျမနိမ့်၊ ကြည်အေးစိမ့်လျက်၊
တိမ့်အလုံး၊ လွမ်းဖုံးကောင်းကင်၊ နေကိုလျှင်လည်း၊ မမြင်တပ်တပ်၊ မိတ်
ဆက်ထပ်သော်၊ လှပ်လှပ်နွဲ့ရှာ၊ မဥ္ဇူကြာသို့၊ ဗျာပါထပ်ပွား၊ လွမ်းချင်းများကို
အားရစေတော့၊ လျှော့ကြီးလျှော့မှ၊ ရွှေလော့်အသွင်၊ ရှာထင်ဆယ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



မယုတ်လွန်သို့၊ စေကျွမလာ။ နှုတ်ဆင့်မှာ၍။ ။ ကြာတော့သည်လည်း မော စကား။"

* * * *

စေကျွန်မလာ၊ နှုတ်ဖြင့်မှာသည်လည်း ကြာပေမည်။ နတ်သျှင်နော ၏ တပ်အပါအဝင် ဟံသာဝတီဘက်မှ တပ်ပေါင်းနှစ်ဆယ့်လေးတပ်မှ တ သားများသည် အယုဒ္ဓယသို့ ရောက်လျှင်ပင်စစ်မျက်နှာဖြန့်၍ တိုက်ကြ တော့သည်။ အကြိမ်ကြိမ်လုပ်ကြံပါသော်လည်း အယုဒ္ဓယကို အောင်နိုင်ခြ မရှိသေးပေ။

အယုဒ္ဓယဘက်မှ ပြောင်းသေနတ်လက်နက်ကိရိယာများ ထူထပ် သောကြောင့် မြို့တွင်းသို့ မဝင်နိုင်။ သို့ဖြင့် အတိုက်အခိုက်ကို ရပ်နား မြို့ကိုဝန်းရံလိုက်ကြ၏။ ဝန်းရံသည်ဆိုသော်လည်း မြစ်ချောင်းများကကျယ်သ အတွက် မြို့ကိုပတ်မိအောင် ဝန်းရံခြင်းမပြုနိုင်ပေ။

သည်တော့ အယုဒ္ဓယတို့ဘက်မှ စားနပ်ရိပ်ကျွာများကို အလွယ်တ သွင်းနိုင်သည်။ ဟံသာသတီဘုရင့်တပ်များ ချီလာသည်ဟု ကြားကတည်းက ကျေးလက်ရွာလက်တွင်ရှိသော ဆန်၊ရေနှင့် သူရဲသူခက်များ ရွေးကာမြို့တွ သို့ ချည်းသွင်းထားပြီးဖြစ်ရာ ရန်သူဝိုင်းရံထားသည့်တိုင် ရိက္ခာမပြတ်ပေ

မြန်မာတပ်များကား ဝန်းရံရက်ကြာလာသည်နှင့်အမျှ ရိက္ခာပြတ်လ သည်။ သည်ကြားထဲ အယုဒ္ဓယတပ်များက လေးရက်တစ်ကြိမ်၊ ငါးရက်တ ကြိမ် မြို့တွင်းမှထွက်၍ တိုက်ခိုက်နေကြပြန်သည်။ သတိဝိရိယကြီးစွာ ဝ ရံနေရသည့်ကြားမှာပင် နတ်သျှင်နောင်သည် တောင်ငူနန်းတွင် ကျန်ရစ် ရဝေရှင်ထွေးကို လွမ်းဆွတ်သတိရနေမိသည်။

စစ်မထွက်မီက သူနေပြည်တော်ပြန်ရောက်မည့်ရက်ကို အချိန်းအချ ထားပြောကြားခဲ့သည်။ ပြောခဲ့သည့်ရက်များ ရောက်လာပြီမို့ ပြန်ချင်လှပါပြ သို့သော်စစ်မှာ ကြာညောင်းနေသဖြင့် ချစ်သူ ရှင်ထွေး မည်မျှပူပန်နေမည် သူမြင်ယောင်နေသည်။ မှာခဲ့ရက်တွင် နတ်သျှင်မောင်တော် ပြန်မရောက်နိ သဖြင့် ရေသွန်းသဘင်ကို မိတော့မှာမဟုတ်ဟုတွေးပြီး ရှင်ထွေးသည် ခေါင်းအုံ ထက်ဝယ် မျက်နှာအပ်ကာ ငိုကြွေးနေပေရော့မည်။

တန်ခူးလရောက်ပြီမို့ တောင်အရပ်ဆီမှ မိုးသံလေသံများ တခြိမ့်ခြ မြူးလာကြ၏။ မင်းလွင်မြူခိုးတွေကလည်း တောတောင်တခွင်တွင် အုပ်မိုးလ သပြီ။ ကောင်းကင်တစ်ပြင်လုံး အုံ့ဆိုင်းကာ ရုတ်တရက် လေမုန်တိုင်းကြီးက



ဆော့မည့်ဟန် ဆင်နေပြီ။တိမ်ညိုတိမ်မည်းများ အထပ်ထပ်အုံ့ယှက် လျှပ်းစီး ဆွေ တစ်ခါတစ်ခါလက်လိုက်၏။ မိုးသီးမိုးပေါက်များသည် တရဟော ရွာချ ဆော့သည်။ နတ်သျှင်နောင်သည် ရွာကျလာသော မိုးစက်မိုးပေါက်များကို ငေးမောကြည့်နေ၏။ မိုးစက်မိုးပေါက်များသည် အရောင်မရှိသော်လည်း ယော ရွက်ဝါများ၊မြစိမ်းရောင်သစ်ရွက်များအပေါ် ကျနေသဖြင့် အရောင်ဟပ်ပြီး ဝါသလိုလို၊ စိမ်းသလိုလို ထင်နေရသည်။

"သည်လိုအချိန်မျိုးမှာ မောင်ဘုရား ပြန်ခဲ့ပါ့မယ်၊ စိတ်ချနေပါ နေရယ်" လို့ ပြောခဲ့သော်လည်း ယခုမူ မပြန်နိုင်။ မောင်တော်ပြန်မရောက် နိုင်သည့် အတွက် ဖြူစင်ချောမွတ်လှသည့် ချစ်သူသက်ထား (ရဝေရှင်ထွေး) သည် ရေမတွေ့သောကြာပန်းလို ညှိုးနွမ်းပြီး နေထိသော ဖယောင်းလို စိတ် နှလုံးတော် နုံးခွေကာ လွမ်းဝေဒနာများကို ခံစားနေရပေတော့မည်။ ထို့ကြောင့် နတ်သျှင်နောင်၏ စိတ်များသည်ကောင်းကင်တစ်ခွင် လေပြင်ကိုခွဲပြီး ငှက်ထက် မြန်သော အဟုန်ဖြင့် ပျံတက်ကာ ချစ်သူထံ အရောက်သွားလိုက်ချင်၏။သည် တော့ ငှက်အသွင် ပျံတက်ရန် အတောင်ပံများကိုပင် ခတ်လုမတက်ဖြစ်သွား သည်။ သည်ခံစားချက်များသည် သူ့နှလုံးအိမ်မှ ယိုစီးကာ ပေထက်မှာအက္ခရာ ဆင်ပြီး ဖြစ်နေတော့သည်။

**"ပေါ်နွေလလျှင်၊ တောင်ကခြိမ့်မြူး၊ မင်းလွင်ဦးနှင့်၊ ပျံပျူးချုပ်သိုင်း၊ မိုးတိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း၊ ထွေထွေ ရှုန်းကာ၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို၊ မြရည်သက်မှတ်၊ ရောက်ခဲ့လတ်ဟု၊ ချစ်ထွတ်တင်သည်၊ ပြာစင်မွန်လတ်၊ ဖြူဝင်းမွတ်လျှင်၊ ကြာညွတ်ဖယောင်း၊ နေရှိန်ပြောင်းသို့၊ ဆင့်လောင်းလွမ်းဗုန်၊ ရှိလိမ့်ဟန်ကို၊ တိမ်စွန်လေလျှင်၊ ဖူး ဆောက်ချင်သည်၊ ငှက်သွင်ပျံကြွ မတတ်သော။"**

နတ်သျှင်နောင်သည် အယုဒ္ဓယကို ဝန်းရံထားရာ တဲစခန်းမှနေ၍ သာယာလှသော ဝန်းကျင်တစ်ခွင်ကို မျှော်ကြည့်နေမိသည်။ ပိတောက်တွေရွှေ ညည်လူးနေပါပေါ့လား။ ပုလဲငုံပုလဲပွင့်လိုလှသည့် ပန်းကလေးများ၊ဖွေးဖွေးဖြ ကာ မွှေးကြူလှသည့် စပယ်ပန်းများ၊ သေးသေးသွယ်သွယ် နုနယ်လှသည့်စံကား ပန်းများ၊ မြတ်လေးပန်းများကို တွေ့မြင်ရသည်။ သည်ပန်းကလေးများကို မြင်ရလေတိုင်း စစ်မထွက်မီက အဆောင်တော်ဘေးပန်းရုံမှ လှရာရာပန်းကလေး များကို ရွေးယူခူးဆွတ်ပြီး ချစ်သူ၏ ဦးခေါင်းထက်မှာ ကိုယ်တိုင် ပန်ဆင်ပေး ခဲ့သည်ကို သတိရနေမိပြန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ သူ့မှာ စစ်ထွက်နေရသည်မို့လှရာရာရွေးပြီး မပန်ဆင်ပေးနိုင်ခဲ့ပေ။ မောင်တော်ပြန်လာမှ ပန်ခိုင်းရန် ပူဆာမည်ဟု စိတ်ကူးထားသောပန်းများလည်း နွမ်းရော်ကြွေကျ မြေခကုန်ပြီ။ မောင်တော်ပြန်ရောက်ပါမည်ပြောထားသည့်ရက်တွင် ပြန်ရောက်မလာသဖြင့် ချစ်သူကတော့ မျှော်နေရှာမည်။ ယခုစစ်ထွက်ခဲ့ရသည်မှာလည်း ကိုယ်ရေးကိုယ်တာကြောင့်မဟုတ်၊ မင်းရေးမင်းရာ ဖြစ်နေ၍ မင်းတရားအမိန့်တော် မချမှတ်သေးသမျှ ပြန်၍မဖြစ်ချေ။ ချစ်သူ ကျေနပ်အောင် ချော့မော့ချေပဖို့ စစ်မြေတာကလည်း ဝေးကွာလှသည်။ သည်တော့ ချစ်သူခမျာ မျက်ရည်အသွယ်သွယ် ကျနေပေရော့မည်။

**"မျှော်ချေကလျှင်၊ ကာလအလျှောက်၊ ပိတောက်လျှံကဲ၊ ရွှေရည်ခွဲက၊ ပုလဲငုံသွယ်၊ အလှယ်လှယ်တည့်၊ စံပယ်ဖြူမွေး၊ စံကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ုပ်လက်နှင့်၊ ရွေးလျက်ရှုရှု၊ မဆင်ရတည့်၊ ကာလသို့အောင်၊ ရည်စောင်ပန်းမန်၊ မမီလွန်ခဲ့ ချိန်တန်သို့သည်၊ မြန်မည်လေသာ၊ မရောက်လာဟု၊ ကြံထားခွေ၍၊ နေလိမ့်မည်ကို၊ ရှိသည်မှုရန်၊ မင်းရေးဝန်ကြောင့်၊ လျှောက်ဝန့်စေရှား မချေရသော်၊ ပြိုက်ကျသွယ်ဖြည်း၊ နှင်းထက်သည်းလျက်၊ ဝမ်းနည်းလျက်ပင်၊ ယိုလိမ့်ထင်သည်၊ ညက်စင်စံများအထွတ်သော်။"**

နတ်သျှင်နောင်၏ အတွေးများသည် စစ်မထွက်မီကာလဆီသို့ ရောက်သွားပြန်သည်။ မောင်တော် စစ်ထွက်ရမည်ဆို၍ စိတ်နှလုံးမကြည်မသာ မှုဆွေးနွမ်းနယ်နေသော နှမတော်ကလေး အလွမ်းပြေမှပြေစေတော့ဟု ယုယပိုက်များကာ "စိတ်မပူပါနဲ့နှမတော်ရယ်၊ ကောင်းကင်ထက်မှာ မိုးသံလေသံတွေ ထင်ထင်ရှားရှား မထစ်ချုံးခင် ရန်သူကို နှိမ်နင်းအောင်မြင်ပြီး ပြန်ခဲ့မှာပါ"ဟု မှာထားခဲ့မိသည်။

ခုတော့ဖြင့် ပြောခဲ့သည့်အတိုင်း မပြန်နိုင်။ ငယ်ချစ်ခမျာ ဆံပင်များကိုပင် ကောင်းစွာမဖီးသင် မထုံးဖွဲ့နိုင်ဘဲ မှီအုံးထက်မှာ နွမ်းရိခွေနုံးနေရှာပေရော့မည်။သည်လိုတွေးမိသဖြင့် နတ်သျှင်နောင်သည် လွန်စွာဝမ်းနည်းပူဆွေးမိသည်။ သတိတရားဖြင့် ထိန်းချုပ်ပါသော်လည်း သည်အပူသည်ပြေမည်ဝေးစွ၊ ချစ်မိသည့်ဝန်သာ ပိုလေးလာတော့၏။ ချစ်သူကို တွေ့ချင်လှသည့်စိတ်များ၊ နေပြည်တော်ပြန်လိုသည့် စိတ်များသည် သူ့နှလုံးအိမ်အတွင်းမှ ယခုလို ယိုစီးစိမ့်ကျလာတော့သည်။

**"ဖျော်ဖြေမှလျှင်၊ ယုယသံချို၊ ပြေလိုစိမ့်သား၊ ကျူးပိုက်ဖျား၍၊ ချီးသွားမုံးမုံး၊ နွေရက်ဦးက၊ မကျူးထင်ထင်၊ ကဆုန်တွင်ကို၊ ကျိုင်းစင်မြခဲ၊ စစ်ရန်နှည်၊ ပြည်လျှင်းမည်ဟု၊ နှုတ်ခြည်ပေါ်သာ၊ ဆိုလေရှာသော်၊ မာလာရနံ့၊ ဆံပုံ့ပန်းသတ်၊ ခြူးနှုတ်ဆင့်ကုံး၊ စိန်ပွင့်အုံးဝယ်၊ ပင့်ရုံးရှုရှု၊ လက်သင်မ၍၊ ဆက်မျှငယ်ချစ်၊ ပျောင်းလိမ့်ဖြစ်ကို၊ စိစစ်မိမိ၊ သတိချုပ်ဆည်၊ ပြေမည်မျှဝေး၊ ချစ်ဝန်လေးခဲ့၊ ရေးရေးဖူးချင်၊ မယ်သို့လျှင်သည်၊ စက်ရှင်လျှံမျှရဟတ်သော။"**



သည်လို စာဖွဲ့ခဲ့သော်လည်း ချစ်သူထံ မပို့နိုင်။သူတို့စစ်သည်ရဲမက်များသည် ရန်သူကိုသာ အမြဲသတိရှိရှိ စောင့်ကြည့်နေကြရသည်။ သည်ကြားထဲ အယုဒ္ဓယတပ်များက လေးရက်တစ်ကြိမ်၊ ငါးရက်တစ်ကြိမ်ခန့် မြို့တွင်းမှ ထွက်ထွက်ပြီး တိုက်နေကြပြန်သည်။

အယုဒ္ဓယမြို့ကို ဝန်းရံပိတ်ဆို့မှုကြာလေလေ စားနပ်ရိပ်ကွာဆွန့်ရှားသလေ၊ စစ်သည်များ အင်အားယုတ်ပြီး အဖျားအနာများလာလေလေ ဖြစ်နေတော့သည်။

ဤတွင် နန္ဒဘုရင်လည်း စစ်သူကြီးများ စစ်ကဲ များကိုခေါ်၍တိုင်ပင်တော်မူ သည်။

"စစ်တို့၏သဘောသည် ငါတို့ရဲမတ်အင်အားရှိ၍ သူ့အင်အားနည်းမှ သူတို့ကို တိုက်ခိုက်ခြေမှုန်းနိုင်မည်။ ယခု ငါတို့ရဲမက်များ အနာအဖျားများနေသဖြင့် အင်အားနည်းလှသည်။ ပသို့ကြံလျှင် သင့်မည်နည်း"

သည်အခါ သက်ရှည်ကျော်ထင်အမတ်ကြီးက ယခုလို တင်လျှောက်သည်။

"မှန်လှပါဘုရား။ ယခု အယုဒ္ဓယကို လုပ်ကြံသည်မှာ ခုနစ်လခန့်ရှိပါပြီ၊ မြို့ပြခိုင်လုံပြီး မြစ်ချောင်းကျုံးမြောင်းကလည်း ကျယ်လှသည်။သည့်အတွက် အောင်နိုင်ခြင်းမရရှိပါ။ ရဲမက်တော်တို့ကလည်း အစားအသောက်ဆာမွတ်လှပါသည်။သည်တစ်ကြိမ် ပြန်တော်မူ၍ ဆင်မြင်းဗိုလ်ပါ ဖြည့်တင်းကာ မိုးစဲလေသာကို စောင့်သင့်ကြောင်းပါ။သည့်အပြင် နိုင်ငံတော်အတွင်းရှိ ဆီးဆောင်းမင်းများကိုလည်း စည်းရုံးပြီးမှ လုပ်ကြံမည်ဆိုလျှင် အယုဒ္ဓယတို့ခံနိုင်မည်မဟုတ်ကြောင်းပါဘုရား။"

နန္ဒဘုရင်လည်း သက်ရှည်ကျော်ထင်၏ တင်လျှောက်ချက်ကို လက်ခံတော်မူသည်။ သို့ဖြင့် ဒဏ်ရာရစစ်သည်များ၊ နာမကျန်းစစ်သည်များကို ရှေ့သွားစေ၍ ကကြပ်မက်အုပ်ချုပ်ပြီး ဟံသာဝတီသို့ အလျင်ပြန်နှင့်စေသည်။

တောင်ငူဘုရင့်တပ်နှင့် သားတော် နတ်သျှင်နောင်၏ တပ်တို့ကိုမူ နောက် အုပ်ခန့်တော်မူ၍ မင်းတရားသည် နေပြည်တော်သို့ပြန်တော်မူ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီဘုရင် ပြန်ပြီဖြစ်ကြောင်းကြားလျှင် ဇြနရာဇ်သည် မြို့မှထွက်၍လိုက်သည်။ အင်းတော်အရပ်သို့ရောက်လျှင် တောင်ငူဘုရင့်တပ်နှင့် နတ်သျှင်နောင်တို့က ဆီးကြိုတိုက်ခိုက်ကြသည်။နတ်သျှင်နောင်တို့ သားအဖ တပ်များကို အယုဒ္ဓယစစ်သည်များ မယှဉ်နိုင်ပြီ။ ထို့ကြောင့် ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ အင်းတော်အရပ်မှ လှည့်၍ပြန်သွားသည်။

သက္ကရာဇ် ၉၄၈–ခု၊ တန်ဆောင်မုန်းလဆန်းရက်တွင် အယုဒ္ဓယသို့ ချီတက်သွားသော စစ်သည်တော်များသည် ၉၄၉–ခု၊ ဝါဆိုလဆန်းတွင် ဟံသာဝတီသို့ ပြန်လည်ရောက်ရှိလာကြတော့သည်။

* * * *

တောင်ငူဘုရင်နှင့်သားတော် နတ်သျှင်နောင်တို့တပ်များလည်း ကေတုမတီ တောင်ငူသို့ ပြန်လည်ရောက်ရှိကြပြီ။

တောင်ငူနန်းတွင်အေးချမ်းစွာ နေရသည့်အချိန်များအတွင်း နတ်သျှင်နောင်နှင့် ချစ်ဦးသူ ရဝေရှင်ထွေးတို့သည် ပြုံးပျော်ရွှင်ပြ ကြည်နူးကြကြင်နာယုယ ချော့မော့ကြနှင့် ရက်လတွေပြောင်းခဲ့သည်။ တစ်နေ့တွင်––

"––ဓမ္မာရုစ်စတော၊ ရွှေထီတာဆန်း၊ လင်ပန်းမနော၊ သင်ျောမြစွန်း ပျို့စွမ်းရည်လေး၊ သန္ဓေထူးခြား၊ ပတ္တမြားတီ၊ ကိုးပါးမျက်စီ၊ သိင်္ဂီရည်ပျောင်း စလောင်းဖက်လွှတ်၊ နဝရတ်နှင့်၊ ရဲထွတ်စံတင်၊ ဆဒ္ဒန်ရှင်ကို၊ နှောင်းမြင်ငြိမ့်လေး၊ စာတော်ကျွေးသည်၊ ချစ်ရေးအရ" ယူခဲ့သည်ကြောင့် ရဝေရှင်ထွေးသည် နတ်သျှင်နောင်၏ ကိုယ်လုပ်တော်[၁] ကလေး ဖြစ်လာရသည်။

သူသည် နတ်သျှင်နောင်အား အသက်တမျှချစ်သည်။ နတ်သျှင်နောင်သည် သူ၏ချစ်ဦးသူလည်းဖြစ်သည်။သို့သော် သူသည် ထိုက်ထိုက်တန်တန် စည်းစိမ်မခံစားရပေ။ ကိုယ်လုပ်တော်ဘဝနှင့်သာ နေခဲ့ရသည်။ ထို့ကြောင့်လည်း တစ်ကြိမ်တွင် သူ့အား နန်းမရာထား မိဖုရားအဖြစ် စံစားစေနိုင်ပါမည်လားဟု နတ်သျှင်နောင်ထံတွင် အန်ချင်းဆို၍ မေးလျှောက်ခဲ့မိသေးသည်။

**"နန်းပွင့်လျာမှာ၊ မကွာမကင်း၊ ယခုရင်းမှ၊ ရာစင်းစကြာ၊ စံသောခါ**

---

၁။ နတ်သျှင်နောင်တွင် ၁။ မင်းရဲထိန်းမယ်တော် ကိုယ်လုပ်တော်တစ်ပါး ၂။ မင်းရဲတိုင်သမီးကိုယ်လုပ်တော် တစ်ပါး။ ၃။ ကိုယ်လုပ်တော်ခင်လတ်၊ ၄။ သက်တော်ရှည်သမီး ကိုယ်လုပ်တော်တစ်ပါး။ ၅။ ကိုယ်လုပ်တော် ခင်မျိုးတစ်ပါးရှိကြောင်း မှန်နန်းရာဇဝင် တတိယတွဲ စာမျက်နှာ ၁၇၀ ၌ ပြထားသည်။



**သယ်၊ ရှိကြာလက်အုပ်၊ ဆယ်ချောင်းရုပ်၍၊ ကျွန်ုပ်လျှောက်သည်၊ ယင်းအမည်နှင့်၊ ရွှေရည်ဇဝါ၊ ဝေါပလာဝယ်၊ လျှံဝါကြိုလျက်၊ မြက်ဆက်တကာ၊ စံမြဲစာကို၊ ပေးပါမည်လော၊ လျှင်ဆောလျှောက်ကြား၊ ချစ်စကားလေ။ ဖော်ချင်းဆိုလေ ဖော်ချင်းတို့"**

ရဝေရှင်ထွေးက မလျှောက်ဝံ့ဝံ့၊ လျှောက်ဝံ့ဝံ့ဖြင့် ယခုလို မေးလျှောက်သည်။ရှင်ထွေးအား ချစ်လှပါသည်ဆိုသော နတ်သျှင်နောင် နှုတ်ဆွံ့ရပြီ။မိဖုရားမြှောက်ထိုက်ရအောင် ရဝေရှင်ထွေးသည် မင်းသွေးမဟုတ်သဖြင့် နတ်သျှင်နောင်သည် ခပ်မဆိတ်ပင် နေလိုက်သည်။ ရှင်ထွေးကံကား ခေလှပါဘိ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

(၇)

# ရှိုင်းပါဘိမယ့်ကြမ္မာ

BURMESE CLASSIC

ဟံသာဝတီနန္ဒဘုရင် အယုဒ္ဓယသို့ စစ်ချီထွက်နေစဉ်အတောအတွင်း နိုင်ငံတော် အုပ်ချုပ်ရေးမှအစ ကိစ္စအဝဝ စီမံခန့်ခွဲရန် သားတော် အိမ်ရှေ့မင်းသား မဟာဥပရာဇာမင်းကြီးစွာကို လွှဲအပ်ခဲ့သည်။

သည်အခွင့်အရေးရရှိသဖြင့် အိမ်ရှေ့မင်းသားသည် များစွာ ဝမ်းသာကျေနပ်သွား၏။ နိုင်ငံတော်ကို အုပ်ချုပ်ခွင့်ရ၍ကားမဟုတ်ပါ။ ယခုလို ခမည်းတော်မရှိခိုက် ချစ်သောဓာတုကို သိမ်းပိုက်လိုသောကြောင့်ဖြစ်သည်။

ယခင် ခမည်းတော် နန္ဒဘုရင် အင်းဝသို့ချီစဉ်က သည်အခွင့်အရေးမျိုး တစ်ကြိမ်ရရှိခဲ့သည်။ ထိုစဉ်က ဓာတုကလျာသည် ဘိုးတော် ဘုရင့်နောင်မင်းတရားကြီး၏ ကုသိုလ်တော်ဖြစ်သော မဟာစေတီအနီး ယာယီတဲတော်သို့ ထွက်ကြွကာ ဒက္ခိဏာရုံဆရာတော်ကြီး၏ ကျောင်း၌ ဥပုသ်သီတင်းဆောက်တည်ကာ နေခဲ့သည်။

ဆရာတော်ဘုရားကြီးအား ကြောက်ရွံ့ရိုကျိုးရသည်မို့ အိမ်ရှေ့မင်းသားသည် အကြံအိုက်ခဲ့၏။ သည်အထဲ အင်းဝသို့ စစ်ကူသွားရမည့် ဗြနရာဇ်က အင်းဝသို့မသွား၊ ဟံသာဝတီသို့ ဦးလှည့်လာသဖြင့် နေပြည်တော် လုံခြုံ



ရေးအတွက် ဦးစားပေးဆောင်ရွက်နေရသောကြောင့် ဓာတုကလျာအား သိမ်းပိုက်ရန် အကြံအစည်ကို လက်လျှော့လိုက်ရသည်။

ယခု ခမည်းတော် စစ်ချီသွားပြီမို့ အခွင့်အရေးတစ်ရပ် ရရှိပြန်ချေပြီ။ သည်တစ်ကြိမ်တွင် လက်ဦးမှုရအောင် ဆောင်ရွက်မှဖြစ်မည်။ မဂ်လာစေတီတော်အနီး မသွားရောက်မီ၊ ဒက္ခိဏာရုံဆရာတော်ဘုရားထံပါး တရားရိပ်ကို ခိုလှုံမိ ကြိုတင်တားဆီးနိုင်ဖို့လိုသည်။ သည်လိုအကြံပေါ်လာသဖြင့် အိမ်ရှေ့မင်းသားသည် မိမိ၏ ငယ်ကျွန်တော်များကို တစ်ပင်တိုင်နန်းဝန်းကျင်တွင် စောင့်အနေချထားလိုက်သည်။ ပြီးတော့ ဓာတု၏အဆောင်တော်သို့ မည်သူမျှ အဝင်အထွက်မရှိစေရန်လည်း တင်းကြပ်စွာ တားမြစ်ရန် အမိန့်ချမှတ်လိုက်၏။ သည်လိုအကာအကွယ်များထားပြီးသည်နှင့် ဓာတုကလျာအား သိမ်းပိုက်ရန် အစီအစဉ်များကို ပြုလုပ်တော့သည်။

ဓာတုကလျာသည် ဟံသာဝတီဘုရင်ကိုယ်တိုင် အယုဒ္ဓယသို့ စစ်ချီသွားပြီဆိုသည်နှင့် ရတက်မအေးဖြစ်ရသည်။ ယခုလို တိုင်းရေးပြည်ရေး ရှုတ်ထွေးလာလျှင် စိတ်အေးချမ်းသာစွာ မစံစားနိုင်ပြီ။ ဟံသာဝတီဘုရင်သည် ခမည်းတော်ဘုရင့်နောင်မင်းတရားကြီးနှင့်မခြား သူ့အား ချီးမြှင့်မြှောက်စားတော်မူခဲ့သည်မို့ ကျေးဇူးကြီးလှပေသည်။ မင်းတရား၏ ဘုန်းရိပ်ကို ခိုလှုံကာ အေး ချမ်းစွာ နေရသည့်အတွက် မင်းတရားကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေချင်သည်။ ဘုန်းရှိန်ကြီးမားစေလိုသည်။ စစ်ထွက်လျှင် အောင်ပွဲရစေလိုသည်။ ဤသည်တို့မှာ ကျေးဇူးတရားသိတတ်သော နှမတော်တစ်ယောက်၏ ဆန္ဒမွန်သာဖြစ်၏။ ထို့ကြောင့် မဟာစေတီတော်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပြီး ဆုတောင်းမေတ္တာ ပို့သလိုသော ဆန္ဒရှိသည်။

တစ်ကြောင်းလည်း ယခုလို မင်းတရားမရှိခိုက် အိမ်ရှေ့မင်းသား၏ အန္တရာယ်ကို ရှောင်တိမ်းလိုသည်။ သို့ဖြင့် မင်းတရား စစ်ချီထွက်သွားပြီဆိုသည်နှင့် မင်္ဂလာစေတီအနီး ယာယီတဲကျောင်းသို့ ထွက်ကြွကာ ဆရာတော်ဘုရားကြီး၏ အဆုံးအမကို ခံယူဖို့ စီစဉ်တော့သည်။

သို့သော်....ဓာတုကလျာ၏ အစီအစဉ်များ ပျက်ပြယ်ခဲ့ရသည်။ အစစအရာရာ ပြင်ဆင်ပြီး အထိန်းတော်ကြီးနှင့်တကွ အပျိုတော်များနှင့် ထွက်ကြွလာသော ဓာတုကလျာသည် အိမ်ရှေ့မင်းသား၏ အမိန့်ဖြင့် မင်းလုလင်များ၏ တားဆီးခြင်းကို ခံရတော့သည်။ ဝင်းတော်၏ အပြင်သို့ မည်သူမျှ ထွက်ခွင့်မရတော့ပေ။ အိမ်ရှေ့မင်းသား၏ အကြံတော်ဦးသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်နန္ဒဘုရင် အယုဒ္ဓယစစ်မြေပြင်သို့ ရောက်ပြီဆိုသည့် သတင်းရလျှင်ရချင်း အိမ်ရှေ့ဥပရာဇာမင်းကြီးစွာသည် မာတုကလျာအား မင်္ဂလာအခမ်းအနားဖြင့် မိဖုရားမြှောက်လိုက်တော့သည်။ သည်မင်္ဂလာအခမ်းအနားကို မည်သူမျှ မကန့်ကွက်ဝံ့ကြ။ မဟန့်တားနိုင်ကြပေ။ ကန့်ကွက်နိုင်သူ၊ ဟန့်တားဝံ့သူလည်း မရှိပြီ။ အိမ်ရှေ့မင်းသား၏ မယ်တော်သည်ပင် ဟန့်တား၊ ကန့်ကွက်ခြင်း မပြုနိုင်ပေ။

မဟာဥပရာဇာ အဓမ္မသိမ်းပိုက်လိုက်သဖြင့် ရာဇမာတုကလျာသည် အသက် ၂၇ နှစ်တွင် အိမ်ရှေ့မိဖုရားဖြစ်လာခဲ့ရတော့သည်။

ဟံသာဝတီ၏ အိမ်ရှေ့မိဖုရားဖြစ်လာသည့်အတွက် မာတုကလျာ ပျော်နိုင်ပါရဲ့လား။ ကြည်နူးဝမ်းမြောက် ဖြစ်ပါရဲ့လား။

သူ မပျော်နိုင်ပါ။ ကြည်နူးဝမ်းမြောက်ခြင်းမဖြစ်ပါ။ သူသည် တရားမမှုနှင့် အေးချမ်းစွာနေလေ့ရှိသည်။ ဉာဏ်ကြီးမားလှသည်။ ထို့ကြောင့်လည်း ယခုထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပူလောင်သောအချစ်ဖြင့် မချစ်ခဲ့ဖူး။

ပြီးတော့ "မိန်းမတို့၌ အစောင့်အရှောက်ဖြစ်သော တရားမှာ ဟိရိဩတ္တပ္ပတည်းဟူသော တရားနှစ်ပါးသာ ဖြစ်လေသည်"ဆိုသည့် အဆုံးအမကို လိုက်နာသူလည်းဖြစ်၏။ သူသည် အရှက်အကြောက်ကြီးမားလှ၏။

အင်းဝနှင့် ဟံသာဝတီမှာ တစ်နွယ်တည်းဆင်းခဲ့ကြသည့် ဆွေတော်မျိုးတော်ရင်းတွေဖြစ်၏။ သူနှင့်ပတ်သက်၍ စစ်ပြိုင်ဆိုင်ပြီး အရှုံးအနိုင်တိုက်ခိုက်ကြသည်မှာ ပြည်ထောင်မင်းတွေကြားလျှင် ရှက်စရာအလွန်ကောင်းလှသည်။ အိမ်ရှေ့မင်းသားသည် သူ့အပေါ်သာ မေတ္တာတိမ်းညွတ်ပြီး အင်းဝမင်းသမီး နတ်ရှင်မတ်တော်အား လုံးလုံးလျားလျား ပစ်ပယ်ထားသည့်အတွက် သူ့ကို အခဲမကြေဖြစ်နေပြီလား။ မိန်းမချင်း ကိုယ်ချင်းစာနာစိတ်ကြောင့် မာတုကလျာ၏ ရင်ထဲတွင် မွန်းကျပ်နေသည်။ သူ အားကိုးအားထားပြုနေရသည့် ဟံသာဝတီဘုရင် မရှိခိုက် ယခုလို အဓမ္မသိမ်းပိုက်ခြင်း ခံရသည်ကိုလည်း ရင်ထဲတွင် တနုံ့နုံ့ခံစားနေရသည်။ ဝမ်းနည်းကြေကွဲနေရသည်။

"မာတုလေ....အစ်မတော်ကို ပူဆွေးသောကရောက်ပါစေဆိုတဲ့စိတ်၊ နှမ်းစေ့လေးတစ်စေ့လောက်တောင် မရှိပါဘူး အစ်မတော်ရယ်။ မာတုကို ခွင့်လွှတ်ပါ"

နတ်ရှင်မယ်တော်က သူ့ရင်တွင်းစကားကို မကြားနိုင်သော်လည်း



ကြားနိုင်ဘိသို့ မာတုသည် ရင်ထဲကတောင်းပန်နေမိတော့သည်။

* * * *

နန္ဒဘုရင်သည် အယုဒ္ဓယစစ်မှ ဟံသာဝတီသို့ ပြန်လည်ရောက်ရှိသာပြီ။ ရောက်မဆိုက်မှာပင် သားတော်ကြီး အိမ်ရှေ့မင်းသားနှင့် နှမတော်မာတုကလျာတို့၏ သတင်းကို ကြားလိုက်ရသဖြင့် များစွာ စိတ်အနှောက်အယှက် ဖြစ်ရသည်။

သားတော် အိမ်ရှေ့မင်းသားနှင့် ချွေးမတော်တို့ မကြည်မသာဖြစ်ကြသည်ကို ပြေလည်အောင် မိမိမဆောင်ရွက်ပေးနိုင်သည့်အပြင် အင်းဝကိုမတိုက်လိုပါပဲနှင့် စစ်ယှဉ်ပြိုင်ခဲ့ရသည်။ နှစ်နိုင်ငံစစ်ပြိုင်ကြသည့်အတွက် အင်းဝနိုင်ငံ ကျရှုံးရုံသာမက ချွေးမတော်၏ ခမည်းတော် အင်းဝဘုရင်လည်း အသက်ဆုံးရှုံးခဲ့ရပြီ။

ယခု မိမိမရှိခိုက် သားတော် အိမ်ရှေ့မင်းသားသည် နှမတော် မာတုကလျာကို အဓမ္မသိမ်းပိုက်လိုက်ပြန်ချေပြီ။ နန်းညွန့်နန်းလျာ ဖြစ်ပါလျက် ဘာဉာဏ်ပျက်လှသည်။

နှမတော်လေး မာတုမှာ စိတ်ထားနလုံးသား ဖြူစင်သည်။ ကာမဂုဏ်လေးကို နှစ်ခြိုက်တော်မမူဘဲ တရားဓမ္မနှင့်သာ မွေ့လျော်သူဖြစ်သည်။ သူ့မှာ ယခုလို အဖြစ်မျိုးကြုံတွေ့လိုက်ရတော့ များစွာရှက်ရှာပေမည်။

သည်လို ကြေကွဲဖွယ်ဖြစ်ရပ်တွေသည် သားတော်အိမ်ရှေ့မင်းသားကြောင့် ဖြစ်ရသည်ဆိုပြီး နန္ဒဘုရင် ဒေါသမာန်ပွားတော့သည်။ ဤတွင် အိမ်ရှေ့မင်းသား၏ မယ်တော်က သားတော်အတွက် မင်းတရားထံမှာ အယူခံဝင်၏။ မင်းတရားကိုဖျောင်းဖျ၏။ ပြေရာပြေကြောင်း အကြိမ်ကြိမ်ဆောင်းပန်၏။

မင်းတရားကိုယ်တိုင်ကလည်း သားတော်ကြီးကို ညာလက်ရုံးအဖြစ် အားထားကာ ချစ်ခင်ရင်းစွဲရှိသည်။ အစဉ်အမြဲ အလိုလိုက်ခဲ့သည်။ ထို့ကြောင့် သည်ကိစ္စကို ခွင့်လွှတ်လိုက်ရတော့သည်။

ယခုအချိန်တွင် ချွေးမတော် နတ်ရှင်မယ်တော်ခမျာ အားထားစရာဆို၍ ခမည်းတော် အင်းဝဘုရင်လည်း မရှိတော့ပြီ။ အိမ်ရှေ့မင်းသားက သစ်ခိမ်းချိုးချိုးလိုက်ပြီမို့ ဟံသာဝတီနန်းအလယ်မှာ အားငယ်နေရသည်။ နတ်ရှင်မယ်တော်ဆိုသည်မှာလည်း မင်းတရားနှင့် လွန်စွာ သွေးနီးသည့် တူမတော် အရင်းခေါက်ခေါက်ဖြစ်သည်။ ယခုလို အားငယ်နေချိန်တွင် ပိုလို့ပင်

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်သင့်သည် မဟုတ်ပါလား။ ထို့ကြောင့် မင်းတရားသည် နတ်ရှင်မယ်တော်ကို သူ့မယ်တော် အင်းဝမိဖုရားနှင့်အတူ နေစေသည်။ ညှိုးညှိုးငယ်ငယ် မဖြစ်စေရန်လည်း ခြွေရံသင်းပင်းများစွာဖြင့် ချီးမြှင့်မြှောက်စားထားလေသည်။

နတ်ရှင်မယ်တော်အဖို့ သည်လိုချီးမြှင့်မြှောက်စားမှုတို့သည် အိမ်ရှေ့မင်းသား၏ မေတ္တာကို ဆုံးရှုံးရခြင်းနှင့်စာသော် အသေးအဖွဲမျှသာ ဖြစ်နေ၏။ မခံချင်စိတ်၊ အားငယ်စိတ်၊ နာကြည်းစိတ်တို့သည်သာ သူ့ရင်ထဲတွင် မင်းမူနေကြသည်။ တစ်ခါတစ်ခါတွင် သူ့ရင်ထဲ၌ စုခဲနေသည့် သောကမီးသည် မခံမရပ်နိုင်လောက်အောင် လောင်မြိုက်သည်။ နှလုံးသားသည် တစ်စစီတစ်စစီ ကွဲကြေကာ ရင်ထဲတွင်ဟာသွားပြီး ကတုန်ကရီဖြစ်လာတတ်သည်။ သည်မျှ ခံစားရလွန်းသဖြင့် "မောင်တော် ရက်စက်လှချည့်"ဟု အိမ်ရှေ့မင်းသားအပေါ် အခဲမကြေ ဖြစ်နေတော့သည်။

နတ်ရှင်မယ်တော်၏အဖြစ်ကို အိမ်ရှေ့မင်းသား မဟာဥပရာဇာသည် လုံးဝရှုမပြုတော့ပေ။ သူ့နှလုံးသားထဲဝယ် နတ်ရှင်မယ်တော် မရှိတော့ပြီ။ ဓာတုကလျာသည်သာ သူ့အသက်၊ သူ့အချစ်ဆုံး ဖြစ်နေ၏။ ထို့ကြောင့်လည်း ဓာတုက သူ့အပေါ် ကြည်ဖြူမေတ္တာထားနိုင်ရန် ယုယုယယ အလိုလိုက်နေတော့သည်။ ဓာတုမှာမူ နှစ်ကိုယ်တူကြည်ဖြူ သဒ္ဓါမပွားနိုင်ဘဲ အိမ်ရှေ့မင်းသား၏ အချစ်ပိုက်ကွန်တွင် အကျဉ်းကျနေရသည်ဟုသာ ခံစားနေရရှာသည်။

သည်လိုနှင့် သက္ကရာဇ် ၉၅၂-ခုနှစ်သို့ တိုင်ခဲ့သည်။

သည်အချိန်တွင် မိုးကောင်းစော်ဘွားက ပုန်ကန်သည်။ မင်းတရားလည်း မှူးတော်မတ်တော်တို့ကို စုရုံးကာ တိုင်ပင်ဆွေးနွေးရပြန်သည်။ ဤတွင် သိရိဇေယျနော်ရထာက ယခုလို တင်လျှောက်သည်။

"ပြည်ထဲအရေးကို ထောက်ရှုသော် အယုဒ္ဓယဘုရင်သည်လည်း ကျေးဇူးသစ္စာတော်ကို မစောင့်။ အကြိမ်ကြိမ်ချီတက်လုပ်ကြံပါသော်လည်း အရေးတော်မလှဖြစ်ရသည်။ အရေးတော်မလှလျှင် အခြားအခြားသော ယွန်းပြည်၊ ရှမ်းပြည်နယ်တို့ နှလုံးမပျပ်မဝပ်ရှိချေမည်။ သို့ပါ၍ ယခု မငြိမ်မသက် ဖြစ်နေသော မိုးကောင်းသို့တစ်ကြောင်း၊ အယုဒ္ဓယသို့တစ်ကြောင်း အလုံးအရင်းဖြင့်ချီစေမှ အရေးတော်သင့်မည်ဖြစ်ကြောင်းပါဘုရား"

နန္ဒဘုရင်သည် သိရိဇေယျနော်ရထာ တင်လျှောက်သည်ကို ကြိုက်နှစ်သက်တော်မူသဖြင့် မိုးကောင်းသို့ တစ်ဆယ့်သုံးတပ်ချီစေသည်။ မိုးကောင်းစစ်ကြောင်းတွင် တောင်ငူဘုရင်၏ သားတော် နတ်သျှင်နောင်လည်း တောင်ငူ



အင်အားနှင့် တစ်တပ်အဖြစ် ပါဝင်ချီတက်ရသည်။

အယုဒ္ဓယစစ်ကြောင်းတွင်မူ သားတော်ကြီး မဟာဥပရာဇာကြီးမှူးပြီး တပ်ပေါင်း တစ်ဆယ့်လေးတပ် ပါဝင်ချီတက်ကြသည်။

သည်အချိန်တွင် အယုဒ္ဓယဘုရင် မဟာဓမ္မရာဇာ (စော်ဘွားသောကြည်) နာ၍လွန်ပြီမို့ သားတော်ကြီး ဗြနရာဇ်သည် အယုဒ္ဓယထီးနန်းကို ဆက်ခံသည်မှာ ရှစ်လခန့်ရှိနေပြီ။

ဟံသာဝတီ အိမ်ရှေ့မင်းသား၏ တပ်များ ချီတက်လာပြီဖြစ်ကြောင်း သိရသည်နှင့် ဗြနရာဇ်သည် လကွန်းအရပ်မှ ဆီးကြိုကာစောင့်လင့်၏။ သည်နေရာတွင် ဆင်ညှံ့မြင်းညံ့များကိုသာ အရိပ်အယောင်မျှပြထား၏။ ဗြနရာဇ်ကိုယ်တိုင်မူ အမတ်ခြောက်ဆယ်၊ ဆင်ကောင်းခြောက်ဆယ်ဖြင့် တောနက်ထဲတွင် ပုန်းလျှိုးစောင့်နေသည်။

ဟံသာဝတီ အိမ်ရှေ့မင်းလည်း ဗြနရာဇ်၏ လှည့်စားချက်ကိုမသိ။ အကောက်ဉာဏ်ဆင်ထားသည်ကို မရိပ်မိပေ။ အယုဒ္ဓယစစ်ကို အပြတ်တိုက်ခိုက်တော့မည်ဟု သန္နိဋ္ဌာန်ချကာ ရှုတ်ရှုတ်ချွံချွံ တိုက်ခိုက်လေတော့သည်။ ပွဲဦးထွက်တွင် ဟံသာဝတီဘက်မှ အလွယ်တကူ တိုက်ခိုက်နိုင်ခဲ့သည်။ အယုဒ္ဓယစစ်သည်တို့သည် ဆုတ်ဟန်ပြုကာ ဟံသာဝတီအိမ်ရှေ့မင်းအား တောနက်ထဲသို့ မျှားခေါ်သွားသည်။ ဗြနရာဇ်၏ ပရိယာယ်ကို အိမ်ရှေ့မင်းမှာ နားဝယ်လည် ဖြစ်ရချေပြီ။ "ဟံသာဝတီဘက်မှ အားသာနေသည်။ အယုဒ္ဓယစစ်သည်တို့ မခံနိုင်ကြတော့ပြီ။" သည်လို တွက်ဆကာ အားသွန်လိုက်၍ တိုက်ခိုက်ကြတော့သည်။

အားသွန်ခွန်စိုက် တိုက်ကြရင်း အိမ်ရှေ့မင်းသား၏ တပ်များသည် ဗြနရာဇ်၏ပရိယာယ်ညွှတ်ကွင်းထဲသို့ နယ်ကျွံ၍ ဝင်သွားတော့သည်။ အခွင့်ကောင်းကို စောင့်နေသော ဗြနရာဇ်၏ ကြုံးဝါးစစ်မိန့်ပေးသံသည် ရုတ်တရက် ဟိန်း၍ထွက်ပေါ်လာသည်။ စစ်မိန့်သံနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းပင် အယုဒ္ဓယတပ်များသည် ပုန်းအောင်နေရာမှ တဟုန်းထိုးထွက်၍ တိုက်ခိုက်လေတော့သည်။ လျှပ်တစ်ပြက်အချိန်ကလေး အတောအတွင်းမှာပင် အယုဒ္ဓယတပ်များသည် ဟံသာဝတီ အိမ်ရှေ့မင်းသား၏ တပ်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြသည်။ ဟံသာဝတီစစ်သည်များလည်း အားသွန်၍ ခုခံတိုက်ခိုက်၏။ သို့သော် အယုဒ္ဓယစစ်သည်တို့ကို နိုင်အောင်မတိုက်နိုင်တော့ပေ။ အယုဒ္ဓယတို့၏ တလက်လက် ထနေသော လက်နက်များအောက်ဝယ် ကျ

www.burmeseclassic.com



ဆုံးကြရရှာသည်။ တိုက်ဆင်များ၊ မြင်းများသည် ပရမ်းပတာ ထွက်ပြေးကြကုန်၏။ တိုတောင်းလှသော အချိန်ကလေးအတွင်း၀ယ် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ပုဂံမင်းနှင့် ပုသိမ်မင်းတို့လည်း ရုတ်တရက် အံ့အားသင့်သွားကြ၏။ ဤတွင် မင်းနှစ်ပါးကို ရန်သူအယုဒ္ဓယတို့ဘက်မှ အရှင်အမိ ဖမ်းယူသွားနိုင်ခဲ့သည်။

အရေးနိမ့်နေပြီဖြစ်သော ဟံသာဝတီစစ်သည်တော်များသည် ခံစစ်ဖြင့် အလျင်အမြန် ဆုတ်ခွာနေရသည်။ အားမာန်တက်ကြွနေသော အယုဒ္ဓယစစ်သည်များကား တစ်ရှိန်ထိုး ဖိ၍လိုက်လာနေကြ၏။ လကွန်းအရပ်ကိုလွန်သောအခါတွင်မူ ရှေ့ဆက်၍ မလိုက်ကြတော့ပေ။ အယုဒ္ဓယတို့၏ ညာသံပေးသော စစ်ကြွေးကြော်သံများသည် အဝေးဆီတွင် တဖြည်းဖြည်း ကျန်ရစ်ကာ နောက်ဆုံး တိတ်ဆိတ်သွားတော့သည်။

နတ်သျှင်နောင်တို့၏ မိုးကောင်းချီစစ်ကြောင်းကား မိုးကောင်းစော်ဘွားအား ကောင်းစွာနှိမ်နင်းနိုင်ခဲ့သည်။ အောင်ပွဲရတပ်ကြီးသည် ဟံသာဝတီနေပြည်တော်သို့ ဆိုက်ရောက်လာပြီ။ နန္ဒဘုရင်သည် အားရကျေနပ်လှသဖြင့် သားတော် ပြည်မင်းသားနှင့်တကွ တောင်ငူမင်း၏သားတော် နတ်သျှင်နောင် အစရှိသည့် တပ်မှူးစစ်ကဲများကို အဆောင်အယောင်၊ စားကျေးစားလက်များပေးကာ ချီးမြှောက်တော်မူသည်။

မိုးကောင်းစစ်ကြောင်း ပြန်လည်ရောက်ရှိပြီး မရှေးမနှောင်းမှာပင် အယုဒ္ဓယစစ်ကြောင်းမှ မဟာဥပရာဇာ၏ တပ်များလည်း ဟံသာဝတီနေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြသည်။ အရေးတော်မလှ ရှုံးနိမ့်ခဲ့ရသည့်အတွက် နန္ဒဘုရင်၏ မျက်နှာတော်မှာ တင်းမာနေ၏။ ဖုံးဖိ၍မရနိုင်သော ဒေါသသည် မင်းတရား၏ မျက်နှာပြင်ပေါ်၀ယ် အထင်းသားပေါ်နေသည်။ အယုဒ္ဓယနှင့်ဖြစ်ရသော စစ်ပွဲများအနက် သည်တစ်ကြိမ်သည် ပျက်စီးဆုံးရှုံးမှု အများဆုံးနှင့် သိက္ခာအကျဆုံးဖြစ်ရသောကြောင့် သည်မျှ ဒေါသထန်နေခြင်းဖြစ်၏။

ထို့ကြောင့် ချစ်လှစွာသော သားတော်ကြီး မဟာဥပရာဇာအား မတင်စဖူး နှုတ်ပြစ်တင်တော်မူသည်။ မင်းတရား၏ အပြစ်တင်သံမှာ ဒေါသလည်းပါ၏။ ယူကျုံးမရသံလည်းပါ၏။ ကရုဏာသံလည်း မသိမသာ စွက်နေ၏။ သားတော်ကြီးကို နှုတ်ပြစ်တင်ပြီးနောက် မင်းတရားသည် တပ်မှူးစစ်ကဲများအား ရှုးရှုးစိုက်စိုက် ကြည့်နေပြန်သည်။ တစ်စုံတစ်ရာ မပြောသေးဘဲ



နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။ ခေတ္တမျှ ငြိမ်နေပြီးနောက် မင်းတရားသည် ပြင်းထန်သော ပြစ်ဒဏ်တစ်ရပ်ကို ချမှတ်လိုက်သည်။ မင်းတရား၏ အမိန့်သံအဆုံး၀ယ် ခန်းဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

မဟာဥပရာဇာသည် များစွာ တုန်လှုပ်သွား၏။ စိတ်မကောင်းခြင်းလည်း ကြီးစွာဖြစ်ရသည်။ မိမိနှင့် ဆိုးတူကောင်းဘက် နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါလျက် အပြစ်ဒဏ်ပေးခြင်း ခံကြရသဖြင့် များစွာ စိတ်မကောင်းဖြစ်ရသည်။ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပါရန် ခမည်းတော်ထံ မလျှောက်ထားဝံ့။ စစ်တိုက်ဖော်တိုက်ဖက်၊ သေဖော်သေဖက် တပ်မှူးစစ်ကဲများအား မကြည့်ရက်နိုင်ပြီမို့ အိမ်ရှေ့မင်းသား မင်းကြီးစွာသည် မျက်လုံးအစုံကိုသာ မှိတ်လိုက်၏။

သည်နောက်ပိုင်းရက်များတွင်လည်း သည်ကိစ္စသည် သူ့ကို ဒုက္ခပေးလျက်ပင်။ စင်စစ် ပြီးခဲ့သည့်စစ်ပွဲတွင် စစ်ဦးစီးချုပ်မှာ မိမိသာလျှင်ဖြစ်၏။ ရန်သူကို နိုင်အောင်မတိုက်နိုင်ခြင်းမှာ မိမိကွက်ကဲမှု ညံ့၍သာဖြစ်သည်။ ရန်သူကို လျှော့ပေါ့တွက်မိ၍သာဖြစ်၏။ မိမိတွင်သာ တာဝန်အရှိဆုံးဟု သူခံယူ၏။ ထို့ကြောင့် စစ်မှူးစစ်ကဲများ ပြစ်ဒဏ်ခံရခြင်းသည် မိမိပယောဂကြောင့်ဟု သူယူဆသည်။ ယောကျ်ားကောင်းတစ်ယောက်၏ အကြီးမားဆုံးသော အရည်အသွေးတွင် ကိုယ့်အပြစ်ကိုယ်ခံယူခြင်းလည်း ပါ၀င်သည်ဟု သူယုံကြည်၏။ ယခုမူ ကိုယ့်ပြစ်ဒဏ်ကိုယ်ခံယူခြင်းမရှိ။ စစ်မှူးစစ်ကဲများ ပြစ်ဒဏ်မှ လွတ်ကင်းချမ်းသာခွင့်ရအောင်လည်း မစွမ်းဆောင်နိုင်ခဲ့ချေ။

တစ်ဖက်တွင်လည်း ဓာတုကလျာသည် သူ့အား အိမ်ရှေ့မင်းက အမွှေသိမ်းပိုက်သည့်အတွက် စိတ်ချမ်းမြေ့ပျော်ရွှင်ခြင်းမရှိ။ မည်မျှပင် ယုယပိုက်ဖြားချော့မော့ကြားလည်း အိမ်ရှေ့မင်းအပေါ် ပျားသကာလို မချိုနိုင်ပြီ။ တွေးမိလေတိုင်း 'ကြမ္မာနှယ်ရိုင်းပါဘိ' ဟု ယိုးမယ်ဖွဲ့ကာ အိမ်ရှေ့မင်းအပေါ် ခါးသီးမြဲ ဖြစ်နေလေတော့သည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

(၈)

# တင့်လှပေဟန်ဘက်မရန်တည့်

အယုဒ္ဓယဘုရင် ဗြနရာဇ်သည် စစ်သွေးကြွလျက်ရှိ၏။ ဟံသာဝတီက အကြိမ်ကြိမ်ချီလာသော်လည်း အယုဒ္ဓယကို အောင်နိုင်ခြင်းမရှိ။ ဆုတ်၍သာ ပြန်ကြရသည်။ ယခုတစ်ကြိမ်တွင် အယုဒ္ဓယက ဟံသာဝတီတိုင်အောင် ချီ တက် တိုက်ခိုက်ရသော် ကောင်းမည်ဟုအကြံဖြစ်၏။ သို့ဖြင့် တပ်လေးတပ် တိုက်ဆင်လေးရာ၊ မြင်းလေးထောင်၊ စစ်သည်သူရဲငါးသောင်းနှင့် ဟံသာဝတီသို့ ချီလာသည်။ ဝင်ယော်သို့ရောက်ပြီဖြစ်ကြောင်း ဟံသာဝတီဘက်မှ ကင်းထောက် သူတို့က နန္ဒဘုရင်အား တင်လျှောက်လာကြသည်။

မင်းတရားလည်း သတင်းရလျှင်ရချင်း မုတ္တမသုံးဆယ့်နှစ်မြို့ရှိ မြို့ စားများထံသို့ အမိန့်ချမှတ်လိုက်သည်။

"ရန်သူ့တပ်များကို ဆီးကြို၍ခံကြလေ"

မုတ္တမသုံးဆယ်နှစ်မြို့စားတို့လည်း ဆင်၊ မြင်း၊ အလုံးအရင်းစုရုံး သည်။ ရန်သူ့အင်အားကို ထောက်လှမ်းစုံစမ်းလိုက်ရာ အင်အားနည်းကြောင်း သိရ၏။ ထို့ကြောင့် ဆင်နှင့်ချည်း မြို့ရင်းသို့ ချဉ်းကပ်တိုက်ခိုက်ကြသည်။ အယုဒ္ဓယစစ်သည်တို့ မခံနိုင်။ ညဥ့်တွင်းချင်း အပြင်းဆုတ်ခွာသွားကြလေသည်။



နန္ဒဘုရင်သည် ဗြနရာဇ်၏ စစ်ခြေစမ်းပုံကို စိုးရိမ်စပြုလာ၏။ သို့ ဖြင့် အယုဒ္ဓယကို အနိုင်ချေမှုန်းရန် သန္နိဋ္ဌာန်ချလိုက်သည်။ သားတော် မဟာ ဥပရာဇာမှအစ မှူးတော်မတ်တော်အဆုံး အားလုံးသော စစ်မှူးစစ်ကဲများကိုခေါ် ၍ တစ်ချက်လွှတ်အမိန့်ချမှတ်သည်။

"ငါ့ရဲ့ ကျေးဇူးသစ္စာတော်ကိုထောက်ပြီး အမှုတော်ထမ်းရွက်ကြမည် ဆိုလျှင် ဗြနရာဇ်သည် ငါ့လက်အောက်က လွတ်နိုင်မည်မဟုတ်။ ဒါကြောင့် ယခုတစ်ကြိမ် အသက်စွန့်ပြီး အမှုတော်ထမ်းကြရမည်"

သည်တွင် ဗညားလောက တင်လျှောက်သည်။

"မှန်လှပါ။ အယုဒ္ဓယမြို့ဟာ ဘုရားကျွန်တော်မျိုးတို့ရဲ့ ဟံသာဝတီ ထက် အင်အားနှင့်စာသော် များစွာသေးငယ်လှပါသည်။ သို့ပါသော်လည်း ဗြနရာဇ် သည် အရှင့်ခမည်းတော် ဘုရင့်နောင်မင်းတရား၏ ဘုန်းရိပ်ကို ခိုလှုံကာ ဟံ သာဝတီနေပြည်တော်မှာ နေထိုင်ခဲ့စဉ်က မြန်မာတို့ရဲ့ စစ်တက်စစ်ဆင် နည်းများကို ကျနစွာ သင်ကြားတတ်မြောက်သွားသဖြင့် အယုဒ္ဓယသေနင်္ဂါစစ် ဆင်များကို လိုသလိုပြုပြင်ပြောင်းလဲပြီး ဖြစ်နေပါပြီ။ သို့မို့ကြောင့်လည်း အယုဒ္ဓယစစ်သည်များမှာ ရှေးကထက် စစ်မှုရေးရာတွင် ကျွမ်းကျင်နေကြပါ သည် ဘုရား။ ထို့ပြင်လည်း ဗြနရာဇ်သည် အာဏာကြီးသောကြောင့် သူ့ စစ်မှူးစစ်ကဲများဟာ ရန်သူကိုတွေ့ရင် အသက်ကိုစွန့်လွှတ်၍ တိုက်ခိုက်တော့ သည်။ ဆုတ်ခွာခြင်းမပြုပြီ။ ထို့ကြောင့်လည်း ဘုရား ကျွန်တော်မျိုးတို့ တပ်အကြံ ခက်ခဲနေကြောင်းပါ ဘုရား။ စစ်တို့၏သဘောမှာ အင်အား နည်းအများသည် ပဓာနမဟုတ်ပါ။ ရဲစွမ်းသတ္တိနှင့် လုပ်ရည်ကြံရည်သာ အဓိကဖြစ်ကြောင်းပါ။ သားတော်ကြီး မဟာဥပရာဇာ၊ သားတော်အငယ် ပြည်ဘုရင်သတိုးဓမ္မရာဇာ၊ တောင်ငူမင်းသားတော် နတ်သျှင်နောင်တို့သည် စွမ်းသတ္တိနဲ့ ပြည့်စုံပြီး လုပ်ရည်ကြံရည်ရှိသူများ ဖြစ်ကြပါသည်။ သည်မင်း သားများ ဦးဆောင်ပြီး အလုံးအရင်းနှင့် တိုက်ခိုက်မည်ဆိုပါက အလိုတော် အတိုင်း ပြီးမြောက်နိုင်ပါလိမ့်မည် ဘုရား"

နန္ဒဘုရင်လည်း ဗညားလောက ယခုလို ပြည့်စုံစွာလျှောက်ထားသည် ကို နှစ်ထောင်းအားရဖြစ်သည်။ ထို့ကြောင့် သားတော် မဟာဥပရာဇာ၊ သား တော် ပြည်သတိုးဓမ္မရာဇာ၊ တောင်သူဘုရင့်သားတော် နတ်သျှင်နောင်နှင့် တောင်ငူဘုရင်တပ်များ အပါအဝင် တပ်ပေါင်းတစ်ဆယ့်နှစ်တပ်၊ တိုက်ဆင် တစ်ထောင့်ငါးရာ၊ မြင်းနှစ်သောင်း၊ စစ်သည်သူရဲ နှစ်သိန်းလေးသောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



၉၅၄– ခုနှစ်၊ နတ်တော်လဆန်း နှစ်ရက်နေ့တွင် အယုဒ္ဓယသို့ စစ်ချီစေသည်။

မဟာဥပရာဇာအဖို့ သူမျှော်လင့်သောအချိန် ကျရောက်လာပြီ။ ပြီး သည့် အယုဒ္ဓယစစ်ပွဲများတွင် ဖြနရာဇ်ကို အရှုံးပေးခဲ့ရသဖြင့် များစွာ မကျေ မနပ်ဖြစ်နေသည်။ စတုတ္ထအကြိမ် အယုဒ္ဓယသို့ချီစဉ်က ဖြနရာဇ်၏ အကောက် ဉာဏ်ဆင်ထားသော ထောင်ချောက်တွင်းသို့ တန်းတန်းမတ်မတ် ဝင်သွား သဖြင့် အသက်လုပြီး ဆုတ်ခွာခဲ့ရသည်။ သည်တုန်းက ခမည်းတော် နန္ဒဘုရင် နှုတ်ပြစ်တင်သည်ကို ခံလိုက်ရသေးသည်။ ဗိုလ်ပုံအလယ်မှာမို့ ရှက်လှ၏။ မိမိကိုယ်တိုင် ပြစ်ဒဏ်မခံရသော်လည်း မိမိတပ်မှူးစစ်ကဲများ ပြစ်ဒဏ်ခံ ရသဖြင့် များစွာ စိတ်ထိခိုက်ရသည်။ မိမိသိက္ခာလည်းကျသည်။ ထို့ကြောင့် ယခုအကြိမ်တွင် တင်ရှိနေသောကြွေးကို ပေးဆပ်ရန် ဖြနရာဇ်ကို ခြေမှုန်း ပစ်မည်ဟု သန္နိဋ္ဌာန်ချလိုက်သည်။

စစ်ထွက်ရပြန်တော့လည်း ချစ်လှစွာသော မိဖုရား ဓာတုကလျာအတွက် နောက်ဆံတင်းရပြန်သည်။

* * * *

ဟံသာဝတီတပ်များ သက္ကရာဇ် ၉၅၄–ခု၊ တပို့တွဲလဆန်း ရှစ်ရက်နေ့ တွင် အယုဒ္ဓယသို့ ရောက်သည်။

သည်တစ်ကြိမ်တွင် ဟံသာဝတီမဟာဥပရာဇာနှင့် အယုဒ္ဓယ ဖြနရာဇ် တို့ စီးချင်းထိုးကြမည်ဖြစ်၏။

မဟာဥပရာဇာ၏ ဆင်တော် "ရဲဘုန်းစုံ"ကို စီး၏။ တုရင်ဗလက ကုန်းလယ်တင်သည်။ လက်ျာဘက်တွင် ညီတော် သတိုးဓမ္မရာဇာက အလုံး အရင်းနှင့်နေသည်။ လက်ဝဲဘက်တွင်မူ တောင်ငူမင်းသား နတ်သျှင်နောင်က 'ဥပေါသထ' ဆင်တော်ကိုစီးပြီး နေရာယူထားသည်။

မဟာဥပရာဇာ၏ ယုံကြည်ယ်ကျွန်တော် ဇာပရိစားသည် ဆင်တော် 'ပေါက်ကျော်ဇေယျ' ကိုစီးပြီး မဟာဥပရာဇာနှင့် မနီးမဝေးလက်ျာဘက်က နေ သည်။ ဆင်တော်ပေါက်ကျော်ဇေယျသည် မူလကပင် လွန်စွာအင်အားကြီးမား သည်။ အထိုးအငေ့လည်းသန်သည် ယခု မုန်ပြင်းနေသဖြင့် သူ့မျက်နှာကို ပုဆိုးဖြင့် လွှမ်းထားရသည်။ ဇာပရိစားက ချွန်းဖြင့် ထိန်းထားသည်။

စီးချင်းတိုက်ပွဲကား စပေတော့မည်။

အယုဒ္ဓယဘုရင် ဖြနရာဇ်သည် မြို့တွင်းမှထွက်လာ၏။ သူသည် မဟာဥပရာဇာနှင့်ယှဉ်ပြိုင်ရမည်ကို နည်းနည်းမျှ စိုးရွံ့ခြင်းမရှိ။ ဟံသာဝတီတွင်



သူနေခဲ့စဉ်က သူတို့နှစ်ဦး မကြာခဏ ယှဉ်ပြိုင်ခဲ့ကြဖူးသည်။ မဟာဥပရာဇာ ၏ လက်ရည်ကို သူသိပြီးသားပင်။ ထို့ကြောင့် သူ့ဆင်တော် 'ဖြလပုံ'ကို စီးကာ ဝံ့ဝံ့စားစား ထွက်လာသည်။

မဟာဥပရာဇာကို သူမမှုသော်လည်း တောင်ငူမင်းသား နတ်သျှင်နောင် တို့ကဲ့သို့သော ထိပ်ထိပ်ကြဲညီတော်၊ နောင်တော်တပ်မှူးတွေ ဝဲယာခြံရံနေ သည်ကိုတော့ ဖြနရာဇ်စိုးထိတ်သွားသည်။

ယခုတိုက်ပွဲသည် အယုဒ္ဓယသမိုင်း၏ မော်ကွန်းဖြစ်သွားနိုင်သည်။ မိမိက လက်ဦးအောင်တိုက်နိုင်မှ ကိစ္စပြီးငြိမ်းမည်။ သို့မဟုတ်ပါက မိမိတို့ တစ်မျိုးလုံး နလံထူနိုင်တော့မည်မဟုတ်ဟု ဖြနရာဇ်က တွက်ဆထားသည်။ ထို့ကြောင့် မြို့တွင်းမှ ထွက်လာကတည်းက ဖြလပုံကို ချွန်းဖွင့်ကာ မဟာဥပ ရာဇာတူရှုသို့ တဟုန်ထိုးဝင်လာတော့သည်။

ရန်သူ၏ လှုပ်ရှားဟန်ကို မြင်လိုက်သည်နှင့် မဟာဥပရာဇာလည်း ဆင်တော်ရဲဘုန်းစုံကို ချွန်းဖွင့်ကာ ဖြနရာဇ်၏ တူရှုသို့ လွှတ်လေ၏။ သည် အခိုက်အတန့်ကလေးတွင် ဇာပရိစားသည် ပေါက်ကျော်ဇေယျ၏ မျက်နှာတွင် လွှမ်းထားသော ပုဆိုးကို ဖယ်ရှားလိုက်သည်။

တစ်ဦးတစ်ယောက်၏ ကံကြမ္မာဖန်လာပုံကား ဆန်းကျယ်လှပါ သည်။ မထင်မှတ်သော်လည်း ဖြစ်တတ်ချေသည်။ မျက်နှာတွင် လွှမ်း ထားသော ပုဆိုးကို ဖယ်လိုက်သည်ဆိုလျှင်ပင် ပေါက်ကျော်ဇေယျသည် တစ်ဖက်ရန်သူကိုကား မတိုးမငေ့။ မိမိ၏ အရှင်သခင် မဟာဥပရာဇာစီးသော ဆင်တော် ရဲဘုန်းစုံကိုသာ အတင်းငေ့လေတော့သည်။

မဟာဥပရာဇာသည် မထင်မှတ်ဘဲ တိုက်ကွက်ပြောင်းလိုက်ရသည်။ ဖြနရာဇ်ကို စီးချင်းမထိုးနိုင်တော့။ မိမိဘက်မှပေါက်ကျော်ဇေယျကိုသာ အရေး တကြီး တိုက်နေရသည်။ အရေးထဲ တွင် မဟာဥပရာဇာ၏ ဆင်တော် ရဲဘုန်းစုံ ၏ 'က'သည် လည်သွားပြန်၏။ သည်လို ကသောင်းကနင်း ဖြစ်နေချိန်တွင် အယုဒ္ဓယဘက်မှ လွှတ်လိုက်သော စိန်ပြောင်းသည် ရဲဘုန်းစုံထက်ရှိ မဟာ ဥပရာဇာအား ထိမှန်သွားသဖြင့် ဆင်ဦးတွင်ပင် နတ်ရွာစံလေတော့သည်။

သည်အခြေအနေကို ဖြနရာဇ်တို့ဘက်မှ မရိပ်မိလိုက်ပေ။ ကုန်းလယ်စီး တုရင်ဗလသည် မဟာဥပရာဇာကို ဖေးမထားကာ ဆင်တော်ကို ဆောက်ချ သို့မှီ၍ နေစေခဲ့သည်။ သည်အဖြစ်အပျက်ကို ဖြနရာဇ် မသိလိုက်။ အခိုက် အတန့်ကလေးတွင် ကြောင်အမ်းအမ်းဖြစ်သွားပြီး ရှေ့တိုး၍မတိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သည်အခွင့်အရေးကို နတ်သျှင်နောင်သည် အမိအရ ယူလိုက်နိုင်သည်။ သူစီးသော ဥပေါသထဆင်ကို ဗြနရာဇ်ရှိရာသို့ အပြင်းလွှတ်၍ တိုက်လေတော့သည်။ ဗြနရာဇ်အားကူရန် ဝင်လာသော အယုဒ္ဓယစစ်သည်များလည်း၊ နတ်သျှင်နောင်၏ တိုက်ခိုက်မှုကြောင့် ကျဆုံးကုန်ကြသည်။ တိုက်ပွဲကား အရှုတ်ထွေးဆုံး၊ အပြင်းထန်ဆုံးအဆင့်သို့ ရောက်ရှိသွားပေပြီ။

ဗြနရာဇ်လည်း နတ်သျှင်နောင်၏ တိုက်ခိုက်မှုကို မခံနိုင်တော့။ တဖြည်းဖြည်းဆုတ်ခွာရင်း ခုခံနေရသည်။ သည်အခြေကို ပြည်ဘုရင်၊ တောင်ငူဘုရင်၊ ဇင်းမယ်ဘုရင် စသော တပ်မှူးစစ်ကဲများမြင်လျှင် မိမိတို့ဆင်များကို ချွန်းဖွင့်ကာ ထက်ကြပ်လိုက်၍ တိုက်ကြသည်။ ဗြနရာဇ်လည်း တိုက်ရင်းဆုတ်ရင်းဖြင့် ကျုံးနားသို့ရောက်သွား၏။ သူ့အခြေမလှသည်ကို သိသည်နှင့် ဆင်ကိုအပြင်းနှင်ကာ အယုဒ္ဓယမြို့တွင်းသို့ ဝင်သွားတော့သည်။

သူ့နောက်မှ သဲသဲမဲမဲလိုက်၍ တိုက်နေသူနှစ်ဦးကို ဟံသာဝတီတပ်မှ စစ်သည်တော်အချို့ လှမ်းမြင်လိုက်ရသည်။ ထိုနှစ်ဦးသည် ဗြနရာဇ်ကိုသာ အာရုံစိုက်နေသဖြင့် သူတို့နယ်ကျွံသွားပြီကို သတိမမူမိကြပေ။ မကြာမီ သူတို့နောက်တွင် အယုဒ္ဓယမြို့ တံခါးကြီးသည် ပိတ်သွားခဲ့လေပြီ။ ရန်သူ့နယ်မြေ ထဲသို့ ကျွံသွားသူနှစ်ဦးကား ...."ထုံးဘိစား လက်ဝဲထားမှူးနှင့် ဝင်ယော်စား" တို့ပင်။

သည့်အတူ အရှင်သခင် ဗြနရာဇ်အတွက် သဲသဲမဲမဲတိုက်ရင်း မြို့ပြင်တွင် ကျန်ရစ်ခဲ့သူ အယုဒ္ဓယအမတ်ကြီး 'ဩယားတတ်နှင့် ဩယားစက္က' တို့ကိုလည်း နတ်သျှင်နောင်၏တပ်များက လက်ရဖမ်းဆီးနိုင်ခဲ့သည်။

အယုဒ္ဓယဘုရင် ဗြနရာဇ်လည်း မြို့တွင်းသို့ ပြန်လည်ဝင်ရောက်သွားပြီ။ ဟံသာဝတီမဟာဥပရာဇာလည်း တိုက်ပွဲတွင် ကျဆုံးသွားချေပြီ။ ထို့ကြောင့် မြန်မာတပ်များသည် တစ်တိုင်ကျော်ခန့် ဆုတ်လာပြီး ခေတ္တစခန်းချသည်။ တပ်မှူးများ၊ စစ်ကဲများအားလုံး စုရုံးပြီး တိုင်ပင်ကြသည်။

"မဟာဥပရာဇာ၏ အလောင်းကို သည်မှာတင် သဂြိုဟ်ပြီး အယုဒ္ဓယကို ဆက်တိုက်မည်လား။ သို့မဟုတ် အလောင်းတော်ကို သယ်ဆောင်ကာ နေပြည်တော်သို့ ပြန်ကြမည်လား"

သည်နှစ်ချက်ကို ဆွေးနွေးကြသည်တွင် ပြည်ဘုရင် သတိုးဓမ္မရာဇာက ယခုလိုဆိုသည်။

"နောင်တော် မဟာဥပရာဇာ မရှိတော့ပြီမို့ အကွပ်မရှိသည့် ကြမ်းလို



ဖြစ်နေပြီ။ ဆက်ပြီးတိုက်ပါက အရေးမသင့်ဖြစ်လိမ့်မည်။ အလောင်းတော်ကို သည်မှာသဂြိုဟ်လိုက်ပါက အိမ်ရှေ့မင်းတို့၏ အဆောင်အယောင်နှင့် ခမ်းခမ်းနားနား သဂြိုဟ်နိုင်မည် မဟုတ်။ ခမည်းတော်ဘုရား အပြစ်တော်တင်မည်လည်း ရှိရသည်။ သည်စစ်ပွဲမှာ အရေးလည်းလှခဲ့တာမို့ နေပြည်တော်ပြန်ကြမည်။ နောင် မိုးစဲလင်းပွင့်တဲ့အခါကျမှ တစ်ကြိမ် ချီတက်လုပ်ကြံမည်"

သတိုးဓမ္မရာဇာက ဤသို့ပြောသဖြင့် အားလုံးသဘောတူကြသည်။ သို့ဖြင့် သရက်သားကို ခေါင်းတလားပြုလုပ်ကြ၏။ မဟာဥပရာဇာ၏ အလောင်းကို ပြဒါးသွတ်ပြီးထည့်သည်။ ဟံသာဝတီတပ်ကြီးသည် ထိုနေရာမှ နေပြည်တော်သို့ ပြန်ခဲ့ကြရာ တပေါင်းလတွင် ဟံသာဝတီသို့ ရောက်ကြသည်။

မဟာဥပရာဇာ၏ အလောင်းတော် ဟံသာဝတီသို့ ရောက်ပေပြီ။ ပြည်ပတွင် နတ်ရွာစံသောမင်းသား၏အလောင်းကို မြို့တွင်းသို့သွင်း၍ သဂြိုဟ်သော ထုံးစံမရှိ။ မြို့ပြင်၌သာ သဂြိုဟ်ရ၏။ သို့ဖြစ်၍ မဟာဥပရာဇာ၏ အလောင်းကို မြို့ပြင်မှာပင်ထားသည်။ မြို့ပြင်သုသာန်မြေကို တောအုပ်ငယ် ၏ အလယ်တွင် ပြင်ဆင်ကြသည်။ သည်နေရာတစ်ဝိုက်တွင် တောပန်းတောင်ပန်းတို့ ဝေဆာနေ၏။ ရော်ရွက်ဝါတို့မှ ပင်ထက်မှ တဝဲဝဲကြွေကျလျက်။ ဆောင်းကင်တစ်ခွင်တစ်ပြင်ဝယ် မှုန်ရီညှိုမဲ့ ပြိုမကျဲသို့သော တိမ်တောင်များလည်း ပတ်လည်ဝန်းနေသည်။

လတပေါင်း၏သဘာဝအလှကို မည်သူမျှမခံစားနိုင်ကြ။ ဟံသာဝတီတပ်မဟာကြီးတစ်ခုလုံး သူတို့အရှင်သခင်၏ အလောင်းတော်ကိုသာ ငေးမောင်း ယူကြုံးမရဖြစ်နေကြ၏။ နမြောတသ ပူဆွေးနေကြ၏။ သည်အခိုက်အတန့်ကလေးတွင် နတ်သျှင်နောင်သည် တစ်စုံတစ်ယောက်သောသူကို ဖြုတ်ခနဲ မြင်လိုက်ရသည်။ သူကား မုဆိုးမအသစ်စက်စက်ကလေး ရာဇဓာတုကလျာပင်တည်း။

ဓာတုကလျာ၏ မျက်နှာသည် ညှိုးလျှနေ၏။ မျက်နှာပြင်ပေါ်ဝယ် အမွှေးနံ့သာများ လိမ်းခြယ်ထားခြင်းမရှိ။ မွတ်ညက်ချောမွေ့သော အသားမှာ ဇာတိအတိုင်း ဝင်းဝါနေသည်။ တစ်ပတ်လျှိုထုံးထားသော ဆံပင်ကို နောက်တွဲ ချထားသည်။ ပခုံးနောက်၌ ကျဆင်းနေသော ဆံပင်ကိုလည်း ပြုပြင်ထားခြင်းမရှိ။ သူကျနေသည့်အတိုင်းသာ။ ဓာတုဝတ်ဆင်ထားသည်က ရွှေဝါရောင် သာထည်ဖြစ်၏။ အပြောက်အမွမ်းမပါ။ အပေါ်ရုံပဝါကလေးမှာ မဉ္ဇူပန်း၏

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန် အမည်းပြောက်ဝတ်မှုန်ကလေးများပါသည့် ပဝါကလေးဖြစ်သည်။

ဓာတုသည် သုသာန်မြေအဝင်ဝတွင် ရွှေဝါပေါ်ကဆင်းလိုက်၏။ မှိုင်းညို့နေသော မျက်နှာဖြင့် အလောင်းတော်ရှိရာသို့ တစ်လှမ်းချင်း လှမ်းလာသည်။ မင်း ပရိသတ်အားလုံး၏ အကြည့်အာရုံသည် ဓာတုကလျာ၏ လှုပ်ရှားမှုနှင့်အတူ ရွေ့လျားနေသည်။

သည်အခိုက် တောင်လေရူးသည် တသုန်သုန်တိုက်ခတ်လာသည်။ သစ်ပင်များထက်မှ ရော်ရွက်ဝါများလည်း ဈာန်ဝိတက်မှ လျှောကျသည့် အလား တဖြောဖြောကြွေကျလာကြ၏။ မိုးကောင်းကင်တစ်ခုလုံး မဟာဥပ ရာဇာ၏ အလောင်းတော်ကို သင်္ဂြိုဟ်ရာ၌ ဝမ်းနည်းသည့်အထိမ်းအမှတ်ကို ပြနေဘိသကဲ့သို့ အုံ့မှိုင်းလာသည်။

စစ်မြင်းများသည် မိမိတို့အရှင်သခင် ကျဆုံးမှုကို ဝမ်းနည်းသည့် အလား မြေကြီးကို ခွာဖြင့်လှုပ်ကာ လှုပ်ရှားနေကြ၏။

ဓာတုကလျာသည် အလောင်းတော်အနီး မြေပြင်ပေါ်သို့ တည်ငြိမ် လေးတွဲ့စွာ ဒူးထောက်ပြီး ပုဆစ်တုပ်ထိုင်လိုက်သည်။ ပြီး ....အပေါ်ရုံပဝါ ကလေးကို ရှေ့တွင် ဖြန့်ခင်းကာ နောက်ဆုံး ဦးညွှတ်ခြင်းဖြင့် မောင်တော် မဟာဥရာဇာ၏ အလောင်းတော်ကို ဦးသုံးကြိမ်ချလိုက်၏။

နတ်သျှင်နောင်သည် ဓာတုကလျာအား ငေးမောကြည့်ရင်း မည်မျှ မင်တက်မိ နေသည်မသိ။ စစ်ခရာသံ၊ စစ်တံပိုးသံများ ရှူးရှူးရှဲရှဲ ထွက်ပေါ် လာသဖြင့် ကိုယ်မှာဆတ်ခနဲဖြစ်သွားသည်။

ခဏအကြာတွင် မဟာဥပရာဇာ၏ အလောင်းတော်ကို အလျှံတပြောင် ပြောင် တောက်လောင်နေသော မီးစွယ်မီးညွှန့်များက တဖြည်းဖြည်း ဝါးမျိုသွား လေတော့သည်။

ဈာပနအခမ်းအနားကား ပြီးဆုံးသွားပေပြီ။ ခမည်းတော်ဘုရင်နှင့် မိဖုရားမှစ၍ အစီအစဉ်အတိုင်း ပြန်လည်ထွက်ခွာသွားကြသည်။

နတ်သျှင်နောင်သည် သူခေတ္တနေထိုင်သည့် အဆောင်သို့ပြန်ရောက် လာသော်လည်း ဓာတုကလျာ၏ ရုပ်သွင်သည် သူ့အာရုံထဲမှမထွက်။ သူငယ် စဉ်ဘဝ တောင်ငူရွှေနန်းတွင် နေ့စဉ်က သူ့ငယ်ချစ်ဦး ရဝေရှင်ထွေးသည်သာ အလှဆုံးဟု သူ ထင်မှတ်ခဲ့သည်။ ထို့ကြောင့်လည်း....

"ညွတ်ညွတ်ညိုသွယ်၊ လူ့ဘုံဝယ်၌၊ နန်းဆွယ်မဆံ၊ ကင်းဝေးလံသား ထက်ယံမြင့်သွန်း၊ ခြောက်ဆောင်နန်းဝယ်၊ ရွှေဝန်းရံပတ်၊ စံသင့်မှတ်သား



ကြာဝတ်မချူ၊ ရေနန်းသူလည်း၊ ပြိုင်တူနှိုင်းဆွယ်၊ မမျှဘွယ်တည့်၊ တင့်တယ် ချစ်လျစ် ငယ်ကျွမ်းချစ်ကို....ဟူ၍ တစ်သွယ်။

"တွတ်တွတ်ပျိုရွယ်၊ မွတ်မွတ်သွယ်သား၊ သက်ဆယ်နှစ်စွန်း၊ ရက် ယွန်းတည့်၊ လျှံထွန်းတန်ဆောင်၊ ရွှန်းတင့်ခေါင်ကို ....ဟူ၍ တစ်နည်း"

"ရောင်မွတ်ညက်ဖြာ ခြောက်ဘုံသာက၊ စံရာစံထက်၊ နတ်ပင်သက် ... မှတ်မြွတ်ဆိုမိ၊ ပြစ်မရှိတည့်၊ မျက်စိမပန်း လျှံထွန်းသရေ၊ လှခေါင်နေကို၊ ဆွတ်တွေကြည့်လျှင်၊ ချစ်၍ထင်ခဲ့၊ လေးပင်မြတ်မော၊ သဘောသန့်စင်၊ မြရည် ညွန့်နှင့်၊ ရောခန့်ချယ်နှစ်၊ ဇမ္ဗူရာဇ်သို့၊ ကျစ်လျစ်သွင်ရုပ်၊ လှခေါင်ချုပ်ကြောင့်" ဟူ၍တစ်ဖုံ။

ငယ်ချစ်ဦး ရဝေရှင်ထွေး၏ ရုပ်ရည်ရူပကာအလှ၊ စိတ်နေစိတ်ထား သန့်ရှင်းဖြူစင်သည့်အလှတို့ကို အမျိုးမျိုး တင်စားကာ ဖွဲ့ဆိုခဲ့သည်။ သူ့စိတ် ထဲတွင် ငယ်ကျွမ်းချစ် ရဝေရှင်ထွေးသည်သာ လှခေါင်ချုပ်ဟု ထင်မှတ်ခဲ့ သည်။

စစ်မြေပြင်သို့ ရောက်နေသည့်အခါများတွင်လည်း "ဇာတိအောင် ... ၊ ရွှေပြည်သာ၌၊ ကလျာငါးရပ်၊ ခြောက်ပြစ်လပ်သား၊ ချည်းလှပ်ညိုဝါ၊ ... တ်ပြာလဲ့လဲ့၊ နွဲ့သည်တို့နှင့်၊ လွမ်းတာမြင်ခဲ့...."ဟူ၍ ရဝေရှင်ထွေးကို လွမ်းရသည့်ရက်ကြာရှည်လှကြောင်း။

"ရွှေပြည်တောင်ငူ၊ နန်းမြင့်သူကို၊ တရူဆိုတမ်း၊ မေတ္တာမွှမ်း၍၊ ... လမ်းမြေတာ၊ ချီလေရာဝယ်...."ဟူ၍ ရှင်ထွေးကို လွမ်းလှသောကြောင့် ... တ်မှပင် ဆိုမြည်တမ်းတရကြောင်း ရတုများစပ်ဆိုဖွဲ့နွဲ့ခဲ့သည်ချည်းပင်။

ယခုတော့ ရဝေရှင်ထွေး၏ အလှကို မဖွဲ့နွဲ့နိုင်။ ရဝေရှင်ထွေးကို လွမ်းနိုင်တော့ပြီ။ သူ့အသက် ၂၁ နှစ် ရှိကာမှ ပထမဆုံးအကြိမ် ဖြုတ်ချည်း ... င်လိုက်ရသော ဓာတုကလျာ၏ ညှိုးငယ်သောသွင်ပြင်မှာ သူ့မျက်စိထဲမှ ထွက်။ မည်သို့မျှ ဖျောက်ဖျက်၍မရ။ ဓာတုကလျာအပေါ် ကရုဏာမေတ္တာတွေ ... န်ကဲကာ သူ့စိတ်ကိုပင် သူမထိန်းနိုင်တော့ပြီ။

အိပ်စက်ရန် လဲလျောင်းနေသော်လည်း ညဉ့်အတော်နက်သည့်တိုင် နတ်သျှင်နောင်သည် အတွေးစများကို ဖြတ်တောက်၍မရသေးပေ။ မှေးမှိတ် ထားသော သူ့မျက်စိထဲဝယ် "အလှအပများ၏ ဘုရင်မ ဓာတုကလျာ"သည် သာ ရစ်ဝဲလျက်ရှိ၏။ သည်အလှဘုရင်မသည် သူ့အား မဟာသမုဒ္ဒယနှောင် ကြိုးဖြင့် ချည်နှောင်ထားလေပြီ။ သူသည် သလွန်ထက်မှ အသာအယာထ...

www.burmeseclassic.com

www.burmeseclassic.com



အဆောင်တွင်းရှိ အလင်းတိုင်ကို ထွန်းညှိလိုက်သည်။ ပြီး ...သူ့မေတ္တာရည်ဖြင့် မှတ်ကျောက်တင်သော အလှဘုရင်မ၏ ရုပကာဘွဲ့ကို တစ်ပိုဒ်ပြီးတစ်ပိုဒ် ရေးဖွဲ့နေမိတော့သည်။

တင့်လှပေဟန်၊ ဘက်မရန်တည့်
ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့
ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်
ရွှန်းရွှန်းစက်မျှ၊ ဝင်းလက်ရောင်ရွှေ
အခေါင်ပေတည့်၊ တောင်နေနတ်ဟန်
မြတ်သစ်ကြန်နှင့်၊ ပန်းမာလ်ရေးချေ
ထုံးနေမကြော့၊ ပတ်လျော့ဆံကြာ
ကျတိုင်းသာလျှင်၊ ရွှေဝါပိတ်ရှင်း
ထည်ချင်းစံပယ်၊ နံ့ကြွယ်လှိုင်ကြူ
မဥ္ဇူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်
မရည်းမထင်၊ ဖြုတ်ခြည်းမြင်က
နတ်ပင်ယိုးမှား၊ ဝိုးဝါးတွေးချွတ်
စိတ်လုံးညွတ်သည်။
ဘုံထွက်နန်းတောင်နေသို့လော။

* * * *

အစကမူ နောင်တော်အိမ်ရှေ့မင်း၏ အလောင်းတော် သင်္ဂြိုဟ်ပြီးပြီးချင်း တောင်ငူသို့ ပြန်မည်ဟု နတ်သျှင်နောင် စဉ်းစားထားသည်။ သို့သော် အယုဒ္ဓယစစ်၌ ထူးချွန်စွာ တိုက်ခိုက်ခဲ့သူများအား ဂုဏ်ပြုပွဲလုပ်ဦးမည်ဖြစ်၍ ချက်ချင်းမပြန်ဖြစ်ပေ။

ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပသည့်နေ့တွင် ဆုချီးမြှင့်မည့်သူ၊ ဆုလက်ခံရယူသူများ သတ်မှတ်ထားသည့်အတိုင်း ချီးမြှင့်ကြသည်။ နတ်သျှင်နောင် အလှည့်တွင် အိမ်ရှေ့မိဖုရား ရာဇဓာတုကလျာကိုယ်တိုင် ဆုချီးမြှင့်သည်။

နတ်သျှင်နောင်သည် ဓာတုကလျာကို ဒုတိယအကြိမ် တွေ့ရပြန်ပြီ။ သည်လို အနီးကပ်တွေ့လိုက်ရသည့်အချိန်မှာ ဘာမျှမကြာလိုက်။ လျှပ်တစ်ပြက်မျှသာ။ သို့သော် ဓာတုကလျာ၏ နက်မှောင်သောဆံပင်၊ ရွှန်းလဲ့သော မျက်လုံး၊ နီထွေးသောနှုတ်ခမ်းလွှာ၊ ဝင်းမွတ်သောအသားအရေ၊ ပြည့်ဖြိုးသော



...ည်တိုင်ပခုံး၊ လက်မောင်း၊ လက်ဖမိုး၊ လက်ချောင်းကလေးများ ....“အို.... ...လှအပများ၏ ဘုရင်မ”ပေပဲ။ နတ်သျှင်နောင်၏ အသည်းနှလုံးမှ ထွက် ...လာသော အသံသည် သူ့ရင်ထဲတွင် ပဲ့တင်ထပ်သွား၏။

ဂုဏ်ပြုပွဲအခမ်းအနားကား ပြီးဆုံးသွားပေပြီ။ မပြီးဆုံးသေးသည်ကား ...တ်သျှင်နောင်၏ အတွေးများပင်ဖြစ်၏။ ဓာတုကလျာကို ပထမဆုံးအကြိမ် ...တ်ချည်းမြင်လိုက်စဉ်က သူ့ရင်ထဲတွင် စွဲကျန်ရစ်နေသော ကရုဏာမေတ္တာ ...တွင် ယခု သမုဒယမေတ္တာထပ်လောင်းမိတော့သည်။ သူ့ရင်ထဲတွင် ...င်စုံတစ်ခုကို ခံစားရသည်။ ပြီးတော့ တစ်စုံတစ်ရာကိုလည်း မျှော်လင့် ...မိသည်။ သည်ခံစားချက်၊ သည်မျှော်လင့်ချက်ဟာ ဘာပါလိမ့်။ သူ ...လေးအနက် စဉ်းစားသည်။

“ချစ်ခြင်းမေတ္တာ”

“ဟင်....ငါ ဓာတုကလျာကို ချစ်နေမိပြီလား။

အို....မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ပါဘူး။ ဓာတုကလျာဟာ ငါ့ရဲ့ ဒွေးလေး ...ာ်။ ငါ့ရဲ့ မရီးတော်”

မှန်ပါသည်။ ဓာတုကလျာသည် ဘုရင့်နောင်မင်းတရားကြီး၏ သမီး ...တော်ဖြစ်သည်။ နတ်သျှင်နောင်ကား ဘုရင့်နောင်၏ မြေးဖြစ်သည်။ ထို့ကြောင့် ...တို့နှစ်ဦးမှာ ဒွေးလေးနှင့်တူ တော်စပ်သည်။

တစ်ဖန် ဓာတုကလျာ၏ ကြင်ယာတော် မဟာဥပရာဇာမင်းကြီးစွာ ...င် နတ်သျှင်နောင်သည် ဝမ်းကွဲညီအစ်ကိုဖြစ်၏။ သည်တော့ ဓာတုကလျာ ...င် နတ်သျှင်နောင်မှာ မရီးနှင့်မတ် တော်စပ်နေပြန်သည်။

သည်အသိများက သူ၏ နှလုံးသားကို စိုးမိုးသွားကြသည်။ သည်အသိ ...အာ်တွေနှင့် သူ့ရဲ့ စိတ်လှုပ်ရှားဖောက်ပြန်မှုကို ထိန်းချုပ်ကြည့်သည်။ ...ိန်းချုပ်၍ မရပါလား။ သူသည် ဓာတုကလျာအပေါ်တွင် ကြီးမားလှစွာသော ...တ္တာဖြင့် ချစ်နေမိပြီတကား။ သူသည် ဓာတုကလျာအား သူ့အသက်ကိုပင် ...က်လိုလှသည့် မေတ္တာစိတ်သည် တစ်စထက်တစ်စ ပေါက်ကွဲ၍ ထွက်လာ ...တော့သည်။

“ရှစ်ဆိုင်ရွက်ကြာ၊ ဖြန့်မိုးကာသား၊ မင်းသာစံမှတ်၊ စက်ပြာသဒ်သို့၊ ...ညွတ်ရည်ဆက်၊ ဖူးသည့်ရက်ဝယ်၊ စိတ်စက်နှလုံး၊ စုရုံးကြွင်း...၊ ကြွေခဲ့ ...တ်၊ ဆွတ်လွှတ်လှည့်ကာ၊ ဗျာပါကျိုးပြစ်၊ စင်စစ်မသိ၊ မျက်စိလိုလိုက်၊ ...ကြိုက်သရွေ့၊ မြော်သည့်နေ့က၊ မမေ့စဖူး၊ အကျူးအလွန်၊ ဆယ်ပြန် ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ထပ်၊ တည်ရပ်မဲ့ဆုံး၊ ယူသို့ကျူးသည်၊ သက်လုံးဆက်ပါချင်တော့သည်။"

"နှစ်ပြိုင်ဘက်ရှာ၊ ဝတီသာမှ၊ စံရာစံထား၊ ရွေးခဲ့ခြား၍၊ သိကြား တမျှ၊ ပြိုင်လှာကလည်း၊ သော်တာ့ရောင်တွင်၊ ကြယ်နှယ်ထင်ဟု၊ သခင်က ကို၊ များမိန့်ဆိုလိမ့်၊ ဝင်းညိုမွှေးမွှတ်၊ ပြာလတ်နွဲ့ချော၊ သဘောစင်ဖြူ မည်သို့ဟူ၍၊ မြင်သူမူးမော်၊ တွေးခေါ်ဟမြွတ်၊ ဆိုမျိုးခက်ခဲ့၊ အဖက်ကျူးလွန် တင့်မောဟန်ကို၊ မြော်ပြန်မြင့်နိုင်း၊ တန့်မဆိုင်းသည်၊ ရှုတိုင်းမျက်နှာထင် တော့သည်။"

"ချစ်ပိုင်ဆက်ရာ၊ လက်ဆောင်လျာမူ၊ သက်သာဖြစ်သင့်၊ ပေးထိုက် တင့်ဟု၊ ကြိုးခွင့်လျှောက်မည်၊ ကြံချင်သည်လည်း၊ ဝိုက်လည်ခယ၊ ဘယ်သူ သ၍၊ လှမျှားစံကျွန်း၊ မိန့်တော်ပန်းကို၊ မြဝန်းရစ်သီ၊ မဆင်မီဝယ်၊ ချစ်ဆီ တည့်လျှော်၊ ကြားရသော်မှ၊ လွမ်းပျော်ကြွေလွတ်၊ ပြေတို့တတ်၏။ ပြတ်ပြတ် ဟရည်[၁]၊ မသိသည်နှင့်၊ နွေလည်ရာသီ၊ ပွင့်ပြိုင်ညီက၊ နာရီပါဒ်ဝက်၊ လျှပ်တစ်ပြက်မျှ၊ စုံမက်ဆပွား၊ ချုန်မထားသည်၊ သနားရက်သာဖြင်တော့ သည်။"

❒ ❒ ❒

၁။ ဟရည် = မြွက်ဟသောစကား။

(၉)

# မြင့်ခြင်းနိမ့်ခြင်းပြဿနာ

နတ်သျှင်နောင်သည် တောင်ငူရွှေနန်းသို့ ပြန်လည် ရောက်ရှိနေပြီ ...၏။ ဟံသာဝတီမှ ပြန်ရောက်လာတည်းက တစ်မူထူးခြားနေသော နတ် ...င်နောင်ကို ရဝေရှင်ထွေး သတိပြုမိသည်။ ယခင်ကဆိုလျှင် အစောင့်အကြပ် ... အကြားမှပင် မိမိရှိရာ ရဝေဆောင်သို့ မရရအောင်လာစမြဲဖြစ်သည်။ ...မြဲတာအတွင်း ဝေးကွာနေရသည့်အခါများ၌လည်း မိမိကိုမည်မျှ လွမ်း ...တ်တမ်းတရကြောင်း ရတုကဗျာတွေ သီဖွဲ့ကာပေးခဲ့မြဲဖြစ်၏။ ယခုမူ လူ ...သ်းမလာ၊ စာလွှာလည်းမရောက်။ ထူးခြားလှပါကလား။ ရဝေရှင်ထွေး ...တွေးတွေဝေရပြီ။ နောက်ဆုံးတွင်မူ လူ့သတင်း လူချင်းဆောင်လာသည်။ ...ဆင့်စကား တစ်ဆင့်နားကြားလိုက်သည့်သတင်းက....

"နတ်သျှင်နောင် ကိုယ်တော်လေးတစ်ယောက် ဟံသာဝတီရဲ့ အလှ ...ာ ဓာတုကလျာအပေါ်မှာ မေတ္တာသက်ဝင်နေပြီ"တဲ့။

သည်သတင်းစကားသည် ရဝေရှင်ထွေး၏ နားစည်အစုံကို အရှိန် ...ွာ ရိုက်ခတ်သွား၏။ နှလုံးသည်းပွတ်အိမ်အတွင်း၌ ပဲ့တင်ထပ်သွား၏။ ...ထွေးသည် သတင်းစကားပါးလာသူ ရုံရွှေတော်ကလေးကို မလှုပ်မယှက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ၏။ လူကသာ မလှုပ်မယှက်။ စိတ်သည် ရုပ်နှင့်ခြားနားစွာ ယောက်ယက်ခတ်သွား၏။ သတင်းပါးလာသူ ရဲရွှေတော်ကလေးသည် မိမိကို ကရုဏာသက်သော မျက်လုံးအစုံဖြင့် ငေးကြည့်နေသည်ကို သတိပြုမိသည်။ မိမိအပူကို ဖုံးဖိလို၍ ပြုံးပြလိုက်သော်လည်း မချိပြုံးသာဖြစ်သွား၏။

ရဝေရှင်ထွေးသည် စိတ်တည်ငြိမ်မှုရစေရန် မှီအုံးကိုအသာမှီ၍ မျက်လုံးကို အသာမှိတ်လိုက်ချိန်တွင် ရဲရွှေတော်ကလေးသည် ခြေဖွဖွနင်းကာ ခန်းဆောင်ထဲမှ ထွက်သွားတော့သည်။

စာဆိုတို့မည်သည် စိတ်ကြည်နူးရွှင်လန်းလျှင်လည်း ရင်ထဲမှ အပျော်ကို စာစပ်တတ်သည်။ ဝမ်းနည်းကြေကွဲဖွယ်တွေ့လျှင်လည်း သူ့ရင်ထဲက ဝေဒနာကို စာဖွဲ့ပြီး ဖြေဖျောက်တတ်သည်။ ရဝေရှင်ထွေးသည် အန်ချင်းစာဆို မဟုတ်ပါလား။ ယခုလို မောင်တော် နတ်သျှင်နောင်က အချစ်သစ်တွေ့ပြီဆိုသည့်အခါ သူ အလွန်အားငယ်သွားသည်။ စကတည်းကပင် နတ်သျှင်နောင်နှင့် သူတို့မှာ လူတန်းစားချင်းကွာနေသည်ကို သူသိသည်။ နတ်သျှင်နောင်သည် တောင်ငူဘုရင်၏ သားတော်ကြီးဖြစ်သည်။ ခမည်းတော်၏ ညာလက်ရုံးလည်း ဖြစ်သည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် တောင်ငူထီးနန်းကို ဆက်ခံရမည်မလွဲ။

မိမိမှာ နတ်သျှင်နောင်၏ မယ်တော်ဘက်မှ ဆွေမျိုးတော်စပ်သည် ဆိုသော်လည်း မိမိဖခင်မှာ တောင်ငူဘုရင်၏ လက်အောက်မှ မင်းမှုထမ်းမျှသာ ဖြစ်သည်။ ကျွန်တော်ရင်းသာဖြစ်သည်။ သည်လို အဆင့်အတန်းကွာခြားနေသဖြင့် နတ်သျှင်နောင်ကို ကြောက်လည်းကြောက်သည်။ မိမိမှာ အဆင့်နိမ့်ဘဝဖြစ်နေရာ နတ်သျှင်နောင်ကို ချစ်ရသည်မှာ အမြင့်ပန်းကို လှမ်းချူနေရသကဲ့သို့ ဖြစ်နေသည်။ မိမိမှာ နတ်သျှင်နောင်ထက် အသက်အားဖြင့် ငယ်သူမို့ ရွယ်တူတန်းတူ ချစ်သူများလို ပွင့်ပွင့်လင်းလင်း ပိုင်ပိုင်နိုင်နိုင်လည်း မပြောဝံ့ပါ။ မိမိခံစားနေရသည်ကို ပြောပြန်လျှင်လည်း ဒေါမာန်ပွားမည်ကို စိုးရိမ်သည်။ မပြောဘဲနေပြန်လျှင်လည်း သူ လှည့်စားသမျှ ယုံကြည်နေသည့် နုံသူ၊ အသူ၊ ညံ့ဖျင်းသူ ဖြစ်နေမည်။ သည်တော့....

**"စောလေ။ ။ မပန်ရလည်း မပန်ချင်၊ မဏိမလ္လာ၊ ဂန္ဓာနတ်ဖြစ်၊ ပွင့်ဝတ်သစ်ကို မင်းစစ်သမီး၊ ဘုန်းကြီးနတ်ဖန်၊ ငါနှင်းရန်ဟု၊ ပန်ပေစွလေ။ ဖော်ချင်းတို့လေ။ ။ဖော်ချင်းတို့။"**

**"စောလေ။ ။ မကြင်ရလည်းမကြင်ချင်၊ သမင်နှင့်ကျား၊ မြွေနှင့်**



**ဖားသို့၊ ကြောင်သားကြက်ဥ၊ စံတုန္နိုင်းအင်၊ အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊ မှန်ပေ၏လေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။"**

**"စောလေ။ ။ မစားရလည်း မစားချင်၊ ရွှေစင်စတော၊ သီးမှည့်ကြွေသည်၊ သပြေသီးကို၊ ဘုန်းကြီးနတ်တူ၊ ငါ့ဖို့ဟူ၍၊ ယူလေ၏လေ။ ။ ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။"**

**"စောလေ။ ။ မချစ်ရလည်း မချစ်ချင်၊ နတ်ရှင်မင်းဖျား၊ တရားကျော်စွာ၊ ဥပရာကို၊ ရှိကြာ့ထိပ်စွန်၊ ပန်းနှယ်ပန်လျက်၊ ကျွန်နှင့်အရှင်၊ ဆိတ်နှင့်ဆင်သို့၊ ခဲအင်တွေယူ၊ ဘုန်းမတူသည်၊ ယူလေ၏လေ။ ။ ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့။"**

**"စောလေ။ ။ မလွမ်းရလည်း မလွမ်းချင်၊ အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်။ ပူပန်သမ်းမြန်း၊ ညိုးလှည့်ဆန်းလေ။ ။ဖော်ချင်းတို့လေ၊ ဖော်ချင်းတို့"**

ဟူ၍ အချစ်ဝေဒနာကို အနိုင်နိုင်ကြိတ်မှိတ်ကာ စိတ်တင်းပုံကို အန်ချင်းဖွဲ့မိလေတော့သည်။

ရဝေရှင်ထွေးအဖြစ်ကား သနားစရာကောင်းလှသည်။ နတ်သျှင်နောင်က ယခုလို သစ္စာသွေပျက်သည်ကို သူ့မိဘနှစ်ပါး၊ ဆွေမျိုးများ ကြားသိလေလျှင် ကရုဏာပြစ်တင်ကြသည်ကို ခံစားရပြန်သည်။ အပြစ်တင်မည်ဆိုကလည်း တင်ထိုက်ပါသည်။ ဆံပင်စုလည်း ဆယ်နှစ်ရွယ်ကတည်းက ချစ်လှပါသည်လို့ ဖန်ဖန်စကားဆိုလှာသဖြင့် သက်လုံးနှင်းခဲ့ရသည်။ ယခုတော့ သူ့သက်ထားသည် သစ္စာသွေကွက်သွားပေပြီ။ သူ့မှာကြဲရာမရ။ ဗျာပါသောက ကြီးစွာဖြစ်နေရသည်။ သည်တော့လည်း မြတ်ဘုရားထံပါး၊ ဦးဖျားထိပ်ပြင် လက်စုံတင်ပြီး သူ့အပြစ်တွေကို တိုင်တည်ပန်ကြားနေမိပြန်သည်။ သောကတွေ ဝေနေသည့်အချိန်မှာပင် ရဝေရှင်ထွေး၏ နှလုံးသည်းပွတ်မှ ကဗျာဉာဏ်သည် ယခုလို ယိုစိမ့်လာတော့သည်။

လျှံထက်ထွန်းဝါ။ ။ မြို့လက်ယာနိုက်၊ ရွှေသာအုံဘွယ်၊ မြင့်ဖြိုးသွယ်သား၊ မိုးလယ်ထိတုံ၊ ဓာတ်မျိုးပုံသည်၊ စည်းခုံမြတ်စစ်၊ မယ့်ရှင်ချစ်၊ ကျိုးပြစ်စန၊ မည်မျှမထင်၊ ဆံပင်စုလည်း၊ ဆယ်နှစ်တည်းက၊ သိပ်သည်းမြဲမှန်၊ ဖန်ဖန်စကား၊ ဆိုသောအားဖြင့်၊ ယုံမှားမိလျှင်း၊ သက်လုံးနှင်းမှု၊ ချွတ်ယွင်းလိုက်ပြီ၊ ပြယာယ်ဆိုခဲ့၊ သန်ကိုယ်စွမ်းအင်၊ အသွင်မြလား၊ မယ့်သက်ထားသည်၊ စိတ်ပြားကြဲစည်ယိုးဘိသည်။

ကြဲခက်လွန်းစွာ။ ။ ကြီးဗျာပါနှင့်၊ မယ့်မှာမယ်တုံး၊ မိန်းမူးစိတ်ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ငိုက်မျဉ်းသမ်းမှ၊ ကြင်ကျွမ်းတူအင်၊ သို့ပင်ယွင်းချွတ်၊ ပျက်ဘိတတ်ခဲ့၊ မမှတ်စသာ၊ကြံကာဆိုထုံး၊ ယူကျုံးမရ၊ ခုမှကဲလွန်၊ မယ်ဖြစ်ဟန်ကို၊ မချွန်မြွက်ကြား၊ မြတ်ဘုရားအား၊ ဦးဖျားထိပ်ပြင်၊ လက်စုံပင်တည်း၊ ကြည်လင်ဆုညွှန်း၊ ရှိပန်းစိဒ္ဓာန်၊ တိုင်ကြားပန်မှ၊ မှန်တုံ့သက်လုံး၊ ဆင်းမြကုံးသည်။ လက်ရုံး ကိုယ်ရည်ကိုးဘိသည်။

နံ့သက်မှန်းကာ။ ။ ကြီးသစ္စာနှင့်၊ မြဝါနန်းရံ၊ ဆိုစဟန်ကား၊ ထက်ခွန်ရပ်သူ၊ သက်လျာမူလည်း၊ နိုင်းယူမခွ၊ မယ်ပါ့သူသို့၊ မပို့ချစ်သက်၊ မယွင်းကွက်ဟု၊ မြချက်သမူ၊ သက်လုံးစုမှ၊ ယခုတမူ၊ မဖြူသတိ၊ ယွင်းချွတ်ဘိ၍၊ မျက်စိဆင်းရဲ၊ ဝမ်းကွဲလှည့်ကာ၊ ကျွန်ပ်သာလျှင်၊ မျက်နှာမရ၊ မိဘမျိုးအင်၊ ပြစ်တင်ထန်ပြင်း၊ မလွတ်လျှင်းခဲ့၊ ရှင်းရင်းကိုပါ၊ မည်မျှသူနား မတိုင်ကြားသည်။ ။ အများသိမည်စိုးဘိသည်။

သူ့ဖြစ်အင်များကို အများသိမည်စိုး၍ မည်သူ့ကိုမျှလည်း မတိုင်ကြားဝံ့။ ဆယ်ကျော်သက်ရွယ် ငယ်ငယ်ကတည်းက ရစ်နှောင်ခဲ့သည့် သံယောဇဉ်မို့ ခိုင်ကြည်ရင့်မာနေပြီ။ မကြင်ရလည်း မကြင်ချင်၊ မစားရလည်း၊ မစားချင်၊ မချစ်ရလည်း မချစ်ချင်၊ မလွမ်းရလည်း မလွမ်းချင်ဟု ဇွတ်မိုက်ကာ မာန်တင်းသော်လည်း မောင်တော်နတ်သျှင်နောင်ကို တစ်နေ့မှမမေ့၍မရပါ။ စဉ်းစားမိလေတိုင်း မောင်တော်သစ္စာယွင်းပျက်သည်မှာ ရှက်ဖွယ်ကောင်းလှသည်။ ကတိသစ္စာတွေ အကြိမ်ကြိမ်ဆိုခဲ့ပြီးမှ မတည်ကြည်သဖြင့် မတင့်တယ်ပါ။ မောင်တော့်မှာ ဂုဏ်သိန်မြင့်မားသည့် သက်ထားကြင်ဖက်ရှိနေပြီမို့ ရှင်ထွေးနောက်ဆုတ်လိုက်ပါပြီ။ “ရှည်လျားလှသည့် သံသရာမှာ နောင်သောအခါမှ တွေ့ပါရစေ”ဟု ဘုရားသခင်ထံမှာ ယခုလို ဆုတောင်းနေမိတော့သည်။

မရှက်ပါလေ။ ။ ရှင်တော်မွေဝယ်၊ ရိုသေစိတ်ဖြူ၊ တော်မည်ဟူလည်း၊ တုယှူသဖြင့်၊ နှုတ်မတင့်ခဲ၊ ဘုံမြင့်နန်းသူ၊ တောင်းဆုယူသည်၊ မဆူမည်သာ၊ မြတ်သကျာ။ ။ သံသာပျံ့ပျူး၊ နားပါးမူးမျှ၊ အထူးတလည်၊ တိုင်လျှောက်မည်ကို၊ ဉာဏ်ခြည်ဝင်းဝါ၊ မဖြည့်ပါနှင့်၊ သူမှာပျော်တတ်၊ ရှိဆလျက်ကို၊ မယ်သက်လုံးခြုံ၊ ကြင်ဘိတုံ့လည်း၊ လူ့ဘုံနောင်စစ်၊ တင်မည်ဖြစ်ကြောင့်၊ မြစ်ပါခြား၏။ ရှည်လျားသံသာ၊ နောင်သောခါမှ၊ တွေ့ပါရစေ၊ များဘော်ရွှေနှင့်၊ စေ့ရေဥန်လိုက်၊ တောင်းစဉ်ကြိုက်ဝယ်၊ တိမ်တိုက်လျှံတက်၊ မြည့န့်ရှက်သည်။ ။ ဘဝဂ်ဆိုသာ ညီတော့သည်။



မသက်သာနေ။ ။ အောက်မေ့ချောက၊ သပြေခိုးယူ၊ ရိပ်ဖြူဖွင့်လှစ်ကေရာဇ်ဝယ်၊ ကျွန်ချစ်ယုံကျူ၊ မူတော်ကုံသား၊ တတ်စုံသိပ္ပ၊ နောင်ကျိုင်းမြလျှင်း သီလသပ်ရုံး၊ သတင်းသုံး၍၊ ဖြောင့်ဆုံးမြခွာ၊ နေလှည့်ရာကို၊ သစ္စာမြင့်မိုရ်၊ ကျိုန်မည်ကိုလည်း၊ မဆိုလတုံ၊ ဆိုလတုံလျှင်း မယုံသာချေ၊ လေကစေသို့၊ ကြော့တွေ့ခွမ်းခက်၊ မြတဝက်သည်။ ။ မရှက်၍သာ ဆိုတော့သည်။

နတ်သျှင်နောင်အနေဖြင့် ရဝေရှင်ထွေး ယခုလိုအချစ်ဒုက္ခခံစားနေရသည်ကို မသိမဟုတ်သိပါသည်။ သစ္စာပျက်ယွင်းသဖြင့် ရှက်ဖွယ်ကောင်းကြောင်း စကားနာထိုးသည်ကိုလည်း မနာရက်ပါ။ ရဝေရှင်ထွေးကို သူသည်ချစ်မြဲချစ်လျက်ပင်။ ငယ်ကချစ်မို့အနှစ်တစ်ရာ မမေ့သာပြီ။ ယခုဆို အသနားပင် ပိုနေသေး၏။

သို့သော် နတ်သျှင်နေမာင်သည် မိမိဘဝကို သည်မျှနှင့် ရောင့်ရဲတင်းတိမ်နေသူ မဟုတ်ပါ။ သူသည် ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော်တွေထဲတွင် အထက်မြက်ဆုံးဖြစ်၏။ အတော်ဆုံးဖြစ်၏။ လက်ရုံးရည် နှလုံးရည်တွင် သူ့ကို မီနိုင်သူမရှိ။ သူသည် မင်းကေရာဇ်အဖြစ် ဘုရင့်နောင်မင်းတရားကြီး၏ အမွေကို ဆက်ခံလိုသော ဆန္ဒပြင်းပြနေသူ ဖြစ်၏။ ကေရာဇ်အဖြစ် နန်းသိမ်းပွဲခံသည့်အခါ ရွှေလင်ပန်းနှင့် အချင်းဆေး၍ မင်းကမွေးသည့် မင်းသွေးပါသူမှ မိဖုရားဖြစ်နိုင်သည်။ သည်တော့ တောင်ညာစံဒေဝီမိဖုရားခေါင်ကြီးမှာ သူ ချစ်သော ရာဇဓာတုကလျာမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ပေ။

ရဝေရှင်ထွေးမှု ငယ်ကျွမ်းချစ်မို့ သံယောဇဉ်ရှိမြဲပင်။ သို့သော် လုအန်းစားအနိမ့်အမြင့် ကွာခြားမှုက ရှိနေသည် မဟုတ်ပါလား။ သည်အတွက် နတ်သျှင်နောင်သည် ရဝေရှင်ထွေးအား နှုတ်မှဖွင့်ဟကာ ပွင့်ပွင့်လင်းလင်း မပြောရက်ပြီ။ ထို့ကြောင့် နတ်သျှင်နောင်သည် ရဝေရှင်ထွေးက သူ၏ စကားချက်များကို ဘုရားရှင်ထံ တိုင်တည်လျှောက်ထားလေဟန် ရတုကဗျာများဖွဲ့ကာ နှစ်သိမ့်ခဲ့သည်။

ချောင်းမမွေတော် အရှင်ဘုရား၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံထိုက်သော ဘုရားရှင်အား၊ တပည့်တော်မသည် ဦးလက်ဆောင် ပူဇော်ဆက်ကပ်ပါသည် ဘုရား။ ဘုရားတပည့်တော်မ၏ နှမ်းသည် နေရောင်လရောင်လည်းမခံ၊ လေညှင်းလည်း မထိပါ။ မိုးလည်း မခွန်းပါ။ မည်သည့်အခါမျှ ရေမလောင်းပါ။ ကမ္ဘာအစဉ်အဆက် ကာလကြာမြင့်စွာ ညိုးခြင်းနွမ်းခြင်းမရှိသော “သစ္စာပန်း” ဖြစ်ပါသည်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဤသစ္စာပန်းတော် ပန်းလွှတ်ကျော်နှင့် အရှင်ဘုရားအား ပူဇော်ကာ မောင်တော် အကြောင်းကို လျှောက်ကြားတိုင်တန်းပါသည်။ ဘုရားတပည့်တော်မ ကြင်ဖော်နန်းရံထားသည့် မင်းသားအကြောင်း လျှောက်ရမည်မှာ ခက်ခဲလှပါ သည်။ အလွန်ကျယ်ဝန်းလှသည့်အဖြစ်သနစ်ဖြစ်ပါ၍ စဉ်းစားလေတိုင်း မောင် တော်အား မုန်းဖွယ်ရာသာ များခဲ့ပါတော့သည်ဘုရားဟု ရဝေရှင်ထွေး၊ ချ ရတက်ပွေပုံကို ယခုလို ဖွဲ့နွဲ့ခဲ့သည်။

**"ချောင်းမမွေတော်၊ မြတ်ဇိနော်ဟု၊ သုံးဘော်ရပ်သူ၊ နတ်လူအလုံး ညွတ်လာရုံးသား၊ ရှိကုံးဝန်းမြောင်၊ မယ့်လက်ဆောင်မူ၊ လရောင်နေလျှ၊ မ လေညှင်း၊၊ မိုးနှင်းမဖျန်း၊၊ ရေမသွန်းတည်း၊ ချင့်မှန်းကမ္ဘာ၊ နှစ်သချ်ာက ညှိုးဝါမယော်၊ ပန်းလွှတ်ကျော်နှင့်၊ ကြင်ဘော်နန်းရန်၊ မတော်ဟန်ကို၊ လျှောက်ပြ ခဲလွယ်၊ ဆိုရေးကျယ်သည်။ ။ မုန်းဖွယ်မများ တောင်းကိုလည်း"**

ဆယ်ကြိမ်ဆယ်ခါ လော်ထားအပ်သော ရွှေရုပ်တုများကဲ့သို့ လှ သော မောင်းမများ၏ စိတ်နှလုံးကို ဖျော်ဖြေတတ်သည့် မောင်တော်အား တပည့်တော်မသည် ဦးခေါင်းထက်ရှိဆံကေသာတွင် ဆင်ရန်လည်း မရေ လှသေးပါဘုရား။ အရှင်ဘုရား၏ ရွှေစကြာတော်အောက် ပန်းများဖြင့် ပူဇော် ရန် ရောက်လာတိုင်း မောင်တော့်အကြောင်းကို လျှောက်ထားလိုစိတ်များ ဖြစ်ရပါသည်။ မောင်တော့်အား မုန်းချင်သော်လည်း မမုန်းနိုင်အောင် ဖြစ်နေ ရပါသည်ဘုရား။

သည်မှျအခေါင်အဖျားတိုင်အောင် ပျက်စီးနေသော မောင်တော်သည် တပည့်တော်မအပေါ် မြစိုင်မြခဲလို စိမ်းကားလှပါသည်ဘုရား။ မောင်တော် သည် လူစိမ်းလူရွမ်း မခွဲခြားဘဲ ရေများလျှံကျစီးဆင်းသကဲ့သို့ အသစ်မြင် တိုင်း ရွေ့လျားပြီး အသစ်ကိုသာ ကြံစည်နေပါသည်။ ဘုန်းတော်ကြီးလှသော အရှင်မြတ်ဘုရားက သနားသဖြင့် ကယ်တော်မူပါဘုရား။ မောင်တော်ကဲ့သို့ လူမျိုး၊ ဤဇမ္ဗူမှာတစ်လူသာ တွေ့ခဲ့ရပါသည်။ ဤဘဝမှ လွန်မြောက်ပြီး လူ့ပြည်နတ်ရွာ စုန်ဆန်သွားရပါက သူနှင့် ကမ္ဘာချင်း ဘဝချင်းဝေးကွာရပါလို ၏ ဘုရား။

ညီတော်သုံးပါးတို့၏ နောင်တော်၊ တပည့်တော်မ အသက်လိုချစ် ရပါသော မောင်တော်သည် အပါယ်လေးပါးမှ လွတ်ပါမည်လားဘုရား။ အရှင် ဘုရား ဗျာဒိတ်ပေးတော်မူပါ။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းပါသော တပည့်တော်မသည် စိတ်ထားဖြူစင်စွာဖြင့် အမျှပေးဝေပါ



...။ ဇမ္ဗူဒိပါလက်ျာတောင်ကျွန်းတစ်ခုလုံးကို အုပ်စိုးမည့် မောင်တော်၊ ...အမာန်ကြီးလှသည့် ဆဒ္ဒန်ဆင်ကြီးသဖွယ်ဖြစ်သော မောင်တော်သည် ဤ ...ဘုံတွင် မည်သူနှင့်မျှ မနှိုင်းယှဉ်နိုင်အောင် ရှားပါးလှသူ ဖြစ်ပါသည်ဘုရား။

**"မောင်းမျှရွှေလော့်၊ ရှတိုင်းပျော်ကို၊ ထိပ်ပေါ်ကေသာ၊ ဆင်မရာ ...ည်း၊ စကြာထံအောက်၊ ဆက်လှာရောက်က၊ ပြန်လျှောက်ဘွယ်ချည်း၊ ...မ်းပျက်ပည်းစွ၊ မုန်းလည်းမနိုင်၊ ပျက်ခေါင်တိုင်သည်၊ မြစိုင်တင်းကြမ်း၊ ...စ်ပိုင်းမွမ်းနှင့်၊ စိမ်းရွမ်းမရွေး၊ ရေလျှံပြေးသို့၊ ကြင်ရေးသစ်သစ်၊ ကြံသည် ...ကို၊ ရှင်ချစ်ဘုန်းမွေး၊ မီတည်းရှေးလျှင်၊ အရေးကယ်ယူ၊ ပြည့်တော်မူ ...သော့၊ တစ်လူဘဝ၊ တွေ့ဘိရရှင့်၊ သည်ကလွန်လေ၊ လူ့မြေနတ်ရွာ၊ လဲသော ...ရှု၊ ကမ္ဘာဆက်များ၊ ဝေစေခြား၍ သုံးပါးညီနောင်၊၊ မယ့်သက်ပေါင်းလျှင်၊ ...အားကြောင်းပါယ်ရှာ၊ လွတ်ပါလိမ့်လော၊ သနားမောစွ၊ ရှင်စောခုက၊ ဗျာဒိတ်ဟ ...သော့၊ ပဥ္စသီလ မြဲမြံဆောက်တည်၊ မယ်စောင့်သည်ကို၊ စိတ်ကြည်ဖြူထွေ၊ ...မျှဝေ၏၊ သဝဖြစ်းမှန်၊ လက်ရုံးအန်နှင့်၊ ဆက်ဒန်နာဂ၊ ပြောင်မုန်ဝသို့၊ ...လုဝယ်၊ သည်သူနှယ်သည်။ ။ နှမ်းဆွယ်မရှားတောင်းကိုလည်း"** ဟု ...ဆိုခဲ့သည်။

အရှင်ဘုရား တပည့်တော်မ၏ အချစ်ရေးကိစ္စများကို လျှောက်ထား ...လျှင် မူးမော်သွားလောက်အောင်ပင် စိတ်မချမ်းသာပါ။ မောင်တော်၏ ...ဆန်းသော စရိုက်အကျင့်များမှာ တပည့်တော်မနှင့် စုလျားရစ်ပတ် လက် ...ပ်မိ ကာလကပင် မောင်တော်သည် အချင်းချင်းမညီမျှပါဘဲလျက် ဖောက်လွဲ ...က်ပြန်၊ မင်းသားနှင့်မျှမတန်ရအောင် ပြုကျင့်ခဲ့ပါသည်။ နန်းရံထားအပ် ...သာ မင်းသားက အကျင့်ဖောက်ပြန်သဖြင့် တပည့်တော်မသည် သူ့အား ...စိစောင်းငဲ့ပြီး မကြည့်ချင်လောက်အောင်ပင် ဖြစ်ရပါသည်။ ထက်ဘုံဖျား ...သိကြားမင်းကိုသာ မယ့်သည်းချာဟု အမှတ်ထားနေရပါတော့သည်ဘုရား။

တပည့်တော်မသည် ရဝေနန်းဆောင်သလွန်ညောင်ပေါ်ဝယ် ရံရွေ ...သုံးပါး ဝန်းရံလျက်၊ ဆင်၊ မြင်း၊ စစ်သည်အစောင့်အကြပ်များကလည်း ...လုံအပြည့်ဖြင့် စောင့်ကြပ်ကာနေရစဉ်မှာပင် မောင်တော်သည် တပည့် ...မအား သူ၏ စကြာလက်ရုံးတော်ဖြင့် ကျိုးနွံ့စေပြီး အချစ်ကို ရယူခဲ့ပါသည်။ ...ဆွန်အခါကျမှ စိတ်နှလုံးဖောက်ပြန်ကာ နေပုံများမှာ မတော်လွန်း ...သည်အကြောင်းများ လျှောက်ထားရသည်မှာ ရှက်လှသော်လည်း ရွှေဘ ...သခင်ဘုရားရှင် သိစေချင်လှ၍ တပည့်တော်မ၏ လက်ဆယ်ချောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဦးထိပ်ပန်ဆင်ကာ လျှောက်ထားပါသည်ဘုရား။ စင်စစ် တပည့်တော်မသ မောင်တော်အကြောင်းကို မောင်တော့်မျက်ကွယ်တွင် ကုန်းချော အတင်းပြေ မလျှောက်စကောင်း၊ လျှောက်ထားရပါတော့သည် ဘုရား။

**"ကြောင်းစတွေငေါ၊ လျှောက်သည်သော်မူ၊ မူးမော်ဘနန်း၊ လွန်ဖ ဆန်းလား၊ ရေသွန်းနှင်းအပ်၊ လက်ထပ်ထိမ်းမြား၊ စုလျားရစ်သီ၊ မပတ်မီ ချစ်ညီဖောက်ပြန်၊ မတော်ဟန်ကို၊ နန်းရန်ရွယ်ရှိ၊ ကျင့်တပြီးကား၊ မျက် စောင်းလှည်း မကြည့်ချင်ပြီ၊ ထက်ဆီဘုံဖျား၊ သိကြားကိုသာ၊ မယ့်သည် လျာတု၊ ဝမ်းမှာမှတ်ရှည်၊ နေစလှည့်လိမ့်၊ ထားပြည့်ဝန်းရုံ၊ ဆင်ပုံမြင်းတ စောင့်လင့်နေလျက်၊ ရဇေခန်းချောင်၊ သလွန်ညောင်ဝယ်၊ သုံးမြောင်ရံက နေလှည့်ရာကို၊ စကြာလက်ရုံး၊ ကျိုးပြီးဆုံးမှ၊ နှလုံးဖောက်ပြန်၊ မတော်ဟ ကို၊ နိဗ္ဗာန်သခင်၊ သိစေချင်ဟု၊ ရွှေစင်ရောင်နွယ်၊ တင်ဆက်ရွယ်သည်။ ထုန်းသွယ်မသား တောင်းကိုလည်း"**

ရဝေရှင်ထွေးက သူ၏ အဖြစ်သနစ်ချစ်ဒုက္ခကို ချောင်းမမွေတော် ဘုရားအား တိုင်တည်လျှောက်ထားလေဟန် ရတုကဗျာများဖွဲ့ကာ နှစ်သိ ခဲ့သည်။ သည်တော့လည်း ရဝေရှင်ထွေးခမျာ ကျေနပ်ရပြန်သည်။ ဂုဏ်ရှိ အဆင့်ကွာ လှမ်းလွန်းသဖြင့်လည်း ရဝေရှင်ထွေးသည် နှတ်သျှင်နောင်အ လက်လှမ်းရန် တွန့်ဆုတ်သွားလေတော့သည်။

ဩော်—မြင့်ခြင်းနိမ့်ခြင်း ပြဿနာ၏ ဂယက်ဒဏ်ကား ပြင်းထ လှပေစွ။

❐ ❐ ❐

(၁၀)

# နှတ်သျှင်သူ့ကြောင့် တစ်ရေးမှောင့်ခဲ့

ယခုဆိုလျှင် ဟံသာဝတီနန်းတွင် အိမ်ရှေ့မင်းအရာ လစ်လပ်လျက် ရှိ၏။ ငါးဆူဒါယကာ နန္ဒဘုရင်က သားတော်အင်းဝစား မင်းရဲကျော်စွာ အား အိမ်ရှေ့အရာ အပ်နှင်းမည်ဟူသော သတင်းတစ်ရပ် ထွက်လာသည်။

သည်သတင်းနှင့်အတူ မင်းရဲကျော်စွာက သူ့အား အိမ်ရှေ့အရာ အပ် နှင်းလျှင် မရိုးတော် ရာဇဓာတုကလျာကို ရွှေလက်ဆွဲကာ ပျော်ပွဲဆင်မည် ဟူ သော သတင်းတစ်ရပ်လည်း ကပ်လျက်ပါလာပြန်သည်။ သည့်နောက်တွင် အင်းဝမင်းရဲကျော်စွာ၏ ကိုယ်ရေးတီးတိုး သတင်းများကို ကြားလာရသည်။

"နောင်တော်မင်းကြီးစွာနှင့် မယူဘဲ စာရိတ္တအရာမှာ ချို့တဲ့သည်ဆိုပဲ ပြီးတော့ ကိုယ်လုပ်တော်တွေလည်း အများကြီးထားသတဲ့"

ဓာတုကလျာသည် ကြားရသော သတင်းစကားများကြောင့် နှလုံး ပျက်မတတ် ထိတ်လန့်တုန်လှုပ်သွား၏။ အိမ်ရှေ့မင်း နှတ်ရွာစံပြီးသည့်နောက် ဝယ် လောကီရေး၌ အာရုံမပြုလိုတော့။ တရားဘာဝနာပွားများခြင်းသည် ဒုက္ခချုပ်ငြိမ်းရာလမ်းစပင် မဟုတ်ပါလား။ ယခု ငြိမ်းချမ်းမှု၏ လမ်းစ ဆုံးသွောင့်ခလုတ်တို့ ကျလာပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်းဝမင်းရဲကျော်စွာက သူ့ကို အိမ်ရှေ့အရာ အပ်နှင်းပြီးတာနဲ့ မရီးတော် ဓာတုကလျာကို အိမ်ရှေ့မိဖုရားမြှောက်မတဲ့"

ဓာတုကလျာအဖို့ ထိုသတင်းလောက် ခါးသီးသော သတင်းမရှိပြီ။

"ကြားရတဲ့သတင်းတွေကြောင့် ထိတ်လိုက်တာ အထိန်းတော်ကြီးရယ်"

ဓာတုကလျာ၏ အသံမှာ တုန်ယင်နေ၏။ ဝမ်းနည်းဆို့နင့်သံများလည်း ပါနေသည်။ သူ့နှုတ်ခမ်းကလေးများ တဆတ်ဆတ်လှုပ်နေသည်။ မျက်လုံးအိမ်ထဲ၌လည်း မျက်ရည်များ ရစ်ဝဲလာသည်။

အထိန်းတော်ကြီးသည် ဓာတုကလျာ၏ မျက်နှာတော်လေးကို ငေးကြည့်နေသည်။ သူ့သခင်မလေး မည်မျှသောကရောက်နေသည်ကို မျက်နှာပြင်ပေါ်ဝယ် အထင်းသား မြင်နေရသည်။ သူ မည်သို့နှစ်သိမ့်စကား ဆိုရမည်ကိုပင် မသိတော့။ ထို့ကြောင့် ဓာတုကလျာ၏ လက်ယာလက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ သာသာလေးဖျစ်ညှစ်လိုက်သည်။ သည့်ထက်ပို၍လည်း ဘာမျှမတတ်နိုင်ပြီ။

ဓာတုကလျာသည် မောင်တော်အိမ်ရှေ့မင်းနတ်ရွာစံပြီးနောက် လောကကို စိတ်နာသည်။ လူ့ဘဝကို စိတ်ပျက်သည်။ ထို့ကြောင့် "တာဝတိံသာဥယျာဉ်"ထဲ၌ ကျောင်းသင်ခန်းဆောက်ပြီး မဂ်လမ်းရှာလိုသော ဆန္ဒသာ ရှိတော့သည်။

"တာဝတိံသာဥယျာဉ်"

သည်ဥယျာဉ်သည် မဟာစေတီ၏ အရှေ့ဘက်၌ ရှိသည်။ ခမည်းတော် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး တည်ဆောက်ခဲ့သော ဥယျာဉ်ဖြစ်၏။ တရားဘာဝနာကျင့်သုံးလိုသူများ စိတ်အေးချမ်းသာစွာ လာရောက်ကျင့်သုံးနိုင်ကြစေရန် ရည်သန်၍ စီမံထားခဲ့ခြင်းပင်ဖြစ်သည်။

ဓာတုကလျာသည် အဝါရောင်ကိုသာ ဆင်မြန်းလျက် ဒက္ခိဏာရုံဆရာတော်ဘုရားကြီး၏ အဆုံးအမကို ခံယူကာ သည်နေရာတွင် တရားဘာဝနာအားထုတ်လျက် နေလေတော့သည်။

သို့သော်---

ငြိမ်းချမ်းမှုကို ရှာဖွေနေသည့် လမ်းအစမှာပင် နတ်သျှင်နောင်သည် ပိတ်ဆီးကာ ရပ်နေပါလေပြီ။

နတ်သျှင်နောင်သည် တောင်ငူသို့ ပြန်သွားပြီးနောက်ဝယ် ဓာတု



ကလျာထံသို့ လက်ဆောင်ပဏ္ဏာများ၊ စာချွန်များမပြတ် ပါးလျက်ရှိ၏။ မလွဲသာ၍သာ လက်ခံထားရသော်လည်း ဓာတုသည် နတ်သျှင်နောင်ထံ ခွန်းတုံ့ပြန်ခြင်း မပြုခဲ့ပေ။

ဓာတုသည် သလွန်အနီးရှိ ရွှေကလပ်ပေါ်သို့ စောင်းငဲ့ကြည့်လိုက်၏။ နတ်သျှင်နောင်ထံမှ မပြတ်ရောက်လာသည့် ရတုကဗျာမေတ္တာလွှာများသည် ရွှေကလပ်ပေါ်တွင် အစီအရီဆင့်လျက် မနည်းတော့ပြီ။ နတ်သျှင်နောင်သည် သူလိုချင်သောအရာကို ဖွဲ့နဘဲကြီးစွာ တောင်းခံလျက်ရှိ၏။ အစ်မတော်ဓာတုထံမှ တုံ့ပြန်မေတ္တာကို မရသဖြင့် စိတ်ဆင်းရဲလှပါပြီဟုလည်း ရင်ဖွင့်ထား၏။ အစ်မတော်အား သူ့မေတ္တာဖြင့် အစဉ်အမြဲ ထွေးပိုက်ထားလိုသည်ဟုလည်း ခွင့်ပန်၏။ မေတ္တာလွှာများ၊ လက်ဆောင်ပဏ္ဏာများ ရောက်လာမစဲမို့ ဓာတုကလျာ၏ စိတ်ထဲတွင် အနှောက်အယှက်ဖြစ်ရသည်။

တစ်ဖက်တွင် အင်းဝမင်းရဲကျော်စွာ၏ ရန်ကလည်း တစ်မှောင့်။ သည်ရန်က ကင်းဝေးအောင်၊ နတ်သျှင်မောင်သူငင်တိုင်း ယိမ်းလိုက်ရမှာကလည်း အခက်၊ တူတော်လည်းဖြစ်ပြန်၊ အသက်ချင်းကလည်း ကွာခြားနေပြန်တော့ အများကဲ့ရဲ့ပြစ်တင်မည်ကို မလိုလားသည်ကတော့ အမှန်ပင်။ သို့သော် နတ်သျှင်နောင်ကို ရင့်သီးပြတ်သားစွာလည်း မပြောရက်နိုင် ဖြစ်နေပြန်သည်။ မဖြစ်နိုင်သောအဖြေကို တောင်းခံနေသည်မှာ ရင်မောဖွယ်ကောင်းလှပါဘိ။

"ငါ ပြတ်သားရမယ်။ ဟုတ်တယ်၊ ပြတ်သားမှဖြစ်မယ်"

ဓာတုကလျာသည် မေတ္တာစာချွန်များကို ငေးကြည့်ရင်း တိုးသက်စွာ တစ်လုံးချင်း ရေရွတ်လိုက်၏။ သူ့အသံသည် တိုးသက်မောလျနေသဖြင့် ဝေးလံသော အရပ်မှလာသကဲ့သို့ သဲ့သဲ့ကလေးဖြစ်သည်။

ခဏတ္တမျှ ငြိမ်သက်နေပြီးနောက် ဓာတုကလျာသည် ညောင်စောင်းထက်တွင် လဲလျောင်းကာ မျက်လုံးများကို မှိတ်လိုက်သည်။ အထိန်းတော်ကြီးသည် သူ့သခင်မလေး၏ မျက်နှာကို ကြင်နာစွာ ငေးစိုက်ကြည့်နေ၏။ ပြီးပြည်းညင်းစွာထသွားကာ ပြတင်းတံခါးများကို ကိုယ်တိုင်ပိတ်နေလေသည်။

* * * *

ပြာသိုချမ်းပြင်း၊ ဆီနှင်းရောယှက်သည့် အခါသမယသို့ ရောက်လာပြီ။ လဆန်းရက်ဖြစ်၏။ ထိုနေ့က ဆီးနှင်းများထူထပ်ပြီး အအေးဓာတ်လွှမ်းကဲသဖြင့် ဟံသာဝတီမြို့ပေါ်တွင် လူသူအသွားအလာ နည်းပါးနေသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် ရွှေနန်းတော်ဝင်းအတွင်း၌ကား မင်းညီမင်းသားများ မှူးကြီးမတ်ရာသေနာပတိများ၊ စစ်သည်ရဲမက်များသည် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြသည်။ သူတို့အားလုံး ချပ်ဝတ်တန်ဆာများကို သပ်ယပ်တင့်တယ်စွာ ဝတ်စားဆင်ယင်ထားကြ၏။ သည်နေ့ ရွှေနန်းတော်အတွင်း မြင်းခင်းသဘင် (မြင်းခင်းစက်သွင်းသဘင်) ဆင်ယင်ကျင်းပမည့်နေ့ ဖြစ်သောကြောင့်တည်း။

နံနက်စောစောကတည်းကပင် မြင်းခင်းသဘင်ပွဲဆိုင်ရာ အတီးအမှုတ်တို့ကို တီးမှုတ်နေသဖြင့် နန်းရင်ပြင်တစ်ခုလုံး ဆိုင်းသံ၊ ဗုံသံတို့ဖြင့် စည်ကားနေ၏။ ပြိုင်ပွဲဝင် သူရဲကောင်းများကား တက်ကြွလျက်ရှိသည်။ သူတို့သာ မဟုတ်၊ သူတို့စီးမည့် မြင်းကြီးများပင် အငြိမ်မနေနိုင်။ ကိုယ်ကိုလှုပ်ရှား မြူးကြွကြွဖြစ်နေကြသည်။

မြင်းခင်းသဘင်ပွဲကား စလေပြီ။

ပြိုင်ပွဲဝင် မင်းညီမင်းသား၊ စစ်သူရဲများသည် မြင်းကြီးကစုံပါသော မြင်းကြီးများကိုစီးလျက်၊ လက်ထဲတွင် လှံလျင် (လှံတို) ကလေးများကိုင်ထားကြ၏။ မြင်းကိုကျင်လည်စွာ အပြေးစီးရင်း ထူထားသော စက်တိုင်ထက်တွင် အဆင့်ဆင့်ရှိသည့် စက်ဝန်းများကို မှန်အောင် လှံလျင်များဖြင့် ပစ်သွင်းနေကြသည်။

လှံလျင်ပစ်လက်တည့်သူသည် စစ်ပွဲများတွင် အရေးပါသူများ ဖြစ်လာနိုင်၏။ မြင်းစီးချင်းထိုးသည့်အခါ တစ်ဖက်နှင့်တစ်ဖက် လှံလျင်လွှတ်ပြီး တိုက်ခိုက်ခြင်းမျိုးလည်း ပါသောကြောင့်ပင်။

ထို့ကြောင့် မြင်းခင်းသဘင်သည် တိုင်းပြည်အတွက် အလွန်အရေးကြီးသော အရည်အချင်းစစ် လူတော်လူကောင်း ရွေးပွဲကြီးပင်ဖြစ်သည်။ တိုင်းပြည်အတွက်သာ မဟုတ်။ မှူးမတ် သူဌေးသူကြွယ်စသော သမီးရှင်များ၏ သမက်လောင်းရွေးပွဲ၊ နန်းတွင်းသူ မင်းသမီးကလေးများ၏ ကြင်ဖက်တော်ရွေးပွဲဟုလည်း တစ်နည်းအားဖြင့် ဆိုနိုင်သည်။

သည်ပွဲတွင် သူမတူအောင် အရည်အချင်းပြနိုင်ပါက သမီးရှင်များက အလုအယက် မျက်စိကျပြီး၊ မကြာမီမှာပင် မိဘများနားဖောက်၍ အိမ်ထောင်ဖက် ရသွားကြသည်လည်း ရှိ၏။

ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့ ကိုယ်တိုင်ကလည်း အရည်အချင်းပြည့်သော မင်းသား၊ နန်းတော်သားများကို လက်တော်ဖြင့် ဆုတော်လာဘ်



တော်များ ချီးမြှင့်ကြသည်။ မင်းသမီးကလေးများကလည်း ပန်းများပစ်ပေါက်ပေးကြ၏။ သည်အခါ ယှဉ်ပြိုင်ပွဲလာ မင်းသားများ နန်းတော်သားများသည် မင်းသမီးလေးများ ပစ်ပေးသောပန်းကို နားတွင်ပန်ဆင်ကြ၏။ မိဖုရားကြီးကိုယ်တိုင်ဆုချသော ရွှေကြင်ခတ်ပဝါကို ရင်မှာစည်း၏။ ပြီးတော့ သူ့မြင်းကို ဟန်လုလုစီးကာ ပွဲရှေ့သို့ထွက်လာသည်။ ဤတွင် ပရိသတ်ကြီးက အုံးအုံးကျက်ကျက် တစ်ခဲနက်လက်ခုပ်တီးပြီး ထောပနာပြုလေသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဟံသာဝတီနေပြည်တော်၏ မြင်းခင်းသဘင်ပွဲသို့ လက်အောက်ခံတိုင်းငယ်ပြည်ငယ်များမှ မင်းပျိုမင်းလွင်များလည်း တက်ရောက် အစွမ်းပြလေ့ရှိကြသည်။ ယခုနှစ်တွင် တောင်ငူမင်းသား နတ်ရှင်နောင်လည်း တက်ရောက်သည်။ မိမိ၏ အစွမ်းလည်းပြရင်း ဓာတုကိုလည်း တွေ့ဆုံရင်း ရောက်ရှိလာခြင်းဖြစ်၏။

မြင်းခင်းသဘင်တွင် အသီးသီးအစွမ်းပြနေကြပြီ။ နတ်ရှင်နောင်၏ အလှည့်သို့ ရောက်လာ၏။ အစပိုင်းတွင် အများနည်းတူ မြင်းခင်းစက်သွင်းပြ၏။ ပြီးတော့ ကြာ့ဝါးသံပေးကာ ခြေတစ်ဖက်ထောက်လျက်ရပ်ကာ မြင်းကို အားကုန်လွှတ်၍စီး၏။ ပက်လက်အိပ်၍စီး၏။ ထက်ဝယ်ဖွဲ့ခွေလျက်စီး၏။ မြင်းနံပါး၌ကပ်လျက်စီး၏။ လှံကိုလက်ဝဲလကျာ် ဘယ်ညာလဲ၍စီး၏။ စီးနည်းအမျိုးမျိုးကို ပြပြီးနောက် လှံလျင်ကို စက်ဝန်းဆီသို့ ပစ်လွှတ်လိုက်လေသည်။ ပရိသတ်တို့မှာ ဟာခနဲ ဟယ်ခနဲ အသည်းတယားယား ရင်တဖိုဖိုနှင့်။

နောက်ဆုံးတွင်ကား "ရှောက်သီးဓားခုတ်၊ ငှက်ပျောပင်စိုက်၊ ရေအိုးတင်ဓားခုတ်၊ မြင်းအစိုင်းအနှင်"စသည်တို့ကို အစွမ်းပြလိုက်ရာ ပရိသတ်များ၏ ကောင်းချီးသြဘာသံများ ဘဝဂ်သို့ပင်တိုင်လေတော့သည်။

မြင်းခင်းသဘင်ပြီးသည့်နောက်ပိုင်းတွင်ကား ဟံသာဝတီနန်းတွင်းသူ နန်းတွင်းသားတို့၏ နှုတ်ဖျားဝယ် နတ်ရှင်နောင်သည် ရေပန်းစားလာ၏။ နန်းတွင်းဝင်စေထွက်စေ ဖြစ်လာ၏။

နတ်ရှင်နောင်မှာ လူရည်ကလည်းချော၏။ ခါးကိုမင်သေ့ (ထိုးကွင်း) ပတ်မိအောင် ထိုးထားသောကြောင့် အဝါနုရောင်ကတ္တီပါအင်္ကျီဝတ်ပြီး လှုပ်ရှားလိုက်သည့်အခါ ခါးပတ်လည်သည်အဝါကို အစိမ်းရောင်ကွပ်ထားသကဲ့သို့ ရှိတော့သည်။ ထိုအသွင်အပြင်မှာ နန်းတွင်းသူအပျိုချောတို့အဖို့ သူ့ရတုကဗျာသည်သာ စွဲမက်စရာမဟုတ်။ လူကလည်း စွဲမက်စရာဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မေတ္တာကို ခံယူလိုသူ သူနှင့်သစ္စာပန်လိုသူ မင်းသမီးလေးတွေ အလယ် စန်းပွင့်လျက်ရှိသည့်ကြားမှ အသက်ချင်းကွာ၊ ဆွေမျိုးဝါချင်းလည်း မြင့်မားလှသည့် ဓာတုကလျာကိုမှ နတ်သျှင်နောင်က မေတ္တာထားနေသည်။

နတ်သျှင်နောင်သည် ဓာတုကလျာအား မည်မျှပင် မေတ္တာထားအချစ်ပွားနေသော်လည်း ချစ်မှုလွမ်းမှုတို့ဖြင့်သာ အချိန်ဖြုန်းနေသူကား မဟုတ်ပေ။ သူ့တွင် လုပ်ဆောင်စရာတွေ များစွာရှိသေး၏။ ဟံသာဝတီသို့ ညှိသည့်အဖြစ် လာရောက်ခြင်းမှာ သည်အကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်ကောင်း ဖြစ်မည်။ နောင်သည်လို လာရောက်ခွင့်ရနိုင်ရန် မျှော်လင့်၍မရ။ ခုနေခါ သူ့စိတ်နှလုံးထဲ ရှိသမျှကို ဖွင့်ပြောမှဖြစ်မည်။ ဓာတုထံမှ ဖြူသည်၊ မည်းသည်၊ သဲကွဲသော အဖြေကိုအရ အမိတောင်းရန်သာ ရှိတော့သည်။ အခွင့်အရေးလည်း သင့်နေသည်။

သို့ဖြင့် နတ်သျှင်နောင်သည် ဓာတုကလျာ၏ အဆောင်တော်သို့ ရောက်လာသည်။

နတ်သျှင်နောင်က တွေ့ခွင့်တောင်းသည်ဆိုကတည်းကပင် လာရင်းကိစ္စကို ဓာတုကလျာ ခန့်မှန်းမိသည်။ ပြတ်သားစွာ ဆုံးဖြတ်ထားပြီမို့ ဣန္ဒြေရစွာပင် မေးလိုက်၏။

"ကိစ္စ အထူးအထွေများ ရှိလို့လား နတ်သျှင်မောင်ငယ်"

နတ်သျှင်နောင်သည် ခပ်ပြေပြေပြုံးရင်း တိုးတိုးပြောလိုက်သည်။

"နက်ဖြန်ဆိုရင် တောင်ငူကို ပြန်ရပါတော့မယ်။ မောင်တော် တောင်းခံထားတဲ့အဖြေအတွက် ဆင်ခြင်စဉ်းစားပြီးပြီလို့ ထင်ပါတယ် အစ်မတော်"

ဓာတုအနေဖြင့် သည်စကားလာလိမ့်ဟု ကြိုတင်တွက်ဆထားပြီးဖြစ်၏။ သို့စဉ်လျက် သူ့ရင်ထဲ၌ သိမ့်ခနဲခုန်သွားလိုက်သေးသည်။ သူသည် သက်ပြင်းတစ်ခု မှုင်းချလျက် ခေါင်းငုံ့လိုက်သည်။ ခဏအကြာတွင် သူ့အသံပေါ်လာသည်။

"သည်းခံပါ နတ်သျှင်မောင်ငယ်၊ အစ်မတော်ရဲ့ စိတ်တွေဟာ မျက်မှောက်ကာလမှာ ပင်ပန်းဆင်းရဲနေဘိတော့တယ်၊ ဆည်ပါရစေဦး"

နတ်သျှင်နောင်သည် မျက်မှောင်ကုတ်လိုက်ပြီးနောက် ပြန်လည်မေးလိုက်၏။

"ဘာကို ဆိုလိုပါသလဲ အစ်မတော်၊ မကြာမတင်တော့မယ့် ကာလမှာ



ဖောင်းဝမင်းရဲ့ကျော်စွာ ရောက်လာပါတော့မယ်။ ဒီအတွက် ဝေခွဲမရ ဒွိဟ ဖြစ်နေပါသလား"

သည်အမေးစကားသည် ဓာတု၏ နှလုံးသားကိုပြင်းစွာ နာကျင်စေခဲ့သည်။ သူ့အား အိမ်ရှေ့မိဖုရားအဖြစ်ကို ငံ့လင့်နေသူဟု ဆိုလိုသလား။ ဓာတုကလျာသည် နတ်သျှင်နောင်အား မျက်လုံးအဝိုင်းသားနှင့် ကြည့်လိုက်၏။ ပြီး–မချိုပြုံးပြုံးကာ သတိပေးဖြေရှင်းစကားဆိုသည်။

"ချွတ်ချော်လှချည်လား နတ်သျှင်မောင်ငယ်ရယ်၊ ဝမ်းနည်းကြေကွဲနေတဲ့ အသည်းလွှာမြေမှာ နောက်ထပ်အချစ်ပန်းတစ်ပွင့် ချက်ချင်းပွင့်ဖို့ဆိုတာ မလွယ်ပါဘူး။ သံယောဇဉ်မှန်သမျှ မရစ်ပတ်နိုင်အောင် အစ်မတော် ကြိုးစားနေပါတယ်။ မထောက်မညှာ ပြောအားရှေ့သလား"

"အစ်မတော်ရယ်၊ သည်စကားပြောလို့ မထောက်မညှာတယ်ရယ်လို့ မထင်ပါနဲ့။ ချစ်မှုလွမ်းမှုဆိုတာ အတိုင်းအတာရှိသင့်ပါတယ်။ အဖြူအမည်း မသဲကွဲသမျှ မောင်တော်ရဲ့ နှလုံးသားကအောက်၊ မဟာပထဝီမြေကြီးကားအထက်၊ ငရဲကြီးရှစ်ထပ်မှာ လောလောလတ်လတ် ခံစားနေရပါတယ် အစ်မတော်ဘုရား"

"နတ်သျှင်မောင်ငယ်က ကဗျာစာဆိုပီပီ ပြောတတ်ပါပေတယ်။ ကောင်းပါပြီ နတ်သျှင်မောင်ငယ်၊ အစ်မတော် တစ်ခုမေးမယ်၊ နတ်သျှင် အမှန်အတိုင်း ဖြေမလား"

"မေးပါ အစ်မတော် မောင်တော် ချစ်ရတဲ့သူကို အမှန်အတိုင်း ဖြေပါ့မယ်"

ဓာတုကလျာသည် ခပ်လှမ်းလှမ်းတွင် ခေါင်းငုံ့ကာ ခစားနေသော အထိန်းတော်ကြီးဆီသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ ပြီး သူ၏ နွဲ့လျသောကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်းညွတ်ကာ တိုးတိုးမေးလိုက်၏။

"ကောင်းလှပါပြီ နတ်သျှင်၊ အစ်မတော်က နတ်သျှင်ကို မေတ္တာပန်း မကမ်းမလှမ်းနိုင်ပါဘူးလို့ ငြင်းပယ်လိုက်ရင် နတ်သျှင် သေရတော့မှာလား"

ချက်ကျကျ အမေးစကား၏ ယုတ္တိခိုင်လုံမှုကြောင့် နတ်သျှင်နောင်သည် မလူးသာမလွန့်သာ ဖြစ်သွား၏။ ခေတ္တမျှ တွေဝေသွား၏။ သူသည် လှုနလှုပျော့မဟုတ်။ မိန်းမတစ်ယောက်ကို အရူးအမူး ချစ်ပြီး ချစ်ဝဲ့ဂယက်မှာ နစ်မြုပ်ခံမည့် ပျော့ညံ့သူမဟုတ်ပေ။ ထို့ကြောင့် တည်ငြိမ်သော အသံဖြင့် တစ်လုံးချင်း ပြန်ဖြေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ရာကို ပြောရရင် မောင်တော် မသေနိုင်ပါဘူး အစ်မတော်။ တောင်ငူရွှေနန်းနဲ့ မတောင်ငူမျိုးဆက် ရှင်သန်တိုးတက်စေဖို့ မောင်တော် အများကြီး ကြိုးစားဆောင်ရွက်ရဦးမှာပါ"

သည်စကားကို ကြားရသောအခါ ဓာတုကလျာသည် နှစ်ခြိုက်စွာပင် ပြုံးလိုက်၏။ ပြီး–ယခုလို ပြောလိုက်သည်။

"ကောင်းပါပြီ နတ်သျှင်မောင်ငယ်၊ သည်စကားကိုပဲ အစ်မတော် ကြားချင်ပါတယ်။ အဆုံးစွန်သော အဖြေကို ကြားရရင်တောင်မှ မသေနိုင်သေးဘူးဆိုရင် အစ်မတော်ရဲ့ အပြန်စကားကို စောင့်နေရုံနဲ့တော့ ရောဂါ မသေနိုင်ဘူးထင်ပါရဲ့။ သည်တော့ အစ်မတော်ရဲ့ အပြန်စကားကို စောင့်ပေဦး နတ်သျှင်"

ဓာတုကလျာသည် စကားဆုံးသည်နှင့် ရုတ်ချည်းထကာ အတွင်းဆောင်သို့ ဝင်သွားတော့သည်။

နတ်သျှင်နောင်သည် အိပ်မက်မှ လန့်နိုးသူပမာ ကိုယ်သည် ဆတ်ခနဲ လှုပ်ခါသွားပြီး အစ်မတော် လှမ်းကြွသွားရာသို့ ကြည့်လိုက်၏။ ဓာတုကလျာ၏ အတွင်းဆောင်အဝင် တံခါးပိတ်သွားချေပြီ။ ကတ္တီပါခန်းဆီးသည် သူ့ကို လှောင်ပြောင်နေသည့်အလား လှုပ်ခါနေဆဲ။

ထိုညက တစ်ညလုံး နတ်သျှင်နောင်သည် ချစ်ခြင်းမေတ္တာ၏ အနှိပ်စက်ကို ခံနေရသည်။ သူ့နှလုံးသားသည် ချစ်မေတ္တာရေစင်တစ်ပေါက်ကို မသောက်သုံးရသဖြင့် ပူလောင်နေ၏။

မိုးသောက်ရောင်ခြည်များ ဖြာဆင်းစပြုလာပြီ။ နတ်သျှင်နောင်သည် မြင်းညိုကြီးပေါ်သို့ လွှားတက်လိုက်၏။ ပြီး–လုလင်ငယ်လေး ကမ်းပေးသော မြင်းဇာက်ကြိုးကို လှမ်းယူသည်။ လုလင်လေးသည် နောက်သို့ ခြေတစ်လှမ်း ဆုတ်ကာ ဦးညွတ်နှုတ်ဆက်လိုက်သည်။

မြင်းညိုကြီး၏ ခြေလှမ်းများ စတင်လှုပ်ရှားလိုက်ချိန်တွင် နတ်သျှင်နောင်သည် ဓာတုကလျာ၏ အဆောင်တော်ရှိရာသို့ မှန်းဆလျက် မျှော်ကြည့်လိုက်၏။ ထိုခဏမှာပင် အစ်မတော်ဓာတုကလျာ၏ စကားသံများသည် သူ့နားဝယ်ပဲ့တင်ထပ်လာသည်။

"––အစ်မတော်ရဲ့ အပြန်စကားကို မောင်တော် စောင့်ပေဦး စောင့်–ပေ–ဦး"

အစ်မတော် ဓာတုထံမှ တုံ့ပြန်မေတ္တာအတွက် စိတ်ရှည်ရမည်။



သည်းခံရမည်။ မိမိကလည်း အစ်မတော်အပေါ် မေတ္တာတရားများ တစ်ရစ်ပြီးတစ်ရစ် နှောင်ဖွဲ့ရပေဦးမည်။ သည်အတောအတွင်း စိတ်ပျက်စရာမလို။ တွေဝေငေးမောနေစရာ မလိုပြီ။ သည်လို စဉ်းစားမိသည်နှင့် နတ်သျှင်နောင်၏ စိတ်သည် ပေါ့ပါးသွား၏။

သူသည် မြင်းညိုကြီးကို ခပ်ဆတ်ဆတ်တို့လိုက်သည်။ မြင်းကြီးသည် သခင့်စိတ်ထားကို နားလည်သည့်အလား မြို့တူးကာရှေ့သို့ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

* * * *

ဟံသာဝတီမှ ပြန်ရောက်လာပြီးသည့်နောက် နတ်သျှင်နောင်သည် အားသစ်မာန်သစ်များဖြင့် တက်ကြွလျက်ရှိ၏။

သူသည် မင်းတရားရွှေထီးကို အားကျသည်။ ဘိုးတော်ဘုရင့်နောင်မင်းတရားကြီးကို စံနမူနာထားသည်။ သည် မင်းတရားများသည် တောင်ငူအားကိုသုံး၍ ပြည်၊ အင်းဝ၊ သိန္နီ၊ ပဲခူး၊ ထားဝယ် စသည်ဖြင့် ကျယ်ပြန့်သော လက်နက်နိုင်ငံတော်ကြီးကို ထူထောင်ခဲ့ကြသည်။ ထိုမှ အလွန်ဇင်းမယ်၊ လင်းဇင်း၊ အယုဒ္ဓယစသည်သို့ပင် အာဏာစက်ဖြန့်ခဲ့ကြ၏။ သည်လို စွမ်းပကားကြီးမားသည့် တောင်ငူဆက်မှ ဆင်းသက်လာသော နတ်သျှင်နောင်အဖို့ သူ့မျိုးရိုးဂုဏ်သည် သူ့ အားမာန်တို့ကို တက်ကြွစေခဲ့၏။ သည်မျိုးရိုးဂုဏ်မြင့်သည်ထက် မြင့်မားစေဖို့လည်း သူ့မှာ အမြဲဆန္ဒရှိခဲ့သည်။

ယခုအခါတွင် သည်ဆန္ဒထက် မြင့်မားသော ဆန္ဒတစ်ရပ်ဖြစ်ပေါ်နေသည်။ တစ်နေ့တွင် သူသည် ဘိုးတော်ဟံသာဝတီ ဘုရင့်နောင်မင်းတရားကြီးကဲ့သို့ မြန်မာ့လက်နက်နိုင်ငံတော်တစ်ခုလုံးကို သိမ်းပိုက်ပြီး ဧကရာဇ်ဘုရင် ဖြစ်လို၏။ သည်ဧကရာဇ်ဘွဲ့ကို ချစ်ရလွန်းသူ ဓာတုဆွေအား ပိုင်ပိုင်ဆက်သမည်ဟုလည်း ဆုံးဖြတ်ထားသည်။

သည်မျှကြီးမားသော ဆန္ဒပြည့်ဝစေရန် အင်အားလိုအပ်သည်ဟု သူယုံကြည်သည်။ ထို့ကြောင့် နတ်သျှင်နောင်သည် တောင်ငူ၏ စစ်သည်အင်အားကို တိုးချဲ့သည်။ ဆင်းစီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး၊ အတတ်ပညာများကို ကိုယ်တိုင်လည်း မပြတ်လေ့ကျင့်သည်။ စစ်သည်များကိုလည်း မပြတ်လေ့ကျင့်စေသည်။

ပြီးလျှင် အင်းဝမှလာရောက်ခိုလှုံနေသော ရှင်ထွေးနာသိန်၊ လှော်ကားသုံးထောင်မှူး စသူတို့နှင့်လည်း စာပေဗဟုသုတ အဖြာဖြာ၊ စစ်ရေးစစ်

www.burmeseclassic.com



ရာ အတွေ့အကြုံများကို ဆွေးနွေးမေးမြန်းရင်း နှလုံးရည်အားကို ဖြည့်တင်းလျက်ရှိ၏။ သို့နှင့် နတ်သျှင်နောင်သည် မအားလပ်နိုင်အောင် ဖြစ်နေရသည်။ မည်သို့ပင် မအားလပ်စေကာမူ သူသည် အချစ်ရေးကိုလည်း မေ့မထားပေ။

နတ်သျှင်နောင်နှင့် ဖွဲလုံ့လသည် ကွဲခြား၍ မရစကောင်း။ သူ၏ အပြုအမူ အကျင့်အကြံမှန်သမျှ ဖွဲလုံ့လနှင့် ဆက်စပ်နေသည်။ ထိုအခါ အောင်မြင်ခြင်းတို့သည် ထွက်ပေါ်လာမြဲပင်ဖြစ်သည်။

ယခုလည်း ဟံသာဝတီစံနန်းရှိ အစ်မတော်ဓာတုကလျာထံမှ "တုံ့ပြန်မေတ္တာ"ရရှိရေးအတွက် သူသည် ဖွဲလုံ့လကိုပင် အရင်းတည်ရပေသည်။

"...ရစ်ခွေပတ်ဝိုက်၊
လည်နှိုက်ရင်ခွင်၊ စုံကြွချင်၍
သာရှင်လေးမြွတ် လျှောက်လှည့်ပတ်လည်း
နတ်ရှင်လေးမြွတ်...။
...တောင်ညာနန်း၌၊ တင်ပေထိုက်ဟု
ဝိုက်ဝိုက်လည်လည်၊ ဆည်ဆည်ဖြေဖြေ
ပြေစိမ့်ဖြားယောင်း၊ ညွှတ်ခွင့်တောင်းလည်း၊
သံညားရိပ်ခြည်၊ မဟသည်ကြောင့်
ကြိုးမည်မသာ၊ နှစ်ကြာကျူးမြင့်
လင့်လှည့်ခဲ့ဘိ၊ လွမ်းစောင့်ထိမျှ...။
...ဆကဲချစ်ဝန်၊ လေးသောဟန်ကို
ဆင်းကြန်ကြည်လှဲ၊ မြရည်ကဲ့သို့
ကြင်ဖွယ်စတေ၊ ရှုလေလေတည့်
မှိုင်းဝေတိမ်ထက်၊ လွန်စုံမက်သည်၊
ရှေးထက်ကဲလွန်ချေဘိသည်။"

နတ်သျှင်နောင်သည် ဤသို့သော မေတ္တာလင်္ကာရတုကဗျာများကို ဓာတုကလျာထံသို့ တစ်ပုဒ်ပြီးတစ်ပုဒ်ပေးပို့ခဲ့သည်။ သည်လိုနှင့်ပင် ဆယ်နှစ်တိုင်တိုင် ကြာညောင်းခဲ့သည်။ နောက်ဆုံးတွင်မူ နတ်သျှင်နောင်၏ ကြီးမားလှသော မေတ္တာသည် သောကပရိဒေဝတို့ဖြင့် ပိတ်ဆို့နေသော နှလုံးအိမ်မှ ဓာတုကလျာ၏ အချစ်ကို ဖူးငုံပွင့်အာလာစေနိုင်ခဲ့ပြီ။

နတ်သျှင်နောင်သည် သူ့လက်ထဲမှ ဓာတု၏စာလွှာတော်ကို ကြည်နူးဝမ်းမြောက်စွာ အကြိမ်ကြိမ် ဖတ်နေမိတော့သည်။



"မဟာစေတီ၊ မွေသရီ၏
မြေညီခင်းပြန့်၊ သလင်းသန့်ဝယ်၊
နှင်းပန့်တပဲ၊ ဝတ်ဖြူလဲနှင့်
နန်းထဲနန်းလေ့၊ သိမတွေ့ဘဲ
ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်
ခိုင်တည်နှလုံး၊ တမြော်င့်သုံး၍
နှောင်ထုံးကေမင်၊ မြေလျှော့ချင်လည်း
နတ်သျှင်သူ့ကြောင့် ၊ တရေးမှောင့်ခဲ့"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

# သက်လျာမာတုရယ်မြင်လှည့်ပါ

နတ်သျှင်နောင်သည် ဗိုလ်သီဟနှင့်အတူ စစ်ရေးလေ့ကျင့်ကွင်းတွင် လိုက်လံကြည့်ရှုနေသည်။ သူသည် ဗိုလ်သီဟကို ညီလေးတစ်ယောက်လိုပင် ချစ်၏။ ဗိုလ်သီဟကလည်း သူ့ကို နောင်တော်အရင်းတမျှ ချစ်ကြောက်ရိုသေ၏။ ညီအရင်းများခေါ်သကဲ့သို့ နတ်သျှင်နောင်ကို နောင်တော်ဟု ခေါ်သည်။

ဗိုလ်သီဟသည် နတ်သျှင်နောင်ကို ချစ်ကြောက်ရိုသေရုံမက နတ်သျှင်နောင်အပေါ် သစ္စာလည်း ရှိသည်။ ထို့ကြောင့် ဟံသာဝတီမှ အစ်မတော် မာတုကလျာထံ ချစ်စာခွေများ ပါးရာတွင် ဗိုလ်သီဟကို ယုံယုံကြည်ကြည် အားကိုးနိုင်ခဲ့သည်။

နတ်သျှင်နောင်သည် စစ်သည်များ လုံတိုပစ်ပေါက်လေ့ကျင့်နေသည်ကို အကဲခတ်ရင်း ဟံသာဝတီ၏ တစ်ခုသော မြင်းခင်းသဘင်ကို အမှတ်ရနေမိသည်။

"အင်း ...ဘာလိုလိုနဲ့ ဆယ်နှစ်ကျော်ခဲ့ပြီ။ ခုချိန်ဆို သူတို့ဆီမှာ စစ်သည်တော်ရွေးပွဲ ကျင်းပနေရောပေါ့"



နတ်သျှင်နောင် အတွေးလွန်ကာ စိတ်မှတ်မဲ့နှုတ်မှ ထွက်သွားမိ၏။ သူသည် မလုံမလဲဖြစ်ပြီး ဘေးမှဗိုလ်သီဟကို စောင်းငဲ့ကြည့်လိုက်သည်။ သူ့ကို ခပ်ပြုံးပြုံးကြည့်နေသည့် ဗိုလ်သီဟနှင့် မျက်လုံးချင်းဆုံသွား၏။

"သူ ဆိုတာ ဘယ်သူ့ကို ညွှန်းတာလဲ နောင်တော်"

ဗိုလ်သီဟက သိလျက်နှင့် တမင်မေး၏။ နတ်သျှင်နောင်က ရယ်ကျဲကျဲဖြင့် ပြန်ဖြေသည်။

"ဘယ်သူ့ကို ညွှန်းရမှာလဲ ညီရာ၊ အစ်မတော် မာတုကလျာကိုပေါ့။ ဒီအချိန်ဆို အစ်မတော်တို့ရဲ့ ဟံသာဝတီနေပြည်တော် နန်းရင်ပြင်မှာ လုံလျင်မြင်းခင်းသဘင်ကျင်းပလို့ နေရောပေါ့"

ဗိုလ်သီဟသည် ခေါင်းကိုသာသာခါရင်း ခပ်တိုးတိုး ပြောလိုက်၏။

"နန်းရင်ပြင်မှာ သဘင်ပွဲဆင်ယင်နိုင်မယ်လို့ ညီတော်ဖြင့် မထင်ဘူး နောင်တော်၊ ခုဆို ဟံသာဝတီဟာ ကျဉ်းထဲကျပ်ထဲ ကျနေတာ နောင်တော် အသိပါလေ"

မှန်ပါသည်။ ယခုအခါတွင် ဟံသာဝတီ၏ အခြေအနေမှာ အေးချမ်းခြင်းမရှိ။ လက်အောက်ခံ ဘုရင်ငယ်များ ထောင်ထားခြားနားနေကြသည်။ ဦးစွာ မော်ဖိက ပုန်စားသည်။ ခြေတော်ရင်းက အမှူးအမတ်စစ်သည်ရဲမက်များ ချီတက် နှိမ်နင်းရသည်။ ကောင်းစွာနှိမ်နင်းနိုင်သဖြင့် ပုန်စားသူများ အချို့ ရခိုင်ဘက်သို့၊ အချို့ပြည်သို့၊ အချို့တောင်ငူသို့ ခိုဝင်သွားကြသည်။

ပြီးတော့ မော်လမြိုင်စားက ပုန်ကန်ပြန်သည်။ မော်လမြိုင်စားသည် အယုဒ္ဓယမှ အကူအညီရသောကြောင့် ဟံသာဝတီဘက်မှ အရေးနိမ့်ပြီး ပြန်လာခဲ့ကြရသည်။ သည်တုန်းက ဟံသာဝတီဘုရင်သည် နတ်သျှင်နောင်ခမည်းတော် တောင်ငူဘုရင်ကို နှုတ်ပြစ်အနာအကျင် တင်ခဲ့သည်။ နေပြည်တော်မှ သီရိဓမ္မာသောကကိုမှ ပြင်းစွာ အပြစ်ပေး၏။ စစ်တစ်ကြိမ်ရှုံးနိမ့်လျှင် နောက်တစ်ဖန်တိုက်ခိုက်ရန် စစ်သည်ရဲမက် စုဆောင်းရေးမှာခက်ခဲလှ၏။ ယောကျ်ားဟူသမျှစစ်မှုထမ်းနေရသဖြင့် လယ်ယာ၊ ခြံမြေ၊ ဥယျာဉ်လုပ်ငန်းခွင်အားလုံးကို စွန့်ခွာခဲ့ရသည်။ သည်အတွက် ထုတ်လုပ်မှုများကျဆင်းကာ ဆင်းရဲကျပ်တည်းလာကြသည်။ ခိုးသူလူမိုက်တို့ သောင်းကျန်းလာပြန်သည်။

ပြီးတော့ ယမန်နှစ် တပို့တွဲလဆန်းတွင် သားတော် အင်းဝမင်းရဲကျော်စွာကို အိမ်ရှေ့အရာပေးရန် ခေါ်တော်မူသည်။ မင်းရဲကျော်စွာသည် ဟံသာဝတီသို့လာရင်း မြောက်ဘက်တစ်လွှားမှစ၍ ရောဝတီဖြစ်စဉ် တစ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကျော်စဉ်တစ်တန်းတွင်ရှိသော လူအပေါင်းကို သိမ်းရုံးခေါ်ယူကာ စုနှံခဲ့သည်။ သည်လူများမှာ တစ်ရပ်တစ်ကျေးတွင် သားတကွဲမယားတကွဲဖြင့် ဆင်းရဲဒုက္ခရောက်ကြရသည်။ ပြည်သူလယ်သမားကြီးများအား လယ်မလုပ်ရဟူ၍ အမိန့်ပေးတားမြစ်သည်။ ပြီး ကျွဲအရှဉ်းနှစ်ထောင်ကျော် သုံးထောင်ဖြင့် မြေပြင်အနှံ့လယ်လုပ်သည်။ သည်လယ်များမှ ထွက်သောစပါးအားလုံး သူပိုင် စပါးကျီများထဲမှာ သိုလှောင်ထားလိုက်သည်။ အစာရေစာ ရှားပါးသည့်အခါ သူ့စပါးကျီထဲမှ စပါးများကို ဈေးကြီးကြီးဖြင့်ထုတ်ရောင်းသည်။

နတ်သျှင်နောင်ကား ထိုသို့မဟုတ်ပြီ။ ပြည်သူတွေကို ချစ်၏။ ပြည်သူ့ဘဝကို စာနာ၏။ ပြည်သူတွေ၏ လယ်ယာကိုင်းကျွန်း လုပ်ငန်းအတွက် ပူပန်၏။

**"တောင်တောအဝန်း၊ လုပ်ခန်းကြံခင်း**
**လက်ငင်းအသင့်၊ လုံးစုံလင့်လျက်**
**ရွာခွင့်မဆော်၊ ရှင်ကြောင်းဖော်ရ**
**မပျော်ပိုင်ရာ၊ သာသနာကို**
**ထိပ်မှာရွက်တင်း ကြိုးဆောင်ချင်ဟု**
**စက်ပင်မလွဲ၊ ရှင်တော်ပွဲဝယ်**
**လွန်ကဲကြံစည်၊ လျှောက်ထူးသည်နှင့်**
**ကျင့်ရည်တခြား၊ မိုးသိကြားသည်**
**စကားမညီ ရှိသလော"**

ပြည်သူတွေ ထွန်ယက်စိုက်ပျိုးချိန်ရောက်နေပြီ။ ယခုထိ မိုးမရွာသေးဘူးလား။ သာသနာတော်ကို စောင့်ရှောက်ပါ့မယ်လို့ ဘုရားထံ လျှောက်ထားခဲ့တဲ့ သိကြားမင်းရယ်၊ ယခုတော့ အပျော်ကျူးပြီး ပြည်သူတွေရဲ့ ဘဝကိုမေ့နေပြီလားလို့ သိကြားမင်းကို ရန်တွေ့လောက်အောင်ပင် ပြည်သူတွေကို ချစ်ခင်ကြင်နာတတ်သည်။

သို့သော် အကြင်နာတရားကင်းသော ဆင်ခြင်ဉာဏ်နုံ့နဲ့သော အတ္တဆန်လွန်းသော မင်းရဲကျော်စွာသည် ပြည်သူရွာသားတို့ နှလုံးမကြည်အောင် ပြုလေ့ရှိသည်။ မြို့တွင်းရှိ ခွေးဟူသမျှကို ရွှေလုံတော်သားတို့အား နှိမ်နင်းစေသည်။ မင်းရဲကျော်စွာ၏ လုပ်ရပ်များကို ခမည်းတော် ဟံသာဝတီဘုရင် သိရှိသွားသဖြင့် သားတော်ကိုခေါ်ပြီး ယခုလို ပြစ်တင်တော်မူသည်။

"သားတော်ရဲ့ လုပ်ရပ်တွေဟာ ပြည်ရွာမငြိမ်မသက်ရှိအောင် ပြုမူ



နေသည်မဟုတ်လား။ ဧရာဝတီမြစ်စဉ်တစ်လျှောက် ကျော်စဉ်တစ်တန်းမှာရှိတဲ့ ပြည်သူတွေကို ဟံသာဝတီသို့ သိမ်းယူခဲ့သည့် လုပ်ရပ်ဟာ သင့်ပါ့ရဲ့လား သားတော်။ သူတို့ကို ကိုယ့်ရပ်ကိုယ့်ရွာမှာပြန်ပြီး နေမြဲနေပါစေ"

ခမည်းတော် မင်းတရားက ဤသို့ အမိန့်ချမှတ်မှသာ မြောက်တစ်လွှားမှ ပြည်သူပြည်သားများ နေရပ်သို့ ပြန်ကြရရှာသည်။

နတ်သျှင်နောင်နှင့် ဗိုလ်သီဟတို့သည် ဟံသာဝတီ၏ အခြေအနေကို ယခုလို စဉ်းစားနေမိသဖြင့် တစ်ဦးနှင့်တစ်ဦး စကားမပြောမိကြပေ။ ခေတ္တမျှ ငြိမ်သက်နေပြီးနောက် ထိုနေရာမှ ဖြည်းလေးစွာ ထွက်ခွာလာခဲ့ကြသည်။

ဓားခုတ်လေ့ကျင့်ရာ ကွက်လပ်အနီးသို့ ရောက်သောအခါ ခမည်းတော်ထံမှ သူတို့နှစ်ဦးစလုံးအား အခေါ်လွှတ်လိုက်သူနှင့် ဆုံမိကြသည်။ နတ်သျှင်နောင်နှင့် ဗိုလ်သီဟတို့လည်း ချက်ချင်းပင် ခမည်းတော်ထံ အခစားဝင်ကြ၏။

တောင်ငူဘုရင် မင်းရဲသီဟသူသည် တည်ငြိမ်စွာဖြင့် မိန့်လိုက်သည်။

"ဟံသာဝတီနေပြည်တော်က အမိန့်စာချွန်ရောက်လာတယ်သားတော်။ အယုဒ္ဓယဘုရင် ဗြနရာဇ် ဟံသာဝတီကို စစ်ပြုပြန်ပြီ၊ သင်းနဲ့ မော်လမြိုင်စားပူးပေါင်းပြီး ဟံသာဝတီကို ချီတက်နေကြပြီတဲ့။ ဟံသာဝတီအတွက် စစ်သည်များ အဆင်သင့်ဖြစ်အောင် အခုပဲ ပြင်ဆင်ပါ။ ခမည်းတော်ကိုယ်တိုင် စစ်ကူချီတက်မယ်။ တောင်ငူလုံခြုံရေးအတွက်တော့ သားတော်များနဲ့ သီဟတို့ တာဝန်ယူရစ်ကြပေတော့"

တောင်ငူဘုရင် စစ်ကူချီတက်သွားပြီးသည့်နောက် နတ်သျှင်နောင်သည် မြို့စောင့်တပ်ကို အပြင်းအထန် စစ်ရေးလေ့ကျင့်စေသည်။ တောင်ငူရဲမက်တို့၏ စစ်ရေးလေ့ကျင့်ရာ ရင်ပြင်သည် နေ့ရောညပါ ညာသံပေး၍ လေ့ကျင့်သံများဖြင့် လွှမ်းနေတော့သည်။ မြို့ခံတပ်များ လုံခြုံခိုင်ခန့်အောင် ထပ်မံစစ်ဆေးသည်။ ခံတပ်အပြင်ဘက် ကျယ်ဝန်းသော ကျုံးကြီးကိုလည်း ပြုပြင်သည်။

နတ်သျှင်နောင်၏ ညီငယ်များဖြစ်သော တောင်ငူ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်၊ ဘထွေးတော်သတိုးဓမ္မရာဇာနှင့် ဗိုလ်သီဟစသော တပ်ဗိုလ်ကလေးများသည်လည်း မိမိတာဝန်ကျရာနေရာများတွင် နေ့ညမပြတ် တက်ကြွစွာ ထမ်းဆောင်လျက်ရှိ၏။ နတ်သျှင်နောင်ကိုယ်တိုင်မှ တောင်ငူမြို့စောင့် တပ်ခွဲအသီးသီးကို လှည့်လည်စစ်ဆေးကြပ်မတ်သည်။

ဝေးလံသော ရိုးမတောင်တန်းများအကြားသို့ နေလုံးကြီးဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကွယ်သွားပြီ။ ဝိုင်းစက်ပြည့်တင်းသောလသည် အရှေ့ဘက်ကောင်းကင်၌ တဖြည်းဖြည်း မြင့်တက်လာ၏။

နန်းမြို့ပတ်လည်ရှိ ခံတပ်အားလုံးကို လှည့်လည် စစ်ဆေးပြီးနောက် နတ်သျှင်နောင်သည် ဗိုလ်သီဟရှိရာ အနောက်ဘက်ခံတပ်သို့ ရောက်လာသည်။ ထုံးစံအတိုင်း သည်ခံတပ်သို့ နောက်ဆုံးထား၍ စစ်ဆေးသည်။ စစ်သည်တော်များကို စစ်ဆေးပြီးနောက် ဗိုလ်သီဟနှင့် အာလာပသလ္လာပများ ပြောမြဲဖြစ်သည်။ ယနေ့လည်း သူတို့နှစ်ဦးသည် တိုင်းရေးပြည်ရာများကို ပြောလျက်ရှိသည်။ ပြောနေရင်းမှ ဗိုလ်သီဟသည် နတ်သျှင်နောင်ဘက်သို့ ခေါင်းငဲ့လိုက်၏။ မီးရောင်ဖြင့် သူ့မျက်နှာမှာပို၍ ထင်ထင်ရှားရှား ဖြစ်သွားသည်။ သူ့မျက်လုံးများသည် မီးရောင်တွင် တဖျတ်ဖျတ်လက်နေသည်။ နုပျိုနေသော သူ့မျက်နှာတွင် နက်နဲသောအတွေးတစ်ရပ်ကို တွေးနေပုံရသည်။

"စိုးရိမ်ကြောင့်ကျ မနေဘူးလား နောင်တော်"

ဗိုလ်သီဟက အသံတိုးတိုး ခပ်အုပ်အုပ်မေးလိုက်သည်။

"ဘာကို စိုးရိမ်ကြောင့်ကျရမှာလဲ ညီရဲ့"

"ဟံသာဝတီ နေပြည်တော်က အစ်မတော် ဓာတုကလျာအတွက်ပေါ့။ အိမ်ရှေ့မင်းရဲကျော်စွာဟာ မရီးတော်ကို ပိုင်ဆိုင်ဖို့ သဲကြီးမဲကြီး ကြိုးစားနေတယ်ဆိုတာ နောင်တော် သိပါတယ်နော်"

"သူ ဘယ်လို ကြိုးစားပေမယ့် အစ်မတော်ရဲ့ တုံ့ပြန်မေတ္တာကို ရဖို့တော့ မျှော်လင့်ချက် လုံးဝကင်းမဲ့မှာပါ"

"ဒါပေမယ့် အိမ်ရှေ့မင်းဟာ အချိန်မရွေး သိမ်းပိုက်နိုင်တာပဲ"

ဗိုလ်သီဟ၏စကားသည် နတ်သျှင်နောင်၏ အသည်းနှလုံးကို ပြင်းစွာ ရိုက်ပုတ်လိုက်သလို တုန်ခါသွား၏။

"အလိုမတူပါပဲလျက် သိမ်းပိုက်ခြင်း"

မှန်ပါသည်။ အိမ်ရှေ့မင်းသည် ဓာတုကလျာ၏ တုန့်ပြန်မေတ္တာကို စိတ်ရှည်စွာ စောင့်ဆိုင်းနေမည်လား။ အစ်မတော်က ခါးခါးသီးသီး ငြင်းပယ်လိုက်ပါပြီတဲ့။ အိမ်ရှေ့မင်းသည် ဓာတုကလျာကိုရယူရန်အတွက် အဓမ္မစနစ်ကို မသုံးဘဲနေမည်လား။ အကယ်၍ မဟာဥပရာဇာမင်းကြီးစွာလို--၊

ပြည်တွင်းရေးရာများ ရှုတ်ထွေးနေချိန် သူ့နောင်တော်မင်းကြီးစွာကဲ့သို့ အစ်မတော် ဓာတုကလျာအား သိမ်းပိုက်လိုက်လျှင်...။

နတ်သျှင်နောင်သည် ယခုလို တွေးမိသဖြင့် ဗိုလ်သီဟ၏ စကားကို



မည်သို့ ပြန်လည်ချေပရမည်ပည် မသိတော့။ သူ့ရင်ထဲတွင် အမှန်တကယ်ပင် စိုးရိမ်စိတ်ဝင်လာသည်။

တစ်မြို့တစ်ရွာစီ ခြားနေသည့် ချစ်ရသူ ဓာတုကလျာအား အိမ်ရှေ့စံမင်းရဲကျော်စွာ၏ ရန်မှ သူ မည်သို့ကာကွယ်ပေးနိုင်ပါမည်နည်း။ အိမ်ရှေ့စံ၏ သတင်းများကလည်း ဝေးနီးချုပ်စပ် ပျံ့နှံ့လျက်ရှိသည်။ အကြင်နာတရားကင်းသော ဆင်ခြင်ဉာဏ်နုံ့နဲ့သော အတ္တဆန်သော မင်းရဲကျော်စွာသည် ဓာတုကလျာကို ချမ်းသာပေမည်လား၊ ငဲ့ညှာပါမည်လား။

သည်လို တွေးမိသဖြင့် နတ်သျှင်နောင်သည် ဗိုလ်သီဟ၏ အမေးစကားကို မတုန့်ပြန်နိုင်ဖြစ်ရသည်။

ထိုစဉ်---

မျှော်ကြည့်စင်မှ အချက်ပေးသံကြားလိုက်ရ၏။ တစ်ဆက်တည်းမှာပင် ဆူညံသောအသံများ ခပ်ဝေးဝေးမှ ထွက်ပေါ်လာသည်။ မကြာခင်မှာပင် စစ်တပ်ကြီးများ ချီတက်သံ မြင်းခွာသံများ၊ စစ်ကြွေးကြော်သံများကို ကြားလာရသည်။ သည်အသံများသည် ကောင်းကင်သို့ တိုင်အောင် လျှံတက်သွားသည်။

မည်သို့ဖြစ်ပျက်သည်ကို နားလည်နိုင်စွမ်း မရှိတော့။ တောင်ငူသို့ ရန်သူများ၊ ချီတက်လာနေပြီလား။ ရန်သူသည် မည်သူနည်း။ ရန်သူတို့၏ သတင်းကို အစအနမျှပင် မကြားသိခဲ့ပေ။

နတ်သျှင်နောင်သည် အချိန်ယူမစဉ်းစားနိုင်။ မျှော်စင်ထက်သို့ အမြန်ဆုံး တက်ခဲ့သည်။ ရိုးမတောင်တန်းဘက်ဆီမှ မဲမဲသဏ္ဌာန်များသည် အုပ်လိုက်အုပ်လိုက် အလွန်လျှင်မြန်စွာ ရွေ့လျားနေကြသည်။ ထိုမှ စစ်ညာသံများသည် လေနှင့်အတူ မျှော်စင်ဘက်သို့ ရောက်လာသည်။

ကြည့်ရင်းကြည့်ရင်း ထိန်ထိန်သာသော လရောင်အောက်၌ အပြင်းချီတက်လာနေသော စစ်ကြောင်းများကို မြင်လာရသည်။ ပရွက်အုံကဲ့သို့ ဆင်မြင်း၊ ခြေလျင်တပ်ကြီးများသည် တောင်ငူမြို့ဆီသို့ ကြီးမားသော စစ်ကြွေးကြော်သံများကိုပြုလျက် ချဉ်းကပ်လာကြသည်။ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်ကြီးများကို သဲသဲကွဲကွဲ မြင်တွေ့ရပြီ။ စစ်ကြွေးကြော်သံများကိုလည်း ပီပီသသပင် ကြားလိုက်ရ၏။

"ပြည်ဘုရင်ခံ သတိုးဓမ္မရာဇာ ချီတက်လာကြောင်းပါ ဘုရား"

အထောက်တော်က တင်လျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်သျှင်နောင်သည် ခားရိုးပေါ်သို့ လက်ကိုတင်ရင်း မသိမှသာ အံကြိတ်လိုက်၏။ ဟံသာဝတီ နန္ဒဘုရင်၏ သားတော်အငယ် ပြည်ဘုရင်ခံ သတိုးဓမ္မရာဇာနှင့် တောင်ငူဘုရင်၏ သားတော်နတ်သျှင်နောင်တို့အချင်းချင်း တိုက်ကြရပေတော့မည်။

တောင်ငူစစ်သည်များ စနစ်တကျ နေရာယူလိုက်ကြသည်။ အားလုံး အဆင်သင့် ရှိနေကြပြီ။

ပြည်တပ်မကြီးသည် တစ်စထက်တစ်စ မြို့နှင့်နီးကပ်လာ၏။ တိုက်ခိုက်ရန် အချိန်တန်ပေပြီ။ နတ်သျှင်နောင်သည် ဦးစွာ မြို့ထိပ်က အမြောက်ဖြင့် ပစ်ခတ်သည်။ ပြည်စစ်သည်တို့ အတုံးအရုံး ကျဆုံးကြသည်။ သို့သော် တပ်မကြီးသည် အမြောက်ကျည်များအကြားမှပင် အပြင်းချီတက်လျက်ရှိသည်။ တဖြည်းဖြည်း မြို့ထိပ်နှင့်နီးလာ၏။ အမြောက်ဖြင့် မပစ်သာပြီ၊ ရင်ဆိုင်တိုက်ခိုက်မှ ဖြစ်ပေတော့မည်။

မြင်းညိုကြီးပေါ်မှ နတ်သျှင်နောင်၏ ကြုံးဝါးစစ်မိန့်သံ ပေါ်ထွက်လာသည်။ တောင်ငူမြို့စောင့်တပ်မှ မြင်းတပ်သည် မြားပဒေသာပစ်လွှတ်လိုက်သကဲ့သို့ ရန်သူတပ်တွင်းသို့ တည့်တည့်မတ်မတ် ပြေးသွားပြီး တပ်မကြီးကို အလယ်ကြောမှ ဖြတ်ခွဲသွားကြသည်။

ပြည်တပ်မကြီးမှ စစ်သည်များလည်း တုန့်ခနဲ ရပ်ဆိုင်းသွားပြီးမှ ချက်ချင်းသတိပြန်ဝင်လာကာ ပြန်လည်တိုက်ခိုက်ကြတော့သည်။

တောင်ငူမြင်းသည်တော်များသည် ပြည်ဘုရင်ခံ၏ တပ်မကြီးကို ထိုးဖောက်ကာ သဲသဲမဲမဲတိုက်ခိုက်နေတော့သည်။ အခြေအနေမှာ သူ့တပ်ကိုယ့်တပ် ခွဲခြားမရလောက်အောင်ပင် ရှုတ်ထွေးနေတော့သည်။ ပြည်စစ်သည်တော်များကား ထိုနေရာမှ ရှေ့သို့မတိုးနိုင်တော့။ အကျအဆုံးလည်း များလှသည်။ တောင်ငူစစ်သည်တော်များ၏ တိုက်ရည်ခိုက်ရည်ကို မယှဉ်သာကြောင်း ရိပ်စားမိသည်နှင့် တဖြည်းဖြည်းဆုတ်ရင်း တိုက်နေကြရသည်။

လရောင်ဖွေးဖွေးအောက်တွင် ကစဉ့်ကလျား ဆုတ်ခွာရင်း တိုက်ခိုက်နေသော ပြည်စစ်သည်တို့၏ အခြေအနေကို တွေ့ရသောအခါ တောင်ငူစစ်သည်တော်များ စိတ်ဓာတ်တက်ကြွလာကြ၏။ အပြီးတိုင် ဖြို ခွင်းနိုင်ရန် အားသွန် ၍ တိုက်ခိုက်ကြသည်။

အခြေအနေမှန်ကို မြင်မိ၊ သတိပြုမိသော ပြည်ဘုရင်ခံသည် မိမိ တပ်နှင့်အတူ အမြန်ဆုံး ဆုတ်ခွာသွားလေတော့သည်။



ပြည်ဘုရင်ခံ သတိုးဓမ္မရာဇာ၏ မူလအကြံအစည်မှာ တောင်ငူကို တိုက်ခိုက်ရန် ဦးတည်လာခဲ့သည်မဟုတ်။ ဟံသာဝတီကို ဗြနရာဇ်တပ်များ ဝိုင်းရံထားပြီဟူသော သတင်းကြားရသည်တွင် ခမည်းတော်ကို စစ်ကူရန် လာ လေဟန်ချီတက်ခဲ့ခြင်းဖြစ်၏။ သူသည် ခမည်းတော်နှင့် ဖြစ်ပွားသည့် ပြည်တွင်းပြည်ပ စစ်ပွဲတိုင်းလိုလို သူ စစ်ကူတိုက်ခိုက်ခဲ့ရသည်ချည်း ဖြစ်ပါလျက် အိမ်ရှေ့ အရာပေးသည့်အခါ သူ့ကိုကျော်ပြီး မင်းရဲကျော်စွာကို ပေးခဲ့သည်။ သည့်အတွက် ကြိတ်မနိုင်ခဲမရဖြစ်ရသည်၊ သည်လို မကျေမနပ်ဖြစ်နေသော သားတော်က ခမည်းတော်အား စစ်ကူရန်လာသည်ဆိုခြင်းမှာလည်း ဟန်ပြပင်ဖြစ်ပေမည်။ သည်လိုစစ်ချီလာရင်း ခရီးလမ်း၌ တောင်ငူရွှေနန်း သတင်းကို ကြားရသည်။

“တောင်ငူဘုရင်ခံသည် ဟံသာဝတီသို့ စစ်ကူချီတက်သွားပြီ ဖြစ်ကြောင်း၊ တောင်ငူတွင် နတ်သျှင်နောင်နှင့် မြို့စောင့်တပ်မျှသာ ကျန်ရစ်ခဲ့ကြောင်း”

သည်တွင် ပြည်ဘုရင်ခံ သတိုးဓမ္မရာဇာသည် ဟံသာဝတီသို့ ဆက်လက် မချီတက်ဘဲ မူလလမ်းကြောင်းမှ ပြောင်းလဲကာ တောင်ငူသို့ ခြေဦးလှည့်ခဲ့သည်။ ပြီး လမင်းထိန်ထိန်သာခိုက်မှာပင် အငိုက်ဖမ်းရန် ဝင်စီးခဲ့သည်။ သို့သော် သူထင်သလောက် မလွယ်ကူ၊ အထင်နှင့်အမြင် ကွာဟနေကြောင်း တိုတောင်းလှသော အချိန်တွင်းမှာပင် သိလိုက်လေသည်။

သတိုးဓမ္မရာဇာသည် နတ်သျှင်နောင်၏ လက်ရုံးရည် နှလုံးရည်ကို တွက်မိမှားခဲ့သည်။ မြို့စောင့်တပ်မျှလောက်ကိုလည်း မမှုလောက်ဟူ၍ ယူဆခဲ့မိသည်။ ယခုမူ မိမိတပ်မကြီးမှာ အင်အားကြီးမားပါလျက် အရေးနိမ့်နေပြီ။ ထို့ကြောင့် ပြည်စစ်သည် ရဲမက်များကို တတ်နိုင်သမျှ စုစည်းကာ တောင်ငူမြို့အနီးမှာပင် စခန်းချရပ်နားနေလိုက်သည်။ သည်လိုနှင့် ဆယ့်ငါးရက်ခန့်ပင် ကြာသောင်းသွားသည်။

သည်အချိန်တွင် ဟံသာဝတီနေပြည်တော်ကို ဝန်းရံထားသော ဗြနရာဇ်၏ အယုဒ္ဓယတပ်များသည် မြို့ကို မထိုးဖောက်နိုင်ဖြစ်နေ၏။ သည်အထဲ လင်းဇင်း၊ တောင်ငူတို့မှ စစ်ကူများကလည်း အဆမတန် ရောက်လာသဖြင့် လက်လျှော့ကာ အယုဒ္ဓယသို့ ပြန်သွားကြတော့သည်။

တောင်ငူအနီးတွင် စခန်းချနေသော သတိုးဓမ္မရာဇာသည် တောင်ငူဘုရင်ခံ ပြန်လာပြီဖြစ်ကြောင်း သတင်းရရှိသည်။ သားတော် နတ်သျှင်နောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်နှင့် စစ်ကူသွားသော တပ်များအားလုံးကို ယှဉ်ပြိုင်တိုက်ခိုက်ရမည်ဆိုသော် ကိုယ့်သေတွင်း ကိုယ်တူးရာကျပေတော့မည်။ သည်လိုတွေးမိ၍ဆင်ခြင်မိသဖြင့် သတိုးဓမ္မရာဇာလည်း ဆုတ်ခွာသွားတော့သည်။ သို့သော် သူသည် အရှုံးထဲမှ အမြတ်ကလေးများကိုကား ကောက်သင်းကောက်သွားလိုက်သေး၏။ သူသည် အပြန်ခရီးတွင် ကျွဲနွားများကို ယူငင်သွားသည်။

သူသည် မူလအကြံအစည်ကို လက်မလျှော့ပေ။ ပြည်သို့ရောက်လျှင် မင်းတုန်း၊ တိုင်တား၊ မြေထဲ၊ သရက်၊ စကု၊ စလင်း၊ ပုခန်းကြီးတိုင်အောင် သိမ်းယူပြီး ခမည်းတော် ဟံသာဝတီဘုရင်ကို ခြားနားလေတော့သည်။

ဟံသာဝတီဘုရင်သည် နန်းစည်းစိမ်ကို အေးအေးလူလူ မခံစားရပေ။ မြို့တွင်းမှ ကြွက်တွေသောင်းကျန်းလာပြန်သည်။ ကြွက်တွေ၊ ကြွက်တွေမှာ ရေတွက်၍ပင် မနိုင်လောက်အောင်များပြားလှ၏။ ကြီးလိုက်သည့် ကြွက်တွေမှာ တစ်ကောင်တစ်ကောင်လျှင် သုံးပြည်ထွက်ခန့်ပင် ကြီးသည်ဟု ဆိုသည်။ သည်ကြွက်တွေကို နှိမ်နင်းဖို့ သားတော်အိမ်ရှေ့မင်းသား မင်းရဲကျော်စွာလက်သို့ ပြောင်းပေးလိုက်တော့သည်။

မင်းရဲကျော်စွာက သူ့လက်အောက်အမှုထမ်းများကိုတစ်ဆင့် တာဝန်ပေးသည်။

"မြင်မြင်သမျှ ကြွက်တွေကို အပြတ်ချေမှုန်းပစ်ကြစေ"

သို့သော် ကြွက်တွေမှာ များလွန်းလှ၏။ သူ့လူတွေပင် မနှိမ်နင်းနိုင်တော့။ မြို့ အနောက်ဘက်မှသည် မြို့အရှေ့ဘက်တိုင် ရောက်သည်အထိကြွက်တပ်ကြီး ချီတက်သွားသည်။ ပြီးတော့ ကျီကျတွေထဲတွင် သိုလှောင်ထားသော စပါးများကို မြိန်ရှက်စွာ စားသုံးကြတော့သည်။ ဘာမျှ မကြာလိုက်ပါ။ လပိုင်းအတွင်းမှာ စပါးများ ပျက်စီးပြီး အစာရေစာတွေ တက်တက်စင်အောင်ပြောင်သွားသည်။ ဤတွင် ဟံသာဝတီ၌ အစားအသောက် အလွန်ရှားပါးလာသည်။ "ဆန်တစ်တင်းလျှင် ကြေးတစ်ရာ"အထိပင် ဖြစ်သွားတော့သည်။

အစာရေစာ ဆွံ့ရှားသည့်ဒဏ်ကို မခံနိုင်သော လင်းဇင်း အမှုထမ်းများလည်း ဟံသာဝတီမှ ရှောင်သွားကြသည်။

ပြဿနာပေါင်းများစွာကို ရင်ဆိုင်နေရသော ဟံသာဝတီဘုရင်သည် နောက်ထပ်ကျရောက်လာမည့် အန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ပေတော့သည်။ သူသည် အန္တရာယ်ပေးနိုင်သူများ၊ ပေးရန်ကျန်နေသူများကို ရေတွက်ကြည့်၏။



တောင်ငူဘုရင်ခံ မင်းရဲသီဟသူ။

ညောင်ရမ်းဘုရင်ခံ မင်းရဲနန္ဒမိတ်။

ဇင်းမယ်ဘုရင်ခံ မင်းနော်ရထာစော။

သည်သုံးဦးသည် ယခုထိမူ သူ့ဘက်မှ ရပ်တည်မြဲပင် ရှိသေးသည်။ အနာဂတ်အတွက်မူ အာမခံချက်ရှိကောင်းမှ ရှိနိုင်မည်။ ထို့ကြောင့် သည်ဘုရင်ခံများထံ အမိန့်စာချွန်များ ပို့လိုက်၏။

"တောင်ငူဘုရင်ခံ၏ သားတော်ကြီး နတ်သျှင်နောင်နှင့် ဥပေါသထဆင်တော်။ ညောင်ရမ်းဘုရင်ခံ၏ သားတော်ကြီး သခင်လတ်နှင့် ဇမ္ဗုတံဆိပ်ဆင်တော်။ ဇင်းမယ်ဘုရင်ခံ၏ သားတော်မင်းသား ကုလောင်နှင့် ဇမ္ဗုကျက်သရေဆင်တော်။ သည်မင်းသားများနှင့် သည်ဆင်တော်များကို ဟံသာဝတီသို့ ဆက်ကာ ဟံသာဝတီဘုရင်လက်အောက်တွင် လာရောက်အမှုထမ်းစေရမည်"

ဟံသာဝတီဘုရင်၏ အကြံအစည်မှာ အစွမ်းထက်သော သားတော်များနှင့် အကောင်းဆုံးသောဆင်တော်များကို ဟံသာဝတီနေပြည်တော်တွင် အမှုထမ်းစေခြင်းဖြင့် လောလောဆယ် သည်ဘုရင်ခံများ ထောင်ထားခြားနားခြင်းမှ ကြိုတင်ကာကွယ်ထားရန်ဖြစ်၏။ တစ်နည်းအားဖြင့် မင်းသားများ၏ ခမည်းတော်များ ခြားနားလျှင် ဓားစာခံများအဖြစ် အသုံးချရန် ခေါ်ယူခြင်းပင် ဖြစ်သည်။

တောင်ငူဘုရင်ခံသည်အမိန့်စာချွန်ကို ဖတ်ပြီးနောက် ပြုံးလိုက်သည်။ ထိုအပြုံးမှာ ထီမထင်သော အပြုံးဟုပင် ဆိုရမည်။ သူ့မျက်လုံးများသည် မှေးသယောင်ယောင်ဖြစ်သွားပြီး အေးစက်တင်းမာသောအသွင်ကို ဆောင်သွား၏။ သူသည် ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်သည်။

"အမှုတော်ကို တစ်ဆံခြည်မယွင်းရအောင် ထမ်းရွက်နေပါလျက်နဲ့ ငါ့ကို မယုံမကြည်ဖြစ်လေတယ်။ ရာဇဝင်ရိုင်းလိုက်လေ နောင်တော်ရယ်။ သားတော်ကြီး ဟံသာဝတီရဲ့လက်အောက်မှာ အမှုထမ်းရမယ်ဆိုတော့ အကျယ်ချုပ်ထားတာနဲ့ ဘာများခြားနားလို့လဲ၊ ဘာများထူးခြားလို့လဲ၊ ဒါဟာ အင်မတန်ကျဉ်းမြောင်းတဲ့စိတ်ထားပဲ။ သားတော်ကြီး နတ်သျှင်နောင်ဟာ ငါ့ညာလက်ရုံး၊ သားတော်မရှိရင်၊ ငါ့ညာလက်ရုံး ပြုတ်သွားမှာပေါ့။ ငါ့သားတော်ကို ဘယ်သူ့လက်အောက်မှာမှ အမှုမထမ်းစေရဘူး"

တောင်ငူဘုရင်ခံသည် ယတိပြတ် ကြုံးဝါးလိုက်၏။ နတ်သျှင်နောင်

www.burmeseclassic.com

www.burmeseclassic.com



သည် ဒေါသအမျက်ခက်ထန်နေသော ခမည်းတော်ကို ငေးစိုက်ကြည့်နေ၏။ ခမည်းတော် ဤမျှအမျက်ထန်ပုံမျိုး တစ်ခါမျှ မတွေ့မြင်ဖူးသဖြင့်လည်း အံ့သြနေ သည်။ ခမည်းတော်သည် သူ့နောင်တော် ဟံသာဝတီဘုရင်ကို အစဉ် ချစ်ကြောက်ရိုသေခဲ့၏။ ယခု နောင်တော်အပေါ် အမျက်သိုလေပြီ။ ထို့ကြောင့် အမျက်ပြေရာပြေကြောင်း ခမည်းတော်ကို နှစ်သိမ့်လိုက်သည်။

"ဟံသာဝတီ ဘုရင်မင်းမြတ်ဟာ ခမည်းတော်ရဲ့ ဘုန်းလက်ရုံးကို အစိုးရိမ်ကြီးပြီး ကြံမိကြံရာ အမိန့်ချမှတ်တာလို့ သားတော် ထင်ပါတယ်။ သည်အတွက် စိတ်အနှောက်အယှက် မဖြစ်ပါနဲ့ ခမည်းတော်ဘုရား၊ ဟံသာဝတီရဲ့ လုပ်ရပ်ဟာ ခမည်းတော်အတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်လာတယ်လို့ သားတော် သက်ဝင်ယုံကြည်မိပါတယ်"

သားတော် နတ်သျှင်နောင်၏ နှစ်သိမ့်မှုကြောင့် တောင်ငူဘုရင်ခံသည် စိတ်ပြေသွား၏။ ဤမျှ လူဆိုး လူကောင်း မခွဲခြားတတ်သူသည် ဟံသာဝတီထီးနန်းနှင့်ပင် မထိုက်တန်တော့ဟုထင်၏။ ထို့ကြောင့် ပြတ်ပြတ်သားသား ပြောလိုက်သည်။

"ကောင်းပြီ သားတော်၊ ဒီအခွင့်အရေးကို ခမည်းတော် အမိအရယူမယ်။ ဟံသာဝတီဘုရင်ကို ရင်ဆိုင်တိုက်ခိုက်မယ်"

သည်လို ဆုံးဖြတ်ပြီးနောက် နောင်တော် ဟံသာဝတီဘုရင်ကို ခြားနားလေတော့သည်။ ဇင်းမယ်ဘုရင်ခံသည်လည်း တောင်ငူနှင့် တစ်သားတည်းပင်ဖြစ်ရာ ခြားနားပြန်လေသည်။

တောင်ငူနှင့်ဇင်းမယ်တို့၏ ခြေလှမ်းကို စောင့်ကြည့်နေသော ညောင်ရမ်းဘုရင်ခံသည် ထိုသတင်းကိုကြားသည်နှင့် မြို့ကို အခိုင်အလုံပြု၏။ လူသူ အလုံးအရင်းသွင်း၍နေသည်။ မန်ကျည်းရုံအရပ်၊ တောင်တွင်းအရပ်၊ ပုခန်းကြီးအရပ်၊ ပုဂံအရပ်က သီတင်းသုံးလာသော ပိဋကတ်ဗေဒင်တတ်ရဟန်းသံဃာများကိုလည်း ကျောင်းဆောက်၍ ပစ္စည်းလေးပါး ထောက်ပံ့တော်မူသည်။ သံဃာများ၏ အဆုံးအမကို နာယူသည်။ ဤတွင် ဗားမဲ့ဆရာတော်က ညောင်ရမ်းဘုရင်ခံကို ဟောကိန်းထုတ်သည်။

"ကြောင့်ကျတော်မမူနဲ့ ဒကာတော်၊ ဒကာတော်သည် မချွတ်ကေန်ဘုရင်ဖြစ်ရမည်"

ဗားမဲ့ဆရာတော်၏ ဟောကိန်းကို တောင်ငူဘုရင်ခံသည် တစ်နည်းနည်းဖြင့် ကြားသိသွား၏။ သည်လိုဆိုလျှင် ဟံသာဝတီကို လုပ်ကြံရာ၌



ညောင်ရမ်းကို အကူအညီတောင်း၍ မဖြစ်နိုင်။ မဟာမိတ်ပြု၍ မဖြစ်နိုင်ဟု စဉ်းစားမိလေသည်။ သူသည် အနီးဝန်းကျင်မှ ဘုရင်ခံများကို စောင့်ငဲ့၍ကြည့်၏။ "ဇင်းမယ်၊ ပြည်" မည်သူ့ကိုမျှ အားထား၍ မဖြစ်နိုင်။ တစ်ကိုယ်တော်အစွမ်းပြရန်ကလည်း မဖြစ်သေး။ သို့ဆိုလျှင် ပူးတွဲတိုက်ခိုက်ရန် မည်သူ့ကိုအဖော်ညှိရမည်နည်း။ သည်တွင် တောင်ငူဘုရင်ခံသည် ခပ်ဝေးဝေးသို့ လှမ်းမျှော်ကြည့်လိုက်၏။ တွေ့ပါပြီ။ ရခိုင်ဘုရင်မင်းရာဇာကြီး။

တောင်ငူဘုရင်ခံ မင်းရဲသီဟသူနှင့် သားတော်ကြီး နတ်သျှင်နောင်တို့ သဘောချင်းထပ်တူကာ ရခိုင်ဘုရင်ထံ သံတမန်များ စေလွှတ်၍ သဝဏ်လွှာ ပါးလိုက်သည်။

"ဟံသာဝတီကို ညီ၍ လုပ်ကြံပါ။ အရေးပြီးလျှင် ဆင်ကြီး၊ မြင်းကြီး၊ သမီးကညာပေးပါမည်"

သည်သဝဏ်လွှာကို ရခိုင်ဘုရင်ထံသို့ ပေးပို့ရသော တမန်များမှာ ကြည်းတောင်စားနှင့် ကင်းသားစားတို့ဖြစ်ကြသည်။ သည်အကျိုးတော်ဆောင်ကြီးများ အလျှောက်အထားကောင်းသဖြင့် ရခိုင်ဘုရင်သည် ကမ်းလှမ်းချက်ကိုလက်ခံလိုက်၏။ ပြီးသားတော်အိမ်ရှေ့မင်းသား မင်းခမောင်းအား တာဝန်လွှဲအပ်လိုက်လေသည်။

ရခိုင်ဘုရင်ထံမှ သဘောတူညီချက်ရပြီးနောက် တောင်ငူဘုရင်ခံနှင့်သားတော်ကြီး နတ်သျှင်နောင်တို့သည် ဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက်ရန် စိုင်းပြင်းကြတော့သည်။ သည်ကာလများအတွင်း နတ်သျှင်နောင်သည် စစ်ရေးစစ်ရာများ ပြင်ဆင်နေရသဖြင့် မအားမလပ်နိုင်အောင် ရှိနေသည်။ ဟံသာဝတီ အခြေအနေကိုလည်း အထောက်တော်များလွှတ်ကာ တိတ်တဆိတ်စုံစမ်းရ၏။ ညီငယ်များ၊ တပ်ဗိုလ်ကလေးများအား တိုက်ရည်ခိုက်ရည်တိုးတက်မြင့်မားလာအောင် ညွှန်ကြားနေရ၏။ နုနယ်ငယ်ရွယ်သော ညီငယ်များသည် အရွယ်နှင့် မလိုက်အောင် ကြိုးစားလေ့ကျင့်ကြသဖြင့် နတ်သျှင်နောင်သည် များစွာ အားရကျေနပ်နေ၏။ ယခုအခါ၌ သူ့ညီငယ်ကလေးများသည် စစ်ပညာကို သူ့လောက်နီးနီး ကျွမ်းကျင်တတ်မြောက်နေကြပေပြီ။ သူကိုယ်တိုင်လည်း စစ်ရေးလေ့ကျင့်မှုများကို မပြတ်လေ့ကျင့်နေသည်။

စစ်ရေးစစ်ရာ လုပ်ငန်းများဖြင့် မအားမလပ်ဖြစ်နေသည့်တိုင် ဓာတုကလျာကိုကား သူမမေ့။ သူ့စိတ်တို့သည် ချစ်ရသူ ဓာတုထံပါးသို့ ရောက်၍ရောက်၍သွား၏။ ဓာတု၏ လှပလွန်းသော မျက်နှာသည် သူ့အား အခွင့်

www.burmeseclassic.com



သင့်တိုင်း စိုးမိုးနေသည်။ အေးမြချိုလွင်သော စကားသံသည် သူ့နားထဲဝယ် ရစ်ဝဲလျက် နေတတ်၏။ သည်အခါတိုင်း သူ့စိတ်တို့သည် ပျော်ရွှင်ချမ်းမြေ့နေလေတော့သည်။

တစ်နေ့တာကုန်ဆုံး၍ အပန်းဖြေလဲလျောင်းလိုက်သောအခါများတွင် ဟံသာဝတီ၏ တစ်ခုသော မြင်းခင်းသဘင်ပွဲအပြီး ဓာတုကလျာနှင့် တွေ့ဆုံခဲ့ရပုံကို မြင်ယောင်နေမိသည်။ ထိုမှဆက်၍ အလှဘုရင်မ၏ ကြေကွဲဖွယ်ရာဖြစ်ရပ်များသည် သူ့အတွေးအာရုံထဲသို့ ဝင်ရောက်လာပြန်သည်။

"အစ်မတော်ဓာတုဟာ ငယ်ငယ်ကလေးဘဝမှာပဲ မိတဆိုးလေးဖြစ်ခဲ့ရတယ်။ အရွယ်ရောက်လာချိန်မှာ ခမည်းတော်မင်းတရားကြီးက နတ်ပြည်စံ။ အရင်းအချာဆိုလို့ မိတူဖတူ နောင်တော်တစ်ပါးနဲ့ မောင်တော်ငယ်တစ်ပါး ရှိပေမယ့် အနားမှာမရှိကြ။ နောင်တော်က ဇင်းမယ်မှာ။ မောင်တော်ငယ်က မုတ္တမမှာ။ အရင်းအချာတွေနဲ့ဝေးကွာနေရလို့ အစ်မတော်ခမျာ များစွာအားငယ်နေရှာတယ်။ သည်လိုအချိန်မှာ ကြေကွဲဖွယ်နှလုံးသားပြဿနာက ဝင်နှောင့်ပြန်တယ်။ မဟာဥပရာဇာဟာ အစ်မတော်ရဲ့ မေတ္တာကို တောင်းခံတယ်။ နောက်ဆုံးမှာ အဓမ္မသိမ်းပိုက်တာ ခံခဲ့ရတဲ့ အထိပါပဲ။ အိမ်ရှေ့စံ က မင်းပျိုမင်းလွင်မဟုတ်။ လက်ရှိမိဖုရားနှင့် အိမ်ထောင်ရှင်မို့ သူ့အဖြစ်ကို နာကြည်းခဲ့ရတယ်။ ကြမ္မာဆိုးက သည်မျှနှင့် မရပ်တန့်သေးဘူး။ အိမ်ရှေ့စံမောင်တော်အယုဒ္ဓယ စစ်မှာကျဆုံးသွားလို့ မုဆိုးမလေး ဖြစ်ခဲ့ရပြန်တယ်။ ခုတစ်ခါ အိမ်ရှေ့မင်းသား မင်းရဲကျော်စွာက ဓာတုကလျာကို သိမ်းပိုက်ဖို့ ကြံရွယ်နေပြန်ပြီ"

နတ်သျှင်နောင်သည် ဓာတုကလျာအကြောင်း တွေးမိတိုင်း မင်းရဲကျော်စွာနှင့် ပတ်သက်သည့် အတွေးဝင်လာလျှင် ပင့်သက်မောချမိသည်။ ပစ္စုပ္ပန်အခြေအနေတွင် သူသည် အစ်မတော်ဓာတု အနီးမှာမဟုတ်။ ဟံသာဝတီမှ အလွန်ဝေးကွာသော တောင်ငူရွှေနန်းတွင် ရှိနေသည်။ မင်းရဲကျော်စွာမူ ဓာတုနှင့် အနီးကပ်ဆုံးရှိနေ၏။ ထို့ကြောင့်လည်း ချစ်ရသူဓာတုအတွက် စိုးရိမ်သောကသည် သူ့ရင်၌ မပြတ်တည်၍လာသည်။ မင်းရဲကျော်စွာ၏ ရန်ကိုကြောက်ရွံ့ကာ ညှိုးငယ်နေမည်ဖြစ်သော ဓာတု၏ မျက်နှာတော်ကိုလည်း မြင်ယောင်နေသည်။ သည်အခါ နတ်သျှင်နောင်၏ ရင်ထဲ၌ ချွန်မြသောအပ်ရူးဝင်သွားသကဲ့သို့ နာကျင်သွားလေတော့သည်။

"မောင်တော့် ဖြစ်အင်ကို မြင်လှည့်ပါတော့ သက်လျာဓာတုရယ်"

❒ ❒ ❒

(၁၂)

# တောင်ငူရောက်နန္ဒဘုရင်

"သစ္စာရှိငယ်ကျွန်တော် သက်ရှည်ကျော်ထင် အနိစ္စရောက်ချေပြီ"

သည် သတင်းသည် ဟံသာဝတီတစ်ဝန်းလုံးကို တုန်လှုပ်ခြောက်ခြားသွားစေ၏။ လက်ရုံးသဖွယ် အားကိုးအားထားပြုရသူများ အနိစ္စရောက်ခဲ့ကြသည်မှာ များလှပေပြီ။ ငယ်ကျွန်တော်ပင် မကျန်တော့။ ပြည့်လက်ရုံး၊ ပြည့်အင်အားများကို အကြောင်းမဲ့ အနိစ္စရောက်စေခြင်းဖြင့် ဟံသာဝတီဘုရင်သည် အမှားများကို ထပ်ထပ်လို့သာ ကျူးလွန်နေသည်။

ထို့ကြောင့်လည်း ဟံသာဝတီ၏ အင်အားသည် တဖြည်းဖြည်းဆုတ်ယုတ်လာသည်။ အခုဆိုလျှင် နိုင်ငံတော်အတွက်၊ မင်းတရားအတွက် အသက်စွန့် ကြိုးပမ်းထမ်းရွက်မည့်သူ မရှိသလောက်ပင် ရှားပါးနေချေပြီ။

သည်အချိန်တွင် တောင်ငူဘုရင်က ခြားနားသည်။ တောင်ငူဘုရင်ကို စစ်ကူရန် ရခိုင်မင်းရာဇာကြီး၏ သားတော် အိမ်ရှေ့မင်းသားသည် တိုက်လှေငါးရာကျော်ခန့်ဖြင့် ဟံသာဝတီသို့ ဦးတည်ကာ ချီတက်လာသည်။ ရခိုင်တို့သည် ဘိုးဘေးစဉ်ဆက် ပင်လယ်တွင်လည်းကောင်း၊ မြေပြင်တွင်လည်းကောင်း၊ သွားလာတိုက်ခိုက်ခြင်းဖြင့် စစ်ရေးကျွမ်းကျင်သူများ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့နှင့်အတူ ပေါ်တူဂီအမြောက်တပ်သားများလည်း ဝင်ရောက်အမှုထမ်းခြင်းကြောင့်၊ ရခိုင်တို့၏ အင်အားမှာ ပိုမိုတောင့်တင်းနေသည်။

ရခိုင်မှ ရေကြောင်းချီလာသော ရခိုင်အိမ်ရှေ့မင်းသားသည် ပွဲဦးထွက်အနေဖြင့် သံလျင်ဆိပ်ကမ်းမြို့ကို ဦးစွာလုပ်ကြံသည်။ သံလျင်စားလည်း အင်အားခြင်းမမျှ၍ တွက်ပြေးရတော့သည်။ ရခိုင်တပ်များသည် သံလျင်ကို အခိုင်အလုံ ပြုလုပ်တော့သည်။

တောင်ငူဘုရင် မင်းရဲသီဟသူ၏ တပ်မကြီးသည်လည်း ဟံသာဝတီသို့ အင်အားကြီးမားစွာ ချီတက်လာသည်။ နတ်သျှင်နောင်သည် တပ်ဦးမှ ချီတက်လိုက်ပါလာ၏။ ဟံသာဝတီအနီး ကောလိယသို့ရောက်လျှင် ခေတ္တစခန်းချရပ်နားသည်။ အချိန်အတော်ကြာစခန်းချပြီးမှ ဟံသာဝတီသို့ ချဉ်းကပ်လာကြသည်။ တောင်ငူဘုရင်၏ တပ်များသည် ဟံသာဝတီ၏ အရှေ့ဘက်၊ နတ်သျှင်နောင်၏ တပ်က မြို့မြောက်ဘက်၊ ရခိုင်အိမ်ရှေ့မင်းသား၏ တပ်ကမြို့တောင်ဘက်မှ အသီးသီးနေရာယူလိုက်ကြသည်။ ဟံသာဝတီနေပြည်တော်သည် တောင်ငူဘုရင်၏ စစ်သည်တော်များ အတပ်ထပ် ဝန်းရံပိတ်ဆို့ထားခြင်းကို ခံနေရလေပြီ။

ဘုရင်နှင့်တကွ မြို့သူမြို့သားများကို ဟံသာဝတီမြို့ထဲမှာထည့်ပြီး အလုံပိတ်ထားသကဲ့သို့ ရှိနေ၏။ ရက်တွေ ကြာလာသည်နှင့်အမျှ ရိက္ခာပြဿနာနှင့် တွေ့ကြုံလာရ၏။ လူအများတို့မှာ အစာရေစာ ခေါင်းပါးမှုကြောင့် ဒုက္ခကြီးစွာ ရောက်ကြရလေသည်။

သည်အချိန်တွင် ဟံသာဝတီဘုရင်၏ ဆွေတော်မျိုးတော်များသည် တောင်ငူတပ်သို့ အထင်အရှား ခိုဝင်သွားကြ၏။ ဘုရင့်သွေးသားများပင် သည်လိုအတိအလင်း ဝင်ရောက်သွားကြသဖြင့် စစ်သည်များမှာ တဖြည်းဖြည်း စိတ်အားလျော့လာကြသည်။

အိမ်ရှေ့စံ မင်းရဲကျော်စွာ၏ ကျေးကျွန်များလည်း သခင့်မျက်နှာကိုပင် မထောက်ထားကြတော့။ တစ်ကျိတ်သော ကျေးကျွန်တို့သည် အချင်းချင်း တိုးတိုးတိတ်တိတ် တိုင်ပင်ကြ၏။

"ငါတို့ သံသာဝတီမှာ အမှုထမ်းနေရင် ငတ်ပြီး သေရုံသာ ရှိမယ်။ သားမယားတွေလည်း ဒုက္ခရောက်မယ်။ အင်းဝကိုပြန်မှပဲ အသက်ရှည်တော့မယ်"

သည်လို တိုင်ပင်ပြီးနောက် တိုက်စည်တီးကာ မြို့တွင်းမှ ထွက်လာ



ကြ၏။ သူတို့သည် တောင်ငူတပ်သို့ မဝင်။ ရခိုင်တပ်သို့လည်း မသွား။ အင်းဝသို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။

အိမ်ရှေ့စံမင်းရဲကျော်စွာလည်း အားကိုးရာမဲ့ဖြစ်သွားသောကြောင့် စိတ်ပျက်သွား၏။ ဒေါသလည်း ထွက်နေ၏။ သူသည် ခမည်းတော် ဟံသာဝတီဘုရင်မြှောက်စားသဖြင့်သာ အိမ်ရှေ့အရာကို ရထား၏။ သူ့တွင် ပင်ကိုယ်အရည်အချင်း ဘာမျှမရှိ။ အတွေးအခေါ် နတ္ထိ။ သူ့ငယ်ကျွန်များအားကိုးနှင့် ဆင်ကန်းတောတိုးအမှုမျိုးကိုသာ လုပ်တတ်သည်။ ဟံသာဝတီ တိုးတက်ရာတိုးတက်ကြောင်း ဘာတစ်ခုမျှ စွမ်းဆောင်ခဲ့ခြင်းမရှိ။ ယခု ကျဉ်းထဲကျပ်ထဲရောက်နေချိန်တွင်သူသည် ဘာကိုမျှ မစဉ်းစားတတ်။ နိုင်ငံသူနိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို မည်သို့ ကာကွယ်စောင့်ရှောက်ပေးရမည်သူမသိ။ ခမည်းတော် ဟံသာဝတီဘုရင်၏ အသက်အန္တရာယ် ကာကွယ်ဖို့ကိုလည်း မစဉ်းစားတော့၊ သူစဉ်းစားသည်မှာ သူ၏ လွတ်မြောက်ရေး၊ အသက်ရှင်ရေးသာတည်း။

မိမိတစ်ဦးတည်းအတွက်သာ စဉ်းစားသော မင်းရဲကျော်စွာသည် နောက်ဆုံးထွက်ပေါက်ကို တွေ့သွား၏။ သူသည် ကျေနပ်စွာပြုံးရင်း ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

စက်နာရီအားဖြင့် ကိုးနာရီခန့် ရှိပေပြီ။ ညီလာခံခန်းမသို့ ဘုရင်နှင့်တကွ မှူးတော်မတ်တော်များ စုံညီစွာ ရောက်နေကြပြီဖြစ်၏။

ဟံသာဝတီဘုရင်သည် ရာဇပလ္လင်ထက်၌ ငြိမ်သက်စွာ စံနေ၏။ လှုပ်ရှားမှု အလျဉ်းမရှိ။ ခစားနေကြသော မှူးမတ်များသည်လည်း ပန်းပုရုပ်များ ချထားဘိသို့ ငြိမ်သက်နေ၏။ ခန်းမကြီးတစ်ခုလုံး အသက်ဝိညာဉ်ကင်းမဲ့နေရော့သလားဟု ထင်မှတ်ရသည်။ ညီလာခံခန်းမဆောင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ မည်သူမျှလှုပ်ရှားခြင်းမရှိ။ သို့သော် သူတို့အားလုံး၏ ရင်ထဲ၌မူ ပြင်းစွာတုန်လှုပ်နေကြသည်။

သည်နေ့ ဟံသာဝတီနိုင်ငံတော်အတွက် အဆုံးအပြတ်ပြုရမည့်နေ့ဖြစ်၏။ ဟံသာဝတီကို တောင်ငူတပ်များဝိုင်းရံပိတ်ဆို့ထားသည်မှာ ကြာပြီဖြစ်၍ နိုင်ငံတော်အတွင်း ငတ်မွတ်ခေါင်းပါးခြင်း ဘေးဆိုးနှင့် ကြုံနေရပြီ။ အစာရေစာခေါင်းပါးသဖြင့် ခိုးသူ လုဆိုးတို့အန္တရာယ်ကလည်း တဖြည်းဖြည်းကြီးမားလာသည်။ သည်တော့ တောင်ငူတပ်များ စတင်တိုက်ခိုက်လာမည်ကို သည်အတိုင်း စောင့်ဆိုင်းပြီးနေမည်လား။ မိမိတို့က စတင်၍ ထွက်တိုက်

www.burmeseclassic.com



မည်လား။ တစ်ခုခုကို ဆုံးဖြတ်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။

နေ့စဉ်နှင့်အမျှ တောင်ငူတပ်သို့ ဝင်ရောက်ခိုလှုံနေကြသဖြင့် ဟံသာဝတီ၏ အင်အားမှာလည်း များစွာ ဆုတ်ယုတ်နေသည်။ လက်အောက်ခံနယ်ပယ်များသို့ စစ်ကူလာရန် ဆင့်ဆိုထားသော်လည်း တပ်ကူများ၏အရိပ်အယောင်ကို ယခုတိုင် မမြင်ရ။ မည်သို့ဆိုစေ စစ်သေနာပတိကြီး၏ ဆန္ဒအရမူ တောင်ငူတပ်များကို ရင်ဆိုင်တိုက်လိုက်ချင်သည်။ ယခုလို မြို့တွင်းမှာ ပိတ်မိနေရင်း အရှုံးပေးလိုက်ရမည်ကို မလိုလားပေ။

ယင်းအခိုက် တံခါးစောင့်တပ်မှူး အခစားရောက်လာကာ တင်လျှောက်လိုက်သည်။

"ဟံသာဝတီ အိမ်ရှေ့စံမင်းသား တောင်ငူတပ်သို့ ခိုလှုံသွားကြောင်းပါ ဘုရား"

"ဘာ...သားတော် မင်းရဲကျော်စွာ ရန်သူ့ဘက်ခိုလှုံသွားပြီ၊ ဟုတ်လား"

အံ့သြထိတ်လန့်စွာ မေးလိုက်သောမင်းကြီး၏ မိန့်မြွက်သံမှာ ဟိန်းပြီးထွက်ပေါ်လာ၏။ သားတော် သည်လိုလုပ်လိမ့်မည်ဟု မင်းကြီး လုံးဝမထင်မှတ်ပါ။ ဒေါသကြောင့် မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်သွားသည်။

တံခါးစောင့်မှူးသည် မည်သို့ပြန်ဖြေရမည် မသိ။ တံထွေးကိုသာ မျိုချနေမိသည်။ ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် မင်းကြီး၏ အသံထွက်ပေါ်လာသည်။

"အကြောင်းစုံ လျှောက်တင်စေ"

"မှန်လှပါ...အိမ်ရှေ့စံက စည်းစိမ်မပျက် အသက်မသေ နေရမည်ဆိုပါက ဝင်ခဲ့ပါမယ်လို့ တောင်ငူဘုရင်ခံထံ အမေးလွှတ်ပါတယ် ဘုရား။ တောင်ငူဘုရင်ခံက ဝင်ခဲ့တော့ ငါ့ သမီးနဲ့ စုံဖက်ပြီး သူကောင်းပြုမယ်လို့ ပြန်ကြားကြောင်း သိရပါတယ် ဘုရား"

"တောက်...ရိုင်းလိုက်လေ သားတော်ရယ်"

မိမိမျက်နှာကိုမျှမထောက်။ ကိုယ်လွတ်ရုန်းသွားသော သားတော်၏ လုပ်ရပ်ကို ဟံသာဝတီဘုရင်သည် မကျေမချမ်းဖြစ်၏။ လွန်စွာ စိတ်ဆိုး၏။ ရင်ထဲမှ သွေးများတဒိတ်ဒိတ်ခုန်လာပြီး နာကျင်သောဝေဒနာကိုပင် ခံစားလိုက်ရသည်။ ဒေါသငွေ့ကြောင့် မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံသည် ခေတ္တအကြာတွင် တဖြည်းဖြည်း မှိန်ဖျော့သွားသည်။

ခန်းမဆောင်အတွင်းရှိ မှူးမတ်များလည်း မင်းကြီး၏ မျက်နှာတော်ကိုသာ ငေးစိုက်ကြည့်ကာ အမိန့်တစ်စုံတစ်ရာကို ငံ့လင့်နေကြ၏။ မင်းကြီးသည် ရီဝေသော မျက်လုံးဖြင့် အားလုံးကို တစ်ချက်မျှ ဝေ့ကြည့်ပြီး နောက်မိန့်ကြားလိုက်သည်။



"ငါက ငါ့သားအဖို့ စုရုံးပါတယ်။ ငါ့သားက တစ်ဘက်ဝင်သွားမင့်ဟာ ငါ့စည်းစိမ်ကို ငါ့ညီပင် ယူပါစေတော့၊ ငါမှု မြတ်စောညီနောင် ခြေရင်းမှာ သီတင်းသုံးရင်း အရိုးထုတ်တော့မယ်"

မင်းကြီး၏ မိန့်မြွက်သံသည် အင်အားမရှိ။ တိုးတိုးသက်သက်မျှသာ ထွက်ပေါ်လာသည်။ ခရီးဝေးမှ လာရဘိသို့ မောလျှသံပင်ပါနေ၏။ ပြောရင်း ကျိတ်၍ရှိုက်လိုက်၏။ သို့သော် သူ့ရှိုက်သံကို မည်သူမျှ ကြားရမည်မဟုတ်ပေ။

မိန့်မြွက်သံဆုံးလျှင် ညီလာခံခန်းမသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်သွားပြန်၏။ သံတော်ဆင့်အမတ်ကြီးသည် ဘုရင်မိန့်ဆိုသမျှ တစ်လုံးမကျန်ပရပိုက်တွင် ရေးမှတ်နေသည်။ စစ်သေနာပတိကြီးကား မသိမသာ အံ့ကြိတ်လိုက်သည်။ သူသည် စစ်သားပီပီ စစ်ကိုသာတိုက်လို၏။ သူ့အဖို့ စစ်မတိုက်ရဘဲ အညံ့ခံလိုက်ရခြင်းသည် တိုက်ပွဲတစ်ရာ ရှုံ့ရသည်ထက်ပင်ပန်းဆင်းရဲလှ၏။ သူ့မျက်နှာတွင် ဇောချွေးများပြန်လာသည်။ သူ့လက်များသည်လည်း ချွေးစေးများဖြင့် စေးထန်းနေ၏။ သူသည် အခြားသူများဘက်သို့ စောင်းငဲ့၍ ကြည့်လိုက်သည်။

ပညာရှိပုရောဟိတ်ပိုင်းကလည်း ငြိမ်သက်နေသည်။ ပညာရှိတစ်ဦးသည် ကြမ်းခင်းကော်ဇောတစ်နေရာကို စူးစိုက်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ သူ့အဖို့ ဘုရင်မင်းမြတ်အား အခါတော်ပေးရန် မလိုတော့ပြီ။

ဘုရင်မင်းတရားထံမှ သည်လို အမိန့်တော်ချမှတ်လိမ့်မည်ဟု မည်သူမျှ မထင်မှတ်ခဲ့ကြပေ။ အိမ်ရှေ့စံ၏ လုပ်ရပ်ကိုကြားလျှင် ချက်ချင်းစစ်အင်ခင်းကျင်းရန် မိန့်ကြားမည်ဟု ထင်ခဲ့ကြသည်။ ယခုမူ ဟံသာဝတီဘုရင်သည် အညံ့ခံလိုက်လေပြီတကား။ ညီလာခံခန်းမကြီးတစ်ခုလုံးသည် ဝမ်းနည်းကြေကွဲမှုတွင် မလှုပ်မရှက် မျောပါနေလေတော့သည်။

တောင်ငူဘုရင်လည်း ဟံသာဝတီဘုရင်ထံမှ အညံ့ခံစကားကို ရလေလျှင် မြို့သိမ်းပွဲ အခမ်းအနားကို စတင်သည်။ ဦးစွာ မြို့ကြီးစားနှင့် မြို့လုစားတို့ကို အလုံးအရင်းနှင့် ဟံသာဝတီမြို့တွင်းသို့ ဝင်စေသည်။ ဟံသာဝတီ၏ စီးတော်ဆင်မှစ၍ ဆင်အားလုံးကို သိမ်းယူသည်။ မှူးမတ်

www.burmeseclassic.com

www.burmeseclassic.com



များကိုခေါ်ယူပြီး သစ္စာတော်ပေးသည်။ သူရဲသူဘက်အပေါင်းတို့ကို ရွှေမော်ဓော ဘုရားမှာ သစ္စာတော်ပေးသည်။ ရွှေနန်းတော်ဝန်းကျင်ကိုမူ တော င်ငူစစ်သည် တို့ ဝိုင်းရံထား၏။

ပြီးလျှင် ဟံသာဝတီ နန္ဒဘုရင်၊ မိဖုရားခေါင်ကြီးတို့ကို နန်းတော် မှသည် ရာဇဒေဝီရှင်မိဖုရား၏ အဆောင်သို့ ပြောင်းရွှေ့နေစေသည်။ ကိစ္စ အဝဝပြီးစီးသည်နှင့် နောင်တော် နန္ဒဘုရင်၊ မိဖုရားခေါင်ကြီးတို့ကို ဝေါတွင် တင်ကာ တောင်ငူသို့ပို့သည်။ အလုပ်အကျွေး သုံးကျိပ်နှင့် မှူးမတ်များလည်း ထည့်ပေးလိုက်သည်။ နန္ဒဘုရင်သည် တောင်ငူသို့ ပါရသောကြောင့် တောင်ငူ ရောက် မင်းတရားဟု တွင်လာသည်။

နန္ဒဘုရင်သည် နိုင်ငံတော် စည်ပင်ဝပြောရေးကို အားထုတ်သင့် ပါလျက် စစ်မက်အရေးကိုသာ လိုလားတော်မူသည်။ အဆုံး၌ စစ်မက်ကြောင့် ပင် ပျက်စီးရသည်။ တစ်ကြောင်းလည်း မြို့ကြီးပြည်ကြီးတို့ကို သားတော် ညီတော်တို့အား အပိုင်စားပေးကာ အသီးအခြား အုပ်ချုပ်စေခဲ့သည်။ သည်လုပ် ရပ်သည် စိတ်သဘောထားချင်း ညီညွတ်ကြပါက နိုင်ငံတော်၏ အင်အား ပင် ဖြစ်သည်။ သဘောထားချင်း ကွဲပြားသည်နှင့်တစ်ပြိုင်နက် နိုင်ငံတော် ပျက်စီးရန်အကြောင်းဖြစ်လာသည်။ အလုံးအရင်း အင်အားနှင့် ပြည့်စုံသည့် ဘထွေးတော်၊ ညီတော်စသည့် လက်အောက်ခံဘုရင်များနှင့် သင့်တင့်စွာ မကျင့်၊ သဘောထားကွဲပြားသည်နှင့် ထောင်ထားခြားနားကာ နောက်ဆုံးတွင် နန်းစည်းစိမ် ပျက်စီးဆုံးရှုံးသွားရလေတော့သည်။

❒ ❒ ❒

(၁၃)

# တောင်ငူရွှေနန်းတည်မဟာဓမ္မရာဇာ

နတ်သျှင်နောင်သည် ဟံသာဝတီဗိုလ်ပုံအလယ်၌ ထင်ပေါ်ကျော်ကြား လူကြိုက်များနေသည်။ အထူးသဖြင့် နန်းတွင်းသူပျို့ဖြူချောတို့အလယ်တွင် မျက်နှာပန်းပွင့်နေသည်။ သို့သော် နတ်သျှင်နောင် စုံမက်မြတ်နိုးရသူမှာ တစ် ဦးတည်းသာ။ သူ့ရင်ထဲမှ ဓာတုကလျာပင်တည်း။

စစ်တိုက်ခြင်း ရပ်နားထားပြီမို့ လွမ်းတရသည့် ရက်များကို အတိုးချ ကာ နတ်သျှင်နောင်၏ ခြေလှမ်းများသည် ဓာတုကလျာ၏ အဆောင်သို့သာ အဝင်အထွက်များနေသည်။ ချစ်ရလွန်းသူ ဓာတုကလျာ၏ ကြင်နာယုယမှုများ ဖြင့်သာ အချိန်ကိုကုန်လွန်စေခဲ့သည်။ သို့သော် နတ်သျှင်နောင်သည် ဟံသာ ဝတီတွင် ချစ်ရက်ရှည်ရှည် မနေရပြန်ပေ။

ဟံသာဝတီဘုရင် တောင်ငူလက်တွင်းသို့ ကျရောက်သွားပြီဆိုသော သတင်းကို အယုဒ္ဓယဘုရင်ဗြနရာဇ်ကြားလေလျှင် တပ်ပေါင်းနှစ်ဆယ့်လေးတပ် စီရင်၍ အပြင်းချီတက်လာသည်။ သည်အခါ နတ်သျှင်နောင်လည်း ချစ်မှု၊ ကြင်နာမှု၊ ယုယမြတ်နိုးမှုတွင် နစ်မျောမနေအားတော့ပေ။ စစ်သားပီပီစစ်ချီ ရန် ပြင်ဆင်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ငူဘုရင်သည် ဗြဲနရာဇ်အား ဟံသာဝတီမှပင် စောင့်ပြီး တိုက်ရမလား။ တောင်ငူသို့ပြန်ပြီး ခုခံရသော်ကောင်းလေမလားဆိုသည်ကို မှူးမတ်များနှင့် တိုင်ပင်ဆွေးနွေးသည်။ ဤတွင် အချို့က ယခုလိုလျှောက်ထား၏။

"ဟံသာဝတီမှာပင် အခိုင်အလုံနေပြီး ရခိုင်မင်းသားနှင့် ပူးပေါင်းခုခံပါက အယုဒ္ဓယတို့ လှုပ်နိုင်မည် မဟုတ်ကြောင်းပါဘုရား"

သို့သော် နန္ဒကျော်ထင်က "ဟံသာဝတီသားများသည် ဗြဲနရာဇ်နှင့်ခင်မင်ရင်းစွဲ ရှိခဲ့သူများဖြစ်၍သည်က ခံလျှင်သင့်မည် မထင်ပါ။ တောင်ငူသို့ ပြန်ပြီး ခုခံသင့်ပါသည်။ ဟံသာဝတီတွင် ရခိုင်မင်းသားကို နေရစ်စေပြီး အလစ်အလပ်ကို ကြည့်ရှုလုပ်ကြံစေသင့်ကြောင်းပါဘုရား"ဟု တင်လျှောက်သည်။

တောင်ငူဘုရင်လည်း နန္ဒကျော်ထင်လျှောက်ထားချက်ကို သဘောကျနှစ်ခြိုက်သည်။ သို့ဖြင့် ဟံသာဝတီရှိ မွန် မြန်မာစသည်တို့ကို တောင်ငူတပ်သို့ချည်း သိမ်းသွင်းကာ စစ်အင်အားဖြည့်တင်းသည်။ ဟံသာဝတီမှ ပိဋကတ်ကျမ်းဂန်တတ်အရိယာသံဃာတို့ကို ရှေ့ဆောင်စေကာ ကေတုမတီတောင်ငူသို့ ပြန်တော်မူသည်။ ရောက်လျှင်မြို့ပြ၊ ကျုံးမြောင်း၊ ပစ္စင်ရင်တား၊ ကတုတ်များကို ပြင်ဆင်စေ၏။ မြို့ထိပ်ဝန်းကျင်တွင် စိန်ပြောင်းများ တပ်ဆင်ကာ အဆင်သင့်စောင့်ဆိုင်းနေသည်။

ဗြဲနရာဇ်လည်း အပြင်းချီလာရာ ဟံသာဝတီသို့ရောက်သော် တောင်ငူဘုရင် ပြန်လေပြီကို သိလိုက်ရ၏။ ထို့ကြောင့် တောင်ငူဘုရင်နောက်သို့အမှီလိုက်၏။ ကျွဲမကူး ကျွန်းချောင်းသို့ရောက်လျှင် တပ်ခိုင်လုံစွာတည်၍ စခန်းချပြီး မြို့တွင်းသို့ သံစေလိုက်သည်။

"တောင်ငူဘုရင်ကို စစ်ပြုရန် ကျွန်ုပ်လာသည်မဟုတ်၊ ဟံသာဝတီဘုရင်ကို ဘုရားကဲ့သို့ ကိုးကွယ်ချင်သောကြောင့် တောင်းရန်သာ လာခြင်းဖြစ်သည်"

ဘုရင်ဗြဲနရာဇ်၏ သဝဏ်လွှာကို ဖတ်ကြားပြီးဆုံးသွားသောအခါ တောင်ငူဘုရင်က ပြုံးလိုက်၏။ ပြီး သားတော်ကြီး နတ်သျှင်နောင်ဘက်သို့ လှမ်းကြည့်သည်။ နတ်သျှင်နောင်သည် ခမည်းတော်၏ မျက်ဝန်းထဲမှ ပြောစကားများကို နားလည်သဘောပေါက်သည်။ သားအဖနှစ်ဦး မျက်လုံးချင်းစကားပြောပြီးသည်နောက် ဗြဲနရာဇ်၏ သဝဏ်လွှာကို အဖြေပေးလိုက်သည်။



"နောင်တော်ဘုရင်ကို သင်တို့သာ ဘုရားလို ကိုးကွယ်ချင်သည်မဟုတ်။ ငါလည်း ဘုရားကဲ့သို့ ကိုးကွယ်လို၍ တောင်ငူသို့ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မပေးနိုင်။"

သည်အဖြေကိုရသည်နှင့် ဗြဲနရာဇ်သည် ဟံသာဝတီဘုရင်ကို မရလျှင်မနေ။ ရအောင်ယူမည်ဟု ဆုံးဖြတ်ကာ မြို့နှင့်နီးနိုင်သမျှနီးအောင် ချဉ်းကပ်လာသည်။ ကျုံးနဖူးတွင် တပ်တည်ပြီး ကျုံးကိုဖောက်သည်။ ကျုံးရေများကိုပေါင်းလောင်းဖြစ်ထဲသို့ ထုတ်သည်။ တပ်ထိပ်တွင် ပြောင်းသေနတ်တင်ပြီးနေ့စဉ်ရက်ဆက် ပစ်လွှတ်သည်။ တောင်ငူမြို့တွင်းမှ ရဲမက်ဗိုလ်ပါ၊ မြို့စိုးပြစိုးထူထပ်လှသောကြောင့် မြို့တွင်းသို့ကား မဝင်နိုင်ချေ။ အပြင်ကသာ ဝန်းရံထား၏။

ရခိုင်ဘုရင့်သားတော်ကလည်း အယုဒ္ဓယမှ ရေကြောင်းဖြင့် ရိက္ခာပို့လာသည့်လှေများကို ဆီးကြိုတိုက်ခိုက်၏။ လာသမျှသော ရိက္ခာလှေများပျက်စီးကုန်သဖြင့် တပ်သားများ ရိက္ခာပြတ်သွားသည်။ တစ်လကျော်ခန့်ရှိလျှင် တောင်ငူမှ ဆုတ်ခွာသွားကြတော့သည်။

ဗြဲနရာဇ်သည် မုတ္တမဘက်သို့ရောက်လျှင် မွန်ဟူသမျှကို ရုံးစု၍ သစ္စာပေးသည်။ ပြီး ဝင်ယော်စား၏ တူကိုလည်း ဗညားဒလဟူသော အမည်ဖြင့် မုတ္တမတွင် အခိုင်အမာ နေစေသည်။ မုတ္တမတစ်လွှားကို စည်းရုံးပြီးမှ အယုဒ္ဓယသို့ ပြန်လေသည်။

ဤတွင် မြန်မာနိုင်ငံအလယ်ပိုင်းကို အယုဒ္ဓယလက်အောက်သို့ သိမ်းသွင်းရန် ဗြဲနရာဇ်၏ အကြံအစည်လည်း ဆုံးခန်းတိုင်ရောက်လေတော့သည်။

တိုက်ပွဲကား ပြီးဆုံးသွားချေပြီ။

တောင်ငူဘုရင်ကို စစ်ကူခဲ့သော ရခိုင်တပ်များ ရခိုင်သို့ပြန်ရပေတော့မည်။ သို့သော် ရခိုင်ဘုရင်က သံလျင်ဆိပ်ကမ်းကို မိမိပိုင်နက်အဖြစ် ထားလိုသည်။ ရခိုင်ဘုရင်မင်းတရားကြီး၏ ရည်ရွယ်ချက်မှာ သံလျင်မှနေ၍ ဟံသာဝတီကို ထိန်းချုပ်ကွပ်ကဲနိုင်လျှင် အချိန်မရွေး မိမိဩဇာ ဟံသာဝတီအပေါ် တည်မြဲနေပေမည်။ မြန်မာနိုင်ငံအတွင်းဘက်သို့ ဝင်သော ကုန်စည်များ၊ မြန်မာနိုင်ငံမှ ထွက်ကုန်များသည် သံလျင်ကိုဖြတ်၍ သွားရမည်သာဖြစ်၏။ သည်အတွက် အကောက်အခွန်များများစားစား ရနိုင်မည်ဟု မျှော်လင့်ထားသည်။ ထို့ကြောင့် တောင်ငူဘုရင်ကို ဤသို့ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကေတုမတီနှင့် ခေညဝတီအကြားတွင် လူဆိုးသူခိုးများ ဖျက်စီးလုယက်သောကြောင့် သံတမန်အစေအပါးများ မရောက်နိုင်ဖြစ်ရသည်။ ကျွန်ုပ်က အလုံးအရင်းနှင့် သံလျင်ဟွင် နေရသည်ပြစ်မှ အရောင်းအဝယ်ပေါက်ရောက်လွယ်ပြီး နှစ်နိုင်ငံရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်ပေမည်"

တောင်ငူဘုရင်လည်း စကားကိုကြားလျှင် သံလျင်တွင် အခိုင်အလုံနေစေဟု ခွင့်ပြုလိုက်သည်။ ဤတွင် ရခိုင်ဘုရင်လည်း ပေါ်တူဂီအမြောက်တပ်သားတစ်ဦးကို အကြီးအမှူးခန့်၍ သံလျင်ဆိပ်ကမ်းတွင် ထားခဲ့သည်။

ထိုပေါ်တူဂီကား မြန်မာတို့က ဇေင်ကာဟူ၍ သိကြသော ဖိလစ်ဒီဘရစ်တိုပင်တည်း။ သူသည် သင်္ဘောတွင် စားပွဲထိုးသူငယ်အဖြစ် သူ့ဘဝလမ်းကြောင်းကို စတင်ခဲ့သည်။ ထို့နောက် ရခိုင်တွင် အမြောက်တပ်သားအဖြစ် အမှုထမ်းရာတွင် ထူးချွန်သော ကြေးစား စစ်သားအဆင့်အတန်းသို့ ရောက်ခဲ့သည်။

ရခိုင်ဘုရင်သည် ဇေင်ကာကို သင်္ဘောသုံးစင်း၊ လွှန်းကြင်တစ်ရာကျော်၊ လူနှစ်ထောင်ခန့်နှင့် သံလျင်တွ င် အခိုင်အလုံနေစေသည်။ ထိုလူတွေထဲတွင် ပေါ်တူဂီလူမျိုး ၅၀ခန့်ပါသည်။ ဇေင်ကာသည် အကြံဉာဏ်ကြီး၏။ မိုက်ရူးရဲဆန်၏။ စိတ်ထင်တိုင်းလည်း ကြံတတ်၏။ ရနိုင်သမျှသော အခွင့်အရေးကို ရယူရန်ချောင်းမြောင်းနေသူဖြစ်၏။

သူသည် ပထမဆုံးသံလျင်တစ်ဝိုက်ရှိ တောများကို ခုတ်ထွင်ရှင်းလင်းသည်။ ဟံသာဝတီတစ်ဝိုက်မှ မွန်မြန်မာများကို သံလျင်သို့ ပြောင်းရွှေ့နေစေပြီး လယ်ယာလုပ်ကိုင်စေသည်။ ဤနည်းဖြင့် စာနပ်ရိက္ခာအတွက်ဖြေရှင်းသည်။

ဒုတိယခြေလှမ်းအနေဖြင့် သံလျင်ကို သစ်လုံးတပ်ကာရံသည်။ ပြီးတော့ ကျောက်ခံတပ်ကြီး တည်ဆောက်သည်။ သူ နေထိုင်သည့် အိမ်ကိုလည်း အုတ်ရိုးကာသည်။

ဤသို့မြို့ပြကျုံးမြောင်းခိုင်လုံအောင် တည်ဆောက်နေသည့် သတင်းကို ရခိုင်ဘုရင်မင်းရာဇာကြီးကြားလျှင် ခံတပ်ကြီးများ မဆောက်ဖို့ မြို့ကိုအခိုင်အမာ တစ်တီးတစ်နန်း မလုပ်ဖို့ သံတမန်များ စေလွှတ်၍ တားမြစ်သည်။

ဇေင်ကာသည် သံတမန်များကို လာဘ်ထိုးပြီး ယခုလို ပြောစေသည်။

"ရခိုင်နှင့်ပေါ်တူဂီတို့သည် မဟာမိတ်များဖြစ်ကြောင်း၊ မိမိတို့သွေးကွဲလျှင် မဂိုရန်ကြောင့် ရခိုင်ထီးနန်းအန္တရာယ်ရှိကြောင်း"



ပြီးတော့ ရွှေငွေရတနာများနှင့် သဝဏ်လွှာတစ်စောင်ကိုလည်း ရခိုင်ဘုရင်ထံ ဆက်သလိုက်သည်။

သို့သော် ရခိုင်ဘုရင်က ပဲခူးတွင် ဗညားအား အစောင့်အနေ ထားပြီး ဇေင်ကာကို စောင့်ကြည့်ခိုင်းသည်။ ဇေင်ကာက ဗညားကို တိုက်ခိုက်ပြီး ပဲခူးကို သိမ်းလိုက်၏။ ပြီးတော့ မုတ္တမစား ဗညားဒလနှင့် မဟာမိတ်ဖွဲ့သည်။ မကြာခင်မှာပင် ဇေင်ကာသည် သူ့သမီး အိစပယ်လာကို ဗညားဒလ၏သား ဗညားနွယ်နှင့် လက်ထက်ပေးခြင်းဖြင့် ခမီးခမက်တော်သွားကြသည်။

ပြည်တွင်းတွင် ယခုလို စည်းရုံးပြီးနောက် ဇေင်ကာသည် အိန္ဒိယပြည် ဂိုအာမြို့ရှိ ဘုရင်ခံချုပ်ထံသွားသည်။ သူ့ကို ကူညီမည်ဆိုပါက သံလျင်ကို ဘုရင်ခံချုပ်၏ လက်အောက်တွင် လက်အောက်ခံပြည်နယ်အဖြစ်ထားပါမည်။ သူ့ကိုလည်း ဗိုလ်ချုပ်ဘွဲ့ပေးပါဟု တောင်းဆိုသည်။

ဂိုအာဘုရင်ခံချုပ်လည်း နဂိုကပင် သူ့တူမ ကာတာရီနာနှင့် ဇေင်ကာ လက်ဆက်ထားပြီးဖြစ်ရာ သံယောဇဉ်ရှိပြီးဖြစ်၏။ ယခုလို တောင်းဆိုလာသောအခါ ဇေင်ကာကို ဗိုလ်ချုပ်ဘွဲ့ပေးသည်။ ပြီးတော့ သင်္ဘော ၁၆ စင်းနှင့် ပေါ်တူဂီ သင်္ဘောသား ၃၀၀ ကိုလည်း ပေးလိုက်သည်။ ဇေင်ကာသည် သံလျင်ရောက်၍ တစ်နှစ်မပြည့်မီမှာပင် ပြည်တွင်းပြည်ပစည်းရုံးပြီးဖြစ်နေပေပြီ။

အယုဒ္ဓယတပ်များဆုတ်ခွာသွားပြီးနောက် တောင်ငူဘုရင်သည် ဟံသာဝတီဘုရင်၏ အမည်ဖြင့် လက်အောက်ခံ ပြည်ငယ်ဘုရင်များထံသို့ အမိန့်ပြန်တမ်းတစ်စောင် ထုတ်ပြန်ခဲ့သည်။

"ဟံသာဝတီ၏ ဖတာတော်နိမ့်သဖြင့် ဘုရင်မင်းမြတ်သည် တောင်ငူသို့ ခေတ္တရွှေ့ပြောင်းနေခြင်းဖြစ်သည်။ တောင်ငူတွင် ခုနစ်နှစ်မျှနန်းစံရန်သဘောရသည်။ ဂြိုလ်ဆိုးနက္ခတ်ဆိုးတို့မှ ဟံသာဝတီနေပြည်တော် လွတ်ကင်းသည့်အခါ ဟံသာဝတီနေပြည်တော်သို့ ပြန်လာ၍ ယခင်အတိုင်းစံနေတော်မူမည်။ လက်အောက်ခံ ပြည်ငယ်များသည် ယခုကဲ့သို့ ပြောင်းရွှေ့စံနေသည်ကို မည်သို့မျှ တလွဲမထင်ကြစေလို"

သည်အမိန့်ပြန်တမ်းကို လက်အောက်ခံဘုရင်ငယ်များထံ ပို့စေ၏။ အချို့လက်ခံယုံကြည်ကြ၏။ အများကမူ ယုံကြည်ခြင်း မရှိကြ။ ဟံသာဝတီဘုရင်၏ နိုင်ငံတော်ကိုသိမ်းပိုက်ရန် တောင်ငူဘုရင်၏ ပရိယာယ်မျှသာ ဖြစ်သည်ဟု နားလည်သဘောပေါက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီဘုရင်၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေကြသော ဘုရင်ငယ်တို့သည် အချင်းချင်း တိုင်ပင်ပြီး ဟံသာဝတီဘုရင်ကို ပြန်လည် ရယူရန် တောင်ငူသို့ ချီတက်လာကြသည်။ ဤတွင် တောင်ငူဘုရင်က ဟံသာဝတီဘုရင်အား လျှောက်ထားလေသည်။

"နောင်တော်ဘုရင်မင်းမြတ် လက်အောက်ခံဘုရင်ငယ် အများအပြား ဖြုန်ရာဇ်ရဲ့ ဘက်တော်သားများ ဖြစ်သွားကြပြီ။ သင်းတို့ဟာ နောင်တော့်ကို လက်ရဖမ်းဆီးပြီး ဖြုန်ရာဇ်ထံဆက်သဖို့ ချီတက်လာပါပြီ။ သည်ဘုရင်များ ရှေ့ဆက်လက်ချီတက်ခြင်း မပြုရန် အမိန့်တော်တစ်ရပ် ထုတ်ပေးစေလို ကြောင်းပါ"

တောင်ငူဘုရင်က သည်လိုလျှောက်ထားသဖြင့် ဟံသာဝတီဘုရင် ငါးဆူဒါယကာလည်း မိမိတံဆိပ်တော် ရိုက်နှိပ်ပြီး အမိန့်တစ်ရပ် ထုတ်ပြန် ပေးလိုက်၏။

"ဟံသာဝတီဘုရင်မင်းမြတ် အမိန့်တော် မှတ်လိုက်သည်။ ဘုရင့် အမိန့်တော်အရ မဟုတ်ဘဲ ဘုရင်ငယ်တို့သည် စစ်အင်အားနှင့် တောင်ငူသို့ ချီတက်လာခြင်းမှာ ရှေးမင်းတို့အစဉ်အလာအရ ပြစ်မှုကျူးလွန်ခြင်းပင် ဖြစ် သည်။ ဘုရင်ငယ်တစ်ဦးသည် မိမိဆန္ဒအလျောက် စစ်အင်အားနှင့် ချီတက် လာခြင်းမှာ ထကြွပုန်ကန်မှုမျိုးသာ ဖြစ်သည်"

သည်အမိန့်တော်ကို နာကြားရသည့်အခါ လက်အောက်ခံဘုရင်ငယ် များသည် ရှေ့ဆက်လက်မချီတက်တော့ဘဲ အသီးသီးတပ်ခေါက်ကာ ပြန် သွားကြ၏။ သို့သော် သည်အမိန့်ပြန်တမ်းနှင့် ပတ်သက်၍မူသူတို့ သံသယ ဖြစ်မိကြသည်။ သို့ဖြင့် သူလျှိုများစေလွှတ်ကာ ထောက်လှမ်းခဲ့သည်။ သည် တော့မှပင် ဖြစ်ရပ်မှန်အလုံးစုံကို သိရှိရတော့သည်။

"တိုင်းရေးပြည်မှုအားလုံးကို တောင်ငူဘုရင်က ချုပ်ကိုင်ထားကြောင်း၊ ဟံသာဝတီဘုရင်၌ မည်သည့်အမိန့်ကိုမျှ ထုတ်ပြန်နိုင်သည့် အခွင့်အာဏာ မရှိတော့ကြောင်း"

ဖြစ်ရပ်မှန်ကို သိရှိနားလည်လိုက်သည်နှင့် ဘုရင်ငယ်တို့၏ ရင်တွင်း ၌ ဒေါသမီးများ တောက်လောင်လာသည်။ အချို့သော ဘုရင်ငယ်များသည် တောင်ငူဘုရင်၏ လက်အောက်တွင် မနေလိုကြသဖြင့် ထောင်ထားခြားနား ကြသည်။

* * * *



တောင်ငူဘုရင်မင်းရဲသီဟသူသည် လေသာပြတင်းတွင်ရပ်ကာ ရေတံ တော် မြောက်ဘက်ရှိ တဲကြီးဆီသို့ ငေးမောနေ၏။ ခန္ဓာကိုယ်မှာ မလှုပ် မရှက် ငြိမ်သက်နေသော်လည်း သူ့စိတ်အစဉ်မှာ ယောက်ယက်ခတ်နေ သည်။ သူ့အတွေးထဲတွင် နောင်တော် ဟံသာဝတီဘုရင်ဝင်လာလိုက်၊ လက် အောက်ခံဘုရင်ငယ်များကိစ္စဝင်လာလိုက်၊ တောင်ငူ နေပြည်တော်ရှေ့အစီ အစဉ်တွေ ဝင်လာလိုက်။

အတန်ကြာလျှင် ပြတင်းမှခွာပြီး သလွန်ထက်တွင် ထိုင်လိုက်၏။

"ဟင်...သားတော်နတ်သျှင်နောင်ပါလား"

နတ်သျှင်နောင်သည် စောစောကတည်းကပင် ရောက်ရှိနေသည်။ ခမည်းတော်ကို အနှောင့်အယှက် မပေးလိုသဖြင့် အသံမပြုသေးဘဲ တိတ် ဆိတ်စွာ ခစားနေခြင်းဖြစ်သည်။

"မှန်လှပါခမည်းတော်ဘုရား၊ နိုင်ငံတော်အရေး နှစ်ကိုယ်ချင်းတိုင်ပင် လို၍ သားတော်လာခဲ့ခြင်းပါ"

"ကောင်းပြီသားတော်၊ လျှောက်လိုရာလျှောက်ပေတော့"

နတ်သျှင်နောင်သည် ခမည်းတော်နှင့် အနီးကပ်ဆုံးနေရာသို့ ပြောင်း ရွှေ့ခစားကာ တိုးတိုးလေးလျှောက်တင်လိုက်သည်။

"ဦးရီးတော် ဟံသာဝတီဘုရင် တောင်ငူရောက်သည်မှာ ကာလ အတန်ငယ် ကြာသွားပါပြီ ခမည်းတော်။ ဦးရီးတော်ရောက်ကတည်းက အယုဒ္ဓယနဲ့ စစ်ခင်းရတယ်။ ယခုလည်း လက်အောက်ခံဘုရင်ငယ်တွေ ခြား နားနေပြန်ပြီ"

"အင်းလေ အယုဒ္ဓယနဲ့ စစ်ခင်းတုန်းက သားတော်ပဲ အနိုင်ရလိုက် တယ် မဟုတ်လား"

"မှန်ပါတယ် ခမည်းတော်။ သည်တစ်ကြိမ် မြို့ကျလုနီးနီး ခံလိုက် ရပါတယ်။ ရန်သူ့တပ်တွေ ရိက္ခာပြတ်လို့သာ ဆုတ်ခွာသွားကြတာပါ။ ယခု လို ဘုရင်ငယ်တွေ ခြားနားနေတာကို အခွင့်ကောင်းယူပြီး အယုဒ္ဓယက ဦးရီး တော်ကို အရယူဖို့ ကြိုးစားလာယင်..."

တောင်ငူဘုရင်ကဖြတ်၍ပြောရန် ဟန်ပြင်လိုက်သည်တွင် နတ်သျှင် နောင်က လက်အုပ်ချီကာ ခွင့်ပန်လိုက်၏။

"သားတော်ဆက်ပြီး လျှောက်ထားပါရစေဦး။ ပြည်ပရန် တစ်ခု တည်းအရေးက မထောင်းတာလှပါဘုရား။ ယခုတော့ လက်အောက်ခံ

www.burmeseclassic.com

www.burmeseclassic.com



အနယ်နယ်အရပ်ရပ်ကလည်း ထောင်ထားခြားနားနေကြပြီ။ လွတ်လပ်တဲ့ ပြည်နယ်တွေ ဖန်တီးကုန်ကြပြီ။ ဒါကို နှိမ်နင်းပြန်ရင် တောင်ငူဘုရင်ဟာ ပြည်သူပြည်သားတွေကို မတရားဖမ်းဆီးချုပ်နှောင် နှိပ်စက်နေပါတယ်လို့ ဦးရီးတော်ကို သွေးထိုးလျှောက်တင်ကြပေလိမ့်မည်။ သည်တော့ တောင်ငူရဲ့ အနာဂတ်မှာ အန္တရာယ်တွေအများကြီး ရှိလာနိုင်ပါတယ် ခမည်းတော်"

နတ်သျှင်နောင်သည် ခမည်းတော်ကို ဖြက်ခနဲကြည့်လိုက်ရင်း စကားကို သည်တွင် ရပ်ထားလိုက်သည်။

"သားတော် ဘာကို ဆိုလိုတာလဲ"

တောင်ငူဘုရင်သည် မျက်မှောင်ကုပ်ပြီး မေးလိုက်၏။

နတ်သျှင်နောင်သည် တံထွေးကို မျိုချကာ မဝံ့မရဲ ခပ်ဆိုင်းဆိုင်း လျှောက်တင်သည်။

"ဦးရီးတော် ဟံသာဝတီဘုရင်ကို လွတ်လပ်စွာ အရှည်ထားရင် အရေးတော် လစ်လပ်ပါလိမ့်မည်။ ရန်စကို ဖြတ်မှသင့်မည် ထင်ပါတယ် ခမည်းတော်"

"တိတ်စမ်း...ပြည်ထဲအရေးမြင်လို့ နောင်တော့်ကို ငါလုပ်ကြံတယ်။ ရန်ငြိုးထားလို့ လုပ်ကြံတာမဟုတ်။ နောင်တော်ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ငါမှတ်တယ်။ ဒီနေ့ကစပြီး နောင် ဒီစကားမျိုး မဆိုလေနဲ့"

နတ်သျှင်နောင်သည် ခမည်းတော်စကားကိုကြားလျှင် တုန်လှုပ်သွား၏။ သူတင်လျှောက်သည်ကို လိုက်လျောခြင်းမရှိသဖြင့် မကျေမနပ်လည်း ဖြစ်ရသည်။ သူ့ကို အသံမာမာဖြင့်ပင် မပြောဖူးသော ခမည်းတော်က ငေါက်ငမ်းပြောဆိုသည်ကို ခံရသဖြင့် ရင်ထဲမှာ နာကျင်သွား၏။ သို့သော် နတ်သျှင်နောင်သည် ခမည်းတော်ကို ယခုလို တောင်းပန်လိုက်သည်။

"ခွင့်လွှတ်ပါ ခမည်းတော်။ အရေးတော်အောင်မြင်ဖို့ကိုသာ သားတော် စိတ်စောသွားလို့ ယခုလို တင်လျှောက်မိတာပါ ဘုရား"

အတန်ကြာမျှ တိတ်ဆိတ်သွား၏။ တောင်ငူဘုရင်သည် သားတော်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ သူအင်မတန်ချစ်သော သားတော်၊ အလွန်အားကိုးရသော သားတော်၏ မျက်လုံးအိမ်ထဲတွင် မကျေနပ်သော အရိပ်အငွေ့များကို တွေ့နေရသည်။ ဘုရင်မင်းမြတ်သည် သားတော်၏ ပခုံးပေါ်သို့ လက်ကိုတင်ကာ ဖြစ်ညှစ်ဆုပ်ကိုင်ပြီး တိုးတိုးလေး ပြောလိုက်၏။

"မကြံစည်အပ်တာကို မကြံစည်ပါနဲ့ သားတော်"



နတ်သျှင်နောင်သည် ဦးခေါင်းငုံ့လျက် ခစားနေသည်။ ခမည်းတော် ဆိုဆုံးမသည်ကို ဝန်ခံကတိပြုခြင်းလည်းမရှိ။ စောဒကတက်ခြင်းလည်း မရှိ။ နှုတ်ဆိတ်လျက်သာနေ၏။ သူသည် ခမည်းတော်အား အရိုအသေ ကန်တော့ပြီး ဖြည်းလေးစွာ ထွက်ခွာသွားတော့သည်။

* * * *

ရာသီမှာ မိုးရာသီအဆုံး ဆောင်းရာသီအစ မိုးနှင့်ဆောင်း ပွမ်းသောရာသီဖြစ်၏။ အေးစိမ့်စိမ့်ရှိ၏။ လမင်း၏ ရန်သူများဖြစ်သော ဆီးနှင်း၊ မြူတိမ်၊ သူရိန်၊ မီးခိုးတို့ကင်းစင်သဖြင့် ကောင်းကင်တစ်ခုလုံး မိုးပြာဖုံးနေသည်ဟု ထင်မှတ်ရသည်။

ဟံသာဝတီဘုရင်သည် မိမိစံနေရသည့် တဲနန်းပြတင်းမှ ပြင်ပလောကကြီးကို ငေးမောကြည့်နေ၏။ ကြည့်ပင်ကြည့်နေသော်လည်း သူ့အကြည့်အာရုံတွင် သဘာဝအလှကို မမြင်။ သူ၏အတိတ်ဘဝ ရွှေထီးဆောင်းခဲ့သည်မှ ယခုလက်ရှိဘဝသို့တိုင် ရောက်ခဲ့ရသည့် ဖြစ်ရပ်များသာ သူ့အာရုံတွင် တစ်ခုပြီးတစ်ခု မြင်ယောင်နေသည်။ ပစ္စက္ခဘဝအခြေအနေတွင် သူ ဘယ်မျှကြာကြာနေရဦးမည်နည်း။

ညီတော် တောင်ငူဘုရင်ကမူ "နောင်တော်ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်ပါမည်"ဆိုခဲ့သည်နှင့်အညီ ကတိတည်ပါပေသည်။ နေ့စဉ်မပြတ်လာရောက်တွေ့ဆုံကာ ဝတ်ဖြည့်သည်။ အစစအရာရာ လိုလေသေးမရှိ။ သို့သော် သူ မပျော်နိုင်ပါ။

သားတော်မင်းရဲကျော်စွာ အညံ့ခံစဉ်ကလည်း သည်နည်းနှင်နှင် တောင်ငူသို့ပို့ခဲ့သည်။ အသက်ချမ်းသာရာရစေမည်ဟု ဆိုခဲ့သည်။ သို့သော် နတ်သျှင်နောင်သည် သူ့မယ်တော်တောင်ငူ မိဖုရားထံ တိတ်တဆိတ် အမှာစကား ထည့်ပြီး လုပ်ကြံစေခဲ့သည်။ သားမိုက်၏ သွားရာလမ်းကြောင်းကား မလှမပ။ သည်အကြောင်းကို ညီတော် တောင်ငူဘုရင် ဘာမျှ မသိခဲ့ရဟု ဆိုသည်။

ယခု သူ့အပေါ်တွင်ကော၊ တူတော်နတ်သျှင်နောင်က မည်သို့ သဘောထားပါသလဲ။ သည်လိုစဉ်းစားလိုက်သည့်အခါ သူ့ရင်ထဲတွင် ဆွေးကျပ်လာသည်။ သောကဗျာပါရတွေ မီးခိုးမဆုံး မိုးမဆုံးဝင်လာကြသည်။

ဟံသာဝတီဘုရင်သည်ခပ်လှမ်းလှမ်းရှိ တဲနန်းတစ်ခုဆီသို့ လှမ်းကြည့်လိုက်သည်။ သည် တဲနန်းတွင် ဟံသာဝတီ၏ မိဖုရားခေါင်ကြီးစံမြန်း

www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ တောင်ငူဘုရင်က လိုလေသေးမရှိ ပြုစုထားသည်ဆိုသော်လည်း တစ်ပါးသူ၏ နိုင်ငံတွင် နေရသည်မို့ စိတ်ကျဉ်းကျပ်နေရှာပေရော့မည်။ မိဖုရားခေါင်ကြီး မိမိထံ မလာရောက်သည်မှာလည်း ရက်အနည်းငယ်ကြာနေပေပြီ။ ဘာကြောင့်များပါလိမ့်။ တောင်ငူရောက် မင်းတရားသည် စိုးရိမ်စိတ်ဝင်လာသည်နှင့် ချက်ချင်းပင် မိဖုရားခေါင်ကြီး၏ တဲနန်းဆီသို့ တစ်ပါးတည်း လှမ်းကြွလာခဲ့သည်။

သို့သော် မင်းတရားသည် ထိုညက မိဖုရးခေါင်ကြီး၏ တဲနန်းသို့ ရောက်မလာခဲ့ပေ။

နောက်တစ်နေ့နံနက်တွင် နောင်တော် ဟံသာဝတီဘုရင် လုပ်ကြံခံရကြောင်း တောင်ငူဘုရင်ကြားသိလျှင် များစွာစိတ်နှလုံး မသာမယာ ဖြစ်ရသည်။ မိမိတားဆီးခဲ့ပါလျက် နောင်တော် အဖြစ်ဆိုးနှင့်ကြုံရသည်ကို များစွာ ယူကျုံးမရဖြစ်မိသည်။ ယခုလို မလှမပဖြစ်ရသည့်အတွက် နောင်တော်၏ ရုပ်ကလပ်ကို ခမ်းနားစွာ သင်္ဂြိုဟ်လို၏။ သို့သော် ပညာရှိများက ရုတ်တရက် အနိစ္စရောက်ရသည့် ကိစ္စမျိုးတွင် အသက်တော်ပျောက်ရာမြေတွင်သာ မြှုပ်နှံသင့်ကြောင်း လျှောက်တင်ကြသည်။ သို့ဖြင့် ထိုနေရာမှာပင် ကောင်းစွာမြှုပ်နှံလိုက်ရတော့သည်။ အရိယာသံဃာတော်များကို ပင့်ဆောင်ကာ ဆွမ်းလုပ်ကျွေးပြီး နောင်တော် ဟံသာဝတီဘုရင်အား အမျှပေးဝေတော်မူသည်။

နောင်တော်ဟံသာဝတီ နန္ဒဘုရင်ကွယ်လွန်ပြီး နှစ်နှစ်ခန့်အကြာတွင် နတ်သျှင်နောင်၏ ခမည်းတော် တောင်ငူဘုရင်သည် တောင်ငူ ရွှေနန်းသစ်ကို တည်တော်မူသည်။ နေပြည်တော်ကို ယခင်ကထက် သာယာအောင် ပြုပြင်သည်။ ရန်သူများလာရောက်နှောက်ယှက်ခြင်း မပြုနိုင်အောင် တံခါး ၂၀ သိမ် ၂၀နှင့် မြို့ပြကျုံးမြောင်း၊ တန်ဆောင်းပြာသာဒ်မှန်သမျှ ပြင်ဆင်မွမ်းမံသည်။ တောင်ငူမြို့ကို ကုန်းကိုးကုန်း၊ တိကိုးတိတို့ဖြင့် ဝန်းရံတော်မူ၏။ တောင်ငူမြို့၏ တောင်ဘက်ဆင်ခြေဖုံးတွင် ကျွန်းတောကုန်း၊ ရေပုတ်ကုန်း၊ အိုးကုန်း၊ ထီးနိကုန်း။ တောင်ငူမြို့ မြောက်ဘက်ဆင်ခြေဖုံးတွင် ကြက်ရှာကုန်း၊ ညောင်ကုန်း၊ သရဖီကုန်း၊ ပြာသာဒ်ကုန်း၊ ကန်တွင်းကုန်းဟူ၍ အမည်သမုတ်အပ်သော ရွာကြီးများဖြစ်ကြသည်။ တိကိုးတိရွာတို့မှာ ဝေဠုဝတီ (ယခုကြခတ်ဝါးရုံမြို့)၊ ခပေါင်းချောင်းအနောက်ဘက်ရှိ ဧဉဝတီ၊ ယင်းအနီးရှိအောင်ကြာဝတီ၊ ဒွါရာဝတီ (ယခုမြို့ကြီးလောကုတ္တရာ)၊ အာသာဝတီ (ယခုမြို့ဆိုး)၊ ဇေယျာဝတီ (ယခု ဇေယျဝတီ)၊ သေလာဝတီ(ကျောက်မော်)၊ ဖီလာဝတီ (ယခု ကြောင်ပြာမြို့)၊ နှင့် ကေတုမတီ (ယခု တောင်ငူမြို့)တို့ ဖြစ်ကြသည်။



တောင်ငူမြို့တွင်း၌ မြို့တွင်းစည်းခုံဘုရား(ယခု ရွှေဆံတော်)၊ အရှေ့တောင်ဘက်တွင် မြသိတင်ဘုရား၊ အနောက်မြောက်ဘက်တွင် မြနိန္ဒဘုရား၊ အရှေ့ဘက်တောင်ပေါ်ရှိ မြတ်စောညီနောင်ဘုရား၊ ခပေါင်းချောင်းမြစ်ဆုံတွင်ရှိသော ချောင်းမမွေတော်ဘုရား၊ အနောက်ဘက်တောင်ရိုးတွင် ကျောက်ဆောက်ဘုရားညီနောင်တို့ဖြင့် သာယာအောင် ပြုပြင်တော်မူသည်။

သားတော် နတ်သျှင်နောင်ကို တိုက်တွန်း၍ ရွှေတန်းဆာမြတ်စွာဘုရားကို အတိုင်းထက်အလွန် ကြည်ညိုဖွယ်ဖြစ်အောင် လုပ်စေသည်။ ပြီးလျှင် ကေတုမတီမြို့ မြောက်မာန်အောင်တံခါးတွင် ပြာသာဒ်ဆောက်ပြီး ကိုးကွယ်တော်မူသည်။ ကိုယ်လုပ်တော်အကြီး သုခဆာယာကိုလည်း အရှေ့မြို့နား၌ ဇေတဝန်ရွှေကျောင်းဆောက်စေပြီး အရှင်ဒေယျမမွှအား လှူတော်မူသည်။

အရှေ့ဘက်သရထေရ်ညီနောင်ဘုရား၌လည်း မဏ္ဍပ်အဆောင် ဆောင်ဆောက်စေသည်။ သည်လိုပြုပြင်တည်ဆောက်သဖြင့်လည်း တောင်ငူရွှေနန်းတည်မင်းဟူ၍ ထင်ရှားလာ၏။

နန်းမြို့တည်ဆောက်ပြီးသည်နှင့် နန်းတက်တော်မူသည်။ နန်းတက်တော်မူလျှင် တောင်ငူဘုရင်သည် မဟာဓမ္မရာဇာဟူသော ဘွဲ့အမည်၊ မိဖုရားခေါင်ကြီးက အတုလအဂ္ဂမဟာဒေဝီဟူသော အမည်ကို ခံယူတော်မူသည်။

သားတော်ကြီး သီဟသူရဘွဲ့မည်ရင်းခံနတ်သျှင်နောင်ကို ဥပရာဇာဟူသော အမည်ဖြင့် အိမ်ရှေ့အရာအပ်နှင်းသည်။ သားတော်ချစ်ခင်မြတ်နိုးလှသော ရာဇဓာတုကလျာ (ဇင်းမယ်ဘုရင်နှမတော်)နှင့်လည်း စုံဖက်ပေးတော်မူသည်။ ပြီးတော့ သားတော်အလတ်၊ သားတော်အငယ်၊ ညီတော်၊ မှူးတော်မတ်တော်များကို သက်ဆိုင်ရာဘွဲ့မည်ရည်များ ပေးအပ်သည်။ စားကျေးစားလက်များလည်းပေးကာ ချီးမြှောက်တော်မူသည်။

တောင်ငူရွှေနန်းတော် တစ်ရပ်လုံးပြုံးပျော်ရွှင်မြူး၊ ကြည်နူးဝမ်းသာမဆုံး ဖြစ်နေကြလေတော့သည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

# နတ်သျှင်နောင်နှင့် သက်လျာဓာတုတို့ရဲ့ ချစ်စံအိမ်

စစ်ရေးစစ်ရာများ မရှိတော့ပြီမို့ နတ်သျှင်နောင်သည် တောင်ငူရွှေနန်းမှ မခွာဘဲ ဓာတုကလျာနှင့်သာ အေးချမ်းစွာ စံမြန်းလျက်ရှိသည်။ ရတုများလည်း မရေးဖြစ်တော့ပေ။

ဓာတုကလျာ၏ ဘဝသည် ယခုမှပင် ငြိမ်းချမ်းခွင့်ရတော့သည်။ မောင်တော်နတ်သျှင်နောင်သည် သူ့နှလုံးအိမ်ကို ချမ်းမြေ့ကြည်နူးစေခဲ့သည်။ မောင်တော်၏ နှုတ်ထွက်စကားများသည် သူ့ကို တအားတက်စေခဲ့သည်။ မောင်တော်၏ ချစ်စံအိမ်မှာ နားဝင်ခိုလှုံခဲ့ရသဖြင့် သူ့ဘဝသည် လုံခြုံမှုရခဲ့၏။ "သြော်...ချစ်ခြင်းမေတ္တာ၏ အရိပ်အာဝါသသည် အေးချမ်းလှပေစွ"

ဓာတုကလျာသည် လက်ရှိဘဝကို စဉ်းစားရင်း ပန်းခုံတော်ဘက်ဆီသို့တစ်ယောက်ထည်း လှမ်းလာသည်။ သော်ကပင်ရိပ်သို့ ရောက်သောအခါ ရပ်လိုက်သည်။ သည်နေရာမှ လှမ်းကြည့်လိုက်လျှင် အဆောင်တော်၏ ဝင်းတံခါးကို ကောင်းစွာ မြင်နေရသည်။ သူသည် သော်ကပင်ရိပ်ရှိ ကျောက်ခုံငယ်တစ်ခုပေါ်တွင် အသာအယာ ထိုင်လိုက်သည်။ သစ်ရိပ်တွေ အတော်ရှည်လျားစွာ ကျနေပြီ။ အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။ နေလုံးကြီးသည် အတော်နိမ့်ဆင်းနေပြီ။ နေခြည်သည် ခပ်ဖျော့ဖျော့ပင် ရှိတော့သည်။



မောင်တော်နတ်သျှင် ပြန်ရောက်ပေတော့မည်။ မှန်ပါသည်။ မောင်တော်သည် ပေါင်းလောင်း အနောက်ဘက်မှ ပြန်ရောက်ချိန်နီးပြီ။ ခမည်းတော် တောင်ငူဘုရင်သည် နေပြည်တော်ကို ရာဇဌာနီပီသစေလို၏။ သို့ဖြင့် ပေါင်းလောင်းမြစ် အနောက်ဘက်တွင် ဆင်ကျုံးကို တည်ဆောက်စေသည်။ ထိုအနားမှာပင် မြေအပြင်ကို ညှိပြီး ဆင်ခင်း၊ မြင်းခင်းကျင်းပရန် စီစဉ်လျက်ရှိသည်။ စစ်ရေးလေ့ကျင့်ကွင်းဟုလည်း ဆိုနိုင်သည်။ သည်ကွင်းတွင် ဆင်ခင်း၊ မြင်းခင်းအပြင် သေနတ်၊ လေးမြား၊ ဓားစသည် လက်နက်များဖြင့် တိုက်ခိုက်နည်းကိုလည်း လေ့ကျင့်စေမည်။ သို့ဖြင့် စစ်အင်္ဂါရပ်အစုံအလင်ကို အသင့်ဖြစ်စေမည်။

ဤသို့သော တိုးချဲ့လုပ်ငန်းများကို သားတော်ကြီး နတ်သျှင်နောင်အား လွှဲအပ်ထားသည်။ သည်လုပ်ငန်းများကို ကြီးကြပ်စီမံခန့်ခွဲရာမှ မောင်တော် နတ်သျှင်နောင် ပြန်လာချိန်နီးပြီ။

မကြာမီ မြင်းခွာသံသဲ့သဲ့ကို ကြားရ၏။ စိုင်းနှင်လာသော မြင်းခွာသံသည် တဖြည်းဖြည်း နီးလာသည်။ အဆောင်တော်တံခါးဝသို့ ဓာတု လှမ်းကြည့်လိုက်သည်။ မြင်းညိုကြီးသည် ဘွားခနဲ ပေါ်လာသည်။ သည်မြင်းညိုကြီးပေါ်တွင်ကား ယောကျ်ားပီသသော ရဲစွမ်းသတ္တိရှိသော အသွင်ကိုဆောင်နေသည့် မောင်တော် နတ်သျှင်နောင်။

နတ်သျှင်နောင်သည် အဆောင်ဝင်းထဲသို့ ဝင်လာသည်နှင့် မြင်းဇက်ကို လျှော့ကာ ဓာတုကလျာရှိရာသို့ အသားကျစီးလာသည်။ ဓာတုကလည်း ကျောက်ခုံငယ်ထက်မှ ထကာ မောင်တော်ဆီသို့ လှမ်းလာသည်။ နှစ်ဦးသား ဆုံသည်တွင် နတ်သျှင်နောင်သည် မြင်းပေါ်မှ လွှားခနဲ ဆင်းလိုက်၏။

ဓာတုကလျာသည် မောင်တော်အား ပြုံးမော့မော့လေး ကြည့်လိုက်သည်။ သူ့မျက်လုံးအစုံမှာ ကြည်လင်တောက်ပနေသည်။ မျက်နှာပြင်ပေါ်ဝယ် ဝမ်းသာကြည်နူးရိပ်များ။ နှစ်ဦးစလုံး နှုတ်ဆိတ်နေကြသော်လည်း သူတို့၏ နက်ရှိုင်းလှသော ချစ်ခြင်းမေတ္တာကို သူတို့မျက်ဝန်းများက ဖော်ကျူးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်သျှင်နောင်သည် ဓာတုကလျာ၏ ပခုံးနှစ်ဖက်ကို ခပ်ဖွဖွလေးဆုပ်ကိုင်လိုက်၏။ ကြင်နာယုယရိပ်များ လွှမ်းနေသော သူ့မျက်နှာသည် ဓာတုကလျာ၏ နဖူးပြင်နှင့် တဖြည်းဖြည်း နီးကပ်လာသည်။ ထိုစဉ်--

"အို...ဟိုမှာ"

ဓာတုက အာမေဍိတ်ပြုလျက် ညွှန်ပြရာသို့ နတ်သျှင်နောင် ကြည့်လိုက်သောအခါ မြင်းဇက်ကိုဆွဲလျက် အကြည့်ကို ရုပ်သိမ်းသွားသော မင်းလုလင်ကလေး။

အတိုက်က မည်မျှပင် စိတ်ပင်ပန်းခဲ့ရစေကာမူ ယခု မောင်တော်နတ်သျှင်နောင်၏ မေတ္တာအေးရိပ်တွင် မှေးမှိတ်ခွင့်ရပြီဆိုလျှင်ပင် ဓာတုကလျာသည် ကိုယ်ရောစိတ်ပါ လန်းဆန်းတက်ကြွလာသည်။

မောင်တော် နတ်သျှင်နောင်နှင့် စုလျားရစ်ပတ်လက်ထပ်ပြီးစမှာဖြစ်သည်။ တောင်ငူ ရွှေနန်းတည်ဘုရင်မင်းမြတ်သည် ရွှေနန်းတော်အနောက်တောင်ထောင့်လေးကျွန်းကန်ရှိ ရေနန်းသို့ ထွက်စမ္ပယ်တော်မူသည်။ လေးကျွန်းကန်ဆိုသည် ကန်လေးထောင့်တွင် စမ္ပယ်ကျွန်း၊ အုန်းကျွန်း၊ ငှက်ပျောကျွန်း၊ လိမ်မော်ကျွန်းဟူ၍ လေးကျွန်းစီရင်ထားခြင်းပင်ဖြစ်၏။ ထွက်စံတော်မူစဉ် သားတော်အိမ်ရှေ့မင်းသား နတ်သျှင်နောင်မှအစ မင်းညီမင်းသား မှူးမတ်အပေါင်းခြံရံလျက် ထွက်တော်မူသည်။ တောင်ငူရွှေနန်းတည် မင်းကကရဝိတ်ဖိုဖောင်တော်၊ မိဖုရားခေါင်ကြီးက ကရဝိတ်မဖောင်တော်ကို စီးတော်မူသည်။ မင်းညီမင်းသား မှူးမတ်များကလည်း ဆိုင်ရာလှေကို စီးကြသည်။ သည်စဉ်က ဓာတုသည် မောင်တော်နတ်သျှင်နောင်နှင့်အတူ ကြာမျိုးစုံသောကန်တော်အတွင်း လှည့်လည်ခဲ့ရသည်မှာ လွှတ်လပ်ပျော်ရွှင်လှပါဘိ။

ပြီးတော့ ချောင်းမရှင်စောဘုရားကို ရွှေကိုယ်လုံးပြည့်ထည့်၍ ထီးတော်တင်တုန်းကလည်း သူသည် မောင်တော် နတ်သျှင်နောင်နှင့်အတူ သဒ္ဓါရိုကျိုးလက်စုံမိုးပြီး ပူဇော်ကန်တော့ရင်း ပီတိတွေ ဖြာခဲ့ရသေးသည်။

မောင်တော်နတ်သျှင်နောင်နှင့် ညီတော်များ ကူလီကစားသည့်နေ့ဆိုလျှင် ဓာတုအလွန်ပျော်သည်။ ကစားပွဲသို့ ကိုယ်တိုင်သွားပြီး အားပေးချင်လှသည်။ သို့သော် သူတို့ခေတ်က မိန်းကလေးများ လူစုလူဝေးရှိရာသို့ မသွားရောက်ရ။ အလွန်လျှင် စည်းစောင့်ကြရသည်။ ထို့ကြောင့် ကစားပွဲမှ အသံများကိုသာ နားစွင့်ရင်း မချင့်မရဲ အားပေးရတော့သည်။

သည်နေ့လည်း လွှတ်တော်တောင်ဘက်ရှိ ကူလီကစားကွင်းတွင် မောင်တော်နှင့် ညီတော်မင်းသားများ ကူလီကစားကြမည်ဖြစ်၍ အလွန်စည်ကားနေသည်။



မောင်တော်နှင့် ညီတော်မင်းရဲကျော်စွာ၊ မင်းရဲကျော်ထင်တို့က တစ်ဖက်၊ တောင်ဘက်အရပ်က နေရာယူကြသည်။ တစ်ဖက်တွင် ညီတော်သတိုးဓမ္မရာဇာနှင့် မင်းရဲသီဟသူတို့က မှူးမတ်များနှင့် မြောက်ဘက်အရပ်က နေရာယူကြသည်။

သတိုးဓမ္မရာဇာမှာ စင်စစ်ညီမဟုတ်၊ ဘထွေးသားတော်စပ်သည်။ သို့သော် နတ်သျှင်နောင်၏ ညီအငယ်ဆုံး မင်းရဲကျော်ထင်ထက်ပင် အသက်ငယ်နေသဖြင့် နတ်သျှင်နောင်က ချစ်စနိုး "ညီညီ"ဟုသာ ခေါ်သည်။

သတိုးဓမ္မရာဇာက နောင်တော် နတ်သျှင်နောင်အား အရှုံးမပေးဟု ပွဲမစမီကပင် ကြုံးဝါးနေသည်။ သည်ပွဲကိုပွဲကြည့်ပရိသတ်က သဘောကျနေကြ၏။ ထို့ကြောင့်ပင် "သတိုးဟေ့ သတိုးကွ"ဟု အားပေးနေကြသည်။

ညီတော် သတိုးဓမ္မရာဇာ၏ ချစ်သူမှာ နှမတော် မင်းသမီး ခင်မရွှေတုံး ဖြစ်၏။ သည်မင်းသမီးကလေးသည် တောင်ငူရောက် မင်းတရားငါးဆူဒါယကာ၏ သမီးတော်အငယ်ဆုံးဖြစ်သည်။ ခင်မရွှေတုံးသည် အလွန်ချော၏။ အလွန်လှ၏။ ထို့ကြောင့်ပင် နတ်သျှင်နောင်၏ ညီတော် လေးပါးစလုံးက ချစ်ရေးဆိုကြသည်။ သည်အထဲမှာ ဖိုးစွန်ကား ညီတော် သတိုးဓမ္မရာဇာတည်း။

သည်နေ့ ကူလီကစားပွဲကား စည်ကားလှ၏။ ပွဲကြည့်ပရိသတ်များကြိတ်ကြိတ်တိုးနေသည်။ တစ်ဖက်နှင့်တစ်ဖက် အကျိတ်အနယ် ကစားလျက်ရှိသည်။

မင်းသမီး ခင်မရွှေတုံးသည် သူ့ချစ်သူ သတိုးဓမ္မရာဇာ နိုင်ပါစေကြောင်း ဆုတောင်းနေသည်။ မကြာခင်မှာပင် ကစားကွင်းဘက်ဆီမှ ပရိသတ်ကြီး၏ "သတိုးကွ–သတိုးဟေ့"ဟူသော အသံသည် အဆောင်သို့တိုင်အောင် ပျံ့လွင့်လာသည်။ သူ့ချစ်သူ၏ အမည်ကိုခေါ်ကာ အားပေးသံများ ကြားရသောအခါ ခင်မရွှေတုံးသည် ရွှေရင်အုံကို လက်ကလေးဖြင့် အသာဖိကာ နှုတ်မှ တိုးတိုးလေး ရေရွတ်လိုက်သည်။

"မောင်တော် သတိုးနိုင်နေပြီ ထင်ပါရဲ့"

သို့သော် ကူလီပွဲအပြီးတွင် ရွှင်မြူးဝမ်းသာရသူမှာ ရာဇဓာတုကလျာသာ ဖြစ်၏။ သို့လျှင် မောင်တော်နတ်သျှင်နောင်၏ ကူလီဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်၍လည်း ပျော်ရ၊ ရွှင်ရ၊ ဝမ်းမြောက်ကြည်နူးရသလို သောက ရောက်ရသည်လည်း ရှိခဲ့ဖူးသည်။

တစ်ခါက ဖြစ်၏။ နတ်သျှင်နောင်နှင့် မင်းပျိုမင်းလွင်များသည် မြို့ပြင်ထွက်ကစားရန် စိတ်ညီကြသည်။ သို့ဖြင့် တောင်ငူမြို့၏ တောင်ဘက် မိုင် ၃၀အကွာ ဇေယျဝတီ မြို့နှင့် မြောက်ဘက် မိုင် ၃၀အကွာ ကြခတ်ဝရာ မြို့များကို စက်တိုင် (ဂိုးတိုင်) သတ်မှတ်ကာ ကူလီကစားကြသည်။

သည်လို မြို့ပြင်ထွက်ကစားခြင်းမှာ နတ်သျှင်နောင်အဖို့ အကြောင်းရှိသည်။ တောတောင်လျှိုမြောင် မြစ်ချောင်းများကို ဖြတ်ကျော်ကစားခြင်းဖြင့် မင်းပျိုမင်းရွယ်ကလေးများ စွန့်စားလိုစိတ် အပင်ပန်းခံနိုင်စိတ် သူတစ်ပါး အပေါ်အနိုင်မခံ အရှုံးမပေးလိုစိတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ရင်း ဖြစ်၏။

သည်မျှ ဝေးဝေးလံလံ ကစားကြသည်ကို ဓာတုကလျာ သိမထားပေ။ မနက်အစောကြီး ထွက်သွားလိုက်သည်မှာ နံနက်စာ စားတော်ခေါ်ရန်လည်း ပြန်မလာ။ ကူလီကစားကွင်းဆီမှလည်း မည်သည့်အသံမျှ မကြားရ။ မိုးချုပ် မှောင်ပါမှ ရွှေနန်းတော်သို့ ပြန်ရောက်လာကြသည်။ ဤတွင် ဓာတု ကလျာက--

“စိုးရိမ်ပူပန်လိုက်ရပါဘိ မောင်တော်ရယ်။ ကူလီကစားကွင်းကြီး ရှိပါလျက်နဲ့ သည်မျှအဝေးကြီး စက်တိုင်ထား ကစားရတယ်လို့”ဟု စိုးရိမ်သံနှင့် ပြောလိုက်၏။

“သည်လိုမြို့ပြင်ထွက်ကစားကြတာ အကြောင်းရှိပါသော်ကော အစ်မ တော်ရယ်။ မင်းညီမင်းသားတွေ ကူလီကစားကြတာ မြင်တော့ တောအုံ ကန္တာ၊ ရွာသိမ်ရွာငယ်လေးတွေက လူငယ်လေးတွေ အားကျပြီး မင်းသား တွေ ကစားပုံအတုယူလို့ လိုက်ကစားကြတယ်လေ။ သူတို့ရဲ့ မြင်းပိန် မလေးတွေကိုစီးပြီး လယ်ကွင်းပြင်မှာ ကစားကြတယ်။ နောက်တော့ လယ် ကွင်းပြင်မှာသာ မကတော့ဘူး။ မောင်တော်တို့လို တောတောင်လျှိုမြောင် မြစ်ချောင်းတွေ ဖြတ်ကျော်ကာ နယ်ချဲ့ကစားလာကြပြီ။ ဘယ်လောက် အားရ စရာကောင်းသလဲ။ နောင်တိုင်းပြည်ကာကွယ်ရေးအတွက် လူငယ်တွေ လိုအပ် လျှင် ဗလီတံကိုင်တဲ့သူတို့လက်ထဲ ဓားတို့လှံတို့ ထည့်ပေးလိုက်တာနဲ့ မြင်း စီးသူရဲကောင်းကြီးတွေ ဖြစ်လာကြမှာ အစ်မတော်ရဲ့”

နတ်သျှင်နောင်က ဤသို့လျှင် သူ၏ ရည်ရွယ်ချက်ကို စိတ်ရှည်



လက်ရှည် ရှင်းပြသည်။ သည်လူငယ်များသည် စစ်သွေးစစ်စိတ် တက်ကြွစွာ ဖြင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ ဖြစ်ပေါ်ကာ ရွှေပြည်တောင်ငူကို ကာကွယ်နိုင်မည့်သူများဖြစ်လာမည်ဟုလည်း နတ်သျှင်နောင်က ဆက်လက် ပြောပြသည်။

မောင်တော် နတ်သျှင်နောင်က တောင်ငူခေတ် လူငယ်လူရွယ်များ ၏ စိတ်ဓာတ်ကို သည်နည်းဖြင့် ပြုပြင်ပေးနေကြောင်း သိလာရသည့်အခါ ဓာတုကလျာသည် အတိုင်းမသိ ပီတိဖြစ်ရပြန်သည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

# ခွဲခွာသွားပြီလား ချစ်အစ်မတော်ရယ်

လမြတ်တန်ဆောင်မုန်း၏ တစ်ခုသော ညတစ်ည။

မိုးသားများ ကင်းစင်နေသော ကောင်းကင်ဝယ် လပြည့်ဝန်းသည် ရွှန်းရွှန်းသာနေ၏။စိန်ကြယ်ပွင့်တို့မှု ငွေပြာရောင်ကောင်းကင်အနှံ့ ဟိုမှသည်မှ လင်းလက်နေကြသည်။

မင်္ဂလာအိမ်တော်၏ မြောက်ဘက်ဥယျာဉ်ထဲတွင် ကန်ငယ်တစ်ကန် ရှိ၏။ ရေကန်ထဲရှိရေမှာ ကြည်လင်ပြာလဲ့နေသည်။ ကန်အောက်ခြေရှိအရာအားလုံးကို မြင်ရမလောက်ပင်။ ကန်ရေပြင်ထဲတွင် ကြာမျိုးစုံဖူးပွင့်နေကြသဖြင့် ကြာသင်းနံ့များ ပျံ့နှံ့နေသည်။ကြာဖူးကြာငုံကလေးများသည် လေအသိမ်းတွင် ယိမ်းနွဲ့နေကြ၏။

ကန်ပတ်လည်တွင် သလင်းကျောက်ပြားများခင်းထားသည်။ ရေကန်တွင်းသို့ ဆင်းရန် လှေကားထစ်များ ရှိသည်။ လှေကားထိပ်ဝဲယာတွင်လည်း ကျောက်သားထိုင်ခုံ တစ်ခုစီပြုလုပ်ထား၏။ တစ်ခုသောကျောက်ထိုင်ခုံပေါ်ဝယ် ဓာတုကလျာသည် မောင်တော်နတ်သျှင်၏ ပခုံးကိုမှီကာ စိတ်ပန်းဖြေလျက် ရှိ၏။ ချစ်ကြင်သူနှစ်ဦး၏ မေတ္တာရေစင်တို့သည် တသွင်သွင်စီးကာ တုံ့လှယ်ကြည်နူးလျက်ရှိကြသည်။



သူတို့၏ မေတ္တာသည် တိုင်းရေးပြည်ရေး၊စစ်မက်အရေးများကြားမှာ အားယူပွင့်လန်းလာခဲ့ရသည်။သာမန်မြင်ကြားတွေ့ထိမှုမှ ပေါ်ပေါက်လာသည့် မေတ္တာမဟုတ်။ အသည်းနှလုံး၏ အနက်ရှိုင်းဆုံးသော အလွှာတွင် နှလုံးသွေးဖြင့် အားယူပွင့်လန်းလာခဲ့ရသော မေတ္တာဖြစ်၏။

"မောင်တော်"

ရှေ့ဆက်ပြီး စကားမဆိုသဖြင့် နတ်သျှင်နောင်က မေးလိုက်၏။

"ဘာပြောချင်လို့လဲ အစ်မတော်"

"နက်ဖြန်ဆို မောင်တော် ခရီးထွက်ဦးမှာနော်"

"ဘာဖြစ်လို့လဲ အစ်မတော်၊ မသွားစေချင်လို့လား"

"ခုလို စစ်မတိုက်ရတဲ့အခါမှာ အေးအေးဆေးဆေး နားပါဦးလား မောင်တော်ရယ်"

"ဟောဒီ အစ်မတော်နားက တစ်ဖဝါးမခွာနေချင်တာပေါ့ အစ်မတော်ရယ်။ ဒါပေမဲ့ ဘိုးတော် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်ရဲ့ နိုင်ငံတော်ကြီး စည်လုံးညီညွတ်ရေးအတွက် မောင်တော့်မှာ တာဝန်ရှိနေပြီလေ။ ပြည်ထောင်သားညီအစ်ကိုတွေ အချင်းချင်း စိတ်ဝမ်းကွဲရင် တိုင်းတစ်ပါးသားတွေ ကျူးကျော်စော်ကားတာခံရမယ်။ အနီးဆုံးဖြစ်ရပ်ကိုပဲ ကြည့်။ အစ်မတော်တို့ ဟံသာဝတီကို အယုဒ္ဓယစစ်သည်တွေလာပြီး တိုက်ခိုက်ကြတယ်။ သိမ်းပိုက်ဖို့ ကြိုးစားခဲ့ကြတယ်။ သည်တုန်းက ဟံသာဝတီရဲ့ လက်အောက်ခံ ဘုရင်ငယ်တွေက စည်းစည်းလုံးလုံးကူညီပေလို့သာ တိုင်းတစ်ပါးလက်အောက်ကို မရောက်ရတာ မဟုတ်လား။ ဟော–ခုတော့ မောင်တော်တို့ ပြည်ထောင်သားတွေ အချင်းချင်း စိတ်ဝမ်းကွဲနေကြပြီ။ ဒါကို တစ်စည်းတစ်လုံးတည်း ဖြစ်အောင် မောင်တော်ကြိုးပမ်းရမယ်။ ပြည်ထောင်သားတွေ တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်အောင် စည်းရုံးရမယ်။ သည်တာဝန်တွေပြီးမှ မပြီးသေးဘဲ အစ်မတော်ရယ်"

"အင်းလေ၊ သည်အတွက် မောင်တော် စစ်တိုက်ဦးမှာ မဟုတ်လား"

ဓာတုကလျာထံမှ လွှတ်ခနဲ ထွက်လာသော စကားကြောင့် နတ်သျှင်နောင်၏ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"စစ်ကိုမင်သူရယ်လို့ ဘယ်မှာရှိပါ့မလဲ အစ်မတော်ရယ်၊ စည်းရုံးရင်းတိုက်၊ တိုက်ရင်းစည်းရုံးရမှာပေါ့"

"စည်းရုံးပြီးတော့––"

"စည်းရုံးပြီးရင် မောင်တော်က ဘိုးတော်ဆင်ဖြူများရှင် ဘုရင့်နောင်

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးရဲ့ထုံးကို နှလုံးမူပြီး ကေရာဇ်အဖြစ်ခံယူမယ်။ ပြီးတော့ ဟောဒီအစ်မတော်ဘုရားကို အဂ္ဂမဟေသီလကျာ်ခံဒေဝီ မြှောက်စားမယ်လေ"

သူ့ရည်မှန်းချက်ကို အားပါးတရ တက်တက်ကြွကြွ ပြောပြနေသော နတ်သျှင်နောင်ကို ဓာတုကလျာသည် ငေးကြည့်နေ၏။ စကားဆုံးသောအခါ ဓာတုကလျာသည် သက်ပြင်းတစ်ချက်ကို တိတ်တခိုးလေး ရှိုက်လိုက်မိသည်။ သက်ပြင်းချသံကို နတ်သျှင်နောင်က ကြားဖြစ်အောင်ကြားလိုက်၏။

"ဘာတွေတွေးပြီး သက်ပြင်းချနေတာလဲ အစ်မတော်"

နတ်သျှင်နောင်သည် ဓာတုကလျာအားမေးရင်း စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်၏။

"အို––မျက်ရည်တွေ ဝဲလို့ပါလား၊ မောင်တော့်အပေါ် ဘာများ မကျေနပ်လို့လဲ အစ်မတော်ရယ်"

"မောင်တော့်အပေါ် မကျေနပ်စရာ ဘာမှမရှိပါဘူး။ မောင်တော်ရဲ့ ဆန္ဒကို အစ်မတော် မဖြည့်စွမ်းနိုင်တဲ့အတွက် ဝမ်းနည်းလွန်းလို့ပါ"

"မောင်တော့်ဆန္ဒ ဟုတ်လား။ ဘာကို ဆိုလိုပါလိမ့် အစ်မတော်"

"ဟုတ်ပါတယ်၊ မောင်တော့်ဆန္ဒ ထီးမွေနန်းလျာ သားတော်တစ်ပါးလေ။ မောင်တော်အလိုချင်ဆုံး၊ အတောင့်တဆုံးဆန္ဒပေါ့။ ဒါကို မဖြည့်စွမ်းနိုင်တဲ့ အတွက် အစ်မတော် တာဝန်မကျေတာကို စိတ်မကောင်းလို့ပါ"

နတ်သျှင်နောင်သည် ထိုစကားကို ကြားရသောအခါ သားတော်တစ်ပါး မွေးဖွားသန့်စင်စေလိုသည့် ဆန္ဒအဟုန်သည် လှိုင်းထသည့်နှယ် လှုပ်ခတ်သွား၏။ သို့သော် အစ်မတော်ဓာတု မျက်နှာတော်ညှိုး၊ မျက်ရည်မိုးစွေမည်ကို သူ မကြည့်ရက်။ သူမလိုလား။အစ်မတော်၏ မျက်နှာအမြဲတမ်းရွှင်ပျနေစေလိုသည်။ သို့ကြောင့်ပင် သူသည် ဟန်ဆောင်ကာ ပြုံးရယ်လျက် နှစ်သိမ့်လိုက်သည်။

"အို–သည်အတွက်ဖြင့် သောက မရောက်ပါနဲ့ အစ်မတော်ရယ်။ လောကခံကို ကြံ့ကြံ့ခံနိုင်တဲ့ အစ်မတော်က ခုမှ ဘာ့ကြောင့် မျက်ရည်တွေ ဝိုင်းနေရပါလိမ့်။ ကဲပါ–တော်ကြာ ဖိုးလမင်းကြီးက ပြက်ရယ်ပြုနေပါဦးမယ်"

ပြောပြောဆိုဆိုနှင့် ဓာတုကလျာကို ခပ်တင်းတင်းလေး ပွေ့လိုက်သည်။ သည်အခိုက် တိမ်လွှာပါးပါးကလေးသည် လမင်းကြီးကိုဖုံးကွယ်လိုက်လေ တော့သည်။

* * * *



နတ်သျှင်နောင်၏ ရင်မှာ ပူလောင်လာရချေပြီ။

ထိုည ဉယျာဉ်တော်မှအပြန် ညဉ့်ဦးယံတွင် ဓာတုကလျာသည်သွေးလေဖောက်ပြားကာ ဝေဒနာစွဲကပ်လာသည်။ ချက်ချင်းပင် သမားတော်အကျော်အမော်များဖြင့် ကြပ်မတ်ကုသပါသော်လည်း ဝေဒနာမှာသက်သာသည်ဟူ၍ မရှိ။ တစ်နေ့တစ်ခြား တိုးလို့သာလာ၏။ ယနေ့ဆိုလျှင် တစ်ချက်တစ်ချက် သတိပင်လစ်လစ်သွားသည်။ နတ်သျှင်နောင်မှာ ငယ်ထိတ်မြွေခဲသည်သို့ ပူပင်သောကရောက်နေ၏။ သမားတော်ကြီးကိုယ်တိုင် ဓာတုကလျာ၏ ခံတွင်းသို့ အသက်ကယ်ဆေးတစ်စက်ချင်း ချပေးကာ စောင့်ကြည့်နေသည်။ နတ်သျှင်နောင်မှအစ အထိန်းတော်အပျိုတော်များအားလုံးသည် သမားတော်ကြီး၏ မျက်နှာကိုသာ အကဲခတ်နေကြသည်။

နတ်သျှင်နောင်နှင့် သမားတော်တို့ အကြည့်ချင်းဆုံသွား၏။ နတ်သျှင်နောင်၏အကြည့်မှာ"မျှော်လင့်ချက်မှ ရှိပါ့မလား"ဟူသော အကြည့်ဖြစ်သည်။

သမားတော်ကြီးသည် ရင်မဆိုင်ဝံ့သဖြင့် မျက်နှာလွှဲလိုက်သည်။ နတ်သျှင်နောင်၏ ရင်တွင်း၌ မအေးချမ်းနိုင်ပြီ။ သူသည် ဓာတုကလျာ၏ဖြူဖျော့နေသောမျက်နှာကို စူးစိုက်ကြည့်ရင်း ရင်ထဲ၌ ဆို့နင့်လာသည်။ အတန်ကြာလျှင် ဓာတုကလျာသည် အနည်းငယ် လှုပ်ရှားလာပြီး မျက်လုံးပွင့်လာ၏။

"အစ်မတော်"

နတ်သျှင်နောင်သည် ဓာတု၏လက်ဖဝါးနုနုကို ဆုပ်ကိုင်ရင်း တိုးတိုးလေးခေါ်လိုက်သည်။ ဓာတုကလျာသည်နတ်သျှင်နောင်ဘက်သို့ မျက်ဝန်းကိုရွှေ့ကာ စောင်ငဲ့ကြည့်၏။ သူ့နှုတ်ခမ်းကလေး လှုပ်လာသည်။

"မောင် ...မောင်တော်ရယ်"

သူ့အသံမှာ သဲ့သဲ့မျှသာဖြစ်၏။

"မောင်တော် အနားမှာ ရှိပါတယ်...အစ်မတော်"

"အစ်မတော် နေ ...နေရတော့မှာ..."

သူ့စကားမဆုံးမီ နတ်သျှင်နောင်က"အို...အစ်မတော်ရယ်"ဟု ဆိုကာ ဓာတု၏ နှုတ်ခမ်းလွှာအစုံပေါ်ဝယ် သူ့လက်ညှိုးကို အသာတင်လိုက်၏။ ဓာတုကလျာသည် မောင်တော်၏လက်ကို သူ့လက်ဖြင့် အသာအယာ ဖယ်ရှားပြီး လေသံသဲ့သဲ့ဖြင့် ဆက်လက်ပြောပြန်သည်။

"သေမင်းကို အန်မတုနိုင်ပါဘူးကွယ်။ မောင်တော် အထွက်အထိတ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အထိတော့ နေချင်ပါသေးတယ်။ ဒါပေမယ့် ခုတော့ ...”

“မောနေပါ့မယ် အစ်မတော်ရယ်”

“ပြောပါရစေ မောင်တော်ရယ်။ အစ်မတော်လေ မောင်တော်နဲ့ ခွဲရတော့မယ်။ ကြာကြာမနေရတော့ပါဘူး။ မောင်တော်အတွက် ထီးမွေနန်းလျာသားတော်တစ်ပါး မထားရစ်ခဲ့နိုင်တာကိုပဲ ယူကြုံးမရ ဖြစ်မိတယ်”

ဓာတုကလျာသည် အားအင်ချိနဲ့စွာ တစ်လုံးချင်းပြောရင်းမှ မောနေပြန်သည်။ နတ်သျှင်နောင်သည် ဓာတုကလျာ၏အဖြစ်ကိုကြည့်ကာ ရင်ထဲဆို့ကျပ်လာ၏။ သူသည် ဘာမျှ မပြောနိုင်။ ဘာလုပ်ရမှန်းလည်း မသိတော့။ ငေးစိုက်လို့သာ ကြည့်နေမိသည်။ ထိုစဉ် ဓာတုကလျာက စကားဆက်ပြန်သည်။

“အစ်မတော်လေ ...မောင်တော်နဲ့၊ တစ်ချိန် ...တစ်ဘဝမှာ”

ဓာတု၏ အသံသည် လေးသည်ထက် လေးလာပြီး စကားမဆုံးမီမှာပင် နစ်မြုပ်ပျောက်ကွယ်သွားတော့သည်။

နတ်သျှင်နောင်သည် ဓာတု၏ ဖြူဖွေးသေးသွယ်သော လက်ချောင်းကလေးများကို ဆုတ်ကိုင်ထားရင်းမှ သမားတော်ကြီးကို လှမ်းကြည့်လိုက်၏။ သမားတော်ကြီးသည် ဝေဒနာရှင် ဓာတုကလျာအား သေချာစွာစမ်းသပ်ပြီး ခေါင်းကို ညင်သာစွာယမ်းခါလိုက်သည်။

* * * *

နတ်သျှင်နောင်၏ ရီဝေနေသော မျက်လုံးအစုံသည် ဓာတုကလျာ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ သမားတော်ကြီးက ခေါင်းကို ခါယမ်းကာ အတည်ပြုပေးသည့်တိုင် သူ မယုံမရဲရှိနေဆဲပင်။ ယုံလည်း မယုံကြည်ချင်ပါ။ သို့တစေ သေခြင်းတရားကို သူချစ်သော အစ်မတော်ဓာတုသည် လွန်ဆန်နိုင်ခြင်း မရှိခဲ့ပေ။ နတ်သျှင်နောင်သည် မယုံချင်ပါဘဲလျက် ယုံလိုက်ရ၏။ မစွန့်လွှတ်ချင်ပါဘဲလျက် စွန့်လွှတ်ရပေတော့မည်။ မခွဲခွာလိုပါဘဲလျက် ခွဲခွာရချေတော့မည်။ “သည်ရုပ်၊ သည်ခန္ဓာ၊ သည်မျက်နှာကလေးကို သည်တစ်ကြိမ် နောက်ဆုံးတွေ့မြင်ရခြင်းပါလား”

သည်အသိ၊ သည်အတွေးတို့သည် နတ်သျှင်နောင်၏ ရင်အစုံကို တုန်လှုပ်စေခဲ့သည်။ ခရီးရှည်တစ်ခုကို မရပ်မနား ပြေးလွှားခဲ့ရသူပမာ မောပန်းနွမ်းနယ်ခြင်းကိုလည်း ဖြစ်စေခဲ့သည်။ သူ့အသည်းတွေ တစ်စစီတစ်စစီ ပုံ၍ကြွေကျနေပြီဟုလည်း ခံစားနေရသည်။



“တကယ်တော့ အစ်မတော် မသေသင့်သေးဘူး။ အစ်မတော်ဟာ ငယ်ရွယ်ဆဲ၊ နုပျိုဆဲ။ သြော် ...သေခြင်းတရားဆိုတာ ကြီးတယ်၊ ငယ်တယ် အယုတ်အလတ် အမြတ်မရွေးပါလား”

သည်စကားများသည် နတ်သျှင်နောင်၏ ရင်ထဲ၌ ယောက်ယက်ခတ်နေသည်။ သူသည် ဓာတုကလျာ၏ မျက်နှာတော်ကို တစိမ့်စိမ့်ကြည့်ရင်း “နတ်ရွာစံလေပြီ” ဟူသော အသိကြောင့် ဝမ်းနည်းဆို့နင့်လာ၏။ သူ၏အသက်ရှူသံထဲ၌ ငိုကြွေးမြည်တမ်းသံများ ပါလာသည်။ သူသည် ကြာရှည်သည်းခံနိုင်စွမ်းမရှိတော့သဖြင့် မျက်လုံးအစုံကို မှိတ်ပစ်လိုက်သည်။ ဓာတုကလျာ၏ လက်ကလေးများကို ဆုတ်ကိုင်ထားသောသူ၏ လက်များသည်လည်း နှလုံးသားနှင့်အပြိုင် တုန်ရီလျက်––။

* * * *

ဓာတုကလျာ နတ်ရွာစံခဲ့သည်မှာ ရက်ပေါင်းအတော်ကြာခဲ့ပေပြီ။ သို့တိုင် နတ်သျှင်နောင်၏ စိတ်နှလုံးမှာ ညှိုးနွမ်းဆဲပင်ဖြစ်သည်။သွားလာလှုပ်ရှားနေရငြားလည်း ချစ်သောဓာတုကို စက္ကန့်မလပ် သတိရလွမ်းဆွတ်လျက်ရှိသည်။

ယခုလည်း နတ်သျှင်နောင်သည် အိမ်တော်၏ လက်ျာဘက်ရှိ ပန်းခုံတော်သို့ရောက်နေသည်။ ကျောက်သားခုံပေါ်တွင်ထိုင်ကာ မင်္ဂလာကန်ဘက်ဆီသို့ ငေးကြည့်နေ၏။ သို့သော် သူသည် ကန်ရေကိုမမြင်။ သူ့အမြင်အာရုံတွင် ဓာတုကလျာနှင့် ချစ်ကြည်နူးခဲ့သည့် ကာလများကိုသာ တစ်ခန်းပြီး တစ်ခန်းပြန်လည်မြင်ယောင်နေသည်။

“အစ်မတော် ဓာတုကလျာနှင့်လက်ထက်ပြီးစ တန်ခူးလ ...သည်ပန်းခုံတော်ဝန်းကျင်ပင်မြင့်ထက်တွင် ပိတောက်တွေ ရွှေရည်လူးဆဲ။ သူနှင့်အစ်မတော်တို့တစ်ဦးကိုတစ်ဦး ယုယကြင်နာစွာ သမုဒယသံယောဇဉ် ယှက်နွယ်ခဲ့ကြပုံများ––”

အထူးသဖြင့် ကဆုန်လပြည့်နေ့ ...သည်နေ့သည် ခပ်သိမ်းသော ဘုရားရှင်တို့ သစ္စာလေးပါးသိကြသောနေ့၊ ဂေါတမဘုရား ဖွားမြင်သောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့၊ ဂေါတမဘုရား သုမေဓာရှင်ရသေ့အဖြစ်နှင့် နိယတဗျာဒိတ်ခံယူသောနေ့၊ မဟာဗောဓိပင် ပေါက်သောနေ့မို့ နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။ ထိုနေ့က မြို့ရှေ့ချောင်း မရှင်စောဘုရားတွင် မြန်မာ့ယဉ်ကျေးမှုရိုးရာ ကဆုန်ညောင်ရေသွန်းပွဲရှိသည်။ သည်ပွဲတော်ကို

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော် တောင်ငူရွှေနန်းတည် ဘုရင်မင်းမြတ်ကိုယ်တိုင်ပါဝင် ညောင်ရေသွန်းသည်မို့ စည်ကားသိုက်မြိုက်လှသည်။ စကားဝါပန်းရနံ့တို့မှာ ပွဲခင်းကြီးတစ်လျှောက် ကြိုင်လှောက်ပျံ့သင်းနေသည်။

ညောင်ရေသွန်း အခမ်းအနားတွင် ဆိုင်ရာမင်းမှုထမ်းများက နတ်ဗြဟ္မာဝတ်စုံများ ဝတ်ဆင်ကြလျက် ဗောဓိပင်ခြေတွင် အဆင်သင့်။ ခမည်းတော်၊ မယ်တော်တို့ သွန်းလောင်းပြီးတော့ မိမိတို့အလှည့်။ အောင်သပြေပန်း စိုက်ထားသည့် ရွှေဖလားကို အစ်မတော် ဓာတုကလျာနှင့်အတူကိုင်ကာ "ဇယန္တော ဗောဓိယာမူလေ" ဂါထာကို ရွတ်ဆိုလျက် ညောင်ရေသွန်းလောင်း ခဲ့ရပုံများ–

ပြီးတော့ "လေးကျွန်းကန်ရှိ ရေသဘင်နန်းသို့ထွက်စံခဲ့စဉ်က အစ်မတော်နှင့်အတူ လွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ရပုံများ–" စသည် စသည်တို့ကိုသာ ပြန်လည်မြင်ယောင်နေသည်။

တန်ခူးမှသည် တန်ဆောင်မုန်းဆိုသည့် ကာလမှာဘာမျှ မကြာလိုက်ပါ။ သည်မျှ တိုတောင်းလှသော ခုနစ်လတာသာ အစ်မတော်ဓာတုနှင့် ပေါင်းလိုက်ရသည်။ ရှင်သေမင်းသည် အစ်မတော်ကို သူ့ထံပါးမှ ဆွဲခေါ်သွားခဲ့ပြီ။ ရက်စက်လွန်းပေစွ။

နတ်သျှင်နောင်သည် သက်ပြင်းကို အသာချကာ နွမ်းလျလေးတွဲ့သော ခြေလှမ်းများဖြင့် စက်ခန်းဆောင်သို့ လှမ်းခဲ့သည်။ သူသည် အိပ်ခန်းဆောင်အတွင်း ဓာတု၏အရိပ်အငွေ့ကလေးများကို ဖမ်းယူကြည့်မိသည်။ အချစ်ဆုံးချစ်သူကို တွေ့လိမ့်နိုးနိုးစိတ်ဖြင့် ဟိုဟိုသည်သည် ဖွေရှာမိပြန်သည်။

"သူ ...အစ်မတော်ဓာတု မရှိတော့ပါလား"

ရင်ထဲမှသည်လို မြည်တမ်းရင်း နတ်သျှင်နောင်သည် သလွန်ထက်တွင် လဲလျောင်းလိုက်သည်။ သူ့ဘေးတွင် လစ်လပ်နေ၏။ မည်သို့မျှအစားထိုး၍ မရသော နေရာကလေး။ သူသည် မျက်လုံးအစုံကို မှိတ်လိုက်၏။ သို့သော် အိပ်မပျော်နိုင်ပေ။ ယခုလို အိပ်မပျော်သောညများကား မနည်းတော့ပြီ။

❐ ❐ ❐

(၁၆)

# မျိုးဖျက် ပြည်ဖျက် ဧဇင်ကာ

ကြေကွဲဝမ်းနည်းစိတ်၊ လွမ်းမောတမ်းတစိတ်တို့ကို ဖြေသိမ့်နိုင်သော အကြောင်းတစ်ရပ်ကြောင့်လည်း နတ်သျှင်နောင်၏ ရင်မှာသက်သာရာရခဲ့သည်။ အကြောင်းတစ်ရပ်ဆိုသည်မှာလည်း အခြားမဟုတ်။ ဘိုးတော်ဟံသာဝတီဆင်ဖြူများရှင်ဘုရင့်နောင်မင်းတရားကြီးကဲ့သို့ 'ကေရာဇ်ဘုရင်' ဖြစ်လိုသော ဆန္ဒသာတည်း။

သည်လိုဘဝရည်မှန်းချက်ကြီးမားသော နတ်သျှင်နောင်သည် မိမိနှင့်ပြိုင်ဖက် ထီးရုံနန်းရုံ နိုင်ငံငယ်များ၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိသည်။

ဟံသာဝတီကို မိမိ၏ ခမည်းတော် တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ လုပ်ကြံနေစဉ် အထက်မြန်မာနိုင်ငံတစ်လွှား စစ်မက်အရေးနည်းသဖြင့် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏သားတော်အငယ် ညောင်ရမ်းမြို့စားမင်းရဲနန္ဒမိတ်သည် အင်အားဖြည့်တင်းရန် အခွင့်အရေးများစွာသာလျက်ရှိ၏။ သည်အခွင့်အရေးကို အရယူလျက် ညောင်ရမ်းမင်းတရားသည် အထက်မြန်မာနိုင်ငံတစ်လွှား နယ်ပယ်များကို သိမ်းသွင်းလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ပြည်ဘုရင်သတိုးဓမ္မရာဇာခဲ မင်းကြီးနှောင်းက တောင်ငူဘုရင်ထံသို့ လက်ဝဲကိုစားနှင့် မြို့တောင်စားတို့ကိုစေလွှတ်ကာသဝဏ်ပါးလိုက်၏။

'ရတနာပူရ အင်းဝကို ညောင်ရမ်းမင်းရဲနန္ဒမိတ်သည် တည်ထောင်၍ မင်းပြုမည်ကြံနေပေပြီ။ ရှည်လတ်သော်မောရှမ်းကိုးပြည်ထောင်ကို သိမ်းယူ၍ လက်နက်နိုင်ငံပြုလိမ့်မည်။ သို့ပါ၍ ဦးရိုးတော်ကအလုံးအရင်းများနှင့် ကြည်းကြောင်းချီပါ။ ကျွန်ုပ်ကလည်း ရေကြောင်း၊ ကြည်းကြောင်း အလုံးအရင်းများနှင့် ချီတက်လုပ်ကြံပါမည်'

တောင်ငူဘုရင်လည်း သဘောကြိုက်ညီသဖြင့် သားတော်အလတ်မင်းရဲကျော်စွာကို အကြီးအမှူးပြုစေ၍ အင်းဝသို့ ချီစေသည်။

ပြည်ဘုရင်သတိုးဓမ္မရာဇာသည် စလင်းမင်း မင်းရဲဥဇနာနှင့် ငွေတစ်ပြားစားတို့ကို ဦးဆောင်စေ၍ ကြည်းကြောင်းအလျင်ချီစေသည်။ ပြည်ဘုရင် သတိုးဓမ္မရာဇာကိုယ်တိုင်မူ ကတ္တူလှေ၊ လွှန်းကြင်၊ လှော်ကားစသည်တို့ဖြင့် ရေကြောင်းမှချီရန် စီစဉ်သည်။ သို့သော် အဖြစ်ဆိုးနှင့်ကြုံရှာသည်။ ပြည်ဘုရင် ဖောင်တော်ပေါ်သို့အတက်တွင် သူ၏အထိန်းတော် ရန်နိုင်စားက နောက်လိုက်ရှစ်ကျိပ်တို့ကို နှုတ်ထည့်၍ လုပ်ကြံစေသည်။ ပြည်ဘုရင်လည်း ဓားလှံဖွေးဖွေးကိုမြင်လေလျှင် ကြောက်ရွံ့ထိတ်လန့်သဖြင့် သတိလက်လွတ်ဖြစ်သွား၏။ ရုတ်တရက် ရေထဲသို့ခုန်ဆင်းလိုက်သည်။ သူ့အမှားပင်ဖြစ်၏။ သူသည်ရေမကူးတတ်ချေတကား။ ယက်ကန်ချိန်ပင်မရလိုက်ပေ။ ရေထဲသို့ ကျောက်တုံးပစ်ချလိုက်သည့်နှယ် စုန်းစုန်းမြုပ်သွားလေတော့သည်။

'ပြည်ဘုရင် သတိုးဓမ္မရာဇာကံတော်ကုန်ရှာပြီ'

သည်သတင်းကို တောင်ငူဘုရင်ကြားသည်နှင့် အင်းဝသို့ချီသော သားတော်မင်းရဲကျော်စွာကို ပြည်သို့သာချီစေရန် အကြောင်းကြားသည်။ မင်းရဲကျော်စွာလည်း အင်းဝသို့ခရီးအတန်ငယ်ချီပြီးမှ ပြည်သို့ချီ၍ လုပ်ကြံရသည်။ မရချေ။ လက်နက်လူသူ ထူထပ်များပြားကြောင်းသိလျှင် မြေထဲသို့ချီ၍ လုပ်ကြံပြန်သည်။ မြေထဲတွင်လည်း စစ်သည်များပြားလှသဖြင့် မရနိုင်ပြန်။ ခမည်းတော် တောင်ငူဘုရင်နှင့် နတ်သျှင်နောင်တို့မှာ ဟံသာဝတီကို လုပ်ကြံနေခိုက်ဖြစ်၍ မင်းရဲကျော်စွာအား တောင်ငူသို့သာပြန်စေလိုက်သည်။ အင်းဝကိုတိုက်မည့် အစီအစဉ်လည်း ပျက်ပြားသွားတော့၏။



အင်းဝသို့အလျင်ချီနှင့်သော စလင်းမင်းနှင့် ငွေတစ်ပြားစားတို့လည်း ပြည်တွင် သတိုးဓမ္မရာဇာမရှိပြီ။ ရန်နိုင်စားနန်းတက်ကြောင်းသိလျှင် ညောင်ရမ်းမင်းတရားထံ ခိုလှုံသွားကြသည်။ ညောင်ရမ်းမင်းတရားကား ခမည်းတော်ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ နိုင်ငံတော်ကို ပြန်လည်ထူထောင်ရန် ရည်ရွယ်ရင်းရှိ၏။ သို့ဖြင့် အထက်မြန်မာနိုင်ငံတစ်လွှားနယ်ပယ်များနှင့် တကွ ညောင်ရွှေ၊ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမိတ်စသည်တို့ကို တိုက်ခိုက်သိမ်းသွင်းလျှက်ရှိသည်။

သံလျင်တွင်နေစေသော ဇေင်ကာကလည်း တစ်စခန်းထပြန်သည်။ မုတ္တမစားဗညားဒလအားကိုးဖြင့် ရခိုင်ဘုရင်ကိုလည်း မကျိုးမနွံမပျပ်မဝပ်ရှိသည်။ တောင်ငူဘုရင်ကိုလည်း မကျိုးမနွံမပျပ်မဝပ်ရှိသည်။ လက်ဆောင်ပဏ္ဏာများကို မဆက်ဘဲ နေသည်။ ရခိုင်နှင့် တောင်ငူအပြန်အလှန် ဆက်သွယ်နေသော အစေအပါးများ၊ အရောင်းအဝယ်သွားသူများကိုလည်း ဖမ်းဆီးချုပ်နှောင်ထားသည်။ သည်တွင် ရခိုင်ဘုရင်က တောင်ငူဘုရင်ထံသို့ ယခုလိုစေလာသည်။

'ဦးရိုးတော်ကလည်း အလုံးအရင်းနှင့် ကြည်းကြောင်းချီပါစေ၊ ကျွန်ုပ်ကလည်း အလုံးအရင်းများနှင့် ရေကြောင်းချီလာစိမ့်မည်'

တောင်ငူဘုရင်လည်း သည်လိုပြုမှသင့်လိမ့်မည်ဟု သဘောတူသည်။ သို့ဖြင့် သားတော်အိမ်ရှေ့မင်း နတ်သျှင်နောင်အမှူးပြုလျက် သားတော်မင်းရဲကျော်ထင်၊ သားတော်မင်းရဲကျော်စွာ၊ ညီတော်သတိုးဓမ္မရာဇာစသည့် တပ်ရှစ်တပ်ကို သံလျင်သို့ချီစေသည်။

ရခိုင်ဘုရင်က သားတော်အိမ်ရှေ့ ဥပရာဇာမင်းခမောင်းကို အကြီးအမှူးပြုလျက် ကတ္တူလှေ၊ လွှန်းကြင်၊ တိုက်လှေကြီးများ၊ လှေငယ်များနှင့် ရေကြောင်းချီစေသည်။

ဇေင်ကာသည် ပြည်ထောင်မင်းနှစ်ပါးတို့ ချီလာသည့် သတင်းကိုရသည်။ ခံနိုင်မည်မဟုတ် အကြံရှိသဖြင့် သင်္ဘောတွင် ခဲယမ်းမီးကျောက်ပြောင်းသေနတ်အပြည့်စီစဉ်၍ 'ဂိုအာ' သို့ ထွက်ပြေးရန် သံလျင်မှထွက်လာသည်။ သို့သော်လမ်းတွင်ပင် ရခိုင်အိမ်ရှေ့ ဥပရာဇာ၏ရေကြောင်းချီတပ်နှင့်တွေ့သည်။ ဇေင်ကာလည်း မလွဲသာပြီမို့ သင်္ဘောသုံးစင်းကို ကျောက်ဆူးချပြီး ပြောင်းသေနတ်များဖြင့် တရစပ်ပစ်ခတ်တိုက်ခိုက်တော့သည်။ ရခိုင်ဥပရာဇာ၏ လှေများလည်း ပြောင်းသေနတ်များ၏ ဒဏ်ကိုမခံနိုင်ပျက်စီးကုန်သည်။ အချို့လှေများနီရာကမ်းသို့ကပ်၍ ကုန်းပေါ်သို့တက်ပြေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ငူက ချီလာသောစစ်သည်တို့ကား သံလျင်သို့မရောက်သေးသောကြောင့် ကူညီ၍မတိုက်ရချေ။ ဇေင်ကာလည်း ရခိုင်တပ်ကို အပြင်းလိုက်တိုက်ရာ ရခိုင်ဥပရာဇာမင်းခမောင်းကို လက်ရဖမ်းဆီးမိလေသည်။ တောင်ငူနတ်သျှင်နောင်တို့လည်း ရခိုင်အိမ်ရှေ့မင်းသား လေ့တပ်ပျက်ကြောင်းကြားလျှင် မကော်အရပ်၌ပင် အခိုင်အမာတပ်တည်၍နေလေသည်။

ရခိုင်ဘုရင် မင်းရာဇာကြီးလည်း သားတော် ဇေင်ကာလက်သို့ပါသွားပြီဖြစ်ကြောင်းကြားလျှင် တိုက်လေ့သုံးရာကျော်နှင့် ကိုယ်တိုင်ချီလာသည်။ ရောက်လျှင် တောင်ငူနတ်သျှင်နောင်နှင့် တိုင်ပင်၍ သံလျင်မြို့ကိုဝိုင်းထားလိုက်သည်။ ဇေင်ကာကမလျှော့။ မြို့ကိုသာ အခိုင်အလုံပြုပြီး ကြံ့ကြံ့ခံနေသည်။ ကာလအတန်ကြာသွား၏။ ရခိုင်နှင့် တောင်ငူမင်းနှစ်ပါးတို့ တိုင်ပင်ပြီး ရခိုင်ဥပရာဇာကို ပြန်လည်ပေးအပ်ရန် တောင်းဆိုသည်။

'အမိန့်တော်ရှိလိုက်သည် ဇေင်ကာငယ် မောင်မင်းသည် ငါကိုယ်တော်မြတ်၏ ယုံမှတ်သဒ္ဒါတော်မူသော ကျွန်ယုံတစ်ဦးဖြစ်ခဲ့သည်။ မောင်မင်းကို ယုံကြည်သဖြင့် သံလျင်ကို အုပ်ချုပ်စေခဲ့ရာ ကျေးဇူးသစ္စာတော်ကိုမျှ မထောက်ထားဘဲ လူသွမ်းတို့၏ အမှုအရာဖြင့် တော်လှန်ပုန်ကန်ခဲ့သည်။ ယခုငါ၏ သားတော် ဥပရာဇာကိုပင် ဖမ်းဆီးချုပ်နှောင်ထားခဲ့ပြီ။ မောင်မင်းသည် ငါ၏မျက်နှာတော်ကိုလည်း မထောက်၊ သစ္စာရေကိုလည်းမကြောက်၊ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်၍ ကြံစည်ခဲ့သည်ကို အပြစ်မဆိုလိုပြီ။ ငါ့သားတော် ဥပရာဇာကိုသာ ယခုစာရလျှင်ရချင်း လွှတ်၍ငါကိုယ်တော်မြတ်ထံသို့ ပို့စေလိုသည် ဇေင်ကာငယ်'

သည်စာကိုဖတ်ရသောအခါ ဇေင်ကာသည် များစွာအမျက်ထွက်၏။ အထူးသဖြင့် 'ကျွန်ယုံ' ဆိုသော အသုံးအနှုန်းအတွက် မခံမရပ်နိုင်ဖြစ်သည်။ ခက်ထန်သောမာနနှင့် သွေးကြွနေသော ဇေင်ကာသည် ရခိုင်ဘုရင်ထံသို့ မထေမဲ့မြင် ပြန်ကြားလိုက်သည်။

'သံလျင်မြို့ ဗိုလ်ချုပ်ဇွင်ကာကူ အမိန့်ရှိလိုက်သည် ဘုရင်မင်းမြတ်၊ မလေးမစားငါ့ကို 'ကျွန်' ဟု မဆိုပါနှင့်။ ပြည်ထောင်ချင်းချင်း မင်းတစ်ပါးကဲ့သို့ ဆက်ဆံမှသာ သင်၏သားတော် ဥပရာဇာကို ပြန်လွှတ်ပေးနိုင်မည်။ ထို့ပြင်နောက်ကို အစဉ်သဖြင့် တောင်ငူနှင့် ရခိုင်နှစ်ပြည်ထောင်လုံးက သံလျင်ကို မတိုက်ခိုက်တော့ပါ။ ရန်မူခြင်းမပြုလုပ်တော့ပါဟု ကတိထားမှသာ အိမ်ရှေ့မင်းကို ပြန်လွှတ်နိုင်ပါမည် ရခိုင်ဘုရင်မင်းမြတ်'



ဇေင်ကာသည် ရခိုင်မင်းသား မင်းခမောင်းကို ဖမ်းဆီးရမိထားသည့်အတွက် အထက်စီးကရနေသည်။ မင်းသားကို ငဲ့ကွက်ရန်သာမရှိပါက စစ်နှစ်ဘက်ညှပ်၍ အပြင်းအထန်တိုက်ကြပါမူ ခံနိုင်မည်မဟုတ်သည်ကို ဇေင်ကာသည် တွက်ဆထားပြီးဖြစ်၏။ သူသည် မြန်မာစကားနှင့် မြန်မာစာကို ကောင်းစွာတတ်၏။ ဗုဒ္ဓဘာသာ အယူဝါဒအကြောင်းကိုလည်း အနည်းငယ်လေ့လာထားဖူး၏။ ထားပြီးသော ကတိသစ္စာကို ရိုသေစွာစောင့်ထိန်းတတ်သော ဗုဒ္ဓဘာသာမြန်မာဘုရင်တို့၏အကြောင်းကိုလည်း သိရှိပြီးဖြစ်၍သည့်လို ကတိမျိုး တောင်းဆိုခြင်းပင်ဖြစ်ပေသည်။

ဇေင်ကာ၏ ပြန်ကြားစာကိုရသောအခါ ရခိုင်ဘုရင်သည် ရာဇမာန်ပွားလိုသော်လည်း ချစ်လှစွာသော သားတော်အတွက် အမျက်ဒေါသကိုရင်မှာ သိုဝှက်ထားလိုက်ရသည်။ သို့ဖြင့် တောင်ငူနတ်သျှင်နောင်နှင့် တိုင်ပင်ဆွေးနွေးရပြန်သည်။

နတ်သျှင်နောင်ကမူ အညှံ့ခံရမည်ကို ခံပြင်းလှသည်။ သို့သော် ရခိုင်ဘုရင်ကိုငဲ့ရသေး၏။ သူ့မှာ ချစ်လှစွာသော ရင်သွေးသားတော်တစ်ပါးအတွက် မည်မျှရတက်ပွေနေမည်ကို ကိုယ်ချင်းစာမိ၏။ ထို့ကြောင့် နောက်ဆုံးတွင် ရခိုင်အိမ်ရှေ့မင်းသားကို ပြန်လည်ရရှိရေးအတွက် ဇေင်ကာ၏ အလိုကျပင် ဆောင်ရွက်ပေးရတော့သည်။

ထိုနေ့မှစ၍ တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့၏ သံတမန်အဆက်အသွယ် ပြတ်တောက်သွားသည်။ နှစ်နိုင်ငံ အရောင်းအဝယ်မပေါက်မရောက်နိုင်တော့ပေ။ ဇေင်ကာသည် ပုသိမ်သင်္ဘောဆိပ်နှင့် ဒလသင်္ဘောဆိပ်တို့ကို သိမ်းပိုက်လိုက်၏။ သို့ဖြင့် နိုင်ငံရပ်ခြားမှ ဝင်လာသော ကုန်ပစ္စည်းများသည် ထိုဆိပ်ကမ်းမှလွန်၍ တောင်ငူသို့ ရောက်မလာကြတော့ပေ။ တောင်ငူသားတို့ အထူးထူးသော အထည်ကောင်း၊ အဝတ်ကောင်းများကို မဝတ်ကြရတော့။ တောင်ငူတွင်ရှိသည့် နိုင်ငံခြားသား ကုန်သည်များ ဝယ်ယူသိုလှောင်ထားသော အထည်အလိပ်များကိုသာ ဈေးကြီးပေးဝယ်ယူ ဝတ်ဆင်ကြရသည်။ ကြီးမားသော ပြဿနာမှာ ဆားကောင်းမစားရခြင်းပင်ဖြစ်၏။ ထို့ကြောင့် ဆားကောင်းကောင်းစားနိုင်ဖို့ ဟံသာဝတီမြို့ရှေ့ဝန်းကျင်မှာ တပ်တည်ပြီး ပြောင်းသေနတ်ကိုင်အစောင့်များချကာ ဆားချက်ကြရသည်။

ဇေင်ကာ၏ လောဘသည် အတောမသတ်နိုင်သေးပေ။ သံလျင်နှင့် ဟံသာဝတီဝန်းကျင်ရှိ ဘုရားပုထိုးများမှ ရွှေများခွာယူသည်။ ငွေပမာဏတိုက်

www.burmeseclassic.com

www.burmeseclassic.com



များ ဖောက်ထွင်းကာ အဘိုးတန်ရတနာများယူသည်။ ရွှေရုပ်တု၊ ငွေရုပ်တုများရလျှင် ရွှေလျက်၊ ငွေလျက်များလုပ်၍ သင်္ဘောသားများနှင့် အရောင်းအဝယ်ပြုသည်။ ကြေးခေါင်းလောင်းများကိုလည်း အရည်ကျို၍ အမြောက်သွန်းသည်။ ဤသို့ဖြင့် ဇေင်္ကာဖျက်ဆီးသွားသော စေတီပေါင်းသုံးရာကျော်ရှိသည်ဟုဆိုသည်။ ဓမ္မစေတီ၏ ခေါင်းလောင်းကြီးကိုလည်း ရွှေတိဂုံစေတီတော်မှ ဆောင်ယူလိုက်သေး၏။ သို့သော် ယင်းခေါင်းလောင်းတော်ကြီးမှာ သင်္ဘောပေါ်သို့တင်ရာတွင် လှိုင်မြစ်ဝ၌ ရေသို့ကျသွားသည်။ သည်ကိစ္စရပ်များကြောင့် ဗုဒ္ဓဘာသာရဟန်းရှင်လူတို့ မျက်ရည်ကျကြရသည်။

ဇေင်္ကာသည် ရသမျှ အခွင့်အရေးကို အသုံးချခြင်းဖြင့် လက်ဖဝါးသက်သက်မျှသာရှိသော အခြေအနေမှ ဆယ့်သုံးနှစ်အတွင်း ရွှေဒင်္ဂါးသုံးသန်းပိုင်ရှင်ဘဝသို့ ရောက်လာလေတော့သည်။

❒ ❒ ❒

(၁၇)

# ရွှေတောင်ကြီးပြိုခဲ့ပြီ

နတ်သျှင်နောင်သည် မိမိဘဝရည်မှန်းချက် 'ကေရာဇ်ဘုရင်ဖြစ်ရေး' အတွက် စိုးရိမ်ပူပန်လာသည်။

သံလျင်တွင် ဇေင်္ကာသည် ချမ်းသာကြွယ်ဝပြီး အခိုင်အမာရှိနေပြီ။ ဟံသာဝတီတစ်လွှားမှာပင် သူ့သြဇာပျံ့နှံ့လျက်ရှိ၏။ မွန်မြန်မာအမြောက်အမြားကိုလည်း သူ့အာဏာဖြင့် ဗရင်ဂျီဘာသာသို့ အတင်းသွတ်သွင်းလျက်ရှိကြောင်း သတင်းများရရှိသည်။

ပြီးတော့ ရတနာပူရ အင်းဝသတင်း။ ညောင်ရမ်းမင်းတရား မင်းရဲနန္ဒမိတ်၏ ခြေလှမ်းများကလည်း သွက်လှသည်။ ညောင်ရွှေ၊ ဗန်းမော်၊ မိုးကောင်း၊ မိုညှင်း၊ မိုးနဲ၊ မိုးမိတ် အားလုံး သိမ်းသွင်းပြီးပြီ။ ယခုဆိုလျှင် သိန္နီသို့ပင် ချီတက်သွားကြောင်း မိမိအထောက်တော်များထံမှ သတင်းပို့လာသည်။

မှန်ပါသည်။ ညောင်ရမ်းမင်းတရားသည် အောင်ပွဲအလီလီရပြီးနောက် သိန္နီသို့ ချီတက်သွား၏။ သို့သော် လမ်းခရီးမှာပင် နာမကျန်းဖြစ်လာသည်။ သို့ဖြင့် သားတော် အိမ်ရှေ့မင်းသား သခင်လတ်ကို ယခုလို မိန့်ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခမည်းတော် ကိုယ်လက်မအီမသာ လေးလေးလံလံရှိလှတယ်သားတော်၊ အိပ်မက်ထဲမှာလည်း ငါ့နန်းတော်ကို မီးလောင်ကျွမ်းတယ်။ ခမည်းတော်တပ်ချီစကလည်း တောသမင်ငယ်တစ်ကောင်ဟာ တပ်တော်ဦးကို လက်ဝဲဘက်ကသည် လက်ျာဘက်သို့ ဖြတ်ပြေးတယ်။ ဆရာတော် ဘားမဲ့ဘုန်းကြီးက သိန္နီကို အလိုတော်ပြည့်မယ်၊ ဒါပေသိ ကိုယ်တော်အနာတွေ့မယ်လို့ နိမိတ်ဖတ်တော်မူတယ်သားတော်။ ခမည်းတော်လည်း သိန္နီကို အလိုတော်ပြည့်ချင်တာကြောင့် စစ်ချီထွက်ခဲ့တယ်။ ခုတော့ ရှေ့မဆက်နိုင်တော့ဘူး။ နေပြည်တော်ကိုပဲ ဖြည်းဖြည်းပြန်တော့မယ်၊ သားတော်သာ သိန္နီကို လုပ်ကြံပြီးအမြန်ပြန်ခဲ့ပေတော့'

အိမ်ရှေ့မင်းလည်း ခမည်းတော်အမိန့်ရှိသည့်အတိုင်း သိန္နီကိုလုပ်ကြံရာ သိန္နီစော်ဘွားနှင့်တကွ မြို့ကိုအောင်မြင်သည်။ စော်ဘွားနှင့်တကွ ညီသား၊ သားမိက်တို့ကို သိမ်းယူခဲ့ပြီး အမီလိုက်လာကာ ခမည်းတော်ကိုဆက်သည်။

ရွှေသာလျောင်းတောင်သို့ရောက်လျှင် ခေတ္တစခန်းချကြသည်။ သည်မှာပင် ညောင်ရမ်းမင်းတရားသည် သားတော်အိမ်ရှေ့မင်းသားအား နောက်ဆုံးစကားမှာကြားတော်မူသည်။

'သားတော် ... ခမည်းတော်ဖြင့် သည်အနာက ထမြောက်နိုင်မယ်မဟုတ်ဘူး။ ငါမရှိရင် မောင်တို့ညီနောင်သုံးဦး ကြီးစဉ်ငယ်လိုက် မင်းပြုရစ်ကြ။ တစ်ပါးသူ လူသွမ်းတို့ပြောစကားကို နားယောင်ပြီး အနှောက်အယှက်မဖြစ်ကြစေနဲ့'

အိမ်ရှေ့မင်းသားက အမိန့်တော်ကို ဦးထိပ်ရွက်ပါမည်ဟု လျှောက်သည်။

မင်းတရားသည် ခေတ္တနားကာ ဆက်လက်မိန့်ပြန်သည်။

'သားတော်ရဲ့ ဘုန်းလက်ရုံးနဲ့ အပြည်ပြည်သောမင်းတို့ကို နှိမ်းနင်းပြီး ဆင်ဖြူများရှင်မင်းတရားကြီးရဲ့ နိုင်ငံတော်ကို ပြန်လည်ထူထောင်ပါ။ အထူးသတိထားရမှာက နောင်ပြည်မြို့ကိုလုပ်ကြံ၍ အလိုတော်ပြည့်ရင် ရန်နိုင်စားကို မကွပ်မျက်ပါနဲ့။ သူ့ကျေးဇူးတွေ မောင်တို့ငါတို့မှာရှိတယ်'

'ရန်နိုင်စား ကျေးဇူးတွေ ဘယ်လိုရှိပါသလဲ ခမည်းတော်ဘုရား'

'သားတော် စဉ်းစားကြည့်စမ်း။ ခမည်းတော်တို့ ရတနာပူရ အင်းဝကို တည်ထောင်စက ပြည်နဲ့တောင်ငူတို့ ချီလာရင် မခက်ပါလား။ သည်တုန်းက ခမည်းတော်တို့မှာ မှူးကောင်း၊ မတ်ကောင်း၊ ဆင်ကောင်း၊ မြင်းကောင်း၊



သူ့ရဲကောင်း တွေမရှိသေးဘူးလေ။ ပြည်ဘုရင်မင်းကြီးနှောင်းကို ရန်နိုင်စားလုပ်ကြံပြီး ပြည်မှာမင်းပြုလိုက်တဲ့အတွက် နှစ်ပြည်ထောင်စလုံး အင်းဝကို စစ်မချီဖြစ်ကြဘူး မဟုတ်လား။ အဲဒါ ရန်နိုင်စားရဲ့ ကျေးဇူးပဲပေါ့ သားတော်'

ဤတွင်လည်း သားတော်အိမ်ရှေ့မင်းက ခမည်းတော်၏အမိန့်ကို ဦးထိပ်ရွက်ပါမည်ဟု ကတိပေးတင်လျှောက်သည်။ မင်းတရားလည်း ဤသို့မှာကြားပြီးနောက် နတ်ရွာစံတော်မူသည်။ သို့သော် သည်ကိစ္စကို ဝန့်ရှင်တော်သီရိဇေယနော်ရထာနှင့် အပါးတော်တွင်ကပ်လျက် ပြုစုကြသူတို့သာသိရသည်။ အခြားသူများကို အသိမပေးချေ။

အိမ်ရှေ့မင်းသားသည် ခမည်းတော်ဘုရား၏အလောင်းကို ပြဒါးသွတ်၍ ပကတိမင်းတရားအသွင်ဆင်ပြီးလျှင် ကွန်းထောက်ချကာချကာ နေပြည်တော်သို့ ခရီးနှင်စေသည်။ အိမ်ရှေ့မင်းကိုယ်တိုင်မူ ကျွန်ယုံတော်များနှင့်အတူ အင်းဝသို့ အပြင်းနှင်ကာ ရွှေနန်းတော် တံခါးလေးမျက်နှာတွင် ကျွန်[illegible]ကို အစောင့်ချထားလိုက်သည်။ အိမ်ရှေ့အိမ်တော်ကိုလည်း ကျွန်တော်ရင်းများကိုပင်အစောင့်ချထားသည်။ ပြီးတော့ မြင်းဓောင်းမှ မြင်းခုနှစ်စီးယူကာ တစ်စီးပန်းလျှင် တစ်စီးပြောင်းစီးလျက် ခမည်းတော်အလောင်းကိုပြန်၍ကြိုသည်။ တစ်ဖက် ဆွဲတောင်ကောင်းမှုတော်တွင် ဆုံသည်။ သည်နေရာမှစ၍ မင်းဆောင်မင်းယောင်ကျင်းပလျက် ခမည်းတော်၏ အလောင်းကို ရှေ့တင်၍ခရီးဆက်ကြသည်။ သည်တော့မှပင် မင်းတရားကြီး နတ်ပြည်စံပြီဖြစ်ကြောင်း အားလုံးသိကြရသည်။

အင်းဝသို့ရောက်လျှင် လွှတ်တော်ရှေ့တွင် မဏ္ဍပ်နှင့်ကောင်းစွာထားပြီး သဂြိုဟ်သည်။ အလောင်းတော် တစ်ဝက်ကျွမ်းလျှင် အိမ်ရှေ့မင်းသားကယခုလို မိန့်သည်။

'ငါ့ကို ပုန်စားလိုသူ ပုန်စားလေ'

ညီတော်မင်းရဲသိခ်သူမှစ၍ မင်းညီမင်းသားမှူးမတ်များဦးချ၍သာ နေသည်။ တစ်ခွန်းတစ်ပါဒမျှ လျှောက်ဝံ့သူမရှိပေ။ ခမည်းတော်၏ ဈာပနအခမ်းအနားပြီးဆုံးလျှင် မင်းညီမင်းသားမှူးမတ်အပေါင်းကို သစ္စာတော်ပေးသည်။

ထိုနေ့ (၉၆၇- ခုတပေါင်းလပြည့်ကျော် ၁၃ ရက် တနင်္ဂနွေနေ့) မှာပင် ညောင်ရမ်းမင်းတရားကြီး၏ သားတော်ကြီး မဟာဥပရာဇာသည် ခမည်းတော်၏ အရိုက်အရာဖြစ်သော ရတနာပူရအင်းဝရွှေနန်းကို တက်တော်မူသည်။ 'မဟာဓမ္မရာဇာ' ဟူသော ဘွဲ့အမည်ကိုလည်း ခံယူတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်နှစ်အကြာတွင် ပြည်မြို့ကိုချီတက်လုပ်ကြံသည်။ စစ်သည်အင်အားအလုံးအရင်းနှင့် ကိုယ်တော်တိုင် ချီတက်သည်။ မြို့စီးပြစီးကောင်းလှသဖြင့် အလွယ်တကူမထိုးဖောက်နိုင်။ ရှစ်လတိုင်တိုင် ဝန်းရံထားပြီး အပြင်းအထန် တိုက်ခိုက်မှ ပြည်မြို့ပျက်သည်။ သို့တိုင်အောင် ရန်နိုင်စားသည် အညံ့မခံ။ ရာဇပလ္လင်သို့တက်၍ နန်းမြို့က ခုခံပြန်သည်။ ဤတွင် ဘယဂါမဏိ၏တူ အသက် ၁၃ နှစ် သားထေင်သည် 'ငါအသက်သေလျှင်လည်း ငါ့အရှင်၏ ရာဇပလ္လင်ရင်းမှာပင် သေပါစေ၊ ငါသေမှ ငါ့အရှင်ကို ထိပါးလို့ရမည်' ဟုဆိုကာ ဓားတစ်ဖက်တစ်စင်းကိုင်ပြီး ရန်နိုင်စားကို အကာအကွယ်ပေးနေသည်။ ဤသည်ကို သူ့ဦးရီး ဘယဂါမဏိမြင်လျှင် ယခုလိုအော်ဟစ်ပြီး လက်နက်ချခိုင်းရသည်။

'ဟယ် ... ထေင် ... မြို့ပျက်လို့ တစ်ပြည်လုံး သူ့ရဲမက်ဖြစ်ကုန်ပြီ။ မင်းတစ်ယောက်တည်း ခံလို့တတ်နိုင်မလား၊ ဓားလက်နက်ကိုချပြီး အညံ့ခံပေတော့'

ဦးရီးဘယဂါမဏိက အော်ဟစ်ပြီး လက်နက်ချခိုင်းမှ ထေင်သည် သူ့ဆန်စား၍ရဲရတော့သည်ဟုဆိုကာ လက်နက်ချတော့သည်။ နောင်အခါ ထိုသူငယ်ကို သစ္စာတော်စောင့်သည့် သူကောင်းဟူ၍ မဟာဓမ္မရာဇာက အတွင်းတွင် စေတော်မူသည်။ မဟာဓမ္မရာဇာသည် အင်းဝသို့ ရောက်လျှင် ပြည်ကိုငါသိမ်းယူသည်။ ရှင်တစ်ဆူ၊ လူတစ်ယောက်သာရသည်ဟု အမိန့်တော်ရှိသည်။ ရှင်တစ်ဆူကား တောင်ဖီလာ ဆရာတော်ကိုဆိုလိုသည်။ လူတစ်ယောက်ကား ထေင် (နောင်သာလွန်မင်းလက်ထက် နန္ဒယော်ဝါအမည်နှင့် ဝန်ကြီးဖြစ်လာသူ) ကိုဆိုလိုသည်။

ပြည်မြို့ကို အလိုတော်ပြည့်လျှင် မဟာဓမ္မရာဇာသည် ပြည်ရန်နိုင်စားနှင့် မိဖုရားကို အလုပ်အကျွေးလူတစ်ဆယ်ကျော်ခန့်နှင့် အင်းဝနေပြည်တော်သို့ပို့သည်။ ထိုမှတစ်ဆင့် မိုးကောင်းသို့ပို့သည်။ စဉ့်ကူးသို့ရောက်လျှင် ပြည်မြို့နှင့်တူသည်ဟုဆိုကာ ရန်နိုင်စားသည် ဖျင်လက်ဖုံး၍ငိုလေသည်။

ပြည်မြို့ကိုရလျှင် အင်းဝမဟာဓမ္မရာဇာသည် အထူးအားတက်လာသည်။ ရခိုင်ဘုရင်ထံမှ ထင်ရှားသော မင်းသားမင်းသမီးလက်ဆောင်လက်နက်များတောင်းသည်။ ရခိုင်ဘုရင်ကလည်း အထူးထူးသော လက်ဆောင်လက်များနှင့် အမျိုးမပြားဖြစ်ပါစေချင်သည်ဟု သံစေရောက်လာသည်။

ဤတွင် တောင်ငူဘုရင်ရွှေနန်းတည်မင်ကလည်း သားတော်အိမ်ရှေ့



နတ်သျှင်နောင်နှင့် အတူ အမျိုးမပြားဖြစ်ချင်ပါသည်ဟု လက်ဆောင်လက်နက်များနှင့် သံစေလိုက်သည်။ သည်တော့ ဇင်းမယ်ဘုရင်နော်ရထာမင်းစောလည်း မနေသာပြီ။ တောင်ငူဘုရင်နှင့် နတ်သျှင်နောင်တို့ပင်သည်သဘောထားပါက မိမိလည်းအမျိုးမပြားမှဖြစ်တော့မည်။ သည်တော့ လက်ဆောင်လက်နက်များနှင့် သံစေပြန်သည်။

တန်ခိုးရှိန်ဝါ တလူလူတက်လာသော အင်းဝမဟာဓမ္မရာဇာ၏အင်အားကို နတ်သျှင်နောင်စိုးထိတ်လာသည်။ မစိုးထိတ်ဘဲ နေနိုင်ပါမည်လား။ နောက်ထပ် ဖြိုခွင်းရမည့် အရေးအကြီးဆုံး ထီးပြိုင်နန်းပြိုင်မှာ မိမိခမည်းတော် ကေတုမတီ တောင်ငူဘုရင်ပင်ဖြစ်သည်။ သည်တော့ အင်းဝဘုရင်ကို ပေါ့ပေါ့တန်တန် တွက်ဆ၍မဖြစ်နိုင်ကြောင်း နတ်သျှင်နောင်သဘောပေါက်သည်။ ထို့ကြောင့် ခမည်းတော် တောင်ငူဘုရင်းအား အရေးတကြီး တိုင်ပင်ဆွေးနွေးသည်။

တောင်ငူဘုရင်ကမူ စစ်ချီတက်ရေးကို အားမပေးလိုသေးပေ။ အခြေအနေကိုသာ စောင့်ကြည့်စေလိုသည်။ သည်အတောအတွင်း အင်းဝကိုအပြတ်ချေမှုန်းနိုင်ရန် စစ်အင်အားဖြည့်တင်း ပြင်ဆင်ထားစေလိုသော ဆန္ဒရှိနေသည်။

စစ်အင်အားနှင့် ပတ်သက်၍မူ နတ်သျှင်နောင်သည် မပူပန်မိပါချေ။ သူ့စစ်သည်များ၏ တိုက်ရည်ခိုက်ရည်ကို သူယုံကြည်ပြီးဖြစ်၏။ ဗိုလ်သီဟတို့လို ငယ်ကျွန်များကလည်း အထူးသစ္စာရှိကြသည်။ ပြီးတော့ သူ့ညီတော် သုံးပါးနှင့် ဘထွေးတော်သတိုးဓမ္မရာဇာတို့၏ စည်းလုံးညီညွတ်မှု၊ တိုက်ရေးခိုက်ရေး ကျွမ်းကျင်မှုတွေကလည်း နတ်သျှင်နောင်အတွက် တစ်အားပင်ဖြစ်သည်။ သည်တော့ ခမည်းတော်ကို ရဲရဲဝံ့ဝံ့တင်လျှောက်လိုက်သည်။

'မှန်လှပါ။ သည့်အတွက်ဖြင့် ခမည်းတော် ဘုရားစိတ်အေးအေးထားပြီး ချမ်းသာစွာ စံနေတော်မူပါ။ သားတော်ရဲ့ စစ်သည်များ ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုးစတဲ့ သေနင်္ဂဗျူဟာ ကျွမ်းကျင်ရေးကို တစ်ရံမလပ် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းပါ။ တောင်ငူရွှေနန်းမှာ ဆင်ကောင်း၊ မြင်းကောင်း၊ စစ်သည်သူရဲကောင်းတွေလည်း ပြည့်စုံတဲ့အတွက် အန်တုဖို့မလွယ်ပါဘုရား'

တောင်ငူဘုရင်သည် ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း သားတော်နတ်သျှင်နောင်၏ လျှောက်တင်ချက်ကို နားထောင်နေသည်။ သားတော်၏ စကားဆုံးလျှင် တွေးတွေးဆဆ မိန့်ကြားလိုက်သည်။

'သားတော်ရဲ့ လုံ့လဝီရိယကို ခမည်းတော်အားရ ကျေနပ်လှပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ တောင်ငူအင်အား မသေးဘူးဆိုတာလည်းသိတယ်။ ဒါပေမယ့် တစ်ဖက်ရန်သူကိုတော့ အထင်မသေးလေနဲ့သားတော်။ ဒါကို ကြပ်ကြပ်ကြီး သတိထားပေရော့'

'ခမည်းတော်ရဲ့ သတိပေးချက်ကို ဦးထိပ်ပန်ဆင်လျက်ရှိကြောင်းပါဘုရား'

နတ်သျှင်နောင်သည် ခမည်းတော်အား ရှိသေစွာဦးခိုက်ပြီးနောက် သူ့အဆောင်သို့ပြန်ခဲ့သည်။ ခမည်းတော်၏ ဆန္ဒကို မလွန်ဆန်ဝံ့ပြီမို့ စစ်ပြင်ဆင်ရင်းစောင့်ဆိုင်းရပေဦးမည်။

* * *

ကျောက်တုံးငယ်များကို ရစ်ခွေစီးဆင်းနေသော စမ်းရေစီးသံသည် တိတ်ဆိတ်နေသော ဝန်းကျင်တွင် ဂီတသံနှယ် စီးချက်ကျကျ ထွက်ပေါ်နေ၏။ စမ်းရေနှင့်စပ်လျက်ရှိသော ကုန်းမြေပေါ်တွင် ခတ္တာပင်များ ဟိုတစ်စု သည်တစ်စု။ မိုးမပြတ်သေးသဖြင့် ခတ္တာပန်းများ ပွင့်လန်းဆဲပင်ဖြစ်သည်။ နွေးထွေးသော လေပြည်ထဲဝယ် သင်းပျံ့သောပန်းရနံ့များပါလာသည်။

နတ်သျှင်နောင်သည် စမ်းချောင်းကလေးနဘေးရှိ ကြီးမားလှသော ကျွန်းပင်ကြီးတစ်ပင်၏ ပင်စည်ကိုမှီကာ ထိုင်နေသည်။ ဖားလျားသော ကျွန်းရွက်ကြီးများ သိပ်သည်းနေသဖြင့် နေပူရှိန်သည် သူ့ထံသို့ ခပ်ဖျော့ဖျော့သာရောက်လာသည်။ ယခင်ကဆိုလျှင် သည်လိုသာယာလှသည့် နေရာသို့ ရောက်တိုင်း ရတုကဗျာများကို စပ်ဆိုမြဲဖြစ်၏။ ယခုမူ သူသည် ဝန်းကျင်၏ အလှကို မခံစားနိုင်။ သူ့အတွေးအာရုံတွင် စကားလုံးလှလှကလေးများမရှိ။ ကာရံလှလှကလေးများမရှိပြီ။

သူ့ရင်ထဲတွင် ခမည်းတော် တောင်ငူဘုရင်သာရှိ၏။ ခမည်းတော်၏ ကျန်းမာရေးအခြေအနေကိုသာ စဉ်းစားနေ၏။

'ခမည်းတော် ဘုရားရဲ့ ကျန်းမာရေးဟာ သည်နှစ်မှာအတော်ပဲချို့တဲ့လာတယ်။ တစ်နေ့ရွှေ၊ တစ်နေ့ငွေနဲ့ ငါသည် စခန်းရောက်နေတဲ့အချိန် ခမည်းတော်နေမှ ကောင်းပါရဲ့လား'

သည်စခန်းဆိုသည်မှာ ပေါင်းလောင်းမြစ် အနောက်ဘက်ရှိ ဆင်ကျုံးတည်ရှိရာ အရပ်ပင်ဖြစ်၏။ ကေတုမတီဆင်တပ်ကို အင်အားဖြည့်တင်းပေးရာ စခန်းပင်တည်း။



မြစ်ကြောင်းအလွန် ကွေ့ကောက်သော ပေါင်းလောင်းမြစ်သည် မြစ်ရိုးတစ်လျှောက် သဲသောင်များပေါများလှသဖြင့် သင်္ဘောများသွားလာရေးအတွက် အသုံးမဝင်ပေ။ သို့သော်လည်း သစ်တောများရှိသည့် ပဲခူးရိုးမနှင့် အရှေ့ရိုးမတို့မှ မြစ်ချောင်းများသည် ပေါင်းလောင်းမြစ်တွင်းသို့ စီးဝင်ကြသဖြင့် သစ်များနှင့် သစ်တောထွက်ပစ္စည်းများမျှောချရန်တော့ အသုံးဝင်သည်။ ပြီးတော့ မြစ်ကမ်းဘေးတစ်လျှောက်ရှိ လယ်ယာများကို ဆည်မြောင်း၊ တူးမြောင်းတို့ဖြင့် ရေပေးသွင်းရန်လည်း အသုံးဝင်သည်။

တောင်ငူဘုရင်သည် ပေါင်းလောင်းအနောက်ဘက်တွင်သည်ဆင်ကျုံးကိုတည်သည်။ အရှေ့က ရန်းတံခါးထားပြီး မြစ်နားကဆင်များကို သွင်းသည်။ ဆင်ကြည့်ဖို့ ဆင်ကျုံးအနောက် တံတိုင်းနားတွင် ပြာသာဒ်ဆောက်သည်။ လက်ဝဲမြေနှန်း၊ လက်ျာမြေနှန်း စမုတ်ထားသည်။ မြို့တွင်းရွှေနန်းတော် သဘင်ထဲသို့ ဆင်သွင်းသောအခါ သားတော်နတ်သျှင်နောင်၊ မင်းညီမင်းသား၊ မင်းမှူးမင်းမတ်တွေ ခြံရံပြီး ရှုစားတော်မူသည်။ သာယာလှသည့် သည်စခန်းမြေမှာပင် ဆင်ခင်း၊ မြင်းခင်းအဖြစ် နှစ်စဉ်နှစ်တိုင်းဆုင်များ မြင်းများကို စမ်းစေသည်။ စက်ထားပြီး ပြောင်း၊ လုံ၊ သေနတ်စမ်းတော့လည်း သည်နေရာမှာပင်။

ယခုဆိုလျှင် ဆင်များ၊ လက်နက်များကို စမ်းသပ်ရာ သည်စခန်းသို့ ခမည်းတော်မကြွရောက်နိုင်။ မစစ်ဆေး၊ မကြည့်ရှုနိုင်ပြီ။

နတ်သျှင်နောင်သည် ခမည်းတော်၏ ကျန်းမာရေးအခြေအနေကို စဉ်းစားကာ ရင်ထဲတွင်ပူလောင်လာသဖြင့် သက်ပြင်းကိုသာ ချနေမိတော့သည်။

သည်စခန်းသို့ နတ်သျှင်နောင်နှင့် အဖွဲ့စစ်သည်များ ရောက်ရှိနေသည်မှာကြာပြီ။ မနေ့ကပင် သူတို့လုပ်ငန်းလက်စသပ်ပြီးစီးသွားပြီမို့ စစ်သည်တော်များသည် နေပြည်တော်သို့ပြန်ရန် ပြင်ဆင်နေကြသည်။ သည်အခိုက်အတန့်ကလေးမှာ သူတို့နှင့်ခပ်လှမ်းလှမ်းရှိသည် စမ်းချောင်းကလေးနဘေးသို့ သူရောက်ရှိနေခြင်းဖြစ်သည်။ ခမည်းတော်၏ ကျန်းမာရေးအခြေအနေကို တွေးနေချိန်တွင် ဗိုလ်သီဟ၏ အသံကပေါ်လာသည်။

'နောင်တော်ဘုရား ... တောင်ငူ ရွှေနန်းက ခြေမြန်တော်ရောက် ရှိကြောင်းပါ'

နတ်သျှင်နောင်သည် ဗိုလ်သီဟ၏ အသံကြောင့်ဆတ်ခနဲ ဖြစ်သွားသည်။ ဗိုလ်သီဟ၏ နောက်ပါးတွင်ပါလာသော ခြေမြန်တော်က အရိုအသေ

www.burmeseclassic.com

www.burmeseclassic.com



ပြုကာ လျှောက်တင်လိုက်သည်။

'မှန်လှပါ။ တောင်ငူရွှေနန်းရှင်ဘုရားရဲ့ ဝေဒနာတော် မသက်သာတာကြောင့် အစေတော်ထောက်ကြောင်းပါဘုရား'

သည်သတင်းကို ကြားလိုက်ရသောအခါ သူ့ရင်သည် သံရည်ကျိုဖိုပေါ်အတင်ခံရသည့်နှယ် ပူလောင်လာသည်။ သူသည် မလှုပ်မယှက် ခေတ္တမျှကြက် သေသေသွား၏။ သူ၏ရုပ်ခန္ဓာတည်ငြိမ်နေသလောက် သူ့ ရင်တွင်း၌မူပြင်းထန်စွာ တုန်လှုပ်နေသည်။

ဗိုလ်သီဟသည် မလှုပ်မရှားဖြစ်နေသော နတ်သျှင်နောင်၏ လက်ကိုကိုင်ကာထစေခဲ့၏။ သည်တော့မှပင် သူသည် အိပ်မက်ဆိုးမှ လန့်နိုးလာသူပမာ အသိတရားဝင်လာသည်။ မကြာခင်မှာပင် သူ၏မြင်းညိုကြီးသည် တောင်ငူရွှေနန်းဆီသို့ ဦးတည်ကာ အပြေးနှင်လျက်ရှိတော့သည်။

သူရောက်သွားသည့် အချိန်တွင် ခမည်းတော်၏ ဝေဒနာသည် သည်းထိန်နေပေပြီ။ နတ်ရွာစံလုဆဲဆဲ ဖြစ်နေသော ခမည်းတော်၏ အပါးဝယ် သူ့ မယ်တော်၊ သူ့ညီတော်များနှင့် ဘထွေးတော်တို့သည် ညှိုးငယ်စွာ ခစားနေကြသည်။

နတ်သျှင်နောင်သည် သလွန်တော်ဆောင်တွင် ညင်သာစွာ ဒူးထောက်ထိုင်လိုက်၏။ မိန်းမောနေသော ခမည်းတော်ကို မြင်ရသည့်ခဏများစွာ အံ့ဩထိတ်လန့်သွားသည်။

'အို ... ခမည်းတော်ရဲ့ ရုပ်ခန္ဓာ ယိုယွင်းသွားလိုက်တာ၊ တစ်ချိန်က ဟောင့်တင်းသန်မာလှတဲ့ ခမည်းတော်၊ တောင်ငူရွှေနန်းရဲ့ စစ်ဘုရင်၊ ခုတော့ သည်အသွင်အပြင်တွေ မရှိတော့ပါလား။

နတ်သျှင်နောင်သည် ခမည်းတော်ကို မမိုတ်မသုန်ကြည့်ရင်း ရင်ထဲမှ ပြောနေမိသည်။

မိဖုရားကြီး မင်းခင်စောသည် တောင်ငူရွှေနန်းရှင်၏ နားနားသို့ကပ်ကာ သားတော်ကြီး အိမ်ရှေ့မင်းသားရောက်ရှိလာပြီဖြစ်ကြောင်း တိုးတိုးလေး လျှောက်တင်လိုက်၏။ ခဏအကြာတွင် မင်းကြီး၏မျက်လုံးအစုံ တဖြည်းဖြည်း ပွင့်လာသည်။

နတ်သျှင်နောင်သည် ခမည်းတော်နှင့်နီးနိုင်သမျှ နီးအောင်တိုးကပ်သွားသည်။ ခမည်းတော်၏ မျက်နှာတော်ကို အနီးကပ်တွေ့မြင်ဖူးမြော်ရ၏။ ပက်လက်အနေအထားဖြင့် လဲလျောင်းနေသော ခမည်းတော်၏ မျက်လုံးအစုံသည်



သားတော်ကြီးကို မြင်လိုက်ရသည့် ခဏတွင် လက်ခနဲတောက်ပသွား၏။ နှုတ်ခမ်းလွှာမှာလည်း တစ်စုံတစ်ရာပြောလို ဟန်ကိုတွေ့ရသည်။

နတ်သျှင်နောင်သည် ခမည်းတော်၏ လက်တစ်ဖက်ကို သူ့ပါးမှာကပ်ထားပြီး ခမည်းတော်၏ မျက်နှာတော်ကိုသာ မမိုတ်မသုန်စိုက်ကြည့်နေသည်။ ခမည်းတော် မျက်ဝန်းထဲတွင် တစ်စုံတစ်ရာကို ရှာကြည့်နေသည်။ ခမည်းတော်ဘာတွေများ မှာကြားလိုပါလိမ့်။ သူနားဆင်လိုလှသည်။ သို့သော် မင်းတရားကြီးသည် နှုတ်ခမ်းလေးလှုပ်ရုံမှလွဲ၍ ဘာမျှမပြောကြားနိုင်တော့ပြီ။ မကြာပါချေ။ တောင်ငူရွှေနန်းရှင်၏ ဦးခေါင်းသည် တစ်ဖက်သို့ အနည်းငယ် တိမ်းစောင်းသွားတော့သည်။

'ရွှေတောင်ကြီး ပြိုသွားပေပြီ'

နတ်သျှင်နောင်သည် အသက်ဝိညာဉ် ချုပ်ငြိမ်းနေပြီဖြစ်သော ခမည်းတော်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။ ရင်ထဲ၌ တင်းကျပ်မှုကို ခံစားနေရသည်။ ဇာတိသွေး၊ ဇာတိမာန်နှင့် ပြည့်စုံသည့် ခမည်းတော်၊ အနော်ရထာမင်းကြီး လက်ထက်ကကဲ့သို့ မြန်မာနိုင်ငံကြီးကို စည်လုံးညီညွတ်အောင်ထူထောင်လိုသော ခမည်းတော်၊ လူ့လောကတွင် မရှိတော့ပြီ။ စစ်ရေးစစ်ရာတွင် သူ့ကိုအမြဲတမ်းဦးဆောင်ညွှန်ကြားခဲ့သော ခမည်းတော်အတွက် သူ့ရင်ထဲ မှာ ယူကျုံးမရခြင်း၊ နှမြောတသခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတို့သည် လှိုက်ခနဲတက်လာသည်။ မျက်ဝန်းအိမ်ထဲတွင်လည်း မျက်ရည်ပူများပြည့်အိုင်လာသည်။ သို့သော် သူသည်ကျလုလု မျက်ရည်ကိုထိန်းလိုက်၏။ ရင်နှင့်အပြည့် အသက်ရှူလိုက်ခြင်းဖြင့် စိတ်တည်ငြိမ်မှုရသွားသည်။ နတ်သျှင်နောင်သည် ခမည်းတော်ကို ရိုသေစွာဦးခိုက်ရင်း တိုးတိုးလေး ကတိပေးလိုက်သည်။

'တောင်ငူရွှေနန်းကို အသက်နဲ့လဲပြီး ကာကွယ်ပါ့မယ်ခမည်းတော်'

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

# တောင်ငူမှန်ကင်းထင်းဖြစ်ခဲ့ရပြီ

နတ်သျှင်နောင်သည် 'သီဟသူရ' ဟူသောဘွဲ့ဖြင့် တောင်ငူနန်းကို ဆက်ခံသည်။ ညီတော်မင်းရဲကျော်စွာကို အိမ်ရှေ့အရာ အပ်နှင်းသည်။

ထီးနန်းဆက်ခံပြီး ရက်များမကြာမီမှာပင် ထီးဖြူလေးစင်းမိုးကာဝေါ ပြာသာဒ်စီးလျက် မြို့လည်တော်မူသည်။

တောင်ငူထီးနန်းကို ဆက်ခံရပြီဖြစ်သော်လည်း နတ်သျှင်နောင်အဖို့ သူ့ရည်မှန်းချက် မပြည့်ဝသေးပေ။ သူသည် ဘုရင့်နောင်မင်းတရားကြီးကဲ့သို့ ဘုန်းလက်ရုံးနှင့် ပြည့်စုံသော 'စကြာဇ်ဘုရင်' တစ်ပါးဖြစ်လိုသည်။

ယခု လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေကို ကြည့်လျှင် အင်းဝဘုရင် မဟာဓမ္မရာဇာ (အနောက်ဘက်လွန်မင်း) ၏ အင်အားမှာမသေးလှ။ အထက် မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်တစ်လွှား၊ ပြည် စသည်တို့သည် အင်းဝဘုရင် ၏ လက်နက်နိုင်ငံများဖြစ်နေကြပေပြီ။ သည်တစ်ကြိမ် အင်းဝဘုရင်၏ ပစ်မှတ်မှာ တောင်ငူမှလွဲ၍ အခြားမရှိတော့ပြီ။

မှန်ပါသည်။ နတ်သျှင်နောင်နန်းတက်ပြီး မကြာမီမှာပင် အင်းဝဘုရင် သည် တောင်ငူသို့ချီတက်ရန် မှူးမတ်များနှင့် တိုင်ပင်တော့သည်။ ဤတွင် ဝန့်ရှင်တော် သီရိဇေယနော်ရထာက ယခုလိုတင်လျှောက်သည်။



'တောင်ငူသည် အခြားအခြားသော ပြည်ကဲ့သို့မဟုတ်ပါ မင်းကြီး၊ မှူးကောင်း၊ မတ်ကောင်းတွေနှင့် ပြည့်စုံသည်။ ဆင်ကောင်း၊ မြင်းကောင်း တွေလည်း များပြားလှ၏။ မြို့ပြကလည်း ခိုင်ခံ့လှပါသည်။ ပေါ့လျော့စွာ လုပ်ကြံရန် မသင့်ပါ။ နိုင်ငံတော်အတွင်းရှိ ဆင်လုံး၊ မြင်းလုံးနှင့် စည်းစည်း ကြပ်ကြပ် လုပ်ကြံပါမှ အရေးတော်လှမည် ဖြစ်ကြောင်းပါဘုရား'

'ကောင်းပြီ။ ရှမ်းပြည်နယ်တစ်လွှား လက်နက်နိုင်ငံများကို ဆင့်ခေါ် ချေ။ ငါကိုယ်တော်တိုင် ချီတက်လုပ်ကြံတော်မူမည်ကို တောင်ငူမြို့ခံနိုင်မည်လား'

သို့ဖြင့် ဝန့်ရှင်တော် သီရိဇေယနော်ရထာသည် ရှမ်းပြည်နယ်တစ်လွှား ရှိ မြို့စားစော်ဘွားများ ရွှေဖဝါးတော်အောက် အမြန်ရောက်ကြရန် ဆင့်ခေါ် လိုက်သည်။ တပ်ကူများ စုံညီစွာရောက်လာပြီ။ 'တောင်ငူသို့ ချီတက်မည့် တပ်မတော်တွင် နန္ဒသူရိယကို စစ်ကဲ၊ သီရိဇေယျကျော်ထင်ကို တပ်မှူးခန့် တော်မူသည်။ တိုက်ဆင်ငါးရာ၊ စစ်မြင်းတစ်သောင်း၊ စစ်သည်သူရဲတစ်သိန်း နှစ်သောင်းပါဝင်သော အင်းဝတပ်ကြီးသည် ဘုရင်မဟာဓမ္မရာဇာ ကိုယ်တိုင် ဦးဆောင်လျက် တောင်ငူသို့ ချီတက်လာသည်။ ပင်းကြားစကားအင်းသို့ ရောက်သည့်အခါ ခေတ္တစခန်းချရပ်နားကြသည်။ ထိုစဉ် အင်းဝဘုရင်၏ တဲ တော်ဦးတွင် ဥက္ကာပျံလာ၍ကျသည်။ မင်းကြီးက ဘားမဲ့ဆရာတော် ဘုရား အားလျှောက်ထားရာ ဆရာတော်က ယခုလိုမိန့်ကြားသည်။

'တဲတော်ဦးတွင် ဥက္ကာပျံကျသည့် အလိုအရ ကေတုမတီကို အလျင် အလိုတော်ပြည့်မည်။ တောင်ငူမင်းနှင့်တကွ ဆွေတော်မျိုးတော်များ၊ ပညာရှင် များကိုလည်း သိမ်းယူနိုင်လိမ့်မည် ဒကာတော်မင်းမြတ်'

ဆရာတော်၏ မိန့်ကြားချက်ကို ကြားနာရသည့်အခါ အင်းဝဘုရင် လည်းများစွာ အားတက်ဝမ်းမြောက်တော်မူသဖြင့် ဆက်လက်ချီတက်ကြသည်။

ဆွာချောင်းသို့ ရောက်သည့်အခါ ရှေ့ဆက်၍ မချီတက်နိုင်တော့ပြီ။ ရေအလွန်ကြီးနေသည်။ မည်သည့်နေရာကြည့်ကြည့် ရေတွေဖွေးဖွေးလှုပ်။ ရှေ့မဆက်နိုင်သဖြင့် စခန်းချရပ်နားရန်ပင် ရေလွတ်သောနေရာမရှိသလောက် ဖြစ်နေသည်။ ထို့ကြောင့် ရေမရောက်သည့် ကုန်းမြင့်နေရာများရှာ၍ ဟိုတစ်စု သည်တစ်စုနေကြရသည်။ ဆင်မြင်းများကိုလည်း မြင့်ရာအရပ်ရှာပြီး ပြောင်း ရွှေ့ထားကြရ၏။ ရေနီချောင်း၊ ကျောက်ချက်ချောင်းများကား ရေတွေအပြည့်။ သွားရေးလာရေး အလွန်ခက်ခဲသွားသဖြင့် နေပြည်တော်နှင့် အင်းဝတပ်မတော် တို့ ဆက်သွယ်ရေးလမ်းကြောင်းပြတ်သွားသည်။ သံတမန်အစေအပါးများ

www.burmeseclassic.com

www.burmeseclassic.com



အလျှင်အမြန် မပေါက်ရောက်နိုင်ချေ။ အဆိုးဆုံးမှာ မျိုးရိက္ခာများတပ်မတော်ကြီး ရှိရာသို့ အချိန်မီမပို့နိုင်ခြင်းပင်ဖြစ်သည်။ ဤတွင် စစ်သည်ရဲမက်များ အစာရေစာ ဆွန့်ရှားကာ များစွာဒုက္ခရောက်ကြရသည်။

အင်းဝဘုရင်လည်း ယုံကြည်အားထားမြဲဖြစ်သည့် ဘားမဲ့ဆရာတော်အား ထိုအခြေအနေကို လျှောက်ထားပြန်သည်။ ဆရာတော်က ရေကျလျှင် ကေတုမတီကို အလိုတော်ပြည့်မည်ဟုသာ ပြန်လည်မိန့်ကြားသည်။

သည်လိုနှင့် အင်းဝတပ်ကြီးသည် ဆွာချောင်းတွင် ရက်နှစ်ဆယ် ကျော်ခန့်ကြာသွားသည်။ ပြည့်လျှံနေသော ချောင်းရေများ တဖြည်းဖြည်းကျသွား၏။ အင်းဝတပ်ကြီးလည်း ချောင်းကိုကူး၍ ဆက်လက်ချီတက်သည်။ တောင်ငူသို့ ရောက်လျှင် မြို့၏အရှေ့မြောက်ထောင့်တွင် အခိုင်အမာတပ်ချတည်နေ၏။

အင်းဝ တပ်ချည်းသာမဟုတ်သေး။ အင်းဝဘုရင့် ညီတော်မင်းရဲသိခ်သူ ကလည်း တိုက်ဆင်လေးဆယ်၊ စစ်မြင်းသုံးရာ စစ်သည်သုံးရတစ်သောင်းနှင့် ပြည်မှ ရောက်လာကာ မြို့မြောက်ဘက်တွင် ရဲထားပြန်သည်။

မကြာခင်မှာပင် အင်းဝမင်းတရားသည် မြို့အနောက်ဘက် ကြက်ရိုး ပင်အရပ်သို့ ပြောင်းရွှေ့၍ တပ်တည်နေပြန်၏။ သည်အချိန်အထိ တောင်ငူ ဘုရင် နတ်သျှင်နောင်ဘက်မှ ဘာမျှလှုပ်ရှားမှုမရှိသေးချေ။

ကြက်ရိုးပင်တွင် ရှိနေသော အင်းဝတပ်ကြီးသည် မဟာဒေဝီရှင် မိဖုရား၏ ကောင်းမှုတော်ကို ပတ်ပြီးတပ်တည်ရန် ကြိုးစားသည်။ အင်းဝမှ သီရိဇေယနော်ရထာသည် မြင်းသည်တော်သုံးရာကျော်နှင့် တပ်ရာနင်းသည်။

တိုက်ပွဲကား စလေပြီ။

တောင်ငူဘုရင်ဘက်မှ မြင်းတပ်၊ ဆင်တပ်အလုံးအရင်း၏ ညာသံပေးသော ကြွေးကြော်သံများကား မြည်ဟိန်းကာ တစ်ခဲနက်ထွက်ပေါ်လာ၏။ မြင်းတန်းကြီးသည် ညို့မှလွှတ်သောမြားကဲ့သို့ သီရိဇေယနော်ရထာတို့ တပ်ရာ မနင်းနိုင်အောင် အပြင်းလိုက်၍တိုက်ကြသည်။ အရောရော အထွေးထွေးတိုက် နေစဉ် သီရိဇေယနော်ရထာ၏ ခါးကိုလှံနှင့် ထိုးမိပြီး မြင်းပေါ်မှကျသွားသည်။ ဤသည်ကို မြင်လိုက်သော တောင်ငူသူရဲကောင်းသည် သီရိဇေယနော်ရထာ ၏ ဦးခေါင်းကို တောင်ငူဘုရင်အား ဆက်သရန်ယူသွားတော့သည်။

အင်းဝဘုရင်၏ စစ်သည်များလည်း သည်အဖြစ်အပျက်ကို မြင်လိုက် သည်နှင့် မြင်းသည်ကျော်ငါးရာနှင့်လိုက်၍ တိုက်သည်။ တောင်ငူမြင်းတပ်ပျက် ၍ မြို့တွင်းသို့ပြေးဝင်ကြရသည်။ ကျန်ရစ်သော မြင်းအစီးသုံးဆယ်ခန့်ကို



အင်းဝတို့ဘက်မှ ရလိုက်၏။ သီရိဇေယနော်ရထာကျဆုံးသွားသော်လည်း အင်းဝတို့တပ်တည်နိုင်ခဲ့သည်။

အင်းဝဘုရင်သည် ထိုမျှနှင့် မရပ်နားသေးပေ။ နောက်တစ်ကြိမ် 'ကျောင်းရှစ်ဆယ်ပန်းဆေး' ကိုပတ်၍တပ်တည်ရန် တပ်ရာနင်းပြန်သည်။

တောင်ငူဘုရင်ဘက်မှ အမတ်ကြီးဘယဂါမဏိသည် စောရန်နှင်းဆင် တော်ကိုစီးပြီး သားကိုကုန်းလယ်တင်ကာ ထွက်လာ၏။ သူသည် ဆင်ဖြူရှင် မင်းသားတော် ကျွန်းဆုံမင်းရှိရာသို့ ရှေးရှုလာသည်။ ဤတွင် ကျွန်းဆုံမင်းက သူ့ထံမလာရန် သူနှင့်တိုက်ဖက်မတန်ကြောင်း ဟစ်၍ပြောသည်။ သူ့ဆင်ကငယ် သည်။ ပြန်တိုက်လျှင်လည်း အခက်၊ မတိုက်လျှင်လည်း အခက်။ သူမည်မျှ ဟစ်အော်တားမြစ်သော်ငြား ဘယဂါမဏိသည် ရပ်တန့်ခြင်းမပြု။ ထို့ကြောင့် ကျွန်းဆုံမင်းလည်း ခုခံတိုက်ခိုက်ရတော့သည်။ ကျွန်းဆုံမင်း၏ ဆင်ကိုတောင်ငူ ဘယဂါမဏိ၏ ဆင်ကကော်ပစ်လိုက်ရာ ဆင်လည်သွားပြီး ကျွန်းဆုံမင်း ဆင်ပေါ်မှကျသည်။ ချက်ချင်း မြင်းတစ်စီးပေါ်သို့ တက်၍ဆုတ်သွားသည်။

ဘယဂါမဏိလည်း အခြားဆင်တစ်စီးကို တိုက်ပြန်သည်။ သည် အခိုက် အင်းဝဘက်မှ သေနတ်စစ်သည်တစ်ယောက်သည် သေနတ်ဖြင့်ပစ်လိုက် ၏။ ဘယဂါမဏိကျည်သင့်၍ ဆင်ဦးတွင်ပင်ဆုံးချေသည်။ သခင်ဆုံးသွားသော် ငြားလည်း သူ့ဆင်သည် အလျှော့မပေး။ အခြားဆင်တစ်စီးကို ဇော့လိုက်ရာ ထိုဆင်လဲသွား၏။ ဤသို့ ဘယဂါမဏိ၏ ဆင်တစ်စီးတည်းသာ လက်ျာလက်ဝဲ ဇော့နေသည်ကိုမြင်လျှင် အင်းဝဘုရင်၏ ရဲမက်တော်မြင်းသည်တော်တို့လည်း ဝန်းရံ၍ ဆင်ပေါ်သို့တက်ရန် ကြိုးစားသည်။ အတက်မခံ။ သို့နှင့် မြင်းသည် တော်တစ်ဦးသည် ဆင်အနားသို့ စွန့်စားတိုးကပ်သွားကာ ဆင်မြီးကိုဖြတ်လိုက် သည်။ သည်တော့မှ ဆင်တော်စောရန်နှင်းလည်း ရပ်၍ အဖမ်းခံသည်။

တောင်ငူဘုရင် နတ်သျှင်နောင်သည် ဘယဂါမဏိတိုက်ပွဲတွင် ကျဆုံး ကြောင်းနှင့် ဆင်တော်စောရန်နှင်း အင်းဝလက်သို့ပါသွားကြောင်း ကြားလျှင် မင်းညီမင်းသား၊ မှူးမတ်များ မြင်းသည်တော်များ အားလုံးကိုစုရုံးစေကာ အကျိုးအကြောင်းကို မေးတော်မူသည်။ ဤတွင် သိမြင်သူက ယခုလိုပြန်လည် တင်လျှောက်ခဲ့သည်၊

'မှန်လှပါဘုရား၊ ညီတော်မင်းရဲသီဟသူ၊ ညီတော်မင်းရဲကျော်ထင်နှင့် ဆင်စီးအမတ်တစ်ကျိပ်ကျော်တို့ဟာ ဆင်နှင့်မြို့အနောက်တောင်ထောင့်သို့ သွားကြကြောင်းပါ။ ထိုနေရာမှ အင်းဝသားများ မြို့ကိုမတက်နိုင်အောင် ဆီး

www.burmeseclassic.com

www.burmeseclassic.com



ကြိုခံကြပါသည်ဘုရား။ ဘယဂါမဏိနှင့် နန္ဒသူရိယတို့မူကား ဆင်နှစ်စီးနှင့်သာ မြို့မြောက်ဘက်သွားကြကြောင်းပါ။ အခြေအနေမကောင်းကြောင်း ညီတော်များသိသည်နှင့် မြို့မြောက်သို့ ထပ်မံလိုက်သွားကြပါသည်။ အတူပါသွားသူ နန္ဒကျော်ထင်က အလျင်ရောက်၍ ညီတော်တို့ကနောက်မှရောက်ကြပါသည်။ နန္ဒကျော်ထင်စီးသော နာဂဝရဆင်တော်ကို အင်းဝစစ်သည်တို့မြင်သည်နှင့် ဆုတ်သွားကြကြောင်းပါဘုရား'

လျှောက်တင်ချက်ကို ကြားနာပြီးသည့်အခါ တောင်ငူဘုရင်နတ်သျှင်နောင်သည် ပြင်းစွာအမျက်ထွက်၏။ မြို့မြောက်ဘက်သို့သွားသူ နန္ဒသူရိယကို ကုန်းလယ်နောက်ပုံနှင့်တကွ ကြီးစွာအပြစ်ပေးတော်မူသည်။ ကျန်မှူးမတ်များကိုလည်း ထိုက်သင့်သည့်အပြစ်ပေးသည်။ နန္ဒကျော်ထင်ကိုမူကား အားရကျေနပ်သဖြင့် သိရိဇေယျကျော်ထင်ဟူသော ဘွဲ့အမည်ချီးမြှင့်တော်မူသည်။

'အင်းဝဘုရင်ကို နိုင်ရမည်' ဟု အပိုင်တွက်ဆထားသော တောင်ငူဘုရင်နတ်သျှင်နောင်သည် လက်ရှိအခြေအနေကို မကျေမနပ်ဖြစ်နေသည်။ သံလျက်ကို တင်းတင်းဆုပ်ကာ တက်တစ်ချက် ပြင်းပြင်းခေါက်လိုက်၏။ သူ့ ရှေ့တွင်ခေါင်းငုံ့ခံစားနေကြသော ညီတော်များ၊ ဘထွေးတော်နှင့် စစ်သူကြီးများ၊ မှူးကြီးမတ်ကြီးများကို တစ်ဦးချင်းစီလိုက်ကြည့်သည်။ ဒေါသကြောင့် သူ့မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်နေသည်။

'အင်းဝတပ်များ တပ်ရာမနင်းနိုင်အောင် တိုက်ရမည်။ ဒါ တောင်ငူဘုရင်ရဲ့ အမိန့်တော်ပဲ'

နတ်သျှင်နောင်၏ အမိန့်ပေးသံသည် ဟိန်း၍ထွက်လာ၏။ မည်သူမျှ စောဒကမတက်ဝံ့ပြီ။ နတ်သျှင်နောင်၏ အသည်းနှလုံးသည် ရတုကဗျာစပ်ဆိုရာ၌ နူးညံ့ပျော့ပျောင်းသလောက် စစ်ဘုရင်အဖြစ် တိုက်ရေးခိုက်ရေးတွင်မူ သံမဏိလို မာကြောသည်ကို အားလုံးသိထားကြသည်။ ထို့ကြောင့်လည်း 'အမူတော်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ဝံ့ကြောင်းပါ ဘုရား' ဟုသာ ပြန်လည်တင်လျှောက်လိုက်ကြသည်။

တောင်ငူစစ်သည်တော်များသည် ပန်းဆေးတွင် တပ်မတည်နိုင်အောင် ရှုပ်ရှုပ်ချုံချုံတိုက်ကြသည်။ အကြိမ်ကြိမ်တိုက်ကြသည်။ အင်းဝတပ်ကို လိုက်လံဖျက်ဆီးတိုက်ခိုက်ကြသော်လည်း မဖျက်ဆီးနိုင်။ နောက်ဆုံးတွင် အင်းဝတို့ဘက်မှ တပ်တည်နိုင်ခွင့်ရသွားလေတော့သည်။



တောင်ငူမြို့ကြီးကို အင်းဝတပ်ကြီးဝိုင်းထားပေပြီ။ မြို့တွင်းသားတို့ မလှုပ်ရှားနိုင်။ အကျဉ်းကျနေသူများပမာ စိတ်ကျဉ်းကျပ်နေကြသည်။ ကြာလျှင် အစာရေစာ ဆွေနှ့ရှားပြီး အငတ်ဘေးနှင့်ကြုံရပေတော့မည်။ ဤသည်ကို တောင်ငူဘုရင်၏ ညီတော်များ၊ ဘထွေးတော်နှင့် မှူးတော်မတ်တော်တို့သည် စိုးရိမ်ပူပန်လာကြ၏။ ထို့ကြောင့် တောင်ငူဘုရင်အပေါ်တွင် ဩဇာလွှမ်းမိုးနိုင်သူကို ချဉ်းကပ်ကြ၏။ ထိုသူကား 'ပြာသာဒ်ကျောင်းဆရာတော်' ပင်တည်း။

'အရှင်ဘုရား – ယခု အင်းဝတပ်များမြို့ကို ဝန်းရံထားသည်မှာ အတော်ပင်ကြာနေပါပြီ။ တပည့်တော်များ ပြန်လည်တိုက်ထုတ်ရန်အရေးမှာ များစွာ ခက်ခဲလှပါသည်။ အညံ့ခံတော်မူမည့်အကြောင်း တောင်ငူဘုရင်အား မေတ္တာရပ်ခံပေးတော်မူပါဘုရား။ အကယ်၍ အညံ့ခံတော်မမူချေက တစ်ပြည်လုံးပျက်စီးခြင်းသို့ ရောက်ရပါတော့မည်ဘုရား'

ပြာသာဒ်ကျောင်းဆရာတော်ကား သတ္တဝါများ အချင်းချင်းရန်မပြုဘဲ အေးငြိမ်းချမ်းသာစွာ နေစေလို၏။ အမုန်းများ၍ ရန်ပွားတတ်သောသူတို့၏ အလယ်၌ မေတ္တာရှေ့ထား ရန်မပွားဘဲနေကြစေလို၏။ ထို့ကြောင့် မင်းညီမင်းသား မှူးမတ်များ၏ လျှောက်တင်ချက်ကို လက်ခံပြီး နန်းတော်သို့သွားကာ တောင်ငူဘုရင်အား ယခုလိုမေတ္တာရပ်ခံသည်။

'ဒကာတော် ဘုရင်မင်းမြတ်၊ ယခုပြည်ထဲရေးကို ထောက်ဆယင်အလွန်တရာ ခက်ခဲနေပေပြီ၊ ဒကာတော်ဘက်က အညံ့ခံမှသင့်မြတ်ပေမည်။ အတိုက်အခိုက် အတုအပြိုင်ဟူသမျှမှာ အနိုင်ရတဲ့သူမှာလည်း ရန်များသည်။ ရှုံးနိမ့်တဲ့သူမှာလည်း ဆင်းရဲငြိုငြင်စွာ နေရသည်။ သည်တော့ အေးအေးချမ်းချမ်းနဲ့ ပြီးဆုံးသွားအောင် ပြုလုပ်စေချင်သည် ဒကာတော်'

တောင်ငူ ဘုရင်နတ်သျှင်နောင်ကား အင်းဝကို အညံ့ခံအရှုံးပေးရမည်ထက် အသက်နှင့်လဲပြီး တိုက်ခိုက်လိုသည်။ သည်စိတ်ဓာတ်မျိုးသည်သာ ယောကျာ်းကောင်းတို့၏ အကြီးမားဆုံးသော အရည်အသွေးဟု ယူဆထား၏။ ထို့ကြောင့် ပြာသာဒ်ကျောင်းဆရာတော်၏ မေတ္တာရပ်ခံချက်ကိုငြင်းပယ်လိုက်သည်။

'အရှင်မြတ်ဘုရား– တပည့်တော်တို့ ညီနောင်လေးပါးစီးသည့် ဆင်လေးစီးကိုမြင်လျှင်ပင် အင်းဝစစ်သည်တို့ ခံနိုင်မည်မဟုတ်ပါဘုရား'

ပြာသာဒ်ကျောင်းဆရာတော်လည်း နတ်သျှင်နောင်ကို နားချမေတ္တာရပ်ခံရာ မအောင်မြင်သဖြင့် ကျောင်းသို့ပြန်ကြွသွား၏။ နောက်တစ်နေ့ မိုးသောက်လျှင် ဘထွေးတော် သတိုးဓမ္မရာဇာ၊ ညီတော်မင်းရဲကျော်စွာ၊ ညီတော်

www.burmeseclassic.com

www.burmeseclassic.com



လတ်မင်းရဲသီဟသူ၊ ညီထွေးမင်းရဲကျော်ထင်တို့သည် ဆရာတော်ဘုရားကျောင်းသို့ သွားရောက်၍ အရေးတော်ပြီးမည့်အကြောင်း ထပ်မံမေတ္တာရပ်ခံပေးပါရန် လျှောက်တင်ကြပြန်သည်။

သို့နှင့် ဆရာတော်သည် နောက်တစ်နေ့မှာပင် တောင်ငူဘုရင် နတ်သျှင်နောင်ထံ ရောက်လာပြီး ထပ်မံမေတ္တာရပ်ပြန်လေသည်။ သည်တစ်ကြိမ်တွင်မူ တောင်ငူဘုရင်မချေပနိုင်အောင် ဆရာတော်က ရှင်းလင်းပြသည်။ ယုံစားအားကိုးသော ညီငယ်များနှင့် ဘထွေးတော်တို့သည်ပင် အင်းဝတပ်ကို ယှဉ်ပြိုင်၍ မတိုက်ခိုက်ဝံ့ကြောင်းသိစေ၏။ အရေးတော် အေးချမ်းစွာပြီးမှ ပြည်သူလူအပေါင်း ချမ်းသာရာရမည်ကို ရှင်းပြ၏။ ပြီးတော့ ယခုလိုတရားချပြန်သည်။

'မင်းမြတ် – တရားတော်တွင် ဖြစ်တတ်သော သဘောတရားသည် ဖြစ်တတ်၏။ ပျက်တတ်သော တရားလည်း ပျက်တတ်၏။ ထိုသို့ဖြစ်တတ်ပျက်တတ်သော တရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်သာလျှင် စင်စစ်အားဖြင့် အမြဲရှိသည်။ အလောင်းတော်တို့သည် ကောင်းမြတ်သော သတိတရားနှင့် မကင်းအောင်နေတတ်ကြ၏။ ဒကာတော်လည်း သည်တရားတော်ကို အသင့်အတင့် နှလုံးသွင်းတော်မူပါ' စသည် စသည်ဖြင့် တရားပြပြီး မေတ္တာရပ်ခံလေတော့သည်။

ဆရာတော်၏ စကားဆုံးသောအခါ နတ်သျှင်နောင်သည် ဆရာတော်၏ မျက်နှာကိုမော်ဖူးလိုက်သည်။

'ညီတော်အိမ်ရှေ့မင်းသား မင်းရဲကျော်စွာ၊ ညီတော်လတ်မင်းရဲသီဟသူ၊ ညီထွေးမင်းရဲကျော်ထင်၊ သင်းတို့ရဲ့ အစွမ်းသတ္တိတွေ၊ အားမာန်တွေဘယ်ရောက်ကုန်ပြီလဲ၊ သည်လောက်သတ္တိကြောင်တာ ဘိုးတော်ဘုရင့်နောင်မင်းတရားကြီးရဲ့ သွေးမှ ဟုတ်ပါလေစ။ ဘထွေးတော် သတိုးဓမ္မရာဇာကကော…'

သည်စကားစုများသည် စစ်ဘုရင်နတ်သျှင်နောင်၏ ရင်ထဲ၌သာ လှိုင်းဘောင်ဘင်ခတ်လျက်ရှိ၏။ လည်ချောင်းကိုကျော်၍ ထွက်မလာကြပေ။ မခံမရပ်နိုင်လောက်အောင် နာကြည်းလှသဖြင့် သူ့စိတ်သည် ပြင်းထန်စွာ လှုပ်ရှားနေလေသည်။

နတ်သျှင်နောင်သည် ညီတော်၊ ဘထွေးတော်တို့မှအစ ပြည်သူတစ်ရပ်လုံး စစ်၏ဆိုးကျိုးများကို သည်မျှထိ ကြောက်ရွံ့စိုးထိတ်နေကြပြီဖြစ်ကြောင်း သိလိုက်ရသည့်အခါ အများဆန္ဒကို လိုက်လျောရန်ဆုံးဖြတ်လိုက်ရတော့သည်။



'ပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးပြီး အေးချမ်းစေမည့်အကြောင်း ဆရာတော်ဘုရားပင် ဆောင်ရွက်ပေးပါဘုရား'

သူ့အသံသည် တုန်ခါနေ၏။ နာကြည်းစိတ်၊ ယူကျုံးမရစိတ်၊ ခံပြင်းစိတ်တို့ကြောင့် တုန်လှုပ်နေသည်ကို သူ့အသံက ဖုံးကွယ်ထားနိုင်စွမ်း မရှိတော့ပြီ။

ပြာသာဒ်ကျောင်း ဆရာတော်လည်း တောင်ငူဘုရင်က လက်ခံလိုက်ပြီဖြစ်၍ မိမိကျောင်းသို့ပြန်ကြွလာသည်။ ကျောင်းမှ တပည့်သံဃာရှစ်ပါးနှင့် အတူ မြို့တွင်းမှထွက်၍ အင်းဝဘုရင်ရှိရာသို့ ကြွတော်မူသည်။ ပြာသာဒ်ကျောင်းဆရာတော် ကြွလာကြောင်း မင်းချင်းတို့က အင်းဝဘုရင်အားလျှောက်တင်ကြသည်။ အင်းဝဘုရင်က မည်သည့်အကြောင်းကြောင့် ကြွလာကြောင်း မေးမြန်းလျှောက်ထားစေသည်။ ဆရာတော်ဘုရားက–

'ပြည်ထောင်မင်းနှစ်ပါး ချစ်ကြည်လေးမြတ်မည့်အကြောင်း မေတ္တာရပ်ခံရန်လာကြောင်း တင်လျှောက်ပါ' ဟု ပြန်လည်မိန့်ကြားသည်။

သည်စကားကို ကြားသည့်အခါ အင်းဝဘုရင်က တပ်တော်ရှိရာသို့ မလာစေနှင့် ဆီး၍တားမြစ်ရမည်ဟု အမိန့်တော်ချမှတ်သည်။ ဆရာတော်လည်း တောင်ငူမြို့သို့ မပြန်သေးဘဲ အင်းဝဘုရင်၏ ညီတော်မင်းရဲသခ်သူ၏ တပ်သို့ကြွသွားကာ 'ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာစေရန် မေတ္တာရပ်ခံဖို့ ကြွလာကြောင်း' မိန့်တော်မူသည်။ သည်အခါ မင်းရဲသခ်သူက

'တပည့်တော်– နောင်တော်ဘုရားကို မလျှောက်တင်ဝံ့ပါဘုရား' ဟု တင်လျှောက်သည်။

ဆရာတော်ဘုရားလည်း မင်းရဲသခ်သူအား တစ်နာရီခန့် တရားဟောပြီးသော် တောင်ငူမြို့တွင်းသို့ ပြန်ကြွသွား၏။ ဆရာတော်သည် အားမလျှော့သေး။ မိုးသောက်လျှင် အင်းဝဘုရင်ရှိရာသို့ ထပ်မံကြွသွားကာ ခပ်သိမ်းသော သတ္တဝါများ ချမ်းငြိမ်းစေမည့်အကြောင်း အင်းဝဘုရင်အား တရားဟောပြော မေတ္တာရပ်ခံပြန်သည်။

နောက်ဆုံးတွင် အင်းဝဘုရင်က ယခုလိုလျှောက်တင်သည်။

'အရှင်ဘုရား၊ သတ္တဝါအပေါင်း၏ ဘေးကိုမြင်၍တိုက်ခိုက်ခြင်းမပြုရန် မေတ္တာရပ်ခံသည်ကို ချက်ချင်းခွင့်မပြုသာသေးပါ။ တောင်ငူဘက်မှ ညီသူကျော်ထင်အမတ်၊ ရာဇသင်္ကြံအမတ်တို့ကို စီးမြင်း၊ နင်းမြင်းအစီးအနင်းအဆောင် အယောင်များနှင့်တကွ ထွက်လာပါစေ'

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားလည်း ကောင်းလှပြီဟု မိန့်ကြားကာ တောင်ငူမြို့တွင်းသို့ ပြန်ဝင်လာ၏။ နန်းတော်သို့ရောက်လျှင် တောင်ငူဘုရင် နတ်သျှင်နောင်အားအင်းဝဘုရင်၏ အလိုတော်ကို သိစေလိုက်၏။

တောင်ငူဘုရင်လည်း ဆိုခဲ့သည့်အတိုင်း အမတ်ကြီး စည်သူကျော်ထင်နှင့် အမတ်ကြီးရာဇသင်္ကြံတို့ကို စီးနင်းမြဲအဆောင်အယောင်နှင့်တကွ အင်းဝဘုရင်ထံသို့ သွားစေ၏။ ရောက်လျှင် အမတ်ကြီးတို့၏ အဆောင်အယောင်များကို ရုပ်သိမ်းလိုက်ပြီး မင်းရဲကျော်စွာ၊ မင်းရဲသီဟသူနှင့် မင်းရဲကျောင်ထင်တို့ကိုလည်း စီးနင်းမြဲ အဆောင်အယောင်များနှင့် ထွက်လာစေရန် မှာကြားကာ မြို့တွင်းသို့ ပြန်ဝင်စေ၏။

တောင်ငူဘုရင်လည်း ညီတော်သုံးပါးကို ဆင်တော်ရတနာကျော်ခေါင်၊ ရတနာတန်ဆောင်၊ ဇမ္ဗူ့သေဠ်နင်း... သည်ဆင်သုံးစီးဖြင့်ထွက်စေ၏။

အင်းဝဘုရင်ဘက်မှ မြင်းသုံးရာကျော်ဖြင့် ဆီးကြိုသည်။ ရောက်လျှင် အင်းဝဘုရင်၏ ညီတော်မင်းရဲသခ်သူ၊ ညီတော်စကုမင်းတို့နှင့် စကားစမြည်ပြောရင်း စောင့်နေရသည်။ ထိုစဉ် တောင်ငူဘုရင့်ညီတော်မင်းရဲကျော်စွာသည် သူ့လက်မှ လက်စွပ်ကိုချွတ်ပြီး အင်းဝမင်းရဲသခ်သူကို ကမ်းပေးရင်း ယခုလို ပြောသည်။

'ကျွန်ုပ်လက်စွပ်ကို ယောက်ဖတော်ဝတ်ပါ'

မင်းရဲသခ်သူသည် လက်စွပ်ကိုယူ၍ ဝတ်လိုက်၏။ ပြီးသူ့လက်မှ လက်စွပ်ကို ချွတ်ပေးရင်း 'ကျွန်ုပ်လက်စွပ်ကိုလည်း ဝတ်တော်မူပါ' ဟု ပြော၏။ ယင်းသို့ မင်းသားညီနောင် အချင်းချင်းလက်စွပ်ချင်း လဲလှယ်ဝတ်ဆင်ပြီး နောက် တောင်ငူမင်းသားသုံးပါးတို့၏ အစီးအနင်း အဆောင်အယောင်များကို ရုပ်သိမ်းလိုက်သည်။

သည်မင်းသားသုံးပါး တောင်ငူမြို့တွင်းသို့ အပြန်တွင်လည်း တောင်ငူဘုရင်၏ ဘထွေးတော်သတိုးဓမ္မရာဇာအား စီးနင်းမြဲ အဆောင်အယောင်များနှင့်တကွ ထွက်လာစေရန်မှာကြားလိုက်ပြန်သည်။

ဘထွေးတော် သတိုးဓမ္မရာဇာလည်း အစီးအနင်း အဆောင်အရွက်နှင့်ထွက်ရသည်။ အင်းဝတပ်သို့ရောက်လျှင် အားလုံးရုပ်သိမ်းလိုက်၏။

နောက်ဆုံးအကြိမ် မြို့တွင်းမှထွက်လာရမည့်သူမှာ တောင်ငူဘုရင်နတ်သျှင်နောင် ကိုယ်တော်တိုင်ပင်ဖြစ်၏။ ထွက်လာရမည့်ရက်ကိုလည်း ဘထွေးတော် သတိုးဓမ္မရာဇာအပြန်တွင်မှာလိုက်သည်။



အင်းဝဘုရင် မဟာဓမ္မရာဇာသည် ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်အားလုံးကို စုရုံးခေါ်တော်မူ၍ ယခုလိုမေးမြန်းတော်မူသည်။

'အမတ်မင်းတို့ ငါ၏ဘိုးတော်ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး အယုဒ္ဓယဘုရင် ဗြသာမိရာဇာကို အောင်တော်မူစဉ်က တဲတော်သို့ခေါ်တော်မူစဉ် မည်သို့အတွေ့ခံတော်မူသလဲ လျှောက်ထားစေ'

ဤတွင်သိမှီလိုက်သူ အမှူးအမတ်များက ယခုလို လျှောက်တင်ကြသည်။

'လျှောက်တင်ပါသည် ဘုရား၊ နီးခေါက်ဖျာတွင် သင်ဖြူးအနားမွမ်းခင်း၍ မင်းဆောင်မင်းယောင်နှင့်တကွ အယုဒ္ဓယမင်းထက်ဝယ်ဖွဲ့ခွေနေရသည်။ ရှိမခိုးရကြောင်းပါဘုရား'

သို့ဖြင့် တောင်ငူဘုရင်ထွက်ကြွလာလျှင် တွေ့ဆုံရန် တဲတော်ကို ဤသို့ဆောက်စေသည်။ တဲတော်မာရဘင်ကို အလယ်ဦးကင်းဆီထည့်ဆောက်သည်။ ရှက်ရှင်တံခါးထားသည်။ တံခါးအတွင်းက တစ်မိုက်ခန့်နေရာကိုမြင့်စေ၍ တောင်ငူမင်းနေစရာကိုလည်း အသင့်စီရင်ထားစေ၏။ ဆောက်လုပ်ပြီးစီးသည့်အခါ တောင်ငူဘုရင်ထွက်ကြွလာနိုင်ပြီဖြစ်ကြောင်း စေလိုက်၏။

တောင်ငူဘုရင်နတ်သျှင်နောင်သည် မြို့လည်သည့်အခါ စီးနင်းသည့်အဆောင်အယောင်အတိုင်း မြောက်စည်သံလွင် တီးမှုတ်၍ ထွက်ကြွလာသည်။ အင်းဝတပ်တော်သို့ရောက်လျှင် တဲတော်ဦးသို့ သက်၍ ခင်းကျင်းထားသောနေရာ၌ ထက်ဝယ်ဖွဲ့ခွေ၍နေရသည်။ သူ့အပါးမှစားတော် ကွမ်းရေကိုင်တို့ကို တံခါးဝမှာသာနေစေ၏။ တောင်ငူ ဘုရင့်အနီးတွင် အင်းဝဘုရင်၏အတွင်း၌ခစားရသော မှူးသားမတ်သားများကို သာထားသည်။ လုံခြုံရေးအတွက်ဖြစ်၏။

တောင်ငူဘုရင်နတ်သျှင်နောင်ရောက်၍ ကွမ်းတစ်ရာညက်ခန့်ရှိမှ ရှက်ရှင်တံခါးကို တွန်းလှစ်လိုက်၏။ ဤတွင်မင်းနှစ်ပါးတွေ့ဆုံကြသည်။ အောင်နိုင်သူနှင့် ရှုံးနိမ့်သူ။

ဦးစွာ အင်းဝဘုရင်က စတင်ပြောကြားသည်၊

'နောင်တော် တောင်ငူမင်းကို ဆင်စီးချင်းတိုက်ရမည်မှတ်သည်။ ယခုတော့မတိုက်ရပြီ'

'နောင်တော်ကလည်း ဆင်စီးချင်းတိုက်ဖို့ အားသန်လျက်ပင်နေပါသည်။ ညီတော်က ဘုန်းကြီးသော မင်းဧကရာဇ်ဖြစ်လို့ နောင်တော့်မှာဆေးမတွေ့သည့်အနာပြင်းစွာ ဖြစ်လာရသည်။ ဆင်လည်းမစီးနိုင်၊ မြင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



မစီးနိုင်။ တစ်နေရာတည်းမှာပင် ငြိမ်ငြိမ်သက်သက် ထိုင်မနေနိုင်ပေဘူး။ သည်အကြောင်းတွေဟာ ညီတော့်ဘုန်းတန်ခိုး လွှမ်းကဲခြင်းကြောင့်သာဖြစ်ချေသည်’

တောင်ငူဘုရင်က သည်လိုပြန်လည်မိန့်ကြားသည့်အခါ အင်းဝဘုရင်လည်း ပြုံးတော်မူသည်။ ပြီးလျှင် နောင်တော်တောင်ငူမင်းကို ဝင်ပါစေတော့ဟု အမိန့်ရှိလိုက်သည်။

တောင်ငူဘုရင်လည်း မြို့တွင်းသို့ဝင်တော်မူသည်။ လက်နက်ချပြီး၍ သုံးရက်အကြာတွင် မင်းဆွေ၊ စိုးမျိုးမင်းမှူးမင်းမတ်စသည်တို့ကို သစ္စာတော်ပေးသည်။ သစ္စာခံစေပြီးလျှင် အင်းဝဘုရင်က ညီတော်စကုမင်းအား တောင်ငူနန်းကို မှန်းကင်းချ၍ တောင်ငူဘုရင်ကိုပင် မင်းပြုစေ။ မြို့ကိုအပ်ချေဟုစေတော်မူသည်။

စကုမင်းလည်း နောင်တော်မင်းတရား စေတော်မူသည့်အတိုင်း တောင်ငူနန်းတော်ကို မှန်းကင်းချ၍ တောင်ငူဘုရင်ကို မြို့နှင်းသည်။ ဗညားပရန်အမတ်ကိုလည်း တောင်ငူဘုရင်နှင့်အတူ မြို့စောင့်ခန့်ထားသည်။

စစ်ရှုံးသူ နတ်သျှင်နောင်မှာ အသက်မသေ စည်းစိမ်တည်မြဲရသည်ကိုပင် ကျေးဇူးတင်ဟန်ရှိသည်။ ထို့ကြောင့် ငါ့ညီတော်ကိုပေးဖွယ်ကမ်းဖွယ်ပေးချင်ပါသည်ဟုဆိုသည်။

ဤတွင် စကုမင်းက စောင်းတတ်၊ ညှင်းတတ်၊ ပတ်တတ် ကိုသာပေးတော်မူပါဟု တောင်းဆိုသည်။ နတ်သျှင်နောင်က ကြိုက်ရာကိုသာရွေးယူတော်မူပါဟု မိန့်၏။ စကုမင်းလည်း မိမိစိတ်ကြိုက် ‘မင်းဓေယျရန္တမိတ်၊ ရှင်သံခိုနှင့် ရဝေရှင်ထွေး’ တို့ သုံးဦးကို ရွေးယူလိုက်၏။ နတ်သျှင်နောင်အနေဖြင့် ဘာများတတ်နိုင်ပါဦးမည်နည်း။ ထို့ကြောင့် ဆိတ်ဆိတ်သာနေလိုက်သည်။

သည်လို အင်းဝသို့လိုက်ပါရမည့် သတင်းကို ရဝေရှင်ထွေးကြားလျှင် သူ့ကို မချစ်မနှစ်သက်တော့၍ စွန့်ပစ်သည်ဟု အထင်ရောက်သွားပြီး နတ်သျှင်နောင်အပေါ်တွင် နာကြည်းစိတ်ဝင်သွားသည်။ သူကြင်မှ ငါကြင်မည်ဟု မည်သို့ပင် စိတ်တင်းသော်လည်း အင်းဝသို့လိုက်သွားရမည်ကို မပျော်ပိုက်နိုင်ပေ။ သူ့အသည်းနှလုံးတွေ ကြေကွဲရပါပြီ။ ချစ်ဦးသူနတ်သျှင်နောင်နှင့် အပြီးအပိုင်ကွေကွင်းရတော့မည်မို့ စိတ်ဆင်းရဲလှသည်။ သို့သော် ရဝေရှင်ထွေးအနေဖြင့် ဘာမျှမတတ်နိုင်ရှာ။ နောက်ဆုံးတွင် စစ်နိုင်ဘုရင် ရတနာပူရ အင်းဝသို့ ပြန်ကြွသည့်အခါ လိုက်ပါသွားရတော့သည်။



တောင်ငူရွှေနန်းတွင် မှန်ကင်းတင်နိုင်ရေး နတ်သျှင်နောင်သည် ခမည်းတော်နှင့်အတူ နှစ်ရှည်လများ ကြိုးစားခဲ့ရသည်။ ယခုမူသည်မှန်ကင်းကို အင်းဝဘုရင်က ချလိုက်ပြီ။

နတ်သျှင်နောင်၏ ‘ကေရာဇ်ဘုရင်’ ဖြစ်ရေးရည်မှန်းချက်သည်လည်းသည် မှန်ကင်းနှင့်အတူပါသွားခဲ့ပြီ။ ယခု ဆုံးရှုံးမှုသည် နတ်သျှင်နောင်၏ ဘဝတွင်အကြီးမားဆုံးသော ဆုံးရှုံးမှုဖြစ်၏။ စိတ်အထိခိုက်ရဆုံးသော ဆုံးရှုံးမှုဖြစ်၏။ ခမည်းတော်တင်ခဲ့သော မှန်ကင်းကို အသက်နှင့်လဲပြီး မကာကွယ်နိုင်ခဲ့လေ။ နတ်သျှင်နောင်သည် အံကိုတင်းတင်းကြိတ်ကာ ခမည်းတော်အားရင်ထဲမှ တောင်းပန်လိုက်သည်။

‘တောင်ငူမှန်ကင်းထင်းဖြစ်ခဲ့ရသည့်အတွက် သားတော်ကို ခွင့်လွှတ်ပါ ခမည်းတော်ဘုရား’

အင်းဝဘုရင်သည် တောင်ငူကို အလိုတော်ပြည့်လျှင် ရတနာပူရအင်းဝနေပြည်တော်သို့ ပြန်တော်မူသည်။ ရွှေရင်မျှော်သို့ရောက်လျှင် ယခုလိုစဉ်းစားမိသည်။

‘သံလျင်စား ဇင်ကာဟာ လက်နက်အင်အားတောင့်တင်းတယ်။ ဂိုအာမြို့ ပေါ်တူဂီအစိုးရကလည်း သူ့ကိုသံလျင်တပ်မှူးအဖြစ် အသိအမှတ်ပြုကာ စစ်သည်နဲ့ သင်္ဘောတွေထပ်မံပို့ပြီး အင်အားဖြည့်ထားတယ်။ တောင်ငူဘုရင်ချည်းသာဆို လုံခြုံမယ်မဟုတ်ပေဘူး’

သည်လို စဉ်းစားမိသဖြင့် နတ်သျှင်နောင်၏ ညီတော်မင်းရဲကျော်စွာအား အလုံးအရင်းနှင့် ကျောက်မော်တွင် အခိုင်အခန့်နေရန် အမိန့်ချမှတ်သည်။ သို့ဖြင့်တောင်ငူမင်းရဲကျော်စွာလည်း တောင်ငူသို့ ပြန်ခဲ့ရသည်။

မင်းတရားလည်း ရွှေရင်မျှော်မှ ဆက်လက်ခရီးထွက်လာရာ နေပြည်တော်သို့ ရောက်လျှင် ရွှေနန်းတော်သို့ မဝင်သေးပေ။ ဝမ်းဘဲအင်းသာစံတော်တွင်လေးလခန့် စံနေတော်မူပြီးမှ ရွှေနန်းတော်သို့ ဝင်တော်မူသည်။

မင်းတရားသည် ပြည်မိဖုရား၊ နတ်ရှင်မယ်တော်၊ မိဖုရားထွေး၊ သတိုးဓမ္မရာဇာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်စသူတို့ကို အစုအကွက်ချပေးတော်မူသည်။ တောင်ငူသား၊ ပြည်သား၊ အင်းဝသား သူကောင်းသားမြေးတို့ ရောထွေးနေသည်ကို စီစစ်ရွေးချယ်ပြီး အစုအင်းဖွဲ့ပေးသည်။

ရဝေရှင်ထွေးမှ အကျော်အမော်စာဆိုတော် တစ်ဦးပေမို့ စည်းစိမ်မယုတ်လျော့စေဘဲ ကောင်းစွာမြှောက်စားထား၏။ သို့သော် ရဝေရှင်ထွေး မပျော်ပိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ ချစ်ဦးသူ နတ်သျှင်နောင်က ရက်ရက်စက်စက် အင်းဝသို့ထည့်ရက်လေခြင်းဟု အထင်မှားကာ ယူကျုံးမရဝမ်းနည်းပက်လက်ဖြစ်နေသည်။ နတ်သျှင်နောင်ကိုလည်း စိတ်နာလှ၏။

ရဝေရှင်ထွေး၏ စွပ်စွဲချက်မှာ အထင်မှားအမြင်မှားခြင်းသာဖြစ်သည်။ နှစ်ပြည်ထောင်စစ်မီးကြောင့် ရဝေရှင်ထွေး အင်းဝသို့လိုက်ပါသွားရသဖြင့် နတ်သျှင်နောင်သည် အသည်းကျွမ်းမတတ်ခံစားရသည်။ တရေးရေးတွေးမိတိုင်း ပျော်ရွှင်ရန်ဝေး၍ ထပ်ကာထပ်ကာ လွမ်းနေရသည်၊

လွမ်းရဆွေးရသည့်စိတ်များ ပြေလိမ့်နိုးနိုးဖြင့် ဘုရားမြတ်ထံပါးတွင် လက်ဆယ်ဖြာဦးထိပ်မိုးပြီး နေ့စဉ်နေ့တိုင်း ဆုတောင်းနေမိသည်။ ချစ်သူရှင်နှောင်းကလေးဖြင့် တောင်ငူကိုပစ်၍ အင်းဝသို့ပါသွားရရှာပြီဟု အောက်မေ့သတိရတိုင်း မောင်တော့်စိတ်မှာ နွမ်းရိပူဆွေးသွားရသည်။ နွေမိုးဆောင်း၊ ရာသီတွေပြောင်းသော်လည်း မောင်တော်၏အလွမ်းမှာ ပြေသွားပြီဟူ၍မရှိပါ။ ရံရွေတော်တစ်သောင်းလုံး၏ နတ်မိမယ်ရှင်ထွေးကိုသာ လွမ်းဆွတ်နေရတော့သည်။

ရဝေရှင်ထွေးကလေး ဆယ်ကျော်သက်အရွယ်မှစပြီး ကျွမ်းချစ်ရအောင်ကြိုးစားကာ ရည်ငံခဲ့ကြသည်။ ယခု ရှင်ထွေးအင်းဝသို့လိုက်ပါသွားရသဖြင့် မောင်တော့်နှုတ်က ညည်းညူကာ ခေါ်ယောင်ခေါ်မှားဖြစ်နေရသည်။ မောင်တော်၏ ခန္ဓာကိုယ်မှာ တောင်ငူရွှေနန်းတွင်ရှိနေသော်လည်း စိတ်မှာမူ ရဝေရှင်ထွေးနှင့်အတူ အင်းဝသို့ရောက်နေသည်။ ရှင်ထွေးအပေါ်မှာ မေတ္တာတွေ စုပုံထားမိသည်။ နေ့စဉ်ရက်ဆက် မေတ္တာမိုးသွန်းဖြိုးနေရသည်မှာ မဆည်နိုင်၊ မတန့်နိုင်ဖြစ်နေရပြီ။ သည်အဖြစ်ကို အင်းဝရောက် ရွှေမင်းသမီးကလေး ရှင်ထွေးကဖြင့်သိမည် မဟုတ်ပါ။

သည်မျှ ခံစားနေရသည်ကို ရှင်သံခိုက နတ်သျှင်နောင်ဘက်မှ အယူခံဝင်ကာ ယခုလိုစာဖွဲ့ခဲ့သည်။

**'သာလွတ်ထွတ်တင်၊ မင်းသာရွှင်၍၊ သဘင်မပြတ်၊ နေ့တိုင်းပတ်သား၊ ပြာသာဒ်ပြောင်ရှန်း၊ မြို့ဘုံနန်းနှင့်၊ ရံဝန်းကိုးမည်၊ ရွှေသားလည်သည်၊ ပျော်မည်မှာဝေး၊ တရေးရေးတည့်၊ မွေးကျော်သတင်း၊ ပြည်ထောင်ချင်းတို့၊ ရန်တင်းမဝံ့၊ မာန်ကိုညံ့သည်၊ ပေါက်ပျံ့သာသနာ၊ ကေတုမှာသို့၊ အာဏာလွှမ်းမိုး၊ ဆင့်ကာကြိုးလျှင်၊ ဖြန့်တိုးဝှန့်လွှိုက်၊ ဖြုန်းဖြုန်းပြိုက်သည်၊ ရိုမိုက်မှိုင်းမှုဆွတ်ရှာသော။**



**ရှာဆွတ်လွတ်ကြင်၊ ဘယ်ခါတွင်မှု၊ ပျော်ရွှင်မချပ်၊ စိတ်မလပ်တည့်၊ ထပ်ထပ်လွမ်းစိုး၊ ပြေနိုးနိုးလျှင်၊ လက်မိုးဆယ်ချောင်း၊ နေ့တိုင်းတောင်းလည်း၊ ရှင်ကောင်းမွတ်ပြာ၊ မယ့်ရုပ်ဝါနှင့်၊ ပြည်ရွာကိုပစ်၊ အောက်မေ့လစ်သော်၊ ကြင်ချစ်စိတ်မှန်၊ နှောင်ဘုန်းသန်လျှင်၊ လွမ်းဟန်ထုံမွှမ်း၊ ဗျာပါလွှမ်းခဲ့၊ မိုးချမ်းဆောင်းနွေ၊ ရာသီကြွေက၊ တွေတွေဆင့်လောင်း၊ ဆွတ်မှုပြောင်းသည်၊ တစ်သောင်းလုံးသူ့နတ်မှာသော။**

**"ပြာထွတ်မွတ်စင်၊ နှောင်သာကြင်၍၊ ကေရှင်မြခက်၊ ဖြာစရွက်လည်း၊ နားထက်မစွေ၊ စုလည်းပြေနှင့်၊ တင့်နေကျစ်လျစ်၊ စံပယ်သစ်က၊ ကျွမ်းချစ်ရအောင်၊ ကြိုးသည့်နှောင်မူ၊ ခေါ်ယောင်ခေါ်မှား၊ ကိုယ်ကားသည်မှာ၊ မေတ္တာအသက်၊ ပုံလျှက်စေမှိုင်း၊ အဆိုင်းဆိုင်းတိ၊ နေ့တိုင်းတုံဆည်၊ မခံ့သည်ကို၊ ရွှေပြည်မှာနတ်၊ သိပါတတ်လိမ့်၊ ပျောင်းညွှတ်ယိမ်းယိမ်း၊ အုံးရှာကြိမ်းသည်၊ တောင်တိမ်းကဲ့သို့ ညွှတ်ကာသော။"**

ရှင်သံခိုက နတ်သျှင်နောင်ဘက်မှ ယခုလို အယူခံဝင်သည့် 'သာလွတ်ထွတ်တင်' ရတုကို အင်းဝဘုရင်တွေ့မြင်သွားပြီ။ ဤတွင် မင်းတရားသည် ရာဇမာန်တော်ရှ၍ ရှင်သံခိုအား ကွပ်မျက်မည်ပြုသည်။

ပြည်ထောင်ငယ်က 'မှန်လှပါ။ ဤမျှသော အသေးအဖွဲကိစ္စတစ်ရပ်ကြောင့် စာဆိုကောင်းတစ်ယောက် မပျက်စီးစကောင်းပါဘုရား' ဟု တင်လျှောက်သည်။ တင်လျှောက်ချက်ကောင်းသဖြင့်သာ ရှင်သံခိုအသက်ဘေးမှ လွတ်ခဲ့ရသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

# သန်လျင်ရောက် နတ်သျှင်နောင်

သက္ကရာဇ် ၉၅၇-ခု၊ ဝါခေါင်လ...

ကောင်းကင်တစ်ခွင် တစ်ပြင်လုံး မှိုမှိုမှိုင်းမှိုင်း သင်တိုင်းဝတ်ဆင်လျက်ရှိ၏။ အခါရာသီဦးမှာ လွှမ်းဆွတ်ဖွယ်ကောင်းလှသည်။ မိုးနတ်သားမြူးလျှင် မိုးရွာပေတော့မည်။ သည်အရပ်ဒေသတွင် ယခုလို ရာသီမျိုး၌ တစ်ခါတစ်ခါ ကြောက်စရာကောင်း လောက်အောင် သဲသဲမဲမဲကြီး မိုးရွာတတ်သည်။

တောင်ငူမင်းရဲကျော်စွာသည် မှိုမှိုင်းအုံ့ဆိုင်းနေသော ကောင်းကင်ယံကို မော့ကြည့်ရင်း ညီတော်၊ နောင်တော်၊ ဘထွေးတော်တို့ကို သတိရလွမ်းဆွတ်နေသည်။ ယခင်ကဆိုလျှင် တောင်ငူရွှေနန်း၌ နောင်တော် နတ်သျှင်နောင်၏ အုပ်ချုပ်မှုအောက်တွင် ညီတော်များ တစ်စုတစ်ရုံးတည်း ပျော်ရွှင်စွာ နေခဲ့ရသည်။ ယခုတော့ အားလုံးတကွဲတပြားစီ ဖြစ်ကုန်ကြပြီ။

အတိတ်ကို လွမ်းဆွတ်သတိရနေခိုက် ပြောင်းသေနတ်သံများကို အဆက်မပြတ် ကြားလိုက်ရသည်။ သေနတ်သံများ ကြားလျှင်ကြားချင်း မင်းရဲကျော်စွာနှင့်အတူ ကျောက်မော်တွင် အစောင့်အနေကျသည့် ရဲမက်စစ်သည်များသည် လက်နက်ကိုယ်စီဖြင့် အဆင်သင့် ဖြစ်နေကြသည်။



စစ်ကြေညာခြင်း မရှိပါပဲနှင့် ရန်ပြုလာသူသည် မည်သူနည်း။ မင်းရဲကျော်စွာသည် တွေးမရ ဖြစ်နေသည်။ မကြာခင်မှာပင် အထောက်တော်ထံမှ သန်လျင်စား ပေါ်တူဂီ ဇေင်ကာ စစ်ချီလာကြောင်း သိလိုက်ရသည်။ ရေကြောင်းကို ဇေင်ကာကိုယ်တိုင် ဦးစီးပြီး၊ ကြည်းကြောင်းကိုမူ မုတ္တမစား ဗညားဒလက ဦးစီးကာ တိတ်တဆိတ် ချီလာပြီး ဆင်ရုံပေါက်သို့ ရောက်သော အခါမှ ပြောင်းသေနတ်သံပေးခြင်းဖြစ်ရာ စစ်မှာ အတော်နီးကပ်နေပြီ ဖြစ်၏။ မင်းရဲကျော်စွာလည်း ဇေင်ကာ စစ်ချီလာပြီဖြစ်ကြောင်း အင်းဝနှင့် တောင်ငူသို့ ချက်ချင်းသတင်းပို့စေသည်။ ကိုယ်တိုင်ကမူ ဆင်စီးကာ မိမိ စစ်သည်ရဲမက်များနှင့်အတူ တောင်ငူမြို့ပြင်က ခံသည်။ တောင်ငူစစ်သည်များမှာ စွမ်းစွမ်းတမံ တိုက်လင့်ကစား ရန်သူ့ဘက်မှ ကြည်းအား၊ ရေအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြသဖြင့် ကြာကြာမခံနိုင်ပေ။ လက်နက်အင်အားချင်းမမျှသဖြင့် ရန်သူ့ကျည်သင့်ပြီး ကျဆုံးသူများနေရာ မင်းရဲကျော်စွာလည်း စုရုံးမိသမျှနှင့် တိုက်ရင်း တဖြည်းဖြည်း မြို့တွင်းသို့ဝင်ပြီး ခုခံရသည်။ မြို့ကလည်း ကျယ်သည်။ မြို့စီးပြစီးကလည်း အလွန်နည်းသောကြောင့် မကြာခင်မှာပင် မြို့အဝင်ခံတပ် ပျက်သွားသည်။ ရန်သူများသည် မြို့တွင်းသို့ ဖိ၍ဝင်လာရာ တောင်ငူ စစ်သည်တော်များက ကစဉ့်ကလျား ဖြစ်သွားကြသည်။

တောင်ငူစစ် အခြေအနေ သတင်းကိုရလျှင်ရချင်း နတ်သျှင်နောင်၏ မယ်တော်၊ တောင်ငူရွှေနန်းတည်မင်း၏ မိဖုရားကြီး မင်းခင်စောသည် စုရုံးမိသမျှနန်းတွင်းသူ အခြွေအရံများနှင့်အတူ မြို့တွင်းမှထွက်၍ အင်းဝသို့ ဆင်နှင့် ပြေးလေတော့သည်။

မြို့အဝင် ခံတပ်ပြိုပျက်သွားပြီဖြစ်၍ ရန်သူ့တပ်များ မြို့တွင်းသို့ ဒလဟော ဝင်ရောက်လာကြသည်။ တောင်ငူဘက်မှ ခံတိုက်သူတိုက်၊ ထွက်ပြေးသူပြေးနှင့် တစ်မြို့လုံး ငရဲပွက်သည်သို့ ဖြစ်နေသည်။

နတ်သျှင်နောင်သည် ပစ်ခတ်ထိုးခုတ်သံများကို နားစွင့်ရင်း နန်းတော် ခန်းမအဆောင်ကြီးထဲတွင် တည်ငြိမ်စွာပင် ရှိနေ၏။ သူသည် စစ်ဘုရင်တစ်ဦး ဖြစ်ပါလျက် အဘယ်ကြောင့် ထွက်၍မတိုက်သနည်း။

တိုက်ခိုက်သံများအကြားမှ အပြေးနှင်လာသော မြင်းခွာသံကို နတ်သျှင်နောင် ကြားလိုက်ရသည်။ သူသည် အဆောင်တော်ခန်းဝမှ လှမ်းမျှော် ကြည့်လိုက်၏။ မြင်းသည်တော်တစ်ဦး နန်းဆောင်ဘက်ဆီသို့ ဦးတည်လာနေပါလား။ မြင်းပေါ်မှ စစ်သည်တော်သည် ရှေ့သို့ ခပ်ငိုက်ငိုက်ဖြစ်နေသည်။ ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင့် သူ့အမြင်အာရုံမှာ တဖြည်းဖြည်း ကြည်လင်ပြတ်သားလာသည်။

"သီဟ၊ ညီလေးသီဟ... ဟင်... ရင်ဘတ်မှာ သွေးတွေနဲ့ပါလား"

နတ်သျှင်နောင်၏နှုတ်မှ အထိတ်တလန့် ရေရွတ်လိုက်သည်။

မှန်ပါသည်။ သီဟပါပဲ။ ဗိုလ်သီဟသည် တိုက်ပွဲအခြေအနေ ရှုပ်ထွေးနေချိန်တွင် ခုခံတိုက်ခိုက်ရင်း မင်းရဲကျော်စွာ ရန်သူကျည်သင့်၍ ကျဆုံးသွားသည်ကို လှမ်းမြင်လိုက်ရသည်။ သူသည် တောင်ငူဘုရင် နတ်သျှင်နောင်ကို ဖျတ်ခနဲ သတိရလိုက်၏။ စောစောပိုင်းက ရန်သူကို သဲသဲမဲမဲ တိုက်နေရသဖြင့် နောင်တော်နတ်သျှင်နောင်ကို သတိမထားမိ၊ တိုက်ပွဲတိုင်း ရှေ့ဆုံးမှ ဦးဆောင်ကာ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်သော နောင်တော် ယခုဘယ်မှာလဲ။ သူ စိုးရိမ်သွားသည်။ တိုက်ရင်းခိုက်ရင်း ရှာသည်။ မတွေ့ပါ။ နောက်ဆုံး တိုက်ပွဲအခြေအနေမလှသဖြင့် သူ့အရှင်သခင် နောင်တော်နတ်သျှင်နောင် ရှိနိုင်မည့် နန်းတော်ဆီသို့ မြင်းကို ဒုန်းစိုင်းခဲ့သည်။ သို့သော် သူနန်းတော်သို့ မရောက်မီ ရန်သူ့ကျည်သင့်ခဲ့ပြီ။

ဗိုလ်သီဟသည် မြင်းဇက်ကို တုံ့ခနဲ သတ်လိုက်ပြီး နတ်သျှင်နောင်ရှိရာသို့ ဒယီးဒယိုင် ဝင်လာသည်။ နတ်သျှင်နောင်၏ ရှေ့သို့ ရောက်လုလုမှာပင် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ဒူးထောက်လဲကျသွား၏။ နတ်သျှင်နောင်သည် သူ့လက်နှစ်ဖက်ဖြင့် ဆီး၍ထိန်းလိုက်သည်။ ဗိုလ်သီဟသည် ပြင်းထန်သော ဝေဒနာကိုခံစားရင်း မောလျှစွာ လျှောက်တင်သည်။

"အခြေအနေမလှတော့ဘူး နောင်တော်။ မြို့ပျက်သွားပြီ။ ရန်သူတွေ ဝင်လာပြီ။ ညီတော်မင်းရဲကျော်စွာလည်း ကျဆုံးသွားပြီ။ နောင်တော် ဒီက ခွာပါတော့။ ဟို... မြောက်ဘက် သီဟဝိဇယတံခါးက ထွက်ပြီး တိမ်းရှောင်သွားပါတော့ နောင်တော်"

သူ့ညီလေးအရင်းပမာ ချစ်ခဲ့ရသောသီဟ၊ သူနှင့်အစ်မတော် ဓာတုကလျာတို့အကြား ချစ်စေတမန်လုပ်ခဲ့သော သီဟ၊ မြို့ပျက်သွားသည့်တိုင် ထွက်မပြေးဘဲ အန္တရာယ်တွေကြားမှ သူ့ဆီ အရောက်လာခဲ့သော သစ္စာရှိ ဗိုလ်သီဟကို နတ်သျှင်နောင်သည် ဘာမှရှင်းမပြတော့။ ခေါင်းကိုသာ ယမ်းခါပြနေသည်။ သူ့ရင်ထဲကမှ 'နောင်တော့်အကြံအစည်ကို မင်းမသိပါဘူး ညီလေးသီဟရယ်' ဟု ပြောနေသည်လား မသိတတ်နိုင်ပြီ။ ဗိုလ်သီဟသည် နတ်သျှင်နောင်၏မျက်နှာကို တအံ့တသြ ကြည့်လိုက်၏။ ပြီးတော့ ရင်တုန်စွာ အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်သည်။



"ဟင်... နောင်တော်၊ ရန်သူလက်ထဲမှာ ဒီ... ဒီလိုပဲ အ... ဖမ်း... ခံ"

သူ့စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ပါ။ မျက်နှာတစ်ချက်ရှုံ့မဲ့သွားပြီး ဦးခေါင်းငိုက်စိုက်ကျသွားတော့သည်။ အရှင်သခင်ကို ချစ်ခင်လေးစားသော၊ သစ္စာရှိသော တောင်ငူသူရဲကောင်း ဗိုလ်သီဟသည် နတ်သျှင်နောင်ရှေ့မှာ ကျဆုံးသွားချေပြီ။ သည်အခါမှာတော့ နတ်သျှင်နောင်၏ မျက်နှာသည် သိသိသာသာ ညှိုးသွား၏။ သူသည် ဗိုလ်သီဟကို မကြည့်ရက်သဖြင့် မျက်လုံးအစုံကို အသာမှိတ်လိုက်သည်။

လွန်စွာတိုတောင်းလှသော အချိန်ကလေးအတွင်းမှာပင် တိုက်ပွဲသည် ပြီးဆုံးသွား၏။ နယ်ချဲ့ဇင်ကာသည် တွေ့သမျှလူများကို သုံ့ပန်းပြုသည်။ ရရာလက်နက် ခဲယမ်းမီးကျောက်များကို သိမ်းယူသည်။ ဆင်၊ မြင်း၊ ရွှေငွေ ရတနာတွေပါမကျန် အားလုံးယူသည်။ ဆယ်ရက်ခန့် ကောက်သင်းကောက်ယူငင်ပြီးနောက် တောင်ငူရွှေနန်းတော် အပါအဝင် ကျောင်းကန်အိမ်ရာအားလုံး မီးတင်ရှို့သည်။ မီးစွယ်မီးညွှန့်များသည် မကောင်းဆိုးဝါးတို့၏ သွေးဆာနေသော လျှာကြီးများသဖွယ် တလူလူ ဝှေ့ယမ်းလျက် အားလုံးကို လိပ်ယူဝါးမြိုပစ်လိုက်တော့သည်။

လက်နက်နိုင်ငံတစ်ခုလုံးကို ပိုင်စိုးလိုသူ၊ ကေရာဇ်ဘွဲ့ကို ခံယူလိုသူ နတ်သျှင်နောင်အဖို့ သူပိုင်ဆိုင်၍ ဘာမှမကျန်တော့ပေ။ သက်ရှိသက်မဲ့ အားလုံး သူ့ကို စွန့်ခွာသွားကြပြီ။ သူအလွန်ချစ်သော ညီတော်မင်းရဲကျော်စွာ၊ ရန်သူ့အောက် ဒူးထောက်အညံ့မခံလိုသော မင်းရဲကျော်စွာသည် သူ့အတွက် အသက်ပေးသွားပြီ။ ညီရင်းတမျှ ချစ်ခင်လှသည့် ဗိုလ်သီဟလည်း သူ့ရှေ့မှာပင် ကျဆုံးသွားပြီ။ နောက်ဆုံး သူ့မယ်တော်သည်ပင် သူ့ကို ထားရစ်ခဲ့ပြီး အင်းဝသို့ တိမ်းရှောင်သွားလေပြီ။ ယခုမူ သူ့အနားတွင် ကိုယ်လုပ်တော်နှစ်ယောက်နှင့် အလုပ်အကျွေးဆယ်ယောက်မျှသာ ကျန်ရှိတော့သည်။

သူသည် ပြာကျသွားပြီဖြစ်သော တောင်ငူရွှေနန်းကို နောက်ဆုံးကြည့်ခြင်းဖြင့် လှမ်းကြည့်ပြီး နယ်ချဲ့ဇင်ဘာနှင့်အတူ သန်လျင်သို့ လိုက်ပါသွားတော့သည်။

ယခုပင်ကြည့်ပါ။ နတ်သျှင်နောင် သန်လျင်သို့ ခေါ်ဆောင်သွားပြီးနောက် ဇင်ကာသည် ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်တော့သည်။ သူသည် လက်အောက်ခံ နယ်သူနယ်သားများကို ယခင်ကထက် ဖိနှိပ်ချုပ်ချယ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကိုးကွယ်လာသည့် ဗရင်ဂျီဘာသာသို့ အဓမ္မသွတ်သွင်းသည်။ ဗရင်ဂျီဘုန်းတော်ကြီးနှစ်ပါးကလည်း ဗရင်ဂျီဘာသာသို့ ကူးပြောင်းရေးတွင် ဇေင်ကာဘက်မှ ကူညီသိမ်းသွင်းပေးခဲ့ကြသည်။

ထိုမျှနှင့်မကျေနပ်သေးပါ။ ဇေင်ကာသည် ဗုဒ္ဓသာသနာကို ညှိုးနွမ်းအောင်လည်း ပြု၏။ သံဃာတော်များကို နှိပ်စက်၏။ အချို့ မွန်-မြန်မာဘုန်းတော်ကြီးများပင် ဗရင်ဂျီဘာသာသို့ လိုက်နာပါတော့မည်ဟု ဇေင်ကာ၏အလိုသို့ လိုက်ကြရ၏။ ထို့ကြောင့် ရာမညတိုင်းတွင် သံဃာတော်များထင်ထင်ပေါ်ပေါ်ပင် မနေဝံ့ကြဟု ဆိုသည်။

သည်မျှနှင့်မရပ်သေး။ ပြည်သူအများ ကိုးကွယ်သော စေတီပုထိုးများမှဌာပနာတိုက်များကိုဖောက်ပြီး ရွှေဆင်းတုတော်များ၊ ငွေဆင်းတုတော်များနှင့်အဖိုးတန်ရတနာများကို ယူပြန်သည်။

ယခုကဲ့သို့ ဘာသာ၊ သာသနာနှင့် လူမျိုးကိုဖျက်ဆီးနေသည့်ဇေင်ကာ၏လုပ်ရပ်များကို နတ်သျှင်နောင်အနေဖြင့် တားဆီးခြင်း မပြုနိုင်တော့ပေ။ သူသည်ပင် တောင်ငူရွှေနန်း ပြန်လည်ရရှိရေးအတွက် ဇေင်ကာကိုအားကိုးနေရချိန်မဟုတ်ပါလား။ ဘာများ တတ်နိုင်ပါဦးမည်နည်း။

သန်လျင်သို့ ရောက်သည်မှာ အတန်ကြာပြီဖြစ်သော်လည်း တောင်ငူရွှေနန်း ပြန်လည်ရရှိရေးအတွက် ဘာမျှဆောင်ရွက်ခြင်း မရှိသေးပေ။

တစ်နေ့တွင် နတ်သျှင်နောင်သည် သူနေထိုင်ရာ အခန်းထဲတွင်ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း သူ့ရှေ့ရေးကို တွေးတောနေသည်။ ထိုအခိုက်မှာပင် ဇေင်ကာ ရောက်လာ၏။ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်စကားပြောပြီးနောက် နတ်သျှင်နောင်က စကားစလိုက်သည်။

'သန်လျင်ရောက်ပြီးကတည်းက ကိုယ်တော့်ကိစ္စနှင့် ပတ်သက်ပြီးတစ်ခါမှ မဆွေးနွေးရသေးဘူး။ အရေးအကြီးဆုံးက ကိုယ်တော်ရဲ့ ကေတုမတီနန်းကို ပြန်လည်ထူထောင်ဖို့ အမြန်ဆုံး ကြိုးစားချင်တယ်။ ဒီအတွက်အကြည်တော် သန်လျင်စားက သစ္စာရှိရှိ ကူညီပါ'

"ယခုအခါ ကျွန်ုပ်ရဲ့ သန်လျင်မှာ အင်အားနည်းနေတာကတော့အမှန်ပါပဲ။ ဒါပေမယ့် မစိုးရိမ်ပါနဲ့ အကြည်တော်။ ကျွန်ုပ်မှာ လက်နက်ကောင်းတွေရှိပါတယ်။ အိန္ဒိယပြည် ဂိုအာ အစိုးရကလည်း ကျွန်ုပ်ကို သန်လျင်တပ်မှူးအဖြစ် အသိအမှတ်ပြုထားပြီးသားမို့ အကူအညီတောင်းခံထားဆဲပါ။ မကြာခင်ရောက်လာပါလိမ့်မယ်။ လက်နက်လူသူ အင်အားတွေ ရောက်လာတာနဲ့ အကြည်တော်ရဲ့ ထီးနန်းပြန်လည်ရရှိရေးကို ကျွန်ုပ် အသက်စွန့်ပြီး ကူညီပါ့မယ်"



နတ်သျှင်နောင်သည် ဇေင်ကာ၏ မှသားစကားကို များစွာကျေနပ်သွား၏။ ထို့ကြောင့် ရတနာလက်စွပ်များ ထည့်ထားသော ရွှေကွမ်းအစ်ကိုပေးလေသည်။ ဇေင်ကာ မယူဘဲ ခေါင်းကိုသာ တွင်တွင်ခါနေသည်။ ရွှေငွေရတနာဆိုလျှင် ဌာပနာတိုက်များ ဖောက်ပြီးယူသည်အထိ လောဘကြီးသောဇေင်ကာသည် ပိုင်ရှင်ကိုယ်တိုင် စေတနာဖြင့် ပေးနေသည်ကို ဘာကြောင့်ငြင်းပယ်နေပါသလဲ။

ဇေင်ကာသည် အကွက်စေ့စေ့ ကြံစည်ထားပြီး ဖြစ်၏။ နတ်သျှင်နောင်ကို အယုံသွင်းပြီး နယ်ထပ်ချဲ့ရန် အတွင်းကြိတ် စီစဉ်ထားသည်။ ယခုလက်ရှိအခြေအနေတွင် နတ်သျှင်နောင်က သူ့ကို ယုံကြည်သည်ထက်ယုံကြည်ဖို့ အားကိုးဖို့ အရေးကြီးသည် မဟုတ်ပါလား။ သည်တော့ နတ်သျှင်နောင် ကမ်းပေးနေသည့် လက်စွပ်ရတနာများကို လှမ်းမယူဘဲ ယခုလို လျှောက်လိုက်သည်။

'အရေးတော်ပြီးလို့ တောင်ငူနန်းမှာ ပြန်လည်စံမြန်းတဲ့အခါကျမှ သနားတော်မူမယ့် ဆုကို လက်ခံပါ့မယ် အကြည်တော်'

ဇေင်ကာ သည်လိုတင်လျှောက်သည်ကို နတ်သျှင်နောင် ကျေနပ်သွား၏။ သူသည် လက်ထဲရှိ ရတနာကွမ်းအစ်ကို အနီးရှိ စားပွဲပေါ်သို့ လှမ်းတင်ပြီး စကားဆက်ပြန်သည်။

'အထူးသဖြင့် ပြောချင်တာကတော့ အင်းဝဘုရင် ဓမ္မရာဇာဟာကိုယ်တော်ရဲ့ ဆွေမျိုးပါပဲ။ ဆွေမျိုးလက်အောက်မခံချင်လို့ အခု အကြည်တော့်ထံ ရောက်ခဲ့ပြီ။ ကိုယ်တော့်အကြံ အောင်မြင်ဖို့အတွက် ဆွေမျိုးကိုလည်းသူသေကိုယ်ကြေ တိုက်ရမှာပဲ'

နတ်သျှင်နောင်သည် သူ့အကြံအစည်အောင်မြင်ရေးတွင် အဟန့်အတားဖြစ်သူဟု ထင်နေသော ဆွေမျိုးများကို ရှင်းပစ်ခဲ့ဖူးသည် မဟုတ်ပါလား။

ကြည့်ပါဦး။ တောင်ငူဘက်သို့ ပြေးဝင်ခိုလှုံလာသော ဟံသာဝတီအိမ်ရှေ့မင်းသား မင်းရဲကျော်စွာကို တောင်ငူတွင်ထားလျှင် အရေးမှုကြီးမည်စိုးသဖြင့် ခမည်းတော်တောင်ငူဘုရင်မသိအောင် မယ်တော်မိဖုရားထံ အမှာစကားပါး၍ ကွပ်မျက်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်သျှင်နောင်သည် ထိုမျှနှင့် မကျေနပ်သေးပေ။ ခမည်းတော်အား ယခုလို နားတော်လျှောက်ပြန်သည်။

'ခမည်းတော်ဘုရား၊ ဟံသာဝတီဘုရင်ကို အရှည်ထားလျှင် အရေးတော် လစ်လပ်ပါလိမ့်မည်။ ရန်စကိုဖြတ်မှ သင့်မယ်ထင်ကြောင်းပါဘုရား'

'ငါ့နောင်တော်ကို ပြည်ထဲအရေးမြင်လို့သာ ငါလုပ်ကြံရတယ်။ နောင်တော်ကို ဘုရားတစ်ဆူ ရုပ်တစ်လုံးကဲ့သို့ ငါမှတ်တော်မူတယ်။ သည်နေ့ကစပြီး သည်စကားကို မလျှောက်နဲ့'ဟု ခမည်းတော်က ပြင်းပြင်းထန်ထန် တားမြစ်တော်မူသည်။

သို့သော် နတ်သျှင်နောင်သည် ခမည်းတော်၏ တားမြစ်ချက်ကို မနာယူပါ။ ခမည်းတော် မသိရလေအောင် မယ်တော်နှင့်တိုင်ပင်ကာ ဟံသာဝတီဘုရင် သု၏ မိဖုရားတဲတော်သို့အကူး ညဥ့်အချိန်တွင် လုပ်ကြံသဖြင့် နတ်ရွာစံရရှာလေသည်။

အင်းဝဘုရင်အား တိုက်ခိုက်ရေး ဆွေးနွေးပြီးနောက် ဇေယကာလည်း ခန်းမဆောင်ထဲမှ ထွက်ခွာသွားသည်။

ရဲရင့်ထက်မြက်သလောက် ရက်စက် ခက်ထန်သော နတ်သျှင်နောင်၏ ကံကြမ္မာကား မည်သို့ဖန်လာလေဦးမည်နည်း။

(၂၀)

# အင်းဝမှသည် သံလျင်သို့ချီ

'ဘာ– တောင်ငူမင်းရဲကျော်စွာ ကျဆုံးသွားပြီ ဟုတ်လား'

'မှန်လှပါ၊ မြို့ပျက်ပြီး မင်းရဲကျော်စွာ ကျည်သင့်ကျဆုံးသွားကြောင်းပါဘုရား'

အင်းဝဘုရင် မဟာဓမ္မရာဇာသည် မင်းရဲကျော်စွာအတွက် ယူကျုံးမရဖြစ်သွား၏။ တစ်ဆက်တည်းမှာပင် နောင်တော်နတ်သျှင်နောင်အတွက် စိုးရိမ်ပူပန်မိ၏။ ယခုထိခိုဝင်လာသူများထံမှ နတ်သျှင်နောင်၏ သတင်းကို အတိအကျ မရသေးပေ။

တောင်ငူကို မိမိအောင်မြင်စဉ်က နောင်တော်ပြန်လည်ထကြွမည်ကို စိုးရိမ်မိခဲ့သည်။ ထို့ကြောင့်လည်း နောင်တော်တောင်ငူဘုရင်၏ ကျေးကျွန်များ၊ တောင်ငူတွင် အခြေတကျနေထိုင်သူများကို သုံးစုစုပြီး၊ တစ်စုကိုသာ တောင်ငူတွင် ချန်ရစ်ခဲ့သည်။ ယခင်ကတည်းက တောင်ငူတွင် လာရောက်ခိုဝင်နေသူ ဟံသာဝတီသားများ၊ သရေခေတ္တရာသားများ၊ အင်းဝသားများ၊ အားလုံးကို အင်းဝနေပြည်တော်သို့ ခေါ်ဆောင်ခဲ့သည်။ နတ်သျှင်နောင်၏

www.burmeseclassic.com

www.burmeseclassic.com



ညီငယ်များဖြစ်သော မင်းရဲကျော်စွာ၊ မင်းရဲသီဟ၊ မင်းရဲကျော်ထင်နှင့် ဘထွေးတော် သတိုးဓမ္မရာဇာတို့၏ ကျေးကျွန်များကိုလည်း သုံးစုစု၊ တစ်စုကိုသာ တောင်ငူမှာထားခဲ့သည်။ သည်နည်းဖြင့် တောင်ငူအင်အားနည်းပါးအောင်ပြုခဲ့သည်။ သည်လိုသာ မလုပ်ခဲ့လျှင် မြို့ပျက်စရာအကြောင်းမရှိ။ ယခုမူ မြို့လည်းပျက်၊ မင်းရဲကျော်စွာလည်း အသက်ဆုံးရှုံးရပြီ။ နောင်တော် နတ်သျှင်နောင် ... ဘယ်မှာလဲ။

မဟာဓမ္မရာဇာသည် ခစားနေကြသည့် မင်းညီမင်းသားများ၊ မှူးမတ်များဆီသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး အမိန့်တော်ချမှတ်လိုက်သည်။

'တောင်ငူ သတိုးဓမ္မရာဇာ၊ မင်းရဲကျော်ထင်၊ စည်သူကျော်ထင်၊ ဗညား လော၊ မင်းရဲသီဟသူ၊ ဦးစီးပြီးတပ်ငါးတပ်၊ တိုက်ဆင်တစ်ရာ၊ မြင်းသုံးရာ၊ စစ်သည်သူရဲ နှစ်သောင်းနှင့် တောင်ငူသို့ အလျင်ချီစေ'

မင်းတရား အမိန့်တော်ချမှတ်ပြီးသည်နှင့် စစ်ပြင်ဆင်ကာ အမြန်ချီတက်ကြသည်။ သို့သော် မကြာခင်မှာပင် တောင်ငူသတင်းကို ရရှိသည်။

'တောင်ငူဘုရင် နတ်သျှင်နောင်ကို ဇေင်ကာဖမ်းဆီးခေါ်ဆောင်သွားပြီ'

သို့ဖြင့် အလျင်ချီနှင့်သော သတိုးဓမ္မရာဇာတို့၏ တပ်ငါးတပ်ကို လိုက်၍ ခေါ်ရာရမည်းသင်းတွင်မိသည်။ သတိုးဓမ္မရာဇာတို့လည်း အင်းဝသို့ ပြန်ခဲ့ကြသည်။

ဇေင်ကာသည် ဘာသာ၊ သာသနာကို ဖျက်ဆီးသည်။ ပြည်သူတွေကို သတ်ဖြတ်သည်။ တောင်ငူရွှေနန်းကို မီးရှို့ခဲ့သည့်အပြင်နောင်တော်နတ်သျှင်နောင်ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားသေးသည်။ သည်လုပ်ရပ်တွေကို လက်ပိုက်ပြီးကြည့်နေပါက မြန်မာတို့ ဂုဏ်သိက္ခာကျလှသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဇေင်ကာသည် အင်းဝနေပြည်တော်ကို ထိပါးလာမည်မှာ အမှန်ပင်။ ထို့ကြောင့် မြန်မာတစ်မျိုးလုံး၏ရန်သူ၊ ဇေင်ကာကို အမြန်နှိမ်နင်းရန် လိုအပ်လာသည်။

သို့သော် တိုက်တိုက်ဆိုင်ဆိုင်ပင် အင်းဝနေပြည်တော်၌ လွန်လွန်ကဲကဲ ရေကြီးသည်။ အောင်ထွန်းတံခါး၊ မာန်အောင်လေသာတံခါးတို့ကို ရေနှစ်တောင်မိုး၍ မြို့တွင်းသို့ရေများ ဒလဟောဝင်လာသည်။ ရေကြီးနေသဖြင့် လုပ်ငန်းကိုင်ငန်းများ ပျက်စီး၊ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသည့် ရိက္ခာများရှားပါး။ မြို့သူမြို့သားများမှအစ ကျွဲနွားတိရစ္ဆာန်များပါ မကျန်ရေဘေးသင့်ကြသည်။ မြို့သူမြို့သားများကြောက်ရွံ့ထိတ်လန့်ကြသည်။ ဤတွင် အားကိုးရာကို ရှာ



သောအခါ ဗေဒင်တတ်သူ၊ နတ်မှန်သူများကို တွေ့ကြ၏။ ဗေဒင်မေးကြသည်။ နတ်မေးကြသည်။ နတ်ဖြန်ရေကျမည်။ သန်ဘက်ခါရေကျမည်ဟု ပြောကြသည်။ သို့သော် မမှန်။ တစ်နေ့တစ်ခြား ရေးတိုးလာသည်။ အတက်ရှိလျှင် အကျရှိစမြဲဟုတ်ပါလား။ ရက်များ မကြာမီတက်နေသော ရေကျသွားပြီ။*

အင်းဝဘုရင်လည်း လူတို့ကိုလှည့်စားသည်ဆိုပြီး မြို့တွင်းမြို့ပြင်ရှိ နတ်ရုပ်၊ နတ်တကောင်းများကို ယူလာစေပြီး လေးထပ်ကျောင်းအောက်မှာ ထားရ၏။ သည်အခါ ရဟန်းရှင်လူများက 'အင်းဝမင်းတရားကြီးကား ဘုန်းတန်ခိုးကြီးမြတ်တော်မူပါပေသည်။ ငါတို့တစ်သက်တွင် သည်တစ်ခါသာ တွေ့ဖူးသည်' ဟု ချီးမွမ်းထောပနာပြုကြကုန်သည်။

ရေဘေးအန္တရာယ်မှ လွတ်မြောက်ပြီးသည့်အခါ အင်းဝဘုရင်သည် မင်းညီမင်းသား မှူးမတ်များကို ရှေ့တော်သို့ခေါ်၍ မိန့်တော်မူသည်။

"သီတင်းဝါလကျွတ်လျှင် သံလျင်သို့ ငါကိုယ်တော်တိုင်ချီတော်မူမယ်၊ လက်အောက်ခံ စော်ဘွားများ၊ မင်းငယ်များထံ မျိုးရိက္ခာ၊ လူသူအင်အား အပြည့်အစုံနှင့် သီတင်းကျွတ်လျှင် အရောက်လာကြစေ'

ဝန်ရှင်တော်စည်သူကျော်ထင်နှင့် ဝန်ရှင်တော်သခ်ယာတို့က ရှမ်းပြည်နယ် စော်ဘွားများ၊ မြန်မာနိုင်ငံ တစ်ဝန်းရှိ အင်းဝဘုရင်၏ လက်အောက်ခံမင်းငယ်များထံ ဆော်ဩရသည်။

ယခင်ပြည်သို့ စစ်ချီစဉ်က ပါဝင်ခဲ့သော လှေကြီးများမှ ဟောင်းနွမ်းကျိုးပျက်နေသည်များကို ပြင်ဆင်ကြရသည်။ လှေအစင်းသုံးရာကျော်ခန့် အသစ်တည်ဆောက်ကြသည်။ တစ်ဆင့်ခတ်လှေ၊ နှစ်ဆင့်ခတ်လှေ၊ သားလှေ၊ ငှက်လှေများ၊ မြို့တက်လှေကားများ လုပ်ကြသည်။ ပြီးလျှင် တိုက်လှေကြီး၊ ကိုးရုပ်၊ စာမရီရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ မိကျောင်းရုပ်၊ မကန်းရုပ်စသော သားလှေ၊ ငှက်လှေများပေါ်တွင် မြို့ဖြိုအမြောက်များ၊ မြို့တက်လှေကားများတင်ကြသည်။ ပြီးတော့ စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်း၊ တံပိုး၊ ခရာသည်တို့ကို ပြည့်စုံစွာတင်သည်။

အစစပြင်ဆင်ပြီးသည်နှင့် တပ်ရှစ်တပ်၊ တိုက်လှေကြီးရှစ်ရာ၊ လှော်ကားသံလှေသုံးရာ၊ စစ်သည်သူရဲသုံးသောင်းက ရေကြောင်းချီသည်။

ကြည်းတပ်တွင် တစ်ဆယ့်သုံးတပ်ပါဝင်ပြီး တိုက်ဆင်ခြောက်ရာ၊

---

* တစ်နေ့တစ်ပါး ရေးတိုးသောကြောင့် ဓားပြရေးဟူ၍ လက်သုံးတော်ဓားကို ပြုရသည်။ ပြည့်ညည့်တွင်ပင် ရေလျှာလေ သည်ဟု မှန်နန်းမဟာရာဇဝင်တော်ကြီး တတိယတွဲ စာမျက်နှာ ၁၆၅ တွင် ဖော်ပြပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းခုနှစ်ထောင်၊ စစ်သည်သူရဲတစ်သိန်းသုံးသောင်း အင်အားရှိသည်။ ကြည်းကြောင်းတွင် အင်းဝဘုရင်မင်းတရားကြီးကိုယ်တိုင် တပ်မပြု၍ ချီတော်မူသည်။

သက္ကရာဇ် ၉၇၄-ခု၊ ပြာသိုလဆန်းလေးရက်၊ တနင်္လာနေ့ညသုံးချက်တီးကျော်အချိန်- - -

အင်းဝဘုရင် မဟာဓမ္မရာဇာကိုယ်တိုင် ဦးဆောင်လျက် သံလျင်ချီတပ်များ နေပြည်တော် မာန်အောင် တံခါးကထွက်တော်မူသည်။ ရေကြောင်း၊ ကြည်းကြောင်း တစ်ပြိုင်တည်းချီလာကြရာ သာယာဝတီရောက်လျှင် ရေတပ်မှ သီရိဇမ္ဗူသောကကို နှုတ်၍ တောင်ငူမင်းရဲကျော်ထင်ကို လှေတပ်တွင် အကြီးအချုပ် ခန့်တော်မူသည်။ သာယာဝတီမှ ဆက်၍ချီရာ မကော်သို့ရောက်လျှင် နှစ်ရက်ခန့် စခန်းချပြီး ရေတပ်၊ ကြည်းတပ်များကို စစ်ဆေးခန့်ရန်တော်မူသည်။ ထိုစဉ်စစ်သူကြီး ဘယဂါမဏိက ယခုလိုလျှောက်ထား၏။

'လျှောက်တင်ပါသည်ဘုရား၊ ယခုသံလျင်သို့ ချီရာမှာ အလုံးအရင်းဆင်၊ မြင်း၊ လှေတပ်များပြားလှပါသည်။ သည်သတင်းကို သံလျင်စားဇေဇကာကြားလျှင် မြို့တွင်းမှ ခံဝံ့မည်မထင်ပါ။ သို့ပါ၍ သင်းထွက်မပြေးသာအောင် လှေတပ်သားတို့က ရေလမ်းကိုပိတ်ဆို့ဆီးတားသင့်ပါသည်။ ဒါမှလည်း သံလျင်အရေးတော် ပြီးလွယ်မည်ဖြစ်ကြောင်းပါဘုရား'

'အိမ်း- ဘယဂါမဏိ တင်လျှောက်ချက် သင့်မြတ်လှပေတယ်။ ရေတပ်ဝန် မင်းရဲကျော်ထင်က သံလျင်စားပြေးမထွက်သာအောင် 'ပန်အလွဲ' က လှေတပ်ဖြင့်ဆီးဆို့စေ၊ ရခိုင်ဘက်သို့ ပေါက်သမျှ လမ်းများကိုလည်း ပိတ်ဆို့စေ'

တောင်ငူမင်းရဲကျော်ထင်လည်း အင်းဝဘုရင်အမိန့်တော်အတိုင်း တည်အောင် စီရင်သည်။ အင်းဝတပ်များ ဆက်လက်ချီတက်ရာ သံလျင်အရှေ့တောင်ထောင့်အရပ်သို့ ရောက်လျှင် တပ်မချ၍ ရပ်နားကြသည်။ သည်အတောအတွင်း စစ်သည်ရဲမက်ဖြည့်တင်းသည်။ အင်းဝတို့၏ စစ်ဆင်ရေးမှာ သည်နေရာမှ မွေ့နွန်းတောင်ကို ပတ်၍တပ်တည်ရန်ဖြစ်သည်။ ယခုလို တပ်အင်အားများကို နေရာရွှေ့ပြောင်းခြင်း၊ တပ်ဖြန့်ခန့်ခွဲခြင်းတို့ဖြင့် တိုက်ပွဲဝင်ခြင်းသည် မိမိတို့ဘက်က လုံးဝဥဿုံ အောင်မြင်မှုရနိုင်သော အခြေအနေကို ဖန်တီးခြင်းပင်ဖြစ်၏။

* * *

သံလျင်ဇေဇကာတို့ဘက်မှလည်း အင်းဝတပ်များ ရောက်နေပြီဟူသော သတင်းကို ရရှိထားသည်မှာ ငါးရက်ခန့်ပင်ရှိသွားပြီဖြစ်၏။ ယခုထိလှုပ်ရှားမှု



ကို မတွေ့ရသေးပေ။

ဆဋ္ဌမမြောက်ရက်၏ ညဦး (၃) ချက်တီး ကျော်ကျော်လောက်တွင် မွေ့နွန်းတောင်မျှော်ကြည့်စင် တာဝန်ကျ၏ အချက်ပေးသံထွက်ပေါ်လာ၏။ သည်အသံကို ကြားလျှင်ကြားချင်း ပေါ်တူဂီစစ်သားများလည်း လှုပ်လှုပ်ရွရွ ဖြစ်သွားကြပြီ။

ဇေဇကာသည် မျှော်ကြည့်စင် တာဝန်ကျစစ်သား ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။ သစ်ပင်အုပ်အုပ်များကြားထဲတွင် မဲမဲသဏ္ဌာန်များကို မြင်ရသည်။ သည်သဏ္ဌာန်များသည် သူတို့ရှိရာ မွေ့နွန်းတောင်ဆီသို့ ဦးတည်လာနေကြသည်။ တဖြည်းဖြည်း နီးကပ်လာ၏။ အင်းဝစစ်သည်များပါလား။ ဤမျှများပြားလှသော တပ်ကြီးများကို ဇေဇကာ မမြင်တွေ့ဖူးသေးချေ။ စစ်သည်များသည် မွေ့နွန်းတောင်ကိုပတ်လျက် တိတ်ဆိတ်စွာ ချီတက်နေကြသည်။

မွေ့နွန်းတောင်ကို ပတ်မိလျှင် ခက်ချေရှာမည်။ ဇေဇကာသည် အင်းဝတပ်များ ချီတက်နေရာသို့ စိန်ပြောင်းများကို မပြတ်ပစ်လွှတ်ကာ တပ်မတည်နိုင်အောင် ဖျက်စေ၏။ သို့သော် အင်းဝစစ်သည်တို့သည် ရုတ်တရက် ပြိုင်တူ စစ်ကြွေးကြော်ကာ အပြင်းချီတက်ကြသည်။ စိန်ပြောင်းကျည်များမှာ မိုးသီးမိုးပေါက်ပမာကျလာသည်။ အင်းဝစစ်သည်များကား မမှုပြီ။ ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ ချီတက်ကြရာ မကြာခင်မှာပင် မွေ့နွန်းတောင်ကိုပတ်ကာ တပ်တည်မိသွားလေတော့သည်။ တပ်တည်၍ရလျှင် မွေ့နွန်းတောင်ကသည် တပ်မကြီးတိုင်အောင် တစ်စပ်တည်းတည်ပြန်သည်။

မြန်မာ့စစ်သည် ရဲမက်များသည် စစ်စည်စစ်မောင်းများတီးကာ မြို့ရိုးအနီးသို့ ချဉ်းကပ်လာကြသည်။ ချဉ်းကပ်မိသည်နှင့် 'စစ်သည်တော်တက်' ဟူသော စစ်သူကြီး ဘယဂါမဏိ၏ အမိန့်ပေးသံသည် ဟိန်း၍ထွက်လာ၏။ စစ်သည်တော်များသည် တဟုန်းထိုး ချီတက်ကာ မြို့တက်လှေကားများဖြင့် မြို့ရိုးပေါ်သို့ တက်ကြသည်။

သည်လိုတက်လာသည်နှင့် ဇေဇကာ၏ ပေါ်တူဂီစစ်သားများသည် မြို့ရိုးထိပ်မှ ပွဲလျက်ရည်၊ ရေနွေးရည်များလောင်းချသည်။ ဗုံးများဖြင့်ပစ်သည်။ ခဏချင်းမှာပင် အော်ဟစ်သံ၊ ပေါက်ကွဲသံ၊ ပြိုကျသံတို့ဖြင့် ဆူညံသွား၏။

အင်းဝသူရဲကောင်းများကား အားမလျှော့။ ရှေ့ကကျသွားလျှင် နောက်ကထပ်တိုးပြီး တက်နေကြသည်။ ကုန်းမြင့်လည်းဖြစ်၊ မြို့ရိုးကလည်း

www.burmeseclassic.com



မြင့်မားခိုင်ခံ့လွန်းသောကြောင့် မည်မျှအားသွန်၍ တက်ပါသော်လည်း မဖြိုဖျက်နိုင်ဖြစ်နေသည်။ ထို့ကြောင့် မြို့တက်ရပ်တန့်ပြီး ခေတ္တဆုတ်ခွာသွားကြသည်။ သို့သော် မြို့ကိုမူဝိုင်းမြဲဝိုင်းထားသည်။

ထို့ကြောင့် သံလျင်မြို့တွင်း၌ အစာရေစာခေါင်းပါးလာသည်။ အချင်းချင်းလုယက်မှုများ မပြတ်ဖြစ်ပေါ်နေသည်။ ဇေင်ကာလည်း ကောင်းစွာမအုပ်ချုပ်နိုင်။ အထူးသဖြင့် ပေါ်တူဂီစစ်သားများသည် အလွန်တုန်လှုပ်ချောက်ချားနေကြသည်။ မည်မျှအထိ ချောက်ချားသနည်းဆိုလျှင် ပေါ်တူဂီတပ်မှူးချုပ်ဝိုမီးစ်ဒါကောစ်တာဆိုသူအား ပေါ်တူဂီသားများကပင် နောက်မှနေ၍ သေနတ်နှင့် ပစ်လိုက်သည်အထိပင်။ နောက်နေ့တွင် တပ်မှူးချုပ်သစ်အဖြစ် ဘင်္ဂလားမှရောက်လာသည့် 'အော်ဂေါ့စ်တီနိုဖနန်ဒေစ်' ဆိုသူအား ခန့်အပ်သည်။ ပြီးတော့ ခံတပ်အားလုံးနှင့် မြို့ရိုးတစ်ဝိုက်ကို မြေဖို့စေသည်။ မြေဖို့ရန် မွန်မြန်မာ ယောကျ်ားများသာမက အမျိုးသမီးများကိုလည်း မြေသယ်ခိုင်းသည်။

သည်အချိန်တွင် အင်းဝဘုရင်နှင့် စစ်သေနာပတိများ၊ တပ်မှူးများကလည်း စုဝေးကာ အကောင်းဆုံးစစ်ပရိယာယ်ဖြစ်သော ရန်သူကို အသေအကြေမတိုက်ရဘဲ ရန်သူတို့အရှုံးပေးစေမည့် စီမံမှုကို စဉ်းစားကြသည်။ နောက်ဆုံးတွင် အကောင်းဆုံးသော အစီအမံကိုရရှိကြတော့သည်။

အင်းဝတပ်မှူး၊ စစ်မှူးများကတပ်တွင်းမှသည် သံလျင်မြို့ရင်းသို့တိုင်အောင် ဥမင်တူးစေသည်။ သစ်တပ်ခြေရင်းကိုတွေ့လျှင်တွေ့ကြောင်း လျှောက်ကြ၏။ သည်တစ်ကြိမ် တိုက်ခိုက်ရာတွင် မြေပေါ်မြေအောက် ဥမင်လမ်းကြောင်းတို့မှ တစ်ပြိုင်တည်း တိုက်ခိုက်ကြမည်။ ဥမင်လိုဏ်ခေါင်း စစ်သည်များ ဆောင်ရွက်ရမည့် **အစီအမံကိုလည်း** ညွှန်ကြားထားပြီးဖြစ်၏။

သည်လိုနှင့် သုံးပတ်ခန့်အကြာတွင် သံလျင်မြို့တွင်းရှိမွန်များကအင်းဝဘုရင်ထံ လက်နက်ချမည် တကဲကဲဖြစ်လာသည်။ နောက်ဆုံးတွင် ပေါ်တူဂီစစ်မှူးများ စည်းဝေး၍ ဆုံးဖြတ်ချက်တစ်ခု ချမှတ်သည်။ ယင်းဆုံးဖြတ်ချက်မှာ 'ပေါ်တူဂီအားလုံး လက်နက်ချမည်။ အားလုံးမြန်မာ့နယ်မြေမှ သင်္ဘောဖြင့် ထွက်ခွာသွားမည်။ အသက်ကိုမူ ချမ်းသာပေးပါရန်' ဖြစ်သည်။ သည်ဆုံးဖြတ်ချက်ကို ပေတွင်ရေးကာ ပေါ်တူဂီလူမျိုး ဆေဘတ်စ်တီယိုရိုဒရိဂုစ်ပန်ချိုနာဆိုသူက ယူဆောင်ကာ အင်းဝတပ်သို့ဆက်သည်။ အင်းဝတပ်မှ လက်မခံ။ ဘုရင် မဟာဓမ္မရာဇာကလည်း ဆက်သခွင့်မပြုပေ။

တိုက်ပွဲ၏ အခြေအနေအရပ်ရပ်ကို သိရှိသွားသော သံလျင်ရောက်



နတ်သျှင်နောင်သည် များစွာထိတ်လန့်တုန်လှုပ်သွား၏။ သည်အတိုင်းဆိုပါက သံလျင်ဘက်မှ အောင်နိုင်ဖွယ်မရှိ။ အင်းဝဘုရင်အောင်ပွဲရမည်မှာ သေချာနေပေပြီ။ ဇေင်ကာသာ အရေးနိမ့်သွားလျှင် မိမိအဖို့လည်း လွတ်လမ်းမမြင်။ မိမိရည်မှန်းချက်ကား ပြောဖွယ်ရာမရှိပြီ။

တစ်ဖက်တွင်လည်း အင်းဝစစ်သည်တို့မှာ မိမိညီငယ်များ၊ မိမိဆွေမျိုးသားချင်းများ၊ မိမိလူမျိုးများဖြစ်ကြ၏။ အချင်းချင်းတိုက်ရမည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်သည်။ သို့သော် မိမိရည်မှန်းချက် အောင်မြင်ရေးအတွက်လည်း အလျှော့မပေးချင်။ သည်လိုဆို ဘာဆက်လုပ်ရမည်နည်း။ ဇေင်ကာနှင့်အတူလက်တွဲပြီး သွေးရင်းသားရင်းများကို ပြန်လည်တိုက်ခိုက်ရုံမှတစ်ပါး အခြားမရှိပြီ။ နတ်သျှင်နောင်၏ နှလုံးသားပြင်ပေါ်ဝယ် လောဘအဆိပ်များသည် ပျံ့နှံ့လျက်ရှိချေပြီတကား။

တန်ခူးလဆန်း ၈–ရက် ဗုဒ္ဓဟူးနေ့သို့အဝင် ညဥ့်သန်းယံမိမ်းချိန်–– သံလျင်ကို ဝိုင်းပတ်ထားသည့် ၃၆–ရက်မြောက်ညဖြစ်၏။ အင်းဝတပ်များသည် ကြည်း၊ ရေနှစ်ဖက် ညှပ်၍ အပြင်းအထန်တိုက်သည်။ မြို့ရိုးပေါ်သို့ တက်နေကြသော အင်းဝတပ်သားများအပေါ် ပွဲလျက်ရည်၊ မီးအိုးတို့ကို မပြတ်လောင်းချကြ၏။ အင်းဝစစ်သည်များကား နောက်မဆုတ်တက်မြဲတက်လျက်ပင်။ တစ်ညလုံးတိုက်သည်။ နံနက် ၈ နာရီခန့်တွင် သံလျင်မြို့တွင်းမှ မွန်တပ်များကို အုပ်ချုပ်သည့် ဗညားလောဆိုသူသည် သံလျင်မြို့ရိုးပေါ်မှ ခုန်ချ၍ အင်းဝတပ်များဆီသို့သွားကာ ပူးပေါင်းလိုက်သည်။

မြေပေါ်တိုက်ပွဲ ပြင်းထန်နေချိန်ဝယ် မြေအောက်ဥမင်လိုဏ်တစ်လျှောက်မှ စစ်သည်များကလည်း မြို့ရိုးသစ်တပ်၏ တိုင်ရင်းများကို ကြိုးဖြင့်ငင်ကြသည်။ ဤတွင် သစ်တပ်တိုင်သုံးတိုင် ပြိုလဲသွားတော့သည်။

တပ်ပေါက်သွားပြီ။ အင်းဝမြင်းသည်တော်များသည် အညှို့မှလွှတ်လိုက်သော မြားများနှယ် သံလျင်မြို့တွင်းသို့ တစ်ဟုန်ထိုးဝင်လာကြသည်။ သူတို့နောက်မှ ဆင်တော်များ၊ ခြေသည်တော်များ ...။

ပေါ်တူဂီတပ်သားများသည် မျှော်လင့်မထားသည့် တိုက်ကွက်၊ မယှဉ်နိုင်သော စစ်အင်အား၊ အင်းဝစစ်သည်တို့၏ တိုက်ရည်ခိုက်ရည်တို့ကြားတွင် ကျဆုံးကုန်ကြသည်။ ပေါ်တူဂီတပ်သားများ ဖရိုဖရဲပြိုကွဲသွားကြတော့သည်။ ဇေင်ကာလည်း ရေလမ်းမှပြေးရန်ကြံသေး၏။ သို့သော် သူ့ရေတပ်ကိုအားကိုး၍ မရတော့ပြီ။ တောင်ငူမင်းရဲကျော်ထင် ဦးစီးသော မြန်မာ့ရေတပ်က ဓရေ

www.burmeseclassic.com

www.burmeseclassic.com



လမ်းထွက်ပေါက်များကို ပိတ်ဆို့ထားပြီးဖြစ်နေသောကြောင့်ပင်တည်း။ သံလျင်ရောက် နတ်သျှင်နောင်အဖို့ ပြေးလမ်းမရှိတော့ပြီ။ လွတ်မြောက်လမ်းမရှိတော့ပြီ။

ညနေ ၄ နာရီလောက်တွင် အင်းဝဘုရင်မဟာဓမ္မရာဇာနှင့် သူ့ညီတော်များသည် သံလျင်မြို့တွင်းသို့ ဝင်ရောက်လာကြသည်။ အတိုက်အခိုက်အားလုံးကို ရပ်စဲစေသည်။

နတ်သျှင်နောင်နှင့် ဇေင်ကာတို့မှာ သုံ့ပန်းဘဝသို့ရောက်ရလေတော့သည်။ သံလျင်မှ ဖမ်းဆီးရမိသော သုံ့ပန်းများအနက် ဗရင်ဂျီဘာသာဝင်နိုင်ငံခြားသား ၅၀၀၀ ကျော်၊ အမျိုးသမီး ၂၂ ဦး အပါအဝင် ပေါ်တူဂီစစ်သား ၁၆၀ တို့ကို စစ်ကိုင်းဘက်သို့ ပို့ကာ နေရာချထားလိုက်သည်။

ဇေင်ကာ၏ ဇနီး၊ ဂိုအာဘုရင်ခံချုပ်၏တူမ 'ဒိုနာလူဇာဒီဆာလ်ဒါနာ' ကိုမူ အသက်ချမ်းသာပေးပြီး၊ အခြားသုံ့ပန်းများနှင့်အတူ နေစေသည်။

❒ ❒ ❒

(၂၁)

# နတ်သျှင်နောင်၏ နောက်ဆုံးနေ့

နတ်သျှင်နောင်သည် သူ့ကိုထားရှိရာ အခန်းကျဉ်းထဲမှ ကွပ်ပျစ်ပေါ်တွင် လဲလျောင်းရင်း မျက်လုံးများကို မှိတ်ထားသည်။ သူ့စိတ်အစဉ်သည် အတိတ်ကာလများဆီသို့ ရောက်သွား၏။

တောင်ငူရွှေနန်းသို့ ဆယ်ကျော်သက်အရွယ် ရှင်ထွေးရောက်လာပုံကို ပြန်လည်မြင်ယောင်နေသည်။ စာပေဝါသနာတူချင်းမို့ သူတို့နှစ်ယောက်ခင်မင်ရင်းနှီးခဲ့ကြသည်။ အရွယ်ရောက်လာတော့ ချစ်သူတွေဖြစ်သွားကြသည်။ သူ့အသက် ၁၅ နှစ်မှာ ဟံသာဝတီနန္ဒဘုရင် (ငါးဆူဒါယကာ) နှင့်အတူ အယုဒ္ဓယသို့ စစ်ချီတက်ခဲ့ရသည်။ ၁၈ နှစ်မှာတစ်ကြိမ် ထပ်မံစစ်ချီရပြန်သည်။ စစ်လမ်းမြေတာချီလေရာဝယ် ရွှေပြည်တောင်ငူ နန်းမြင့်သူ ရဝေရှင်ထွေးကို လွမ်းတခဲ့ရသည်မို့ ရှင်ထွေးကို ရည်ညွှန်းကာ ရတုကဗျာများစပ်ဆိုခဲ့ရသည်ကို ပြန်လည် မြင်ယောင်နေမိသည်။

ဟံသာဝတီ အိမ်ရှေ့မင်းသားနှင့် အယုဒ္ဓယသို့ စစ်ချီရသည့်အကြိမ်သည် သူ့ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေခဲ့သည်။ အိမ်ရှေ့မင်းကျဆုံး

www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် ဟံသာဝတီသို့ ပြန်ခဲ့ကြရသည်။ အိမ်ရှေ့မင်း၏ ဈာပနအခမ်းအနားတွင် အိမ်ရှေ့မိဖုရား ဓာတုကလျာကို ပထမဆုံးအကြိမ်မြင်ဖူးသည်။ သည်တုန်းက သူ့အသက် ၂၁ နှစ်။ ဓာတုကလျာကိုမြင်လိုက်သည်နှင့် ကရုဏာမေတ္တာပွားမိသည်။ အပယုဒ္ဒယစစ်တွင် ထူးချွန်သူအဖြစ် ဓာတုကိုယ်တိုင်သူ့ကိုဆုလာဘ်များ ပေးအပ်သည့်နေ့တွင် ဓာတုအပေါ် သမုဒယမေတ္တာ ထပ်လောင်းမိသဖြင့် အကောင်းအဆိုး မဝေခွဲနိုင်ဘဲ ဓာတုအပေါ်ယိမ်းယိုင်ခဲ့ရသည်။ ငယ်ချစ်ဦး ရဝေရှင်ထွေးကို သံယောဇဉ်ရှိသော်လည်း အဆက်အသွယ်ပြတ်ခဲ့ပုံများကို တရေးရေးမြင်ယောင်နေတော့သည်။

ဓာတုကလျာကို ချစ်ရေးဆိုသည့်ကာလပင် ၁၀ နှစ်တိုင်တိုင်ကြာခဲ့သည်။ ခမည်းတော် တောင်ငူဘုရင် ဟံသာဝတီကို အလိုတော်ပြည့်သည့်အခါ သူ့ကို အိမ်ရှေ့အရာအပ်နှင်းပြီး ဓာတုကလျာနှင့် လက်ဆက်ပေးသည်။ အိမ်ထောင်သက် -၇- လသာကြာလိုက်သည်။ အစ်မတော် ဓာတုမျက်ကွယ်ပြုသွား၏။ အိမ်ရှေ့မင်းအဖြစ် ၇ နှစ်။ တောင်ငူဘုရင်အဖြစ် ၁ နှစ်။ အင်းဝဘုရင်လာရောက် တိုက်ခိုက်စဉ်က ဆင်မြင်းပင်မစီးနိုင်၊ ထိုင်၍မျှမနေနိုင်သည့်ဝေဒနာကြောင့် အညံ့ခံလိုက်ရသည်။ ဤတွင် အင်းဝဘုရင်၏ လက်အောက်ခံဘုရင်အဖြစ် ၂ နှစ်ကြာသွားသည်။ မိမိရည်မှန်းချက် ထမြောက်အောင် မစွမ်းဆောင်နိုင်သေး။ သည်အချိန်မှာ ဇင်ကာက ဆိုင်းမဆင့်၊ ဗုံမဆင့်ဘဲလာရောက်တိုက်ခိုက် သဖြင့် သံလျင်သို့ရောက်ခဲ့ရသည်။ သံလျင်မှာ ၁ နှစ်။ ယခုမိမိအသက် ၄၂ နှစ်။ ၄၂ နှစ်ဆိုတာ ဘာရှိသေးလို့လဲ။ မိမိရည်မှန်းချက်ပြီးမြောက်ဖို့၊ လုပ်ဆောင်ဖို့အချိန်တွေ၊ အင်အားတွေ အများကြီး ရှိသေးသည်ပဲ။

သို့သော် မိမိ၏လက်ရှိ အခြေအနေမှာ အကျဉ်းသားဘဝ၊ အင်းဝဘုရင်၏ အကျဉ်းသား။

သူ စဉ်းစားနေစဉ်မှာပင် အခန်းတံခါးပွင့်သွားသည်။ အလင်းရောင်အားနည်းလှသဖြင့် ပြတ်ပြတ်သားသား မမြင်ရ။ ကြည့်နေရင်းမှ ရှေ့ကဝင်လာသူမှာ သူ့ညီထွေး မင်းရဲကျော်ထင်ဖြစ်ကြောင်း သိရသည်။ သူ့နောက်မှကပ်ပါလာသူက ညီလတ်မင်းရဲသီဟသူ။

သူသည် လဲလျောင်းနေရာမှ ထထိုင်ကာ ညီငယ်များကို အပြုံးဖြင့်ဆီးကြိုသည်။ သူ့အပြုံးသည် ယခင်ကလိုပင် နှစ်ခြိုက်ဖွယ်ကောင်း၏။ သို့သော် သူ့မျက်လုံးများကမူ ကြည်ကြည်လင်လင်မရှိ။ မှုံမှိုင်းနေသည်။



နောင်တော်ကို မြင်ရတော့ သူ့ညီငယ်များ စိတ်မကောင်းဖြစ်သွားကြ၏။ မည်သူမျှ စကားမဆိုမိကြ။ ခဏအကြာတွင် မင်းရဲကျော်ထင်၏ ဆို့နင့်သော အသံထွက်ပေါ်လာသည်။

'နောင်တော်၊ နေရထိုင်ရတာ သက်တောင့်သက်သာရှိပါရဲ့လား'

ညီထွေး၏ အသံထဲတွင် ဝမ်းနည်းကြေကွဲသံ၊ ယူကျုံးမရသံတွေပါနေသည်ကို နတ်သျှင်နောင် သတိပြုမိသည်။ သူချက်ချင်းပြန်မဖြေနိုင်။ ညီငယ်များ၏ မျက်နှာများကို တစ်လှည့်စီကြည့်လိုက်သည်။ မျက်ဝန်းတွေထဲမှာ စိုလက်နေပါလား။ ကြံ့ခိုင်မာကြောသော အသည်းနှလုံးပိုင်ရှင်လို့ ကိုယ့်ကိုယ်ကို ထင်မှတ်ထားသော မိမိပင်လျှင် ညီလေးတွေကိုမြင်လိုက်ရတော့ ရင်ထဲမှာငိုနေရပြီကော။

နတ်သျှင်နောင်သည် သက်ပြင်းရှည်ကြီးကို မှုဉ်းမှုဉ်းမှုတ်ထုတ်ကာ အတတ်နိုင်ဆုံး ထိန်းထားသည့်လေသံနှင့် ပြောလိုက်သည်။

'ဒီနေ့၊ နက်ဖြန်ဆိုသလို သေရတော့မယ့်လူတစ်ယောက်အတွက် သက်တောင့်သက်သာရှိဖို့ မလိုတော့ပါဘူး ညီထွေးရာ'

'အို- ဘာကြောင့်သေရမှာလဲ။ နောင်တော်မသေစေရဘူး။ သည့်အတွက် ညီတို့လာခဲ့ကြတာပါ'

နတ်သျှင်နောင်သည် သူ့ညီထွေးမင်းရဲကျော်ထင်အား တစ်ခါမျှမမြင်ဖူးသည့်အလား စူးစူးစိုက်စိုက်ကြည့်ပြီးမေးလိုက်သည်။

'ဘာပြောတယ် ညီ – သည့်အတွက်ညီတို့လာကြတယ်၊ ဟုတ်လား'

'မှန်ပါတယ် နောင်တော်၊ အခုတိုက်ပွဲမှာ နောင်တော်ရဲ့ဆန္ဒလုံးဝမပါဘူးဆိုရင် နောင်တော့်မှာ ဘာအပြစ်မှ မရှိပါဘူး။ ဒါကို အင်းဝဘုရင်သဘောပေါက်အောင် ပြောပြသင့်တာပေါ့နော်တော်'

'ဟား – ဟား – ဟား – ဟား လက်စသတ်တော့ ညီက နောင်တော့်ကို မုသားစကားအဆိုခိုင်းနေတာကိုး'

ကျယ်လောင်စွာရယ်ပြီး ခက်ထန်စွာ ပြောလိုက်သောကြောင့် မင်းရဲကျော်ထင် လန့်သွား၏။ နောင်တော်အထင်လွဲသွားပြီ။ ထို့ကြောင့် နောင်တော်၏ လက်မောင်းကို ကိုင်ကာ ကမန်းကတန်း ရှင်းပြတောင်းပန်လိုက်၏။

'မဟုတ်ရပါဘူး နောင်တော်။ မုသားစကားမဆိုခိုင်းဝံ့ကြောင်းပါ။ နောင်တော့်ကို ဇင်ကာက ဖမ်းဆီးခေါ်ဆောင်လာတယ်ဆိုကတည်းက နောင်တော့်ဆန္ဒလုံးဝမပါနိုင်ဘူးလို့ ညီတို့ယုံကြည်နေပါတယ်။ ညီပြောတာမှန်တယ် မဟုတ်လား နောင်တော်'

www.burmeseclassic.com

www.burmeseclassic.com



သူညီထွေးသည် အဖြေစကားကို တောင်းဆိုနေပြီ။ သူသည် သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်ပြီး ဖြည်းဖြည်းချင်းပြောပြသည်။

'ဒီမယ် ညီ-- နောင်တော့် ရည်မှန်းချက်ကို သိတယ်မဟုတ်လား။ ရည်မှန်းချက် အကောင်အထည်ဖော်အုံ့ဆဲဆဲမှာ အင်းဝဘုရင်ကြောင့် ပျက်ပြယ်သွားခဲ့ရတယ်။ သူသိပ်ရက်စက်တယ်။ တောင်ငူထီးနန်း၊ တောင်ငူအင်အား၊ အို ... အားလုံးအားလုံး သူယူငင်သွားတယ်။ သိလျက်နှင့် ဝိဘက်ကြမ္မာငင်တော့ နောင်တော့အာရုံထဲမှာ တောင်ငူထီးနန်းပြန်ရဖို့ ဇေင်ကာကူညီနိုင်မယ်လို့ ထင်မိတယ်။ ဇေင်ကာကလည်း တောင်ငူထီးနန်း ပြန်လည်ရယူရေးမှာ ကူညီပါ့မယ်လို့ အာမခံတယ်လေ။ ဒါကြောင့် နောင်တော်သူ့ကို လက်တွဲခဲ့တယ်။ ခုဟာက သူရဲကောင်းအချင်းချင်း တိုက်တဲ့ပွဲပဲညီရဲ့။ တိုက်ရင်းနဲ့ရှုံးတာ ကျေနပ်တယ်။ နောင်တော့်အသက်ကိုသာ အဆုံးခံမယ်၊ နောင်တော့်အပေါ် ရက်စက် လှတဲ့ အင်းဝဘုရင်ကိုတော့ မတိုးလျှိုးနိုင်ဘူးညီ--'

သည်အခါ ညီလတ်မင်းရဲသိဟသူက ဝင်ပြောသည်။

'နောင်တော်ရဲ့ သူရဲကောင်းစိတ်ဓာတ်ကို ညီတို့ဂုဏ်ယူအားကျပါတယ် နောင်တော်။ ဇေင်ကာကို ယုံစားတာတော့ ညီကန့်ကွက်တယ်။ ဇေင်ကာဟာ သူ့အကျိုး တစ်စုံတစ်ရာမပါဘဲ ဘာတစ်ခုမှ မလုပ်ပါဘူး။ ကောက်ကျစ်စဉ်းလဲတဲ့ သူ့စိတ်ထားကိုလည်း နောင်တော်သိပါတယ်လေ။ နောင်တော့်အပေါ် တကယ်သစ္စာရှိမရှိဆိုတာ စစ်မေးတဲ့နေ့ကျတော့ ပေါ်လာမှာပါ'

'ဇေင်ကာနဲ့ ပတ်သက်ပြီး နောင်တော်အငြင်းမပွားချင်ပါဘူး ညီတို့ရာ၊ ကိုယ့်ဆန္ဒအလျှောက် လုပ်ခဲ့ပြီးတဲ့နောက်တော့ ဖြစ်သမျှတွေဟာ ဖြစ်သင့်ဖြစ်ရာတွေပဲလို့ လက်ခံထားတယ်။ ဆုံးရှုံးမှုကိုလည်း မတုန်လှုပ်တော့ပါဘူး။ ကဲ-ကဲ- နောင်တော့်အတွက် သောကရောက်မနေကြနဲ့တော့ ဒီစကားတွေ တော်လောက်ပါပြီ'

မင်းရဲသိဟသူနှင့် မင်းရဲကျော်ထင်တို့၏ မျက်ဝန်းထဲတွင် မျက်ရည်များရစ်ဝဲလာသည်။ သူတို့နှုတ်ခမ်းများ တဆတ်ဆတ်လှုပ်နေသော်လည်း တစ်ခွန်းမျှ မပြောကြတော့။ နောင်တော့်မှာ သည်ကိစ္စနှင့်ပတ်သက်၍ ပြောချင်ပုံမရသည်ကို နားလည်ကြရပြီ။ သို့ဖြင့် နှစ်ယောက်စလုံး လက်အုပ်ချီကာ နောင်တော်ကို ကန်တော့လိုက်ကြပြီး တိတ်ဆိတ်စွာ ထွက်သွားကြတော့သည်။

* * *

သံလျင်ကို အင်းဝဘုရင်သိမ်းပိုက်ပြီး ငါးရက်အကြာတွင်ဖြစ်၏။



သည်နေ့ ဇေင်ကာနှင့် နတ်သျှင်နောင်တို့ကို စစ်ဆေးမည်။

အင်းဝဘုရင် မဟာဓမ္မရာဇာ၊ ဘုရင့်အမိန့်အရ တာဝန်ခံစစ်ဆေးပေးရမည့် ဝန့်ရှင်တော်စည်သူကျော်ထင်နှင့် ဝန့်ရှင်တော်သခ်ယာ၊ နားကြားကြမည့် မှူးမတ်၊ သေနာပတိကြီးများ၊ နတ်သျှင်နောင်၏ ညီတော်များ အားလုံး သတ်မှတ်ထားသည့်နေရာတွင် အဆင်သင့်ရောက်ရှိနေကြပြီ။

မကြာခင်မှာပင် နတ်သျှင်နောင်နှင့် ဇေင်ကာတို့ကို ခေါ်ဆောင်လာသည်။ ဦးစွာ ဇေင်ကာကို စစ်မေးသည်။

'ဇေင်ကာ-- မောင်မင်းဟာ အင်းဝဘုရင်မင်းတရားကြီးရဲ့ ပိုင်နက်ဖြစ်တဲ့ ကေတုမတီတိုင်အောင် ချီတက်ဖျက်ဆီးခဲ့တယ်။ မောင်မင်းပသို့ လျှောက်တင်မလဲ'

'မင်းတရား၏ နိုင်ငံတော်ကို ဖျက်ဆီးလို၍ ချီတက်ရသည်မဟုတ်ပါ။ တောင်ငူမင်းကယူလာပါလှည့်လို့စေသောကြောင့်သာ ချီရကြောင်းပါ'

ဇေင်ကာကသည်လို ချေပလျှောက်တင်သည့်အခါ ရုံးတော်ရှိမျက်လုံးပေါင်းများစွာသည် ဝန့်ရှင်တော်စည်သူကျော်ထင်နှင့် သခ်ယာတို့၏ ရှေ့လက်ျာဘက်ရှိ နတ်သျှင်နောင်ဆီသို့ **စူးစိုက်ရောက်ရှိသွားကြသည်။**

ဤတွင် အင်းဝဘုရင်က တစ်ယောက်ကိုမေးဘိဦးဟု အမိန့်ပေး၏။ ဝန့်ရှင်တော် စည်သူကျော်ထင်က ဇေင်ကာပြောသည့်အတိုင်း ဟုတ်မဟုတ် နတ်သျှင်နောင်အား စစ်မေးသည်။

သည်အခါ နတ်သျှင်နောင်က 'ကျွန်ုပ်သည်အတိုင်းမစေ' ဟု တိုတိုပင်ဖြေကြားသည်။

ဟော်ဝင် (စာပေ)

www.burmeseclassic.com

www.burmeseclassic.com



သံလျင်စား ဇေင်ကာကို ပြန်လည်စစ်မေးရာ 'တောင်ငူမင်းက စေသသူကြက်ရိုးပင်စားရှိပါသည်။ စစ်မေးတော်မူပါ' ဟု သက်သေပြသည်။

ထို့ကြောင့် ကြက်ရိုးပင်စားကိုခေါ်၍ စစ်မေးရာ ယခုလိုပြန်လည်ဖြေကြားသည်။

'ကျွန်ုပ်ကိုစေသည်မှာ မှန်ပါသည်။ စာကိုသက္ကလပ်အိတ်တွင်ထည့်ပြီး တံဆိပ်ခတ်နှိပ်ထားသည့်အတွက် စာတွင် မည်သို့ပါရှိသည်ကို မလျှောက်ထားနိုင်ကြောင်းပါဘုရား'

ပရိသတ်များသည် နတ်သျှင်နောင်ကို လှမ်းကြည့်လိုက်ကြ၏။ အချို့ရွံ့ရှာမုန်းတီးသောအကြည့်။ သူခိုးဓားရိုးကမ်းသူအဖြစ် စက်ဆုပ်သောအကြည့်များကို ဖော်ညွှန်းနေကြသည်။ အချို့မှာ နှမြောတသယူကျုံးမရဟန်ဖြင့် ရှိဝေနေ၏။ အချို့အချို့သော မျက်ဝန်းများကမူ 'နတ်သျှင်နောင်လည်းလေ ပုထုဇဉ် ပေမို့ အမှားတော့ရှိပေမှာပေါ့' ဟု ခွင့်လွှတ်စကားကို ပြောနေကြသယောင်ယောင်။

နတ်သျှင်နောင်သည် ပရိသတ်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။ သည်ပရိသတ်ထဲမှာ သူ့ညီငယ်များ၏ မျက်နှာများကို မြင်လိုက်ရသည်။

'ဇေင်ကာက နောင်တော့်ထီးနန်းပြန်ရရေးကူညီမယ်ဆို ခုတော့ ဘယ့်နှယ်ရှိစ' ဟု မေးနေသည်လား။ ဝမ်းနည်းကြေကွဲနေကြသည်လား။ သူတို့ မျက်နှာများမဲ့နေကြသည်။ သူတို့ကိုမြင်လိုက်ရသည့်အခါ နတ်သျှင်နောင်၏ရင်ထဲတွင် ဆို့နင့်နာကျင်သွား၏။

'ညီတို့ရေ ...နောင်တော့်ကို ခွင့်လွှတ်ကြပေတော့' ဟု ရင်ထဲကပင် တောင်းပန်လိုက်သည်။ ညီငယ်များထံမှ မျက်လုံးကိုလွှဲဖယ်လိုက်ပြီး ပြတ်သားစွာပြောလိုက်၏။

'ပေါ်တူဂီ ဇေင်ကာနဲ့ မဆွကပင် မဟာမိတ်စာချုပ်ချုပ်ဆိုထားတာ အမှန်ပဲ။ တောင်ငူကို စစ်မဖြေြဘဲ လွှာတိုက်တာ သင်းကိုယ်သင်း အသိဆုံး။ ငါဘာမှ မပြောလိုတော့။ အပြစ်ပေးလိုကပေး။ သေရမှာကိုလည်း မကြောက်တော့။ သေခြင်းတရားဆိုတာ ဖြစ်မြဲမမှုတာပဲ၊ ငါ့ကို ကွပ်မျက်သော်လည်း ကိုယ်ကာယရုပ်ကောင်ကိုသာ သေစေနိုင်မယ်၊ ငါ့စိတ်ဓာတ်ကိုတော့ အသေသတ်နိုင်မယ် မဟုတ်ပေဘူး၊ သင်မင်းတရားပြုလိုရာပြု၊ ငါခံတော့မယ်'

နတ်သျှင်နောင်၏ စကားဆုံးသောအခါ အားလုံးသော မျက်ဝန်းများသည် မင်းတရားထံရောက်သွားကြ၏။ မင်းတရားမည်သို့ အမိန့်ချမှတ်မည်လဲ။



ရင်တမမဖြင့် နားထောင်နေကြသည်။

အင်းဝဘုရင်သည် သံလျက်ကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလျက် တင်းမာပြတ်သားစွာ အမိန့်ချမှတ်လိုက်သည်။

'တောင်ငူကို ငါအလိုတော်ပြည့်စဉ်က မြို့ကိုမသိမ်းဘဲ ပြန်အပ်ပြီးချမ်းသာစွာနေစေခဲ့တယ်၊ ငါ့ကျေးဇူးကို မထောက်၊ တိုင်းခြား ဇေင်ကာ ကျွန်ခံချင်တယ်၊ လူသွမ်းကို မြို့လယ်မှာကွပ်လေ'

တစ်ဆက်တည်းပင် ဇေင်ကာအား ပြစ်ဒဏ်ချမှတ်တော်မူသည်။

'ဇေင်ကာဟာ မိစ္ဆာဒိဋ္ဌိယူမှားရှိသူ ဖြစ်တယ်။ ဘုရားပုထိုးတွေကို ဖျက်ဆီးသူဖြစ်တယ်။ သင်းရဲ့အိမ်ရှေ့မြို့လယ်မှာ တံကျင်တင်လေ။ မြို့သူမြို့သား ယောက်ျားမိန်းမအားလုံးက လာရောက်ကြည့်ရှုကြစေ'

မင်းတရား၏ အမိန့်တော်ကိုကြားရသောအခါ ပရိသတ်အတွင်း တီးတိုးသံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။ ဝမ်းနည်းကြေကွဲသံ၊ နှမြောတသယူကျုံးမရသံ၊ ဝမ်းမြောက်ကျေနပ်သံများ။ မကြာမီသည်အသံများ တိတ်သွား၏။ ပရိသတ်၏ မျက်လုံးများသည် နတ်သျှင်နောင်နှင့် ဇေင်ကာတို့အား ခေါ်ဆောင်သွားရာဆီသို့ ရွေ့လျားလိုက်ပါသွားကြပြန်သည်။

ထိုစဉ်ကျိတ်၍ရှိုက်လိုက်သော အသံတစ်သံထွက်လာ၏။ နတ်သျှင်နောင်သည် လှည့်မကြည့်ပါဘဲလျက် အသံရှင်ကိုသိလိုက်သည်။ ဘယ်သူရှိဦးမှာလဲလေ။ သူ့ကိုချစ်လှတဲ့ ညီထွေးမင်းရဲကျော်ထင်ပဲပေါ့။ ညီထွေး၏ ရှိုက်သံသဲ့သဲ့သည် သူ့ရင်ထဲမှ အသည်းနှလုံးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သကဲ့သို့ တင်းကျပ်နာကျင်သွားသည်။

* * *

နတ်သျှင်နောင်သည် ညကတစ်ညလုံးကောင်းစွာ အိပ်စက်မပျော်ပေ။ အိပ်မပျော်လေတိုင်း သူ့အမြင်အာရုံဝယ် ခမည်းတော်မယ်တော်တို့၏ မျက်နှာများ၊ ညီတော်များနှင့် ဘထွေးတော်၊ ငယ်ချစ်ဦး ရဝေရှင်ထွေး၊ အစ်မတော်ဓာတုကလျာ၊ ညီရင်းတမျှချစ်ခင်ရသည့် သီဟ စသူတို့၏ မျက်နှာများကို တစ်လှည့်စီမြင်ယောင်နေမိတော့သည်။

အရုဏ်မတက်မီ လဲလျောင်းရာမှ ထလိုက်၏။ အခန်းကျဉ်းကလေး၏ ပြတင်းသံတိုင်များအကြားမှ ဟိုအဝေးဆီသို့ လှမ်းမျှော်ကြည့်မိသည်။ ရောင်ခြည်မလာသေးသဖြင့် ဘာကိုမျှကောင်းစွာ မမြင်ရပေ။ သို့သော် သူ့နားထဲတွင် ဟိုးအဝေးဆီမှလာသော ဆည်းလည်းသံသဲ့သဲ့ကိုမူ ကြားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆည်းလည်းသံသာသာသည် သူ့ရင်ကိုချမ်းမြေ့သွားစေ၏။ နတ်သျှင်နောင်သည် လက်အုပ်ချီကာ စေတီတော်မြတ်ကို စိတ်မှန်းဖြင့် ကန်တော့လိုက်သည်။*

ရတနာမြတ်သုံးပါးကို ဦးထိပ်ထားလိုက်သည်နှင့် သူ့နားအာရုံတွင် တောင်ငူပြာသာဒ်ကျောင်း ဆရာတော်၏ အဆုံးအမကို ပြန်လည်ကြားယောင်လာသည်။

'တရားမင်းကြီး – လောကမှာဖြစ်တတ်ပျက်တတ်သော တရားနှစ်ပါးရှိသည်။ သည်တရားနှစ်ပါးရဲ့ ငြိမ်းရာချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်သာလျှင် စင်စစ်အမြဲရှိသည်။ တရားမင်းကြီး အလောင်းတော်တကာတို့သည် ကောင်းမြတ်သော တရားနှင့်မကင်းကြကုန်။ မင်းကြီးလည်း သည်တရားတော်ကို သင့်တင့်စွာ နှလုံးသွင်းတော်မူပါ'

ဆရာတော် ဟောကြားသည့် တရားသည် သူ့နှလုံးအိမ်ထဲသို့ နက်ရှိုင်းစွာဝင်ရောက်လာသည်။ သင့်တင့်စွာ နှလုံးသွင်းတော်မူပါတဲ့။ ဆရာတော်၏ အဆုံးအမကို သူ့နှုတ်မှအသံထွက်ပြီး ရေရွတ်လိုက်သည်။ ဆရာတော်ဆုံးမပြီးသည့် နောက်ပိုင်းတွင်လည်း မိမိသည် သင့်တင့်စွာနှလုံးမသွင်းမိခဲ့ပေ။

ယခုမူ လောကကြီးထဲတွင် အသက်ရှင်နေထိုင်ရမည့်အချိန်မှာ အလွန်တိုတောင်းနေပေပြီ။ သေရမည်ကို မကြောက်သော်လည်း တရားတော်၏ အဆုံးအမဥ္စ မတည်ခဲ့မိသည်ကိုမူ ပြင်းစွာတုန်လှုပ်သွားမိသည်။

'ငါ့ထီးနန်းကို သိမ်းပိုက်ခဲ့တယ်၊ ငါ့ပစ္စည်းဥစ္စာတွေကိုလည်း ယူသွားတယ်၊ အခြွေအရံတွေပါ မကျန်ခေါ်သွားတယ်၊ သည်မျှစိတ်ကားရက်စက်တယ်ရယ်လို့ အင်းဝဘုရင်အပေါ်မှာ အမျက်သိုပြီး ရန်ငြိုးဖွဲ့ခဲ့လို့ ရန်စရှည်ခဲ့တယ်။ ငါဟာ မင်းစည်းစိမ်နဲ့ တန်ခိုးအရှိန်အဝါကို တပ်မက်ခဲ့လို့ မြန်မာတစ်မျိုးလုံးရဲ့ရန်သူ ဇေင်ကာနဲ့ မဟာမိတ်ပြုမိတယ်။ ဒီအပြုအမူတွေဟာ ငါ့နိုင်ငံငါ့လူမျိုးကို စော်ကားလိုက်တာပါပဲလား'

သည်လို ဝေဖန်သုံးသပ်မိပြန်တော့ အင်းဝဘုရင်အပေါ်ထားခဲ့သည့် အာဃာတများပြေလျော့သွားသည်။ နှလုံးသားပြင်မှ နာကြည်းမှုများလည်း သက်သာရာရသွားတော့သည်။

နံနက်စောစောပင် ဖြစ်သော်လည်း တန်ရှူးနေသည်ပြင်းလှ၏။ အခန်းကျဉ်းကလေးထဲတွင် ပူအိုက်မွန်းကျပ်လှသဖြင့် အသက်ရှူ၍ပင်မဝချင်တော့။

---

ပေါ်တူဂီရာဇဝင်၌သာ နတ်သျှင်နောင်သည် သံလျင်တွင် ဗရင်ဂျီဘာသာသို့ ဝင်ကြောင်းအဆိုရှိသည်။



နတ်သျှင်နောင်သည် ပြတင်းသံတိုင်အနီးသို့ထသွားကာ အသက်ပြင်းပြင်းရှူရှိုက်လိုက်သည်။ သည်အခိုက်မှာပင် ခပ်ပြင်းပြင်းနင်းလာသော ခြေသံများကို ကြားရသည်။ သူနားစွင့်လိုက်၏။ ခြေသံများသည် သူ့အခန်းသို့ရောက်မလာမီ ရပ်တန့်သွား၏။ ပြီးတော့ တံခါးဖွင့်သံ၊ ပြန်ပိတ်သံများကြားရပြီး ခြေသံများ တဖြည်းဖြည်းဝေးသွားကာ ကွယ်ပျောက်သွားသည်။

'ဇေင်ကာကို ခေါ်ငင်သွားကြပြီကော' သူတိုးတိုးလေး ရေရွတ်လိုက်သည်။ တစ်ဆက်တည်းမှာပင် ဇေင်ကာအား သူပြောခဲ့သော စကားကိုလည်း အမှတ်ရလိုက်၏။

'ကိုယ်တော်တို့ အကြံအစည်မအောင်မြင်ယင်၊ သွားရာလမ်းကတော့ တစ်လမ်းပဲရှိတယ်။ မရဏတံခါးပေါက်ဆီကိုပဲ'

သူပြောခဲ့သည့်အတိုင်း ဇေင်ကာတော့ဖြင့် မရဏတံခါးဆီသို့ သွားနေပေပြီ။ သူအုပ်စိုးခဲ့သည့်မြို့ သူတိုက်ခိုက်ခဲ့သည့် စစ်တလင်းကို ကြည့်ရှုနိုင်ဖို့ ခံတပ်ကုန်းမြင့်ပေါ်တွင် တံကျင်လျှိုခံရပေတော့မည်။

နေမကွယ်မီ မိမိလည်း သည်လမ်းကိုလျှောက်ရတော့မည်မလွဲပေ။

အဆုံးစွန်ထိ မျှော်မှန်းထားပြီးမို့ ပါးကွက်အာဏာသားများလာရောက်ခေါ်ငင်သည့်အခါတွင်ကား နတ်သျှင်နောင်သည် ဣန္ဒြေမပျက် တည်ငြိမ်စွာလိုက်ပါသွားနိုင်ခဲ့လေသည်။

ကားစင်ပေါ်သို့ တက်အံ့ဆဲဆဲ နတ်သျှင်နောင်၏ ခြေဖမိုးကိုဦးခေါင်းဖြင့် ပွတ်တိုက်ကာ လုလင်တစ်ယောက် ငိုကြွေးနေသည်။ သူ့မျက်ရည်များသည် နတ်သျှင်နောင်၏ ခြေဖမိုးအစုံကို ရွှဲနစ်သွားစေ၏။ ငိုကြွေးနေသော လုလင်မှာ နတ်သျှင်နောင်၏ အချစ်ဆုံးသော ညီတွေးမင်းရဲကျော်ထင်ပေတည်း။

ညီတွေး၏ ငိုရှိုက်သံသည် နတ်သျှင်နောင်၏ ရင်ကို ဆို့နင့်နာကျင်စေသည်။ ကြေကွဲဝမ်းနည်းစိတ်များ၊ နာကြည်းစိတ်များ သူ့ရင်ထဲဝင်လာကြပြန်သည်။ ညီတွေးလေးသည်မျှ ဝမ်းပန်းတနည်းငိုကြွေးနေသည်ကို သူမကြည့်ရက်နိုင်။ သို့ဖြင့် ညီတွေးကို ယုယကြင်နာစွာ ဖျောင်းဖျသည်၊

'တိတ်ပါညီရယ်၊ နောင်တော့်ကို ချစ်ရင်တိတ်လိုက်စမ်းပါ။ လူဆိုတာကိုယ့်ကြမ္မာကိုယ်ဖန်တီးကြစမြဲပဲ မဟုတ်လား။ ကိုယ့်ကောင်းမှုကိုကိုယ်ပဲစံရမယ်။ ကိုယ့်ဆိုးမှုကိုလည်း ကိုယ်ပဲခံရပေမပေါ့။ ကဲ–ကဲ အချိန်လည်း တန်ပြီ နောင်တော့်ကို ခွင့်လွှတ်ကြပေဦးတော့ ညီတို့ရေ–'

www.burmeseclassic.com

www.burmeseclassic.com



နတ်သျှင်နောင်သည် စကားဆုံးသည်နှင့် ခြေကိုအသာရပ်လိုက်သည်။ မျက်လွှာအောက်ချ ဝမ်းနည်းနေကြသော ညီလေးနှစ်ယောက်ကို မျက်နှာလွှဲကာ ကားစင်ပေါ်သို့ တည်တည်ငြိမ်ငြိမ် တက်သွား၏။

သည်အချိန်မှာ အနောက်ဘက် တောင်စွယ်တွင် မေးတင်ထားသော နေဝန်းကြီးသည် စစ်ဘုရင်နတ်သျှင်နောင်၏ အဖြစ်ဆိုးကို မကြည့်ရက်သည့်အလား ငုံ့လျှိုးသွားလေတော့သည်။

နတ်သျှင်နောင်၏ ရုပ်ကလာပ်ကို ညီတော်တောင်ငူမင်းရဲကျော်ထင် သင်္ဂြိုဟ်ခွင့်ရခဲ့သည်။ ထိုနေ့က မင်းရဲကျော်ထင်သည် နတ်သျှင်နောင်နေထိုင်ခဲ့ရာ ခန်းဆောင်အတွင်း နောင်တော်အလွမ်းပြေလှည့်ပတ်ကြည့်မိသည်။ ထိုစဉ် စားပွဲငယ်ပေါ်၌ အောက်ပါရတုကဗျာကို တွေ့လိုက်ရသည်။

**'ဖြန့်ဝန်းစကြာ၊ ဖြူရိပ်သာနှင့်၊ အာကာပျံကြွ၊ ဆက်ဒန်ရသည်၊ ယင်းကစဉ်ရှည်၊ ကျော်စောတည်သား၊ ရုံလည်သမုတ်၊ ရစ်ငုတ်ယှက်ဆုံ၊ တဂုံမည်မှတ်၊ မူးမော်ညွှတ်မျှ၊ မိနတ်တန်းဆောင်၊ နေပြည်ထောင်ဝယ်၊ ပွင့်ရောင်အပ၊ ဖူးစညွှန့်ကိုက်၊ ငုံလိုက်စဲစဲ၊ ပုလဲသန္တာ၊ နီလာခြယ်နစ်၊ တင့်ကြောင်း ရစ်သို့၊ ရှင်ချစ်ရှိရာ၊ ပန်းတကာလည်း၊ ကုံးကာရွှေစက်၊ ထီဖူးဆက်၏၊ ဘဝဂ်ရပ်သူ၊ နတ်လူဝှန်ချောက်၊ ညွှတ်ခရောက်သည်။ ။ကျုတ္တံ့ခေါက်ကောင်း ကင့်ထွတ်တင်သော။**

**ကွန့်ရွှန်းရွှက်ဖြာ၊ နေအရာတွင်၊ ထွန်းဝါပြိုင်ရှုံ့၊ လူကြောင်းစုံလည်း၊ မဆံဝေးကြီး၊ တိမ်ထပ်ဆီးသို့၊ မနီးရောင်ခြည်၊ မြူပ်ပျောက်လည်လိမ့်၊ ထက်ပြည်အာကာ၊ ရုံခါမဟူ၊ ဇမ္ဗူရည်ပွင့်၊ မိုးလုံးတင့်သား၊ ရှင်ပင့်စတော၊ ခုနှစ်နေတည့်၊ မီးရေလေဆုံး၊ ခြောက်ဘုံလုံးက၊ ရွှက်ကျူးရှိဦး၊ စောဘုန်းထူးကို၊ မဖူးကြားကာ၊ သံသာစက်၌၊ ကြုံကြိုက်တွေ့ရ၊ ဆယ်ဆဆယ်ပြန်၊ ကြူးလွှန်စုံမက်၊ ရှေးထက်ဝမ်းမြောက်၊ ပြည့်ဆုလျှောက်သည်။ ။မရောက်တောင်းသင့် မှတ်ထင် သော။**

**ခန့်မှန်းသက်သာ၊ ချစ်သူမှာရှင့်၊ လွမ်းတာမဝေး၊ ပြည့်မည့်ရေးကား၊ ကျူးဇမဝ၊ မပြမိုးသား၊ နည်းများညိုစင်၊ မဆင်ခင်ဝယ်၊ ရှင်ပင်တေဇာ၊ ထွန်းဉာဏ်ဝါဖြင့်၊ သစ္စာရှေ့ရှု၊ ရှု့တော်မူလော့၊ ဇမ္ဗူနဒ၊ ဝေပူမြနှင့်၊ သိဂ်ံတစ်ဝက်၊ သွန်း၍လျှက်သို့၊ မွတ်ညက်ပြာဝင်း၊ သွယ်နွဲ့ရှင်းကို၊ လှူးချင်းဝယ်သော်၊ မူးမော်ပန်းကာ၊ မရရာတည့်၊ စကြာရွှေ့တည်၊ ရောက်တိုင်းလည်လည်း၊**



**နှစ်မည်မထောက်၊ စံဖြစ်လောက်သည်။ ။ခြောက်ယောက်နှောင်းမြင့်နတ်ပင်သော။'**

ဪ-- စာဆိုဘုရင် နတ်သျှင်နောင်-- သံလျင်မြေသို့ရောက်ဆဲခဏမှာပင် သူချစ်သော အစ်မတော်ဓာတုကလျာအား လွမ်းတသီဖွဲ့၊ ကျိုက်ခေါက်ဘုရားရှင်ကို တိုင်တည်ခဲ့ပါတကား။

စိမ့် (ပညာရေး)

www.burmeseclassic.com

## မှီငြမ်းစာအုပ်များ

၁။ ဦးကုလား၊ မဟာရာဇဝင်ကြီး၊ တတိယအုပ်
၂။ ဒေါက်တာကျော်သက်၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း
၃။ ဒဂုန်ခင်ခင်လေး၊ အမျိုးသမီးအနုပညာရှင်များ
၄။ မောင်ချမ်းမြ (မဟာဝိဇ္ဇာ)၊ တည်းဖြတ်သော တောင်ငူဘုရင် နတ်သျှင်နောင်ဆိုရတုများ
၅။ ဒဂုန်ဦးစန်းငွေ၊ တစ်ဆယ့်နှစ်လမိုး
၆။ ဦးတင်၊ ကေအက်စ်အမ်၊ အေတီအမ်၊ ကဗျာ ဗန္ဓသာရကျမ်း
၇။ ဒဂုန်နတ်သျှင်၊ စာပေဝတ်ဆံ-၅၊ ဆယ့်နှစ်ရာသီ စာပန်းချီ
၈။ ဦးဘသန်း၊ မြန်မာရာဇဝင်
၉။ ဦးဘောမောင်တင်၊ မြန်မာစာပေသမိုင်း
၁၀။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)
၁၁။ မြကေတု၊ စာပေတန်ဆောင်
၁၂။ မြကေတု၊ နန်းဓလေ့မှတ်တမ်း
၁၃။ ဦးမြင့်ကြည် (တည်းဖြတ်သူ)၊ မြန်မာစာညွန့်ပေါင်းကျမ်း၊ ဒုတိယတွဲ
၁၄။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၆နှင့် အတွဲ-၈
၁၅။ မှန်နန်းရာဇဝင်တော်ကြီး၊ ဒုတိယတွဲနှင့် တတိယတွဲ
၁၆။ မောင်သုတ (ဗိုလ်မှူးဘသောင်း)၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ
၁၇။ မသန်းသန်း (မန်းတက္ကသိုလ်)၊ နတ်သျှင်နောင်

### ဆောင်းပါးများ

၁။ မောင်ခေမာ၊ နတ်သျှင်နောင်နှင့် သူ့ပတ်ဝန်းကျင်၊ မြဝတီမဂ္ဂဇင်း
၂။ မြကေတု၊ ဂုလိသဘင်နှင့် အထောက်တော်ရွှေကျေး၊ သွေးသောက်မဂ္ဂဇင်း၊ မတ်၊ ၁၉၇၉၊
၃။ မောင်သော်၊ ဒီဘာရစ်တို့၏ မြန်မာနိုင်ငံသို့ ရောက်ရှိသွားခြင်း၊ ရှုမဝရုပ်စုံ၊

### စိမ့် (ပညာရေး)၏ စာအုပ်များ

၁။ ဒိုင်းခင်ခင်
(ရတနာပုံခေတ် နန်းတွင်းလျှို့ဝှက်ဇာတ်လမ်းများ)
၂။ ပုဂံရွှေရုပ်လွှာ (၁)
၃။ ပုဂံရွှေရုပ်လွှာ (၂)
၄။ ပတ္တမြားငမောက်
(ရတနာပုံခေတ် နန်းတွင်းလျှို့ဝှက်ဇာတ်လမ်းများ)
၅။ ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်

www.burmeseclassic.com